www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ်
၁၅၂/၉၀ (၃)
မျက်နှာဖုံးခွင့်ပြုအမှတ်
၂၉၇/၉၀ (၆)
မျက်နှာဖုံးပန်းချီ
မောင်မောင်သိုက်
မျက်နှာဖုံးပုံနှိပ်
နေလရောင်
ပုံနှိပ်ခြင်း
ပထမအကြိမ် (၁၀၀၀) အုပ်
ထုတ်ဝေသည့်လ
၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ
စာအုပ်ချုပ်
ပပစိုးနှင့်အဖွဲ့

တန်ဖိုး
(၃၅) ကျပ်

ပုံနှိပ်သူ

ဒေါ်ခင်စီ (၀၂၅၀၇)
ပြည်ဦးဘောပုံနှိပ်တိုက်
အမှတ် ၁၅၈၊ ၃၇ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးစံတင့် (၀၁၃၆၅)
ချယ်ရီပန်းစာပေ
အမှတ် ၁၆၅၊ ၃၇ လမ်း၊
ရန်ကုန်မြို့။



# တက္ကသိုလ် ဘုန်းနိုင်

## တိမ်ညိုအလွင့် ယံအမြင့်



www.burmeseclassic.com

www.burmeseclassic.com

ဒီဇိုင်သူ

ရှိုင်း



ရည်ညွှန်းချက်

'တူမနှင့် တူချစ်

စန်းစန်းသင်နှင့် ကိုသိန်းမြင့်

မောင်နှံ့ နှစ်ဦးသို့....'

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



တောတောင်ရေမြေ အတွေ့တွေ့....။ ဤသည်က စကားပြေ....။ သည့်ငလောက်လေးနှင့် လုံလောက်ပါသလား။

ပင်နရာမာ (Panorama) ဤသည်ကာ အင်္ဂလိပ်စကား။ ဂရိစကားမှ ဆင်းသက်လာသည့် အင်္ဂလိပ်စကား။ ဗျူး (View) ဟူသည့် စကားထက် ကျယ်ဝန်းပြန့်ပြောသည်။ ဗျူးဆိုသည်က ရှုခင်းကိုခေါ်သည်။

www.burmeseclassic.com



ပင်နရှာမှာ ဆိုသည်ကို မဟာရှုခင်းဟု ဘာသာပြန်ရမည်ထင်သည်။

ရှုခင်းက စက္ခုဝိညာဏ်ကို ကွက်ကွက်သာ စိုက်ဆွဲသည်။ မနောဝိညာဏ်ကို အကန့်အသတ်နှင့်သာ ဖမ်းစားသည်။ မဟာရှုခင်းက စက္ခုဝိညာဏ်ကို ဖြန့်ကားပွားကျယ်စေသည်။ တစ်ပြိုင်နက်တည်းမှာပင် စုစည်းဖွဲ့နှောင်၍ ထားလိုက်သေးသည်။ မနောဝိညာဏ်ကြီး တစ်ခုလုံးကို သိမ်းကျုံးဆွဲငင် ဖမ်းစားသည်။

မိမိဟူသည့်သဘောက ငွေ့ငွေ့ယဲ့ယဲ့သာ ကျန်တော့ပြီး ပတ်ဝန်း နေသော ကြီးကျယ်သော လောကကြီးအတွင်း သာမည အရောင်အရိပ်လေးအဖြစ် ဝေဝါး ရောဝင်သွားသည်။

သားပါတော့။ စကားတွေ။ ဤဟာတွေကလည်း စကားတွေ၊ စကားပြေတွေ။ လူနားလည်ရုံ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး ပြောသည့် စကားတွေ။

မဟာရှုခင်းကျယ်ကြီးကို ငေးမိနေစဉ်တွင် တိတ်ဆိတ်နေသည့်ကြားက အသံတစ်မျိုးကိုလည်း ကြားနေရသည် ထင်၏။

ဂီတသံ။ ဆိတ်ငြိမ်ခြင်းတွင်းမှ အသံလှိုင်းဟူ၍ မရှိပါပဲနှင့် ထွက်လာသည့် ဂီတသံ။ အခြားနည်း ခေါ်စရာမရှိ၍ခေါ်လိုက်ရသော ဂီတသံ။

လွှမ်းဖွယ်ရာနှင့် ကြည်နူးဖွယ်ရာ ရောနေသည်။ တမ်းတအောက်မေ့ရခြင်းနှင့် ဖြစ်သမျှ သိမ်းပိုက် လက်ခံရခြင်းလည်း ရောနေသည်။



အစနှင့်အလယ်---အလယ်နှင့်အဆုံး....၊ ကုန်၍ သုဉ်းသွားခြင်းနှင့် ရိပ်ရိပ်ပေါ်ထင် ဖြတ်သန်းခြင်း၊ ရိပ်ရိပ်ပေါ်ထင် ဖြတ်သန်းခြင်းနှင့် ကင်းဆိတ်လွင့်စဉ် ပျောက်ကွယ်ခြင်း၊ အားလုံးက ရောနေသည်။

ကိုယ်က ဘယ်ဟာကို ယူမည်နည်း၊ ဘယ်ဟာ၌ နေမည်နည်း၊ ဘယ်ဟာနောက် လိုက်မည်နည်း။

ကိုစောသန့်က ပြုံးလိုက်သည်။ မိမိက တံကောင်းသည်။ မိမိက ဖီလိုဆိုဖာမဟုတ်။ မိမိက လူတွေ လုပ်ထားသော ဟက္ကဓမ္မ အနှောင်အဖွဲ့တွင်းမှ နေသူမဟုတ်။

မိမိက ပြီးပြည့်စုံပြီဟု ဟန်ဆောင်ထားသူ မဟုတ်။ မိမိက အဓိကအားဖြင့် ကဗျာဆရာ။

မပြီးမပြည့်စုံသောအဖြစ်မှာ လူပီပီလေးနေတတ်သူ။ ပြီးပြည့်စုံခြင်းကိုတော့ မုန်းသည်ပေါ့။ မပြီးမပြည့်စုံသေးတော့လည်း မပြီးမပြည့်စုံခြင်းမှာပင် နေလိုက်....။

အဆုံးသတ်၍မရသေးသော ကဗျာတစ်ပိုဒ်အတွက်၊ ပင်းလက်ထွက်မလာသေးသော ကာရန်လေးတွေအတွက်၊ မရောဝင် မညီညွတ်သေးသော သံစဉ်တွေအတွက်၊ ကဗျာရောက ထိုင်ငိုရမည်လော။ ဇွတ်သွင်သော စကားလုံး၊ ဇွတ်ဟပ်သော ကာရန်၊ ဇွတ်ချုပ်လိုက်သော နိဂုံးနှင့် ပုဒ်ကလေး ပုဒ်ကြီးတွေကို အားကိုးပြီး ကဗျာကို ဇွတ်ဆုံးလိုက်ရမည်လော။

ဟင့်အင်း။ မလုပ်ပါ။ ကဗျာမှာလည်း မလုပ်ပါ။ ဘဝမှာလည်း မလုပ်ပါ။ မိမိမလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိမိအလုပ်ကမြင်သည်၊ သိမည်၊ ခံစားမည်။ ခံစားခြင်းကိုလည်း ပြန်သိမည်။ ပြန်လည်ပြောပြနိုင်စွမ်း ရှိသည်အထိ ခံစားခြင်းကို သိလိုက်မည်။ ထိုအခါ ....တစ်မျိုးသော သိခြင်း (ဝါ) တဗျာသိ သိခြင်းက လာမည်။ ထိုအခါ မိမိ ကျေနပ်ရသည်။ ကျေနပ်ရသည် ဟူသည်ပင်က နေတတ်ခြင်း။

တစ်ခုခုကိုရတိုင်း တစ်ခုခုကို ပေးလိုက်ရသည်။ တစ်ခုခုကို ပေးလိုက်ရတိုင်း တစ်ခုခုကို ပြန်ရသည်။

ဘဝမှာ သည်သဘောတွေကို သိခဲ့ပြီးပြီ။ မသိများ မသိလျှင်တော့....

စိမ်းရေ....။ မောင့် မမစိမ်းရေ....။မောင်ငိုနေရပြီ....

သည်နေရာကို မေ့ထားပါပြီဟု ပြောလို့ရမလား။

စိမ်းကိုကော.... မောင်က.... မေ့ထားပါပြီဟု ပြောလို့ရမလား....။

* * *

စိမ်း၏ ပါးလေးတွေမှာ အကြောလေးတွေက စိမ်းသည်။



အကြောစိမ်းလေးတွေ ရှိသည့် မျက်နှာလေးက ဝင်းဝါသည်။ ယောင်းရွှေရည်ပွတ်ထားကြသည့်သို့၊ ဆိုသည့် နတ်သျှင်နောင်၏ စကားနှင့်ပင် ကိုယ်နှိုင်းချင်ပါ။ ယောင်းရွှေရည် ဟူသည်က အေးစက်နေမည်။

စိမ်း၏ မျက်နှာလေးက နွေးသည်။ ပါးချင်း ကပ်ထားရသောကြောင့် နွေးမှန်းသိသည်။ စိမ်း၏ ကိုယ်လေးကလည်းနွေးသည်။ကိုယ်ချင်းကပ်ထားရသောကြောင့် နွေးမှန်းသိသည်။

ကိုယ့်ကိုယ်ကလည်း နွေးပါသလား။ ပြောစမ်းပါ မောင့်သက်ထား။

နွေးခြင်းနှစ်ခုက ရောယှက် ပေါင်းစုပြီး တစ်ခုတည်း ဖြစ်သွားပါသလား။

အချစ် ဟူသော သဘောက နှစ်ခုလော.... တစ်ခုလော....။ ချစ်တတ်သော သဘောနှင့် ချစ်အပ်သော သဘော၊ ချစ်နေသောသူနှင့် အချစ်ခံရသောသူ နှစ်ခု ရှိနေသေးပါသလော။

ယိုး.... မြောက်ပိုင်း အိန္ဒိယပြည် ဟိမဝန္တာတောအနီးမှ ကျွင်းခဲ့တစ်ခုက ပွားနေ၊ ပြားနေ၊ ခြားနေသော လူ့စိတ်ကသုံးထားသည့် သဘောတွေသည် တစ်ခုတည်းသော အစစ်အမှန်သဘောကြီး တစ်ခုတွင်းသို့ အခြားမရှိ၊ အပြားမရှိ ဝေ့ဝင် ပြည့်ရုံပြီးမြောက်သွားကြောင်း သဘောကို ပြောသည်။

ဤသဘောကို အခုစ်နှင့်နှိုင်း၍ ဥပမာ ပေးသည့်ချစ်လိုက်ကြပြီဆိုလျှင်.... အမြင့်ဆုံး အဆင့် ချစ်လိုက်ကြပြီဆိုလျှင် နှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



သဘောပျောက်ကွယ်သွားသည်။ နှစ်ဦး သဘောပျောက်ကွယ်သွားသည်။ သူ သဘောလည်း ပျောက်ကွယ်သွားသည်။ ကိုယ့် သဘောလည်း ပျောက်ကွယ်သွားသည်။ အာရုံသိလွန်သည့် သဘောကို လူနားလည်ရခက်သော သင်္ကေတဘာသာနှင့် အမည်ပေး ပြောဆိုသည်။ ထွေထွေရာရာ လျှောက်ဖတ်မိသော ကိုယ်က မှတ်ထားမိသည်။

ဈာန် ကသိုဏ်းဆန်လှသည့် သူတို့၏အာရုံသိလွန် ဒဿနကို ကိုယ်ဉာဏ်မမီပါ။

အခြားမရှိ၊ အပြားမရှိ၊ သူမရှိ ကိုယ်မရှိ ပေါင်းစည်း ပျော်ဝင်သွားသည့် အချစ်သဘောကိုတော့ ကိုယ် နားလည်သည်။

စိမ်းကြောင့် နားလည်သည်။ စိမ်းကို ချစ်ရလွန်း၍ နားလည်သည်။ စိမ်းရယ်....ကိုယ်မရှိတော့ပါလား၊ စိမ်းလည်း မရှိတော့ပါလား။ ချစ်ခြင်းသာ ရှိတော့သည်လေ၊ စိမ်းနှင့်ကိုယ့်ရဲ့အချစ်သာ တစ်ခုတည်း ရှိတော့သည်လေ။

* * *

ခေါင်းအထက်၌ မိုးနေသော သက်ရင်းပင်မှ ရွက်ဝါ တစ်ရွက်က ကိုစောသန့်၏ခြေထောက်ရှေ့သို့ ကြွေကျလာ၏။



တိတ်ဆိတ်သောပတ်ဝန်းကျင်ဖြစ်၍ သစ်ရွက် ကြွေ သံက ကျယ်သည်ထင်ရ၏။

ကိုစောသန့်၏ မျက်လုံးများက မဟာရှုခင်းကျယ်ကြီးမှနေ၍ ခြေဖဝါးထိပ်ရှိ မြေပြင်မှ သစ်ရွက်ဝါဆီ ရောက်လာသည်။

‘ဩော်....ကြွေရပြီကော’

ကိုစောသန့်က စိတ်တွင်းမှ ရေရွတ်သည်။

စောစောက စိမ်း.... ဘယ်ရောက်သွားသနည်း။ စိမ်းမရှိတော့ပါကလား။ ယခု မိမိမြင်နေရသည်က ရွက်ဝါ။ တစ်ချိန်က စိမ်းပြီး ယခုမျက်မှောက်တွင် ဝါနေသော သစ်ရွက် တစ်ရွက်။ စိမ်းမရှိတော့ပါ။

စိမ်းက အစတည်းကကော ရှိပါရဲ့လား။ မှတ်မိ တမ်းတခြင်းကို ရှိခဲ့ခြင်းဟု ခေါ်ဆိုနိုင်ပါသလား....။

အမှန်က စိမ်းဆိုသည်မှာ မိမိ၏ နှလုံးတွင် ကိန်းနေသော သဘောအဖြစ်မျှသာ ကျန်တော့သည်။ ကိန်းနေသောသဘော ရှိနေသည်ဟုလည်း ပြောမရ။ မရှိဟုလည်း ပြောမရ၊ ကိန်းနေသည်။ အခွင့်ရလျှင် ပြန်ပေါ်မည်။ သည်မျှသာ...။

ကိုစောသန့်က မဟာရှုခင်းကျယ်ကြီးကို ပြန်ကြည့်သည်။

ပတ်ပတ်လည် ဝန်းနေသော မြေပြန့်တို့ အလယ်တွင် ဤ ‘တောင်ဝိုင်း’ တောင်တန်းကြီးက သီးသီးသန့်သန့် ထီးထီး မတ်မတ်ကြီး တည်နေသည်။ တောင်ဝိုင်း တောင်တန်းကြီး၏တောင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှုယ် တောင်ပွားသာဖြစ်သော ကျုံမျှော်တော်ရှောင်စေတီကုန်းကာပင် ပင်လယ်ပြင်မှ အတန်မြင့်သည်။ မိမိက ကျုံကုန်းစောင်းမှာ ရပ်နေ့သည်။ အနောက်ဘက်သို့ မျက်နှာမူ၍ရပ်နေသည်။

အမည်နှင့်လိုက်အောင် စိမ်းမြလှပသည့် သင်ပင် အုန်းပင်တွေနှင့် မြိုင်နေသော မော်လမြိုင်မြို့ကြီးက အောက်မှာ ပြွားဝပ် တည်နေသည်။ မြောက်ဘက် ဟိုအဝေးမှာက တောင်တန်းပြာကြီးများ။ အနောက်ဘက်မှာက ဘီလူးကျွန်းပေါ်မှ တောင်တန်းသွယ်သွယ်တွေ။ အလယ်မှာက ရေပြင်။ အင်း.... သံလွင်မြစ်ရေပြင်ဟု ခေါ်နေကြသည်။ တောင်ဘက်ဆီ မျှော်ကြည့်တော့ ကျယ်မြန့်ကားသွားပြီး မိုးကုပ်စက်ဝိုင်းစပ်မှ ကောင်းကင်နှင့် ရောဆက်သွားသည့် မြစ်ဝ။ သို့မဟုတ် ပင်လယ်ဝ။

သည်မဟာရှုခင်းကို အင်္ဂလိပ်လူမျိုး နိုဗယ်ဆုရ—အတင်းအင်ပိုင်ယာဘုန်းတော်ဖွဲ့ စာရေးဆရာ၊ကဗျာဆရာကြီးကစ်ပလင် Kipling ကလည်း ဦးဇိနစေတီတောင်ထက်မှ မြင်ဖူး သွားခဲ့ကြောင်း သူ၏ မန္တလေးမြို့ဆီ ချီလေသည့်လမ်း The Road to Mandalay ကဗျာတွင် ရိပ်ရိပ်ညွှန်းထားသည်။

မိမိက ညွှန်သည် အင်္ဂလိပ်လူမျိုး တစ်ဦးနှင့် ဆွေးနွေးဖူးသည်။ သူက ဦးဇိနတောင်ထိပ်မှ လက်တွေ့ တက်ကြည့်ခဲ့သည်ဆို၏။ သံလွင်မြစ်ရေပြင်ကိုတော့ မြင်သည်။ ကဗျာတွင်းမှာဆိုထားသည့် မုတ္တမ 'ပင်လယ်ကွေ့' ကိုတော့ မမြင်။ မမြင်ရသည်ကို မြင်ရသည်ဟု ကစ်ပလင်က ဘာကြောင့် ဆိုရသနည်း။



မိမိက ရှင်းပြခဲ့ရသည့် အင်္ဂလိပ်လူမျိုးတစ်ဦးအား အင်္ဂလိပ်ကဗျာကို ရှင်းပြရသည်မှာ တစ်မျိုးတော့ တစ်မျိုးကြီး....။

ကဗျာဆရာ၏ စိတ်အလုပ်လုပ်ပုံက တစ်မျိုး။ ဟိုကသည်မှ ခုန်—။ သည်ကမှ ဟိုခုန်။ လန်ဒန်မြို့၏ ချဲလ်ဆီ Chelsea ရပ်ကွက်မှအထွက် ကမ်းနားလမ်း Strand မှ ကြမ်းတမ်း တောင့်ခိုင် ညစ်ပတ်ပေရေသော မိန်းမများကို စိတ်ပျက်ရင်း ပို၍ သန့်ပြန့်၊ ပို၍စိမ်းလန်းသော မြေမှ ပို၍သားနား သန့်စင်၊ ပို၍ယဉ်ကျေးသိမ်မွေ့သော အပျိုစင်တစ်ဦး ကို တမ်းတလွမ်းဆွတ်ဟန်နှင့် ကဗျာကို ကစ်ပလင်က ရေးထားသည်။ ဩော်... ကစ်ပလင်... လူသားဆန်စွာ ကဗျာဆရာ စိတ်ခံစားက ဘယ်လောက်...။ နယ်ချဲ့လူမျိုးကြီး အမြင်က ဘယ်မျှ...။

သူလှမ်း၍လွမ်းလိုက်သော နေရာက ဦးဇိနစေတီတောင်ကုန်း။ အုန်းလက်အုန်းရွက်တွေကို လေဝှေ့နေသည်။ ဘုရားဆည်းလည်းသံတွေက ချိုလွင်နေသည်။ မော်လမြိုင် မန္တလေးသို့ ချီမည့် လမ်းအစ...။

"On the road to Mandalay,
Where the flyin' – fishes play,
An' the dawn comes up
like thunder outer Chiha
'crost the bay"

www.burmeseclassic.com

www.burmeseclassic.com



‘မန္တလေးသို့ချီရာလမ်းမှာ
ငါးပျံလေးတွေမြူးခုန်ရာ
မြီးဘော့....ပင်လယ်တွေကိုဖြတ်ကာ
တရုတ်ပြည်ဆီမှ
မိုးသောက်အရုဏ်ဟာ....
မိုးကြိုးလျှပ်ရောင်ပမာ
တက်လာတတ်သည့်ထိုနေရာ’

သည်ကဗျာကို ဝေဖန်သူအချို့က မန္တလေးသွားသည့်လမ်းမှာ ငါးပျံရှိသလားဟု မေးကြသည်။ သူက မန္တလေးသို့ချီရာ အစ ပင်လယ်ဒီရေနှင့် နှိန်းနှစ်လသာရှိရာကို စပ်သည်။ ထို့ကြောင့် ငါးပျံလေးတွေရှိနိုင်သည်။ တရုတ်ပြည်။ ပင်လယ်ကွေ့ ကျိုစကားတွေကသည်း ပြဿနာ။ ပဟေဠိသော့ချက်စကားက ‘အရုဏ်’။

ကစ်ပလင်က ဦးဇိနတောင်ကုန်းပေါ်မှ အနောက်ဘက်ဆီသို့ ကြည့်နေသည်။ သူ ကျောခိုင်းရာက အရှေ့ဘက်။ အရုဏ်ဆိုသည်က အရှေ့ဘက်မှသာ တက်သည်။ အရှေ့ဘက်သို့ ဝေးဝေးသွားပါ။ ဘောင်ဘက် တရုတ်ပင်လယ်ရှိသည်။ အဲသည်အဝေးမှ ပင်လယ်ကိုဖြတ်ပြီး အရုဏ်တက်လာသည်။ သည်ကဗျာမှ ပင်လယ်ကွေ့က အနောက်မှာရှိသော မုတ္တမကွေ့မှ မဖြစ်နိုင်။



“By the old Moulmein Pagoda,
Lookin’g lazy at the sea–”

‘မော်လမြိုင်မြို့စေတီအနီးမှာ
ပင်လယ်ပြင်သို့ ငေးငိုင်ကြည့်ကာ’

သည်အပိုဒ်ကလည်း ပါသေးသည်။ သူတို့ စာပေသမိုင်း၌ ပြဿနာထားခဲ့သော ကစ်ပလင်။ သည်ကဗျာမှာလည်း ပြဿနာ ပွားသည်။

သည်အပိုဒ်က ‘ပင်လယ်’ ဆိုသည်ကမူ မုတ္တမကွေ့။ သံလွင်မြစ်ဝ။ စင်စစ်က မုတ္တမမြို့အနီးတွင် ဆုံးခဲ့ပြီ။ မော်လမြိုင်မြို့ တကယ်တည်ရှိနေသည်က မုတ္တမပင်လယ်ကွေ့ကမ်းပေါ်မှာ။ ထိုရာတွင် သည်ပင်လယ်နှင့် ကမ်းခြေကြားတွင် ဘီလူးကျွန်းကြီးက ကွယ်ခံနေသောကြောင့် ပင်လယ်ကွေ့ ရေပြင်သည် သံလွင်မြစ်၏ အဆင့်မြစ်သဖွယ်ဖြစ်ပြီး မြစ်ဟုသာ အထင်ခံနေသည်။

သည်သဘောကိုသိသော ကစ်ပလင်က သူလှမ်းမြင်ရသော ရေပြင်ကို ပင်လယ်ဟုခေါ်သွားသည်။ ဘီလူးကျွန်းကို ဉာဏ်မှာ ကျော်ကြည့်ပြီး ပင်လယ်ကွေ့ကို ဖန်တီးမြင်ကြည့်သည်။

ဩော်...ကဗျာဆရာက သည်လိုကြည့်တတ်သည်။ ကဗျာ သဘောက သည်လိုရှိသည်။

ကိုစောသန်းက မဟာရှုခင်းကြီးကို ပြန်သတိပြုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

သည့်ရှုခင်း။ နောက်တော့ ခိမ်း။ နောက်တော့ ကစ်ပလင်။ ယမုံတော့ မိမိနှင့်ရှုခင်းကျယ်။

မနောဝိညာဏ်သည် တစ်ချီ တစ်ချီ စကြဝဠာမှသာဝေဒနာခေါ် ပစ္စုပ္ပန်ပေါ် နေမှုနှင့် သီးခြားကင်းလွတ်စွာ အလုပ်လုပ်ပါလေသလော။

ဤသို့မဟုတ်လျှင် စိမ်းက ဘယ်က ပေါ်လာရသနည်း။ ကစ်ပလင်ကလည်း ဘယ်ကပေါ်လာရသနည်း။

အပြင်အပမှ အချိန်ဆိုသည်နှင့် စိတ်တွင်းမှအချိန်ဆိုသည်က လည်း မတူပါကလား။ အပြင်အပမှအချိန်ဆိုသည်က အလျားလိုက် ရှေ့လျားနေသည်ထင်ရ၏။ နောက်သို့ပြန်မသွား။ ရှေ့သို့သာ အလျားလိုက် တစ်မျဉ်းပြေး။ စိတ်တွင်းမှအချိန်ဆိုသည်က နောက်မှလည်းပြန်နေသည်။ ရှေ့သို့လည်း ခုန်ကျော်ရောက်နှင့်သည်။

စိတ်တွင်း၌ ကျယ်ပြန့်လွမ်းမိုးကြီးစိုးသော ဂီတသံထုကို ပြန်ကြားရသည်။ မှန်သားကြည်တို့ဘွင် ထင်နေသော ရှေ့မှ သဏ္ဌာန်များရှိနေလျက်က နောက်မှ လူရိပ်က လာထင်လေသကဲ့ တစ်စုံတစ်ရာသော အရိပ်က ချင်းနင်း ပေါ်ဝင်လာချင်သည်။

တော်ပါတော့စိမ်းရယ်၊ တော်လောက်ပါပြီ၊ တော်တော်ကြာ စိမ်းတွင်မကတော့ဘဲ....။



ကိုယ် မေ့ထားချင်ပါသည်။ လွမ်းဆွတ်ဖွယ်ရာတွေကိုကော၊ နာကျည်းဖွယ်ရာတွေကိုရော ကိုယ်မေ့ထားချင်သည်။ ပုထုဇဉ် ဖြစ်၍ မတတ်စွမ်းလေသဖြင့် ကိန်းချင်လည်းကိန်းနေကြပါ။ ပေါ်တော့ မပေါ်လာပါလေနှင့်။

လွမ်းဖွယ်ရာတွေကို ကိုယ်မကြောက်ပါ။ နာကြည်းဖွယ်ရာ တွေကိုတော့ ကိုယ်ကြောက်သည်။

လွမ်းဖွယ်ရာက ကိုယ်နှင့်သာဆိုင်သည်။ နာကြည်းဖွယ်ရာ တွေက—

မိမိကိုယ်ကိုမိမိ သတိမပြုမိခင် ဆေးရိုး မေးကြောများက တင်းသွားသည်။ ခါးကိုဆန့်၊ ရင်ကိုကော့လိုက်ပြီး လေကို ရှည် ရှည် ရှူသွင်း၏။

စေတီတော်ကို ဦးချကန်တော့ပြီး တောင်ကုန်းပေါ်မှဆင်း လာခဲ့သည်။

တောင်ကုန်းက နှစ်ဆင့်ဖြစ်သည်။ ဒုတိယအဆင့်၌ လမ်းက မြောက်ဘက်သို့ အနည်းငယ်ပြေသွားပြီးမှ တစ်ဆစ်ချိုး၍ အနောက်ဘက်သို့ ထပ်ဆင်းသည်။ တစ်ဆစ်ချိုးထောင့်၌ စေတီငယ်တစ်ဆူ ရှိနေသေးသည်။

သည်နေရာမှနေ၍ မဟာရှုခင်းကျယ်ကြီးကိုမတွေ့ရတော့ပြီ။ တောင်တန်းအခြေမှ သစ်ပင်မြင့်အုပ်တို့က ရှေ့မှ သီကွယ် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်အုပ်တောရိပ်အတွင်း ဝင်တော့ဘာဖြစ်သနည်း။ မှောင်သွားသည်။

အနည်းဆုံး သူ့စိတ်တွင်းမှာ မှောင်သွားသကဲ့သို့ဖြစ်၏။

အမှောင်တွင်းမှာ ဝင်းနေသည်က တစ်ခုသာရှိသည်။

ရက်သားကလေးငယ်လေးတစ်ဦး။ အသားလေးတွေက ဝင်းဝါနေသည်။ မျက်လုံးလေးတွေက မပွင့်တတ်ပွင့်တတ်။ နှုတ်ခမ်းနီနီလေးတွေကတော့ တင်စုံတင်ရာကို မျှော်လင့်တောင်းဆိုနေသည်။ အနီးထုပ်တွင်းမှ ခြေထောက်လေးများက ရှုန်းကန်နေကြသည်။ လက်သီးဆုပ်လှုလှုလေးတစ်ခုက နှုတ်ခမ်းလေးဆီရောက်သွား၏။ သနားဖွယ် စုပ်သံလေးများ။

သူ ရင်နာ၏။

*

# အခန်း ၂

မေမေ ဘာပြောမည်နည်း။

စကြိုလမ်း အောင်မြေပြင်တွင် မတုန်မလှုပ်ငုပ်ရင်း လေးဖြူတွေးနေမိသည်။

ဟောသည်အရှေ့ဘက်နားတွင်လပ်ပြီး တောင်မြင့် [illegible] ရှိသည်။ တောင်ဆိုသည်မှာ မြေမှ မတ်မတ်ထွက်နေသော အရာတစ်ခုဖြစ်သည်။ သူ့သဘောက အထက်မြင့်လေ ချွန်းသွားလေ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အထက်ဆီ လူဘက်ပြီး ရှူးသွားသော အရာတစ်ခုက ထီးကဲ့သို့ ဘယ်ပုံဖြန့်ကြက် မိုးနိုင်ပါမည်နည်း။ သည်ကြားထဲက တောင်ရိပ်မိုးသည်ဟု ပြောကြသည်။ မြပြင်၌ မိမိ ရပ်နေစဉ် တောင်ရိပ်မိုးနေသည်ဟု ခံစားရသည်။

မေမေ့တောင်ရိပ်ကလည်း မိုးချင်သည်။

မြင်းမိုရ်တောင်ဦးမကကျူးသည့်ကျေးဇူးရှင်ဆိုတော့ မေမေက တောင်မြင့်ကြီးပေါ့။ သည်တောင်မြင့်ကြီးကို သေးဖြူချစ်ပါသည်။ ချစ်လိုက်သည်မှာ တုန်နေသည်။ ကောင်လေးတွေက မိမိကို ချစ်လှပါသည်ပြောတိုင်း လေးဖြူရယ်မိသည်။ မေမေ့အချစ်ကို မီကြ၍လော။

မေမေ့မေတ္တာ တောင်ရိပ်ကြီးမှာ ခိုဝင်နေရခြင်းက အေးမြပါသည်။ လေးဖြူလည်း ပျော်ပါသည်။ ဂုဏ်လည်း ယူပါသည်။ သို့ရာတွင် မေမေက ယခု တောင်ရိပ်ကြီးကဲ့သို့ မိုးလာပြီလော။ မိုးမည်းတလည်း မိမိ၏ နှလုံးသားကို၊ မိမိ၏ နှလုံးသား ပိုင်ဆိုင်သော နယ်ပယ်တစ်ခုလုံးကို....။

ယခုကဲ့သို့ မိမိက သီးသီးခြားခြားလေး ရပ်နေသည်ကိုတွေ့လျှင်...မေမေ ဘာပြောမည်နည်း။

မမကြီးနှင့် မမလေးတို့က ရန်ကုန်က ညှော်သည်တွေနှင့် ဟိုနားက ဆရပ်ဖော်ရှုပ်တုတွေရှေ့မှာ စကားကောင်းနေကြသည်။



မမကြီး၏ အမူအရာကို လှမ်းမြင်နေရ၏။

ဇာတ်လမ်းကိုလော။ အနုပညာ လက်ရာကိုလော။ မိမိတို့မိသားစု၏ ကောင်းမှုအလှူဒါနအဖွဲ့ကိုလည်းကောင်း တစ်ခုခုတော့ ပြောနေပုံရသည်။

သူ....။ မျိုးကိုလှင်...။ သူကမူ စီးကရက်ဖွာရင်း ဝက်ပါကို ငေးကြည့်နေသည်။

ဝက်ပါက ဘာမျှ အထူးအဆန်းမရှိ။ အုတ်တံတိုင်းလေးတွေနှင့် ပြုလုပ်ထားသောထောင့်ချိုးလမ်းတွေသာ။ သည်လမ်းတွေမှာ စိတ်ဝင်စားဖွယ် ဘာရှိပါသနည်း။

ဝက်ပါကိုကြည့်ရင်း ဘဝ ဝက်ပါကို တွေးနေပါသလော။ ဝက်ပါဆိုသည်က ထွက်ပေါက်မလွယ်။ တလည်လည်နှင့် မျှားရသည်။

မိမိတို့နှစ်ဦးကို လူကြီးတွေက ဘဝဝက်ပါတွင်း ချထားပေးလိုက်ကြပြီလော။ သူတို့ကမူ ဘဝ ဝက်ပါဆိုသည့် စကားကို ကြိုက်ကြမည်မဟုတ်။ ဖြောင့်ဖြူးနေသောဘဝလမ်းကြီး။ သူတို့ဆောက်ပေးသည့် ဖြောင့်ဖြူးနေသော ဘဝလမ်းကြီး။ သည်လမ်းမျိုးမှာ မမကြီးလည်းလျှောက်ရသည်။ မမလေး လည်းလျှောက်ရသည်။ သူဘိုရင်မှာ ရွေးချယ်ခွင့် တောင်းတသည့် နှလုံးသား မရှိဟန်ပါတကား။ သူတို့နှလုံးသားက မနွှာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တွင်းသို့ သွေးပန်းဖြန့်ဝေပေးသော ကြွက်သားစိုင် ကိရိယာမျိုးသာဖြစ်ဟန်တူသည်။

မိမိနှလုံးသားကမူ တစ်မျိုး။ မိမိ နှလုံးသားက ရွေးချယ်ခွင့် တောင်းချင်သည်။ ရွေးပြီးသားတော့မူ မရှိသေးပါ။ ဘယ်တော့ ရှိမည်မှန်းလည်း မသိပါ။ သို့ရာတွင် ရွေးချယ်ခွင့်တော့ ရချင်သည်။

ဘဝဆိုသည်မှာ ဝက်ပါဖြစ်ချင်လည်း ဖြစ်ပါစေ။ ကိုယ်ရွေးချယ်ရာဆိုတော့ ကိုယ် ပျော်ပျော်ကြီး နေဆိုင်မည်။ လည်ချင်လည်း လည်စမ်းပါစေ။ တစ်ယောက်လက် တစ်ယောက် တွဲပြီး သံသရာရှည်သမျှ လည်ပစ်လိုက်မည်။

ခက်သည်က ထိုတစ်ယောက်ဆိုသည်မှာ မည်သူနည်း။

မျိုးကိုလွင်။ သူတော့ မဟုတ်ပါ။ အဲ.... မဟုတ်သေးပါ။

မိမိ၏ သူငယ်ချင်းတွေက သူ့ကိုမြင်လျှင် လူချော တစ်ယောက်ဟု အဆုံးအဖြတ်ပေးကြမည်မှာ အမှန်ဖြစ်သည်။

ကြည့်ပါဦး။ ဆံပင်တွေက နက်မှောင်ပြီး အုပ်ကောင်းသည်။ ဆံတောက်က နားရွက်ပေါ်အုပ်ပြီး လည်ကုပ်သို့ ရောက်သော်လည်း ပုံပန်းကျကျ သပ်သပ်ရပ်ရပ်။ ဆံမျှင် တွေက မဖွာမတောက်၊ မလိမ်။ လှိုင်းမျှသာ ရိပ်ရိပ်ရေးရေးဖြစ်ပြီး မသိမသာ ခွေခွေအိအိလေးဖြင့် တစ်ထပ်ပြီးတစ်ထပ် ချပ်ချပ်ရပ်ရပ် သား



သားနားနားရှိသည်။ မျက်လုံးတွေက ကြည်ပြီး မျက်တောင်တွေက မိန်းကလေးတစ်ယောက်၏ မျက်တောင်တွေပမာ ရှည်၍ ကော့သည်။ နှာတံက သွယ်သွယ်ထင်ထင်လေး။ အသားက ဖြူဝင်းပြီး ကြည်လင်သည်။ မျက်နှာမှာက မေးရိုးပါးရိုး မပေါ်။ သူ့မျက်နှာက ပြည့်ပြည့်မွတ်မွတ် ချောချောလေး။ အရုပ်ကောင်း ခါးသေး၊ ရင်ကားသော်လည်း 'တိုက်ဂေါ' ပုံစံမျိုး မဟုတ်။ သူ့တစ်ကိုယ်လုံးက သူ့မျက်နှာလေးလိုပင် ပြည့်ပြည့်မွတ်မွတ် ချောချော လုံးလုံး။ ဟို....နာမည်ကြီးနေသော ဇာတ်လိုက် မင်းသားအသစ်လေးလို ပုံစံမျိုး။ အရုပ်မင်းသားလေးနှင့် တူသည်။

ခက်သည်က မိမိသည် အရုပ်မင်းသားလေးတွေကို အရုပ်မင်းသားလေး အဖြစ်ပဲနှစ်သက်သည်။ လူတစ်ယောက် အဖြစ် နှစ်သက်၍မရ။

ယောကျ်ားဆိုသည်မှာ အရုပ်မင်းသားထက် တစ်ခုခုတော့ ပိုရှိရမည်။

ကြမ်းကြမ်း ရိုင်းရိုင်းကြီးတော့ မဟုတ်ရဘူးလေ။ ပိန်ချပ်ချပ် မာခြောက်ခြောက်လည်း မဟုတ်ရဘူး။ ပျော့ပျော့ပျောင်း ပျောင်း နုနုအိအိလေးလည်း မဟုတ်ရဘူး။

နို့ ဘယ်လိုပုံနည်း။ လေးဖြူက မိမိကိုယ်ကို စိတ်တွင်းမှ မေးမိ၏။ မိမိနှစ်သက်သော ယောကျ်ားလေးတစ်ယောက်၏ပုံရိပ်ကို တကယ်တမ်းကျတော့ မိမိမဖော်ထုတ်သေးပါလား။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်းမှာပင် ရှက်သလိုလို၊ ထိတ်လန့် သလိုလို လည်း ဖြစ်သွားမိသည်။

ပြောချင်သည်ပြော။ မိမိက မျိုးကိုလွှင်အကြောင်း တွေးနေမိသည်က အမှန်ပင်။

လူက ခပ်လှမ်းလှမ်း၌ခပ်တည်တည်လေး ရပ်နေသော်လည်း စိတ်က သူ့အကြောင်း တွေးနေမိသည်။ သည်တော့ မိမိဟာက ဘာနည်း။

လေးဖြူက ခိုးကြောင် ခိုးဝှက်နှင့် သူ့ကို တစ်ချက် လှမ်းကြည့်သည်။

သူကမူ စီးကရက်ဖွာရင်း ဝက်ပါကို ငေးကြည့်မြဲငေးကြည့်နေသည်။

သူ့စိတ်ထဲလဲ ဘာရှိမည်နည်း။ သူကော မိမိကို တွေးမနေဘူးလော...။

ဘုရား....မိမိကို သူ တွေးနေစေချင်သလော။ ဘာကြောင့်....။

သည်အခိုက်တွင် သူက မိမိဘက်သို့ လှည့်လိုက်၏။

ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားပြီးမှ ဣန္ဒြေ မပျက်သည့်ဟန်မျိုးနှင့် လေးဖြူက ဗောဓိပင်ရင်းမှ မာရ်နတ်ကို အောင်တော်မူခန်း ရုပ်ပွားတော်ဘက် ထွက်လာခဲ့သည်။



သည်ရောက်တိုင်း ရုပ်ပွားတော်ကို လေးဖြူ ကြည်ညိုမြဲ။

ဘုရားရှင် ကိုယ်တော်မြတ်၏ ပုံတော်အမျိုးမျိုးကို အာရုံပြုကြည့်ရှုရသည်။

သို့သော် အာရုံ၌ အများဆုံး ပေါ်တတ်သည်မှာ ဗောဓိပင်၊ ရွှေပလ္လင်နှင့် မြတ်စွာဘုရား။

မာရ်နတ်သည်ကို အောင်တော်မူသော မြတ်စွာဘုရား။ ဧကြော်ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်ဟူသော မာရ်ငါးပါးလုံးကို အောင်မြင်တော် မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားဟူသည် အောင်တော်မူသောသူ။

အောင်ခြင်းမဏ္ဍာ အောင်တော်မူသော အရှင်။ ထို့ကြောင့်လည်း မြတ်စွာဘုရားကို ဇိနဟု လည်းကောင်း၊ မာရဇိဟုလည်းကောင်း ပူဇော်ခေါ်ဆိုကြသေးသည်။

ဗေဒိပွာယ် ကြီးပါဘိ၊ ကြည်ညိုဖွယ်ပြည့်ပါဘိ။ အားကျဖွယ် ရှိပါဘိ။

ဘုရားသခင်၏ မျက်နှာတော်ကို လေးဖြူက ငေးကာ ဖူးမြော်လျှက်ရှိစဉ် မမကြီး၏ အသံကို ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



လေးဖြူ၏ စိတ်တွင်း၌ စိုးရိမ်စိတ်လေး ငွေ့ငွေ့ ဝင်လာသည်။

ထိုညြှသည်နှင့် ဝေးဝေးမှာသွားပြီး မိမိလာချပ်နေသည်ကို မမကြီး ဘာပြောမည်နည်း။ မမကြီးကို ကြောက်လှသည်တော့ မဟုတ်ပါ။ မေးမှကိုများ ပြန်တိုင်လျှင်....။

လေးဖြူက နေရာမှခွာရန် ကိုယ်ကို နောက်သို့လှည့်လိုက်၏။

'အာမေ့....'

တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိသည်ကို လည်းကောင်း၊ မိမိကိုယ်လေး ယိုင်သွားသည်ကို လည်းကောင်း၊ ရင်မှာဟာပြီး မျက်လုံးတွေ ပြာသွားသည်ကို လည်းကောင်း၊ လက်တစ်ဖက်က မိမိ၏ လက်မောင်းလေးကို ဆွဲယူ ထိန်းမတ်ပေးလိုက်သည်ကို လည်းကောင်း၊ တိုတောင်းသော စက္ကန့်များအတွင်း၌ လေးဖြူ သတိပြုလိုက်မိ၏။

တုန်လှုပ်မှုလေးဖြင့် ကြည့်မိသောအခါ ရှေးဦးစွာ မြင်မိသည်က စိုးရိမ်စိတ်နှင့် ကြည့်နေသော မျက်နှာတစ်ခု။ မိမိထက် ခေါင်းတစ်ဝက်ခန့် ပိုမြင့်သည်။

'ဘယ်နာသွားလဲ ကလေးမ'



စိုးရိမ်ငွေ့ပါသော အာမေးဖြစ်သော်သည်း၊ အသံ၌ကား ထူးခြား သိသာသော တည်ငြိမ်မှုရှိသည်။ မျက်နှာကလည်း မွန်ချည် ခန့်ညား စိုပြည်သည်။

ထူးဆန်းစွာ ရင်ဖိုရင်း လေးဖြူက ပြုံးပြီး ခေါင်းလေးကို အလျင်ခါပြ၏။

'မနာပါဘူး၊ ကျွန်မ သတိမထားပဲ အရမ်း လှည့်လိုက်မိလို့'

သည်နေရာ၌ ဘောင်ပေါ်မှ ဆင်းလာသော လမ်း ရှိသည်။ သမ်းအစပ်၌ ကျောခိုင်းရပ်နေရာမှ ရုတ်တရက် လှည့်လိုက်မိသော မိမိ၏အဖြစ်ကို သတိရပြီး လေးဖြူကတောင်းပန်ခြင်းဖြစ်သည်။

'ဖြော်....ကလေးမရယ်၊ မင်းမှာ အပြစ်မရှိပါဘူး၊ တို့များမှာသာ အပြစ်ရှိတာ'

'ရှင်....'

'ကျောခိုင်းထားတဲ့ ကလေးက နောက်ကို မမြင်တာ မဆန်းဘူး၊ တည့်တည့်လျှောက်လာတဲ့ တို့များကသာ လူတစ်ယောက်လုံးကို မမြင်မိဘာတော့ အင်း....ညွှန်ရှာကျတယ်'

www.burmeseclassic.com

www.burmeseclassic.com



လေးဖြူက တစ်ချက် သူ့ကို အကဲခတ်ကြည့်သည်။ မျက်... များက မကျေနပ်မှု အရိပ်ကလေးများ ပြလိုက်မိမလား။

ကလေး....

မိမိက ကလေးလေးလား။ သူကကော ဘယ်လောက်ကြီး... သူကြီးနည်း။

ပထမ စပြောစဉ်က ကလေးမ။ နောက်တော့ ကလေး။

ခြောက် ကလေးရယ်။ တစ်ကြိမ်တည်း ဖြစ်သော်လည်း ... စကားက နားမှာ စွဲနေသည်။

မိမိက ကလေးမဟုတ်ပါ။ သည်တော့ မကြိုက်ပါ။

သို့ရာတွင် သူ ပြောလိုက်ပုံက ပြေးရိုးပြောစဉ် ပြောနေ... ပမာ ညင်ညင်သာသာ ရှိလှသည်။

သူ့အသံကလည်း နားထောင်ကောင်း၊သာယောင်တော့ ... သား။

ဘုရား....ဘုရား။ သူ့မျက်နှာက ခန့်ခန့်ညားညား၊ တ... တည်ငြိမ်ငြိမ်နှင့်။ အင်း...ချောသည်။ သူ့မျက်လုံး များ ... မျက်ခုံးနက်နက်ထူထူတွေအောက်တွင် အလွန် ကြည်လင်သည်... အေးလည်း အေးချမ်းလှသည်။



လေးဖြူကပြုံး၍ လက်လေးနှစ်ဖက်ကို ကလေးတစ်ယောက် ...သို့ပင် တစ်ချက်နှစ်ချက် ကော့ကော့လှလှလေး ခါပြ ပြီး ပြော၏။

‘ဗီလိုဆို ဘယ်သူမှ အပြစ်မရှိဘူး’

‘ဒါပေမယ့် တို့များ တောင်းပန်ပါတယ်’

လေးဖြူ ခြေသံကြွစေ။သည်။ မျိုးကိုလွင် အနီးသို့ ရောက် နေ၏။

‘ဘာဖြစ်ကြသလဲ’

မျိုးကိုလွင်က လေးဖြူကိုမေးရာမှ သူ့ဘက်လှည့်ပြီး ခြေဆုံး ခေါင်းဆုံးကြည့်၏။

ခြောက် သည်လိုတော့လည်း ကိုချောက ဂရုစိုက်တတ်သားပါ ကလား။

လေးဖြူက သွက်သွက်ဝင်ပြော၏။

‘ဘာမှဖြစ်တာ မဟုတ်ဘူး’

‘အင်း...ဘာမှတော့ဖြစ်တာ မဟုတ်ဘူး၊ ဒေါင်တိုက်မိကြ တာ’

www.burmeseclassic.com

www.burmeseclassic.com



'လေးက ဝင်တိုက်တာ'

သည်တစ်ချီတော့ သူက ပြုံး၏။

'ကလေးမ ကျေနပ်တယ်ဆို တို့များ ဝမ်းသာပါတယ်၊ ကဲ….တို့ သွားမယ်'

သူထွက်သွားတော့ ခန့်ညားရှည်သွယ်သော သူ့သဏ္ဌာန်ကို လေးဖြူ လိုက်ကြည့်နေမိ၏။

မျိုးကိုလွင်ကို သတိရပြီး ပြန်လှည့်ကြည့်တော့ မျိုးကိုလွင်က လည်း သူသွားရာကို မျက်စိတဆုံး လိုက်ကြည့်နေဆဲ။ မျက်နှာ ထားကလည်းတစ်မျိုး။ ပါးစပ်က အနည်းငယ်ဟနေ၏။

လေးဖြူက ပြော၏။

'မတော်တဆ တိုက်မိကြတာပါ၊ ပြီးတော့ သူက ကြင် ကြင်နာနာ ယဉ်ယဉ်ကျေးကျေးပဲ'

'အင်း….ယဉ်ကျေးမှာပေါ့'

'ဘာပြောတာယ်'

'မသိဘူးလား'

'ဘာကိုလဲ'

'သူ့ကို….'



'သူ့ကို….'

'စာရေးနေတဲ့ မလေးဖြူဟာ သူ့ကို သိသင့်တာပေါ့'

'ဘာပြောတယ်'

'ဆရာမိန်နွေ၊ ဦးမိန်နွေ'

'ဟင်….၊ ကို….ကိုမျိုးကိုလွင်က သူ့ကိုသိသလား'

'မြင်ဖူးတာပါ၊ မသိပါဘူး၊ သိတာက တစ်ယောက်'

လေးဖြူက မျက်မှောင်လေးကြုတ်ပြီး သူ့ကို ကြည့်သည်။ သူက ပင်ပန်းညည်းညူသံဖြင့် ပြော၏။

'မွန်မွန် တဲ့၊ ဆရာမိန်နွေ သိပ်ချစ်တဲ့၊ သိပ်လှတဲ့ တူမ လေး၊ ကျွန်တော်ကတော့ သူ့ကို မမွန်လို့ခေါ်ပါတယ်'

*

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုး ဘုရားရှိခိုးသံကြားရသောကြောင့် ဒေါ်မြချိုသည် ဘုရားခန်းအဝ၌ ခြေကိုတုံ့ပြီး ရပ်လိုက်သည်။

သြော်...ကလေး ဒီည ဘုရားရှိခိုးချိန်စောသည်။ ဒီ ည မှ ဟုတ်၊ ငါးညရှိပြီ။ ကလေး ဘုရားရှိခိုးချိန် စောသည်။ ရှိခိုးသည့်ကာလည်း ကြာသည်။

ငါးညရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်း၌ ဂရုဏာနှင့်ပီတိ ရောပြွမ်းလျက် ဒေါ်မြချိုက ဘုရားရှိခိုးနေသူလေးကို ကြည့်သည်။

ရွှေရုပ်ကလေး....။

ရွှေစင်ရုပ်ကလေး....။

ရွှေသားရုပ်သွင်....။

သားက သည်လို တင်စားပေါ်တတ်သည်။

မိမိ အတွက်ကတော့....

ရွှေသားရုပ်သွင်ပါပဲ။

မိမိအတွက်က ပြဿနာအပိုတစ်ခုရှိသေးသည်။ သားတို့ ရုပ်ရည်၊ သီဘာမည်သားဟု စာရှိသည်။ မြေးတို့ရုပ်ရည်ကို ဘယ်ပုံဆိုရပါ့။

သား သမီး မျက်နှာကို မြင်ရသဖြင့် ချမ်းမြေ့ကြည်သာသော ခံစားမှုကို မိမိသိသည်။ ကောင်းကောင်း သိသည်။ သီဘာ...။

မြေးကျတော့ ဘယ်ပုံဆိုမည်နည်း။ သီဘာထက် လွန်သည်။ သည်တော့ ဘယ်ပုံ ဆိုရပါ့။



မိန်းကလေးတစ်ယောက်သည် ဘယ်အချိန် အလှဆုံးနည်း။ ဘုရားရှိခိုးနေချိန်သည် အလှဆုံး။

ကြည့်...။

ဖယောင်းတိုင် ဝါဝါလေးတွေလို ချောမွတ် ပြည့် ဝ ရှည်သွယ်သော လက်ချောင်းလေးတွေကို စုပေါင်းပြီး လက်အုပ်ချီထားသည်။

ချီထားသော လက်အုပ်ကို ကြာပဒုံဟု ခေါ်ကြသည်။

သည်တော့ မြင်နေရသည်က ရွှေကြာပဒုံ။

မျက်လွှာလေးကို ပိတ်ထားတော့ လျောကျနေသော ရှည်လျှက်က ပျံနေသည့် မျက်တောင်ကော့ကြီးများက ပိုဆင်ရှားနေသည်။

မာန်တွေကျပြီး သဒ္ဓါရည် လွှမ်းနေသည့် မျက်နှာလေးကနု စင် သန့် ရှင်း ဝင်း ကြည် လဲ့ နေသည်။

ပုဆစ်တုပ်ထိုင်နေပုံဟန်က သွန်းထားသည့် ရွှေစင်ရုပ်လေးနှင့် တူနေ၏။

ရွှေသားရုပ်သွင်။

သားပြောသည်မှာ မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြချို၏ နှာခေါင်းက သင်းပျံ့သော နှင်းဆီပန်းနံ့များကိုရသည်။

ဘုရားစင်ထက်၌ နှင်းဆီပန်းတွေကို သပြေနှင့် ရော လျက် အလှပြင်ပြီး ကပ်ထားသည်။

ဩော်....မိမိတို့ငယ်ငယ်က ဘုရားပန်းကပ်လျှင်ပန်းကိုညောင်ရေအိုးမှာထိုးပြီး ရိုးရိုးကပ်လိုက်သည်။

ယခုဘော့ ကလေးက ဂျပန်ဘာသာဖြင့် ဘာဟုဆိုလား ခေါ်သည့် ပန်းအလှပြင်ပညာတတ်သည်။

သူတတ်သောပညာဖြင့် အလှပြင်ထားသော ပန်းတွေကို ကလေးက ဘုရားကပ်တတ်သည်။

ကလေး ပန်းတွေကပ်ထားပြီဆိုလျှင် ဘုရားစင်ရော ဘုရားခန်းပါ အလွန်ကျက်သရေရှိသည်။

ယခုလည်းကြည့်၊ သပြေနှင့်နှင်းဆီကို ရော၍ပြင်ထားသည်။

ရိုးရိုးရောထားသည်မဟုတ်။ သပြေရွက်တွေက ဝန်းဝန်းဝိုင်းဝိုင်းရှိသော ပန်းပင်အုပ်လေးလိုဖြစ်နေသည်။

သည်ပန်းပင်အုပ်သေးတွင်းမှ နှင်းဆီတွေက ပွင့်ထွက်လာလေ ထပွက်ကဲ့သို့ ရှိနေသည်။



သပြေနှင်းဆီပန်းရံ—

သည်လိုပဲခေါ်ရမည်ထင်သည်။

ဖန်ပန်းပြင်ခွက် ကြည်ကြည် ပြားပြားပုပုလေးများ မပေါ်အောင် လွှမ်းအုပ်ပြင်ထားသည်။ စုစုပေါင်း ပန်းရုံသုံးခု။

အလယ်ပန်းရုံက ပိုကြီးသည်။

ဘုရားရှင်ရုပ်ပွားတော်မြတ် ရှေ့တည့်တည့်မှာ။

နုဝါဝါစိမ်းသော သပြေရွက်တွေနှင့် ပန်းနုရောင်နှင်းဆီပွင့်တွေက အရောင်ချင်း လိုက်ဖက်သင့်မြတ်လှသည်။

ယဉ်ယဉ်လေးနှင့် အမြင်အေးသည်။

လန်းဆန်းမှုနှင့် သန့်စင်လှပခြင်းကို တစ်ပြိုင်နက် ခံစားသည်။

ဒေါ်မြချိုက ဘုရားခန်းဝမှ ခြေသံဖွဖွပြီး နောက်ဆုတ်ထွက်လာခဲ့သည်။ မိမိက ဘုရားရှိခိုးရန်လာသည်မဟုတ်။

မိမိက ညနက်မှ ဘုရားရှိခိုးလေ့ရှိသည်။ လူခြေတိတ်တော့ ဘုရားရှိခိုးအပြီး ကမ္မဋ္ဌာန်းဆက်ထိုင်နိုင်သည်။

ယခုလာသည်က ဘုရားခန်းမှာထားသော ဗီရိုမှ ဘုရားစာအုပ်ယူရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လဒ္ဓသာသနာသော၊ ရအပ်သောသက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌာသော၊ ရအပ်သောတည်ရာရှိသည်ဖြစ်၍။ ဤသဘောကို ပဲ့တစ်နေ့က ဆရာတော်ဟောကြားလိုက်၏။

ဓမ္မမိတ်ဆွေတစ်ဦးက ထိုဘုရားတို့၏ အကျယ်သဘောကို ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (နိဿယ) ၌ပါသည်ဟု ပြောပြသည်။

ယခု မိမိကဖတ်ချင်၍ စာအုပ်လာယူသည်။ ကလေးက ဘုရားရှိခိုးနေသည်။

ဪ....သူကလေးလည်း သူ့အရွယ်၊ သူ့အသိ၊ သူ့အတိုင်းအတာနှင့် ရအပ်သော သက်သာရာ၊ ရအပ်သောတည်ရာ ရှိနေပါစေ။ မိမိကြောင့် အနှောင့်အယှက်မဖြစ်ပါစေနှင့်။

ဒေါ်မြချိုက ဧည့်ခန်းသို့ပြန်လာခဲ့သည်။

မထိုင်ပဲ ပြတင်းမှနေ၍ အပြင်ဘက်သို့ ငေးကြည့်မိသည်။

နေ့ဦးညာမှာ လသာနေသည်။ တပေါင်းကုန် တန်ခူးမူးဖြစ်သောကြောင့် ညဦးသည် ချမ်းမြမြလေး နေ၍ကောင်းသည်။

ဒေါ်မြချို၏ရင်မှာလည်း ချမ်းချမ်းမြမြ သက်သက်သာသာ ရှိသည်။

ဝေးလေပြီဖြစ်သော၊ ကုန်လေပြီဖြစ်သော အချိန်တွေနှင့် ကစားဘူ မတူပြီ။



ဒေါ်မြချိုက တိုးတိုးရွတ်သည်။

'အားလုံးသတ္တဝါ၊ ချမ်းသာကြပါစေ'

မှန်သည်။ အားလုံးသတ္တဝါ၊ အကြွင်းမရှိ ချမ်းသာ ကြပါစေ။

မြေးချစ်မလေး မှန်မှန်ကဲ့သို့ပင် အားလုံးသတ္တဝါ ချမ်းသာကြပါစေ။

* * *

ဘုရားရှိခိုးပြီးသွားသော မှန်မှန်ကလည်း မေတ္တာပွားရန်ဖြင့်သည်။

အမှန်က နေ့စဉ်မှန်မှန် မှန့်မှန် မေတ္တာမပွားနိုင်ပါ။ မှန်မှန်တော့ မေတ္တာပို့သည်ပေါ့။

မေတ္တာပို့ခြင်းကို ဘွားဘွား သင်ပေးထားသဖြင့် ငယ်ငယ်လေးကတည်းက တတ်သည်။

မေတ္တာပွားသည်ဆိုခြင်းက သတ်သတ်တစ်ခု။ မိမိကောင်းကောင်း မလုပ်တတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုတလော မွန်မွန်လုပ်သည်။ မလုပ်၍ ဖြစ်။ အဲ.... မဖြစ်ဟုထင်သည်။

မိမိကိုယ်ကို ရှေးဦးစွာ ထင်မြင်ကြည့်ပြီး မေတ္တာပွား။ မိမိကိုယ်ထက် ချစ်သူသည် လောကမှာမရှိဘူး။

နောက် ဖြူဖြူစင်စင်နှင့် မိမိအချစ်ဆုံး သူတစ်ယောက်ကို အာရုံယူ၊ မေတ္တာပွား။

သည်ကမှနေ၍ တစ်ဆင့်ပြီးတစ်ဆင့် သတ္တဝါတွေကိုမေတ္တာ ပွားပွားသွား။

ဘွားဘွား သင်ပေးထားပုံ။ သို့မဟုတ် မိမိ နားလည်သမျှ ဘွားဘွား သင်ပေးထားပုံ။

မိမိကတော့ ဦးဖေဖေကိုပဲ ရှေးဦးစွာ မေတ္တာပို့ပြီး ပွားလို သည်။

ပြီးတော့မှ ဘွားဘွား။

ဦးဖေဖေကို ချစ်သည်။ ဘွားဘွားကို ချစ်သည်။ သိပ်ချစ် သည်။ သို့ရာတွင် ဦးဖေဖေကို အချစ်ဆုံး။

'ဦးဖေဖေ၊ ကိုယ်ရောစိတ်ပါ စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာပါစေ၊ ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်း ပါစေ၊



ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ စိုးရိမ် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းပါစေ၊ စိတ်နှလုံး ရွှင်ပြုံးနိုင်ပါစေ။

'ဖရဏာပီတိဂွမ်းဆီအိသကဲ့သို့ပီတိတွေနှင့်လည်း ဝေဖြာနိုင်ပါစေ၊ အတွင်းရန် အပရန်ဟု ဆိုအပ်သော ရန်အပေါင်းမှလည်း ကင်းဝေးနိုင်ပါစေ၊ အားလုံးစုံသော ဘေးအပေါင်းမှလည်း ကင်းဝေးနိုင်ပါစေ။

'ကိုယ်ရောစိတ်ပါ စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကိုယ်အတ္တဘောကို နိဗ္ဗာန်တည်း ဟူသော သောင်ကမ်းသို့ တင်ဆောင်နိုင်ပါစေ'

ဦးဖေဖေ။ မွန်မွန် သိပ်ချစ်သည့် ဦးဖေဖေ၊ မွန်မွန့်ကိုလည်း သိပ်ချစ်သည့် ဦးဖေဖေ။ ဦးဖေဖေ ကိုယ်ရောစိတ်ပါ၊ စိတ်ရော ကိုယ်ပါ ကျန်းမာ ချမ်းသာပါစေ၊

မွန်မွန်သည် ချစ်လှစွာသော ဦးဖေဖေဆီ အာရုံပြုပြီးအထပ် ထပ် အကြိမ်ကြိမ် မေတ္တာပို့ပြီး ပွားသည်။

နောက် ဘွားဘွား။ နောက် ဆရာမ။ နောက် ဧလှသူ။ နောက် မသန္တာ။ နောက် မစန်းစန်း။ နောက် မိဂုဏ်။ နောက် ဝင့်ဝင့်။ ဝေဝေ။ သီသီ....နောက်....နောက်_ ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို— သူ့ဆီ မေတ္တာပို့သွား၍ ဖြစ်မည်တဲ့လား။ ဘွားဘွားက အစဉ်းမှာ သူစိမ်းယောကျ်ားလေးတွေကို မေတ္တာမပို့သွားနှင့် ဦးတဲ့။

နေပါဦး.... သူကအော ဘယ်က ပေါ်လာရသနည်း။

သူစိမ်း...

သူစိမ်း ဟုတ်ပါသလား။

အင်းလေ— သူစိမ်းပေါ့။

သနားချင်သည်။ သနားစရာ။ သနားခြင်းက ကရုဏာ။ ကရုဏာဆိုသည်ကလည်း ဖြူစင်သည်။

ကရုဏာကို မေတ္တာလိုပို့လို့၊ ပွားလို့ရပါသလား။မသိ။ မိမိ မသိ။

မိမိ၏ကရုဏာဆိုသည်ကလည်း ကရုဏာအစစ်လော။ သူ ဟော်ကောင်းတွေ ချီးမွမ်းသည့် ကရုဏာအစစ်လော။

ရှုပ်သည်။ ပွားထားသော မေတ္တာတွေ ဘယ်ဆောက်ကုန်ပြီနည်း။ စောစောက ရထားသည့် တည်ငြိမ်မှုတွေရော—။

မွန်မွန့် အာရုံတွင် ဦးဖေဖေ ပြန်ပေါ်လာသည်။ အာရုံတွင်းမှာ ဦးဖေဖေက ပြုံးနေသည်။



မိမိမဟုတ်တာလေး တစ်ခုခုလုပ်မိလျှင် ဦးဖေဖေက သည်လိုပင် ပြုံးလျက် ကြည့်တတ်သည်။

သတိပေးမှုလည်း ပါသည်။

စွန့်လွှတ်မှုလည်း ပါသည်။

မျက်မှောင်တော့ ကြုတ်ထားသည်လေ။ ဒါပေမယ့် ပြုံးနေသည်။

ဦးဖေဖေရယ်.... သမီး စိတ်ချမ်းသာလိုက်တာ။ ပြီးတော့ လွမ်းလိုက်တာ။

မွန်မွန်က အမျှပေးဝေသည်။ ထိုနောက် ဆုတော့ တစ်ထပ်ကြီးတောင်းသည်။ ဦးဖေဖေ ကျန်းမာဖို့၊ ချမ်းသာဖို့၊ မြန်မြန်ပြန်ရောက်ဖို့။ ဤသည်တို့က ထိပ်က။

နိဂုံးပိတ်အဖြစ် အနန္တော အနန္တ ငါးပါး၊ ဘွားဘွားနှင့် ဦးဖေဖေတို့ကို ကန်တော့ပြီး မွန်မွန်က ဘုရားခန်းမှ ထွက်လာခဲ့၏။

ညည့်ခန်းပြတင်းမှနေ၍ အပြင်ဘက်သို့ ငေးကြည့်နေသည့် ဘွားဘွားကို မွန်မွန် တွေ့သည်။

မွန်မွန်က ဘွားဘွားအနီးတွင် သွားကပ်ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက ပြုံးပြီး မွန်မွန့်ကိုကြည့်၏။ ဘာစကားမျှ ရှက်တရက် ပြောစရာမရှိသဖြင့် အပြင်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး မွန်မွန်က ဆို၏။

'သိပ် လှသာတာပဲနော် ဘွားဘွား'

'အင်း....သိပ်သာတယ်၊ ဒါကြောင့်လဲ ဘွားဘွား ကြည့်နေတာပေါ့'

'ဘွားဘွားကလဲ လှသာတာကိုကြည့်တယ်'

'ကြည့်တာပေါ့သမီးရယ်၊ ဘာပြုလို့လဲ'

'သိပါဘူး၊ လှသာတာကို သမီးတို့အရွယ်ကပဲ ကြည့်တယ်၊ ဘွားဘွားတို့ဆို မကြည့်တော့ဘူးထင်တာ'

ဘွားဘွားက ရယ်ပြီးမှမေး၏။

'သမီး ဦးဖေဖေစပ်တဲ့ ဟိုသီချင်းလေးကို မှတ်မိလား'

'ဦးဖေဖေစပ်တဲ့ သီချင်းတွေက အများကြီးဟာ'

'ဟိုဒင်းလေ၊ သမီး သိပ်ကြိုက်တယ်ဆိုတဲ့ သီချင်းလေးလေ၊ နွေဦးအကြောင်း'

'ဩော်...သိပြီ၊ တပေါင်းမိန်ကလှသည်'



မွန်မွန်သည် အပြင်ဘက်ရှိ လှရောင်ဆီ တစ်ချက်ကြည့်လိုက်ပြန်ပြီး ညည်းညည်းလေးဆို၏။

'နွေ လေးလတို့ရဲ့.... ဩော်....အစ၊ တပေါင်းမိန်က.... လှသည်'

မွန်မွန်က သီချင်းကို ဆက်မဆိုဘဲ ဘွားဘွားဘက် လှည့်မေးသည်။

'ဘွားဘွားက အဲဒီသီချင်းကို ဘာပြုလို့မေးတာလဲ'

'နွေ လေးလတို့ရဲ့...ဩော်... အစ.... ဆိုတာလေ၊ သမီး ဦးဖေဖေက ဒီစကားကို ဘယ်ကရတယ်ထင်သလဲ'

'သမီး ဘယ်သိမလဲ'

'ဂိမှာနံ၊ ဒေါင်းငွေ့စကြာ၊ သူရိယာ၏၊ ရောင်ဝါ ပြင်းပြ၊ နွေလေးလတို့တွင်၊ ပထမ သို့ ဂိမှ၊ ရှေးဦးအစ၊ နွေကာလ ဖြစ်သော....တဲ့၊ ပထမသို့ ဂိမှဆိုတာ နွေလေးလတို့ရဲ့အစ၊ အလွန်လှပ သာယာတယ်၊ရဘနသုတ်တော်မှာ မြတ်စွာဘုရား ချီးမွမ်းထားတယ်၊ သမီး ဦးဖေဖေက အဲဒါကို ယူထားတာ'

'အား...အား....၊ ဟုတ်ပြီ၊ သမီးလဲ ရတနသုတ်တော်ရတာပဲ၊ ဝနပ္ပဂုမ္ဗေယထဖုဿိတဂ္ဂေ၊ ဂိမှာနမာသေ

www.burmeseclassic.com

www.burmeseclassic.com



ပထမသွိုင်္ဂိဒမ္မ နိဗ္ဗာန်ကြီးကို သာယာတဲ့ နေဦးက လှပတဲ့ သောအုပ်ကြီးနှင့်နှိုင်းပြီး မြတ်စွာဘုရား ချီးမွမ်းပေးကြွားတားတာ'

'မွန်တယ်သမီး၊ ဘွားဘွား ဒါကြောင့် လရောင်ကို ကြည့်နေတာပေါ့၊ နေဦးဆိုတာ သာယာတော့ နေဦး ညကလဲ သာယာတာပေါ့၊ လသာနေတော့ ပိုသာယာတာပေါ့၊ ဘွားဘွားက လသာတာကို ကြည့်ပြီး ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူးကို အောက်မေ့နေတာ'

မွန်မွန်က ခေတ္တ ငြိမ်နားထောင်နေပြီးမှ ဟက်ခနဲ ထစ်ချက်နှင်း၏။

'ဘွားဘွားက လရောင်ကိုကြည့်ပြီး ဘုရားဂုဏ်ကျေးဇူး တရားဂုဏ်ကျေးဇူးကို အောက်မေ့တယ်၊ သမီးကတော့ ဟိုဒင်း...လွမ်း...လွမ်းတယ်'

'လွမ်းတယ်'

'ဟုတ်ဘူးလေ၊ ဘယ်လို ပြောရမလဲ၊ သာတော့ သာယာတာပေါ့၊ ဒါပေမယ့် အောက်မေ့တယ်'



ဘွားဘွားက နားလည်သော မျက်လုံးများနှင့် ကြည့်ပြီး ပြုံး၍ ခေါင်းညိတ်ပြ၏။

'သမီး ဦးဖေဖေကို အောက်မေ့နေတယ် မဟုတ်လား'

မွန်မွန်က ပြုံးသည်။ အပြုံးလေးမှာ ရိပ်ရိပ်လေးတော့ ညှိုး၏။

ဘွားဘွား မေးသည်ကို မဖြေဘဲ ဘွားဘွားကိုသာ ပြန်မေး မိ၏။

'ဘွားဘွားကော မအောက်မေ့ဘူးလား'

ဒေါ်မြချို၏မျက်နှာမှ အပြုံးသည် မသိမသာလေးလျော့ကျ သွား၏။

မအောက်မေ့ဘူးလား...။ သားတစ်ယောက် ခရီးသွားနေ တော့ မျက်စိအောက်မှာမရှိသည်ကို သိနေသည်။

ရိုးရိုးသိသည် မဟုတ်။

ခဏ ခဏလေး သိနေသည်။

ဤသည်ကို သတိရနေသည်ဟုလောကစကားက ဆိုသည်။ သတိရခြင်းသည် အောက်မေ့ခြင်းလော။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ မတူပါ။

စောစောက လ, ရောင်ကိုကြည့်ပြီး ဘုရားဂုဏ် တရားဂုဏ်ကို အောက်မေ့နေသည်ဟု မွန်မွန်ကို မိမိ ပြောခဲ့သည်။ မုသား မဟုတ်သော်လည်း မပြည့်စုံခဲ့။

အောက်မေ့သည်။

အင်း...အောက်မေ့သည်။

တစ်ယောက်ကို...။

သည်လိုနွေဦးညမျိုး။

သည်လိုပဲ လသာနေသည်။

သည်လိုပဲ မြေမှာလျှောတိုက်သော ရွက်ဝါသံတွေ ရှိသည်။

မွန်မွန့်မျက်နှာလေးကို ငေးကြည့်မိစဉ် အောက်မေ့စိတ်က ဝင်လာပြန်၏။

ထိုကြောင့်လည်း စောစောတုန်းက ဆုတောင်းခဲ့သည်။

ချမ်းသာပါစေ။ အားလုံးသတ္တဝါတွေ ချမ်းသာပါစေ။ မိမိမြေးလေး မွန်မွန်ကဲ့သို့ပင် ချမ်းသာကြပါစေ။



မြတ်စွာဘုရား ပေးသနားခဲ့သောနည်း မျှားစွာမှ နည်းတစ်ခု။

မိမိက နေတတ်ပြီ။ ကောင်းစွာ နေတတ်နေပြီ။

'သတိဘော့ ရတာပေါ့သမီးရေ၊ ဩော်.... လ, သိပ်သာတာပဲ၊ ခြံထဲဆင်း လမ်းလျှောက်ချင်လား သမီး'

မွန်မွန်က ခေါင်းခါပြ၏။

'ဘာပြုလို့လဲ၊ ခါတိုင်း လ, သာရင် သမီးလမ်းလျှောက်ပါတယ်၊ အိမ်ထဲတောင် မဝင်ချင်ဘူးဆို'

မွန်မွန်က တွေတွေလေး ငြိမ်နေပြီးမှ အမှန်ကို ဝန်ခံ၏။

'ဦး ဖေဖေ မရှိတော့ တစ်မျိုးကြီးပဲ'

'ဩော်....အင်း....အင်း။ ဘွားဘွား နားလည်တယ်'

'ဘွားဘွား နားလည်တယ်။ ဘာကိုလဲ'

'သမီးကိုရော၊ လောကဆိုတာကိုရော'

မွန်မွန်က မျက်လုံးလေးပြူးပြီး ဘွားဘွားကို ကြည့်သည်။

'သမီးကိုရော၊ လောကဆိုတာကိုရော။ အဲဒါ ဘွားဘွား ဘာပြောတာလဲဟင်'

ဒေါ်မြချီက လ, ရောင်စိုးသော နွေညကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကလည်း နွေဦးည။ ဟိုတုန်းကလည်း လရောင်နှင့် အရိပ်တွေ။ ယခုလည်း လရောင်နှင့်အရိပ်တွေ။

'မြင်ပလောကကြီးဆိုတာဟာ ကြွားနေပါတယ် သမီး မွန်မွန်။ ငွေလရောင်ပဲဖြစ်ဖြစ်၊ နှင်းကြွင်းတွေပဲဖြစ်ဖြစ်၊ ရွက်ဝါတွေပဲဖြစ်ဖြစ်၊ လူတွေပဲဖြစ်ဖြစ်၊ အားလုံးဟာ တည်တိုင်းသာဖြစ်သလို ထားတိုင်းသာပဲ ဖြစ်ပါတယ်။ အလှ အကောင်းမဟုတ်သလို အဆိုးလဲ မဟုတ်ဘူး။ အလှ မဟုတ်သလိုအကျည်းတန်လဲ မဟုတ်ဘူး။အတွင်းအမြင် အနု အကြမ်း၊ အမြတ် အယုတ်။ ကုန်ကုန် ပြောမယ် အနီးအဝေးဆိုတာတောင် လူက လုပ်ထားတာ။လောက ဆိုတာရဲ့အဓိက အစိတ်အပိုင်း အတော်များများကို လူက လုပ်ထားတယ်ကွယ့်'

'ဟွန်း...ဘွားဘွား၊ သမီး နားမလည်ဘူး'

'လရောင်နဲ့ညကို သမီး နှစ်သက်ပါတယ်။ ဒါပေမယ့် ဦးပေပေ မရှိရုံလေးနဲ့ ဒီလရောင်နဲ့ညက ဘာဖြစ်သွားသလဲ'

ဒေတ္တာဘွားဘွားလေး စဉ်းစားနေရာမှ မွန်မွန်က ခစ်ခနဲ ရယ်၏။

'သမီးလဘောပေါက်သွားပြီ ဒါပေမယ့် ဘွားဘွား...'



'အင်း...'

'အောက်မေ့တာကတော့ အောက်မေ့တာပဲ'

'အင်း...အင်း၊ အောက်မေ့တာက အောက်မေ့တာပဲ။ အောက်မေ့တာကို သတိလုပ်ပစ်လိုက်'

'အာ...ဘွားဘွားကလဲ၊ ဒီည သမီး တရားမထိုင်ချင်သေးဘူး'

'နို့...ဘာလုပ်ချင်သလဲ'

'မသိဘူး'

'တိဗွီကြည့်မလား'

'ဟင့်အင်း'

'ဒါဖြင့် အိပ်တော့မလား'

'အင်း...အိပ်လို့လဲ ရမှာမဟုတ်ဘူး'

'ခက်လိုက်တာ သမီးလေးရယ်'

မွန်မွန်က ရယ်နေပြီးမှ ရုတ်တရက်ဆို၏။

'သမီး....အကြံပြီ'

'ဘာလဲ...သမီး....'

www.burmeseclassic.com

www.burmeseclassic.com



'အောက်မေ့ဘာကို အောက်မေ့ဦးဟယ်... အောက်မေ့ဦးဟယ်ဆိုပြီး ဒဏ်ပေးပစ်လိုက်မယ်'

'ဘယ်လို...'

'သမီး...ပီယာနိုတီးမယ်'

'ဩော်...အင်း...အင်း...၊ ကောင်းတယ်'

'ဘွားဘွား...ဘုရားမရှိခိုးသေးဘူး မဟုတ်လား'

'အစောကြီးရှိသေးတယ်ကွယ်'

မွန်မွန်က ပီယာနိုတွင်သွားထိုင်၏။

ဒေါ်မြချိုက အနီးရှိ ကြိမ်ကွက်ခင်း ကုလားထိုင်ပုလေးတစ်လုံး၌ ဝင်ထိုင်၏။

မွန်မွန်၏ လက်ချောင်းဝါဝါလှလှလေးများက ပီယာနိုခလုတ်ဖြူဖြူနှင့် နက်နက်တွေပေါ်တွင် ပြေးလွှား လှုပ်ရှားလျက် အသံစမ်းဖွဲ့ယူနေသည်။

လက်ချောင်းလေးများကို ခိုင်းချင်တိုင်း ခိုင်း၍ရတော့...မျက်လုံးလေးများက ဖွင့်ထားသော မှန်ပြတင်း ကျယ်ကို ကျော်လျက် လှမ်းမြင်ရသည့် လရောင်မှ နွေဦးညပြာပြာကို ငေးကြည့်ရင်း မွန်မွန်က ပီယာနိုတီး၏။

မတိုးမကျယ်လေးလည်း သီချင်းကိုဆို၏။



'နွေလေးလတို့ရဲ့...ဩော်...အစ၊ တပေါင်းမိန်က...လှသည်၊ အကြောင်းသိရ်ခြည့်ဝပါသည်၊ နှင်းကြွင်းတွေရီ...သရဖီသင်း...မြေဆင်းတဲ့ရှက်ဝါသီဂီ...ဟို...ပင်ယံပုရစ်ဖူးတွေကြောင့် သစ်ထူးနေသလား... နွေအလှပန်းချီ၊ အရှိင်းပကတိလှသည်၊ အလွမ်းရှိတော့ ပိုလှသည်၊ အလွမ်းရှိလို့...လှသည်... လှသည်... တပေါင်းမိန်က...လှသည်'

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

ခိုးကြည့်ရခြင်း။

အင်း…ဟင်း၊ ကိုယ့်ဘက်ကိုသူမကြည့်။ သူ့မျက်နှာလှည့်သွားသည်ကတခြား။

အဲသည်အခိုက်မှာ သူ့မျက်နှာလေးကို ကိုယ်က အသေးစိတ် တိတ်တိတ်ကြည့်မိတော့…ခိုးကြည့်ရခြင်း။

လှသောမိန်းကလေးတစ်ဦး၌ လှခြင်းပြလက္ခဏာ[illegible] များစွာရှိသည်။ သို့ရာတွင် လည်တိုင်မှလှပမှုကတော့ရှ[illegible]သည်။ ထို့ကြောင့်လည်း လည်တိုင်၏အလှကို ပွဲနွဲ့မှုရှ[illegible]သည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လည်တိုင်ဆိုသည်မှာ အလှပြစင်ပါ။

လှခြင်းဆိုသည်ကို သည်မှာကြည့်ဟော့ ဟု သူကစပြီး လှပြသည်။ အလှဆိုသည်ကို မျက်နှာမှာ စ,မြင်ကြသည်။

ကျန်တာတွေ ဘယ်လောက်လှလှ မျက်နှာမလှလျှင် လှသည်ဟု မပြောကြ။

မျက်နှာလေးကို လည်တိုင်က မ,တင်ပြထားသည်။ သည်တော့ သူက အလှပြစင်ပါ။

အလှပြစင်တိုင်း မလှတတ်။

တစ်ခါတစ်ရံ သဘာဝအလှတရား အလှဗိသုကာ ဆရာကြီး သတိလွတ် ပေါ့ဆသွားဟန်ရှိသည်။

ဟောသည့်လည်တိုင်လေးကတော့ လှသည်။ သူရပ်တည်နေသော ပခုံးကပင် လှသည်။

ပခုံးက တည့်တည့်တန်းတန်းကြီးမဟုတ်။ ဆင်ခြေလျှောလေးလို ပြေပြေလေးမြင့်တက်သွားသည်။

ပြီးတော့ ထောင့်ချိုးမပေါ်စေပဲ လည်တိုင်လေးနှင့် ပေါင်းဆက်သွားသည်။



ဖြောင့်ဖြောင့်ရှင်းသွယ်ရှည်သော လည်တိုင်လေးက နုစင်လှပသော မျက်နှာလေးကို ရွက်မ,ထားသည်။

မျက်နှာကအသားလေးတွေ ကဲ့သို့ပင် လည်တိုင်မှ အသားလေးတွေက သန့်ရှ်ကြည်သည်။

အကြောစိမ်းလေးတွေက မျက်နှာမှာလည်းရှိသည်။ လည်တိုင်လေးမှာလည်းရှိသည်။

မျက်နှာက မွှေးညင်းနုနုဖွံ့ဖွံ့လေးတွေ ရှိသေးသည်။ သည်မွှေးညင်းလေးတွေကြောင့် မျက်နှာလေးက စိုစိုလန်းလန်းလေး နေသည်။

နက်နက်ပြာသောမျက်ခုံးမွှေး၊ ဆံပင်တို့နှင့်စပ်သည့်အသားလေးတွေက ရေးရေးစိမ်းမြသည်။

ဩော်....မျက်တောင်....။ မျက်တောင်ကော့ပါပေပဲလား။

သဘာဝမျက်တောင်ကော့က မျက်တောင်ကော့ အတုနှင့် ကွာခြားလှပေသည်။ မျက်တောင်ကော့အတုက ကျဲသည်။ ပါးပါးလှပ်လှပ်လည်းနိုင်သည်။

ဟောသည်မျက်တောင်ကော့ အစစ်တွေက သိပ်သည်းစေ့စပ်သည်။ ထုနှင့်ထည်နှင့် ရှန်းရှန်းလည်းနက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်အရောင်၊ မျက်ခုံးအရောင်၊ ဆံပင်အရောင်တို့က အတုခြ-မရှိသော အလှဇာတ်မြစ်ကို အတူတကွဖော်ပြနေကြသည်။

ဩော်— ကံကြမ္မာဆိုတာရယ်၊ ဘယ်လိုဖန်နေပါသနည်း။

မျိုးကိုလွှင်က သက်ပြင်းကိုချ၏။ သူ့သက်ပြင်းသံက အတန်ကျယ်သွားသည်။

လေးဖြူက သူ့ကိုလှည့်ကြည့်သောအခါ သူက မလုံမလဲနှင့်ပြုံးပြသည်။

'သက်ပြင်း ချသံကြီးက လှိုင်းလုံးလောက်ကြီးပါလား ကိုမျိုး'

'အား—ကိုယ့် သက်ပြင်းချသံကို လေး ကြားလို့လား'

လေးဖြူက စိတ်ဘင်္ဂြုံး၏။

ဟန်ဆောင်မှုလေးများ ကျန်နေသေးသည်။

မိမိက သူ့ကို ဘေးတိုက်မေးပြီး ပင်လယ်ပြင် ဟိုအဝေးက ကြက်သွန်ကျွန်းဆီ ငေးကြည့်နေခဲ့မိသည်။ ပထမကတော့ ရိုးရိုးပင် ငေးကြည့်နေမိခြင်း ဖြစ်လေသည်။

အမှတ်မထင် တစ်ခဏ၌ မျက်လုံးစွေကြည့်မိချိန်မှာ သူမိမိကို ငေးစိုက်ကြည့်နေကြောင်း သတိပြုမိသည်။

အဲ့သည်နောက်မှာတော့ ဟန်ဆောင်ခြင်း။



မိမိကသူ့ကို ဘေးတိုက်ပေးပြီး ငေးချင်ယောင် ဆက်ဆောင်သည်။ သူကလည်း မိမိကို ဆက်ငေးကြည့်နေသည်။ ကိုယ့်ဆရာ မျက်လုံးလွှဲထားပေမယ့်ခိုးကြည့်နေသည်ကိုသိသော ပညာမိန်းကလေးဘွဲ့မှာ ရှိသည်ကို သိပါသလား။

ကြည့်ပါစေ။

အားရအောင် ကြည့်ပါစေ။

မိမိကို ယောကျ်ားလေးအများ ငေးငေး ကြည့်ရသည်ကို မိမိသိသည်။

စူးစူးရဲရဲ ဘီလူးသဘက်ကြည့်သလို ကြည့်သည်ကိုတော့ မိမိမကြိုက်။

ယဉ်ယဉ်ကျေးကျေး ခိုးငေးကြရှာသည်ကိုတော့ မကန့်ကွက်ပါ။ ခွင့်လွှတ်ပါသည်။ အဲ…ကျေလည်း ကျေနပ်ပါသည်။

အထူးသဖြင့် သူငေးကြည့်သည်ကိုကျေနပ်ပါသည်။

တွေ့စက သူ့အမူအရာက မထုံတက်သေး။ မိမိကို ပမာမ[illegible]ဂရုမစိုက်သယောင်ယောင်။

မိမိကသူ့ကို တည်တည်တံ့တံ့ စိမ်းစိမ်းရှောင်ရှောင် နေခဲ့သည်မှာမှန်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက မိမိကို တစ်ချက်သေးမျှ စိုက်ငေးမကြည့်။ မိမိကသူ့ကို ကြည်ညှတ်ပါအောင် ဆွဲဆောင်သည့် ကြိုးပမ်းမှုလေး တစ်ခုကိုမျှ သူက သတိမပြု။

သည်လို မိမိကို ဂရုပြုခြင်းမျိုးလေးတွေအား မိမိ၏ သဘာဝ ရပိုင်ခွင့်များဟု မိမိက မှတ်ယူထားသည်။

သူက ဤသဘာဝ ရပိုင်ခွင့်များကို မိမိအားမပေး။

မချစ်ချင် နေနိုင်သည်။ မကြိုက်ချင် နေနိုင်သည်။ မိမိ လှကြောင်း ဝန်ခံမှုပြုမသွားလျှင်တော့ မိမိမကျေနပ်။

ယခုတော့ ကျေနပ်ပြီ၊ ကိုယ့်ဆရာ ရွေးချယ်ချင်စရာ ဆက်ရွေး။ လေးဖြူတို့အလုပ် မဟုတ်တော့။

'သက်ပြင်းချသံကို လှိုင်းလုံးကြီးလောက် ကြီးတယ်လို့ ပြောကတည်းက ကြားလိုပေါ့'

သူက ငြိမ်နေသည်။

မျက်တောင်ကော့ကြီးများကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း တွေနေသော သူ့မျက်လုံးများက လှရုံမက စဉ်းစားတတ်သော မျက်လုံးများဖြစ်ကြောင်း လေးဖြူ ရှေးဦးစွာအဖြစ် သတိပြုမိ၏။



'ကိုယ် သက်ပြင်းချမိဘယ်၊ မှန်ပါတယ်၊ ကိုယ့်အဘွက် အံ့ဩစရာတွေ လာကြုံတွေ့နေရတယ်၊ ပြီးတော့ စိုးရိမ်စရာတွေ'

'အံ့ဩစရာတွေ၊ ပြီးတော့ စိုးရိမ်စရာတွေ'

'ဟုတ်တယ်။ လေးကို ကိုယ်တွေ့ရမယ်။ လေးဆိုတာဟာ လှပသော မိန်းကလေး တစ်ယောက်လို့တော့ ကိုယ် ကြိုတင်သိထားတယ်။ ဒါပေမယ့် ဒီလောက် လှလိမ့်မယ်လို့ တော့....၊ စိတ်မဆိုးနဲ့နော်၊ ကိုယ် မျှော်လင့်မထားဘူး'

လေးဖြူက အမျိုးအမည်မသိသော အပြုံးကို ပြုံးမိသွားသည်။ စိတ်တော့ မဆိုးပါ။

'ဒီတော့ အံ့ဩခဲ့တယ်။ တစ်ခါ လေးက ကိုယ့်ကို တင်းတင်းနဲ့ မှန်မှန်လေး ဆက်ဆံတယ်။ ရှောင်ဘောင် ဘောင် တောင် လုပ်ခဲ့တယ်။ အဲဒီအတွက်လဲ အံ့ဩရ ပြန်တယ်'

သြော်...ကလေးဖြူက ရင်တွင်း၌အသံပြု၏။

သြော်...သူကလည်း သဘာဝ ရပိုင်ခွင့်ရှိသူဟု သူ့ကိုယ်သူ ထင်သူများလော။ ဖြစ်နိုင်သည်။

'ဒါပေမယ့် လေးရဲ့ အမူအရာတွေက ရုတ်တရက် ပြောင်း သွားတယ်၊ ကိုယ့်ကို ခင်ခင်မင်မင်ရင်းရင်းနှီးနှီး ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ လေးရဲ့အမူအရာတွေ ပြောပုံ ဆိုပုံတွေဟာ လွတ်လပ် ပွင့်လင်းလာတယ်။ ဟို...လေး ဝတ္ထုတွေထဲက လေးရဲ့ ဇာတ်သိုက်မင်းသမီးလေးတွေ အတိုင်းပဲ လွတ်လပ်တယ်၊ ရဲရင့်တယ်၊ ပွင့်လင်းတယ်'

လေးဖြူက ရယ်၏။

'ဒါကို ကိုမျိုးက အံ့သြသလား'

'အင်း... အံ့သြတယ်'

'အထင်ကော သေးသွားသလား'

'ကြံကြံဖန်ဖန်၊ ဘာလို့ အထင်သေးရမှာလဲ၊ အံ့သြတာကလဲ လေးရဲ့အမူအရာ အပြောအဆိုတွေကို မဟုတ်ဘူး၊ ရုတ်တရက် ပြောင်းလဲသွားတာကို၊ ကိုယ် ဥပမာတစ်ခု ပေးမယ်နော်'

'ပေးပါ'

'အာကာသသိပ္ပံ ရုပ်ရှင်ကားတွေ၊ တီဗွီဇာတ်လမ်းတွေလေး ကြည့်ဖူးမှာပေါ့။ အဲဒီကားတွေထဲမှာ ရန်သူတွေ တာရာခံတွေ စသည်ကို ချုပ်နှောင်ထားတာလေ။ ဘာကြိုးတွေနဲ့မှလဲ ချည်တုပ်မထားဘူး၊ ဘာတိုင်တွေ ဘာနံရံတွေနဲ့မှလဲ ဝိုင်းကာမထားဘူး၊ ဒီတိုင်းကြည့်တော့



သူတို့ပတ်လည်မှာ လဟာပြင်ပဲ၊ ဒါပေမယ့် သူတို့ ထွက်ပြေးလို့မရဘူး၊ တိုးထွက်လို့မရဘူး၊ ဘာမှမရှိတာကြီးကို ဖိုက်ခွဲလို့လဲမရဘူး။ မမြင်ရတဲ့ ဓာတ်ကွန်ချာကြီးက သူတို့ ပတ်လည်မှာ ဝိုင်းထားတယ်'

'အာ...ဟုတ်တယ်၊ ဆူပါမင်းထဲမှာလဲ ပါတယ်၊ ဘိုင်အင်နစ်ဝိုးမင်း ထဲမှာလဲပါတယ်'

'အင်း...အစတုန်းက လေးကိုလဲ မမြင်ရတဲ့ ဓာတ်ကွန်ချာကြီးတစ်ခုက ပတ်ဝိုင်းထားတယ်။ ဒါပေမယ့် ဟိုတောင်ခြေမှာ တစ်ညနေလေ... ဆရာဦးမိန့်ငွေနဲ့ တွေ့ကြတဲ့ တစ်ညနေ...'

သူက စကားကိုရပ်ထား၏။ သူ့ပြာဟန်ကလည်း ညည်းသယောင်ယောင် တစ်မျိုးဖြစ်နေ၏။

လေးဖြူ၏ရင်တွင်းမှာလည်း တစ်မျိုးဖြစ်သွားသည်။

ဆရာဦးမိန့်ငွေနှင့် တွေ့ကြသည့်တစ်ညနေ။

အဓိပ္ပာယ်တွေနှင့်ပါတကား။ ကောင်းကောင်း နားမလည်သော အဓိပ္ပာယ်တွေနှင့်ပါတကား...။

'အဲ့....အဲဒီညနေကတည်းက လေးရဲ့အမူအရာတွေ ရုတ်တရက်ပြောင်းသွားတယ်။ လေးဟာ ပဉ္စင်္ဂမန္တန်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရသွားပြီး လေးကို ဝိုင်းပတ်ထားတဲ့ ခေါင်ကွန်ချာကြီးကို ဖျက်ပစ်လိုက်နိုင်သလိုပဲ။ လေးဟာ လွတ်လပ်သွားတယ်၊ ပေါ့ပါးသွားတယ်'

ပဉ္စလက်မန္တန်…

သူ ကြုံကြုံဖန်ဖန်ပြောသည်။

သို့ရာတွင် သူမှန်၏။

ပဉ္စလက်မန္တန်။

'အဲဒီပဉ္စလက်မန္တန်က ဘာလဲ၊ ကိုယ် ဒါကိုအံ့ဩနေတာ'

လေးဖြူ အသက်ရှူရပ်မိသယောင် ဖြစ်သွား၏။

မိမိက လွတ်လပ်ပွင့်လင်းသူပါ။ ဤသည်အတွက် မိမိအမြဲဂုဏ်ယူသည်။

သူကလည်း လွတ်လပ်ပွင့်လင်းသည်။ သည်လူမျိုးကို မိမိလေးစားသည်။

သို့ရာတွင် ယခုအဖြစ်က ထင်သည်ထက် လွတ်လပ်ပွင့်လင်းနေတာကြောင့်



လွတ်လပ်ပွင့်လင်းခြင်း၏ ဆန့်ကျင်ဘက်ကဘာနည်း။ သက်သက်ညာညာပြောလျှင် အားနာခြင်း။ တည့်တည့်မတ်မတ်ပြောလျှင် ရှုံ့ကြောက်ခြင်း။

လေးဖြူက မျက်နှာလေးကို ကြည့်မြဲကြည့်ထား၊ လျက်ဘာတည့်တည့်လေးမေး၏။

'ကိုမျိုးက စကားအဖြစ် မေးနေတာလား၊ အလေးအနက် မေးနေတာလား'

'ကိုယ်…အလေးအနက်မေးတယ်၊ လေးလေးစားစားလဲမေးတယ်'

'ဒီလိုဆိုရင် ကျေးဇူးတင်ပါတယ်၊ လေးလဲ လေးလေးနက်နက်ဖြေမယ်'

လေးဖြူက မျက်လုံးများကို တည့်တည့်စိုက်ကြည့်၏။ သူအလည်း တည့်တည့်ပင် ပြန်ကြည့်နေ၏။

ခေါင်းပေါ်ရှိ ပင်လယ်ကဗွီးပင်ဘွဲ့ကြား လေတိုးသံကို ကြားရ၏။

'မွန်မွန်လို့ ကိုမျိုးခေါ်လိုက်စမ်းပါ'

'ခင်ဗျာ…'

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်လိုက်စမ်းပါ။ မခေါ်ချင်ဘူးလား'

သူ့မျက်နှာ၌ ခံစားမှုတစ်မျိုးကို လေးဖြူတွေ့လိုက်ရသည် ထင်၏။

သူက တိုးတိုးညင်ညင်ခေါ်၏။

'မွန်--မွန်'

လေးဖြူက အားရပါးရလေး ပြုံးပြီးပြော၏။

'မွန်မွန့်ကို ကိုမျိုး သိပ်ချစ်တာပဲလား'

'ဗျာ....'

'မွန်မွန်လို့ ခု ကိုမျိုးခေါ်လိုက်ပုံလေးက သိပ် နူးညံ့တာ ပဲ၊ ခြော်--နောက် လေး ဝတ္ထုတင်ပုဒ်ရေးလို့ ဇာတ် လိုက် မင်းသားက သူ့ချစ်သူကို ခေါ်ခန်းရေးရင် ခု-- ကိုမျိုးခေါ်ဟန်မျိုးပေါ်အောင် ဖွဲ့နွဲ့ရေးယူမယ်'

'အာ....ဒုက္ခပါပဲ'

'ဟိုညနေက ကိုမျိုး ပြောခဲ့တာလဲ....နေဦး ဘာပါလိမ့် ခြော်...မွန်မွန်တဲ့၊ ဆရာမိန်နွေသိပ်ချစ်တဲ့ သိပ်လှတဲ့ မလေး။ကျွန်တော်ကတော့သူ့ကိုမမွန်လို့ခေါ်တယ်တဲ့'

သူက မျက်လွှာချပစ်လိုက်၏။



'ကိုမျိုး ထက်ပြုံမိချင်မှ ပြုံမိမယ်။ အဲဒီစကားတွေကို ကို မျိုး မြတ်မြတ်နိုးနိုး ပြောခဲ့တယ်။ ဒီတော့....'

သူက လေးဖြူကို မော့ကြည့်၏။

'ဒီတော့ လေး ပဥ္စလက်မန္တန်လေးရသွားတယ်'

'ဗျာ....ပဥ္စလက်မန္တန်'

'ဟုတ်တယ်၊ မွန်မွန်ဆိုတဲ့နာမည်လေးဟာ လေးအတွက် ပဥ္စလက်မန္တန်'

သူက လေးဖြူကို အံ့ဩဟန်ဖြင့်ကြည့်ရင်းမှပြော၏။

'ကျွန်တော် နားမလည်ဘူး'

'ဒီလိုလေ၊ မွန်မွန်ဆိုတဲ့ နာမည်လေးဟာ ကိုမျိုးရဲ့ နှလုံး သားထဲမှာ ရှိနေတယ်။ တစ်နည်းဆိုရရင် ကိုမျိုးရဲ့နှလုံး သားမှာ ရွေးချယ်မှုရှိပြီး ဖြစ်နေတယ်။ အဲဒါကိုသိလိုက် တာနဲ့ တစ်ပြိုင်နက် လေးဟာ လွတ်လပ်သွားတယ်။ အနည်းဆုံး ကိုမျိုးဟာ လေးရဲ့ ရွေးချယ်ပိုင်ခွင့်ကို ဝင် နှောင့်ယှက်မယ့်သူ မဖြစ်နိုင်တော့ဘူးလို့ လေး ယုံကြည် သွားတယ်'

သူက ခေတ္တစဉ်းစားနေပြီးမှ မေး၏။

www.burmeseclassic.com

www.burmeseclassic.com

'လေးရဲ့ နှလုံးသားမှာလဲ ရွေးချယ်မှုရှိပြီး ဖြစ်နေတယ် ပေါ့'

'ဟိုး...ဆရာကြီး၊ ကွက်ကျော် ကောက်ချက်မချပါနဲ့။ လေးရဲ့ နှလုံးသားထဲမှာ ရွေးချယ်ပြီး မှု မရှိသေးဘူး၊ ဒါပေမယ့် လေးနှလုံးသားရဲ့ ရွေးချယ်ပိုင်ခွင့်ကိုတော့ လေး ဆုပ်ကိုင်ထားတယ်'

သူက နားလည်ကြောင်း ခေါင်းတဆတ်ဆတ် ညိတ်ပြ၏။ အတန်လေးကြာမှ မေးသည်။

'ဒါဖြင့် လူကြီးတွေ ဟိုဒင်း...စီ...စီစဉ်ကြတာကို လေး ဘယ်လိုသဘောထားသလဲ'

'လေးကို မမေးနဲ့ဦး။ ကိုမျိုးကရော ဘယ်လို သဘော ထားသလဲ'

သူငိုင်သွား၏။ အတန်ကြာစွာ ငိုင်သွားပြီးမှ ပြော၏။

'ကိုယ် အစကတည်းက အံ့ဩစရာတွေ လာကြုံတွေ့နေရ တယ်၊ စိုးရိမ်စရာတော့ လာကြုံတွေ့နေရတယ်လို့ စကား ခံထားမိခဲ့တယ်။ အံ့ဩစရာတွေ အကြောင်းတော့ ပြော ပြီးပြီ၊ စိုးရိမ်စရာတွေ အကြောင်း ပြောပြချင်တယ်'

'ပြောပါ'



'စိုးရိမ်စရာကလဲ နှစ်ခု'

'နှစ်ခု—'

'ဟုတ်တယ်၊ တစ်ခုက လေးနဲ့ ပတ်သက်နေတယ်'

'လေးနဲ့ ပတ်သက်နေတယ်'

'ဟုတ်တယ်၊ စကားတွေ ရှာလို့မရဘူး။ အနီးစပ်ဆုံး ပြောရတာပါ။ ကိုယ်ပြောတာကို လေး မကြိုက်ရင် ကိုယ့်ကိုခွင့်လွှတ်ပါ။ ကိုယ်မပြောသင့်လို့ပဲလို့ လေးက သက်သက်ညှာညှာ စဉ်းစားပေးပါ'

'နိဒါန်းကြီးက ကြီးလှချည်လား။ ကောင်းပါပြီ။ လေး သက်သက်ညှာညှာ စဉ်းစားပေးပါမယ်'

'ကိုယ် ဒီကိုလိုက်ခဲ့တယ်။ လူကြီးတွေရဲ့စကားကို မပယ် လှန်နိုင်သေးတာက တစ်ကြောင်း၊ ပယ်လှန်ပြောဆိုဖို့ အကြောင်း လုံလုံလောက်လောက် မရှိသေးတာက တစ် ကြောင်း၊ သြော်—ချက်ချင်း ဆုံးဖြတ်ရမယ့် ကိစ္စလဲ မဟုတ်သေးပါလားလို့ သိတာက တစ်ကြောင်း၊ အဲဒီ အကြောင်းတွေကြောင့် ကိုယ် ဒီကိုလိုက်ခဲ့တာ'

'သြော်...သြော'

www.burmeseclassic.com

www.burmeseclassic.com



'လေး ခုပြောလိုက်တဲ့ ဩော်—ဩော…ဆိုတဲ့ အသံ တစ်မျိုးပဲ၊ ကိုယ် စိုးရိမ်တယ်ဆိုတာ အဲဒါမျိုး'

လေးဖြူက သူ၏ ရိုင်းရိုင်းပင် အံ့ထိမခံနိုင်သည့် စိတ်လျင်မှု သတိပြုမိပြီး ပြုံး၏။ မိမိသည်လည်း သူကဲ့သို့ပင်ရိုပ်ရိုပ်ပင်အ မခံနိုင်သူ ဖြစ်ကြောင်းလည်း ကိုယ့်ဘာသာကိုယ် ဝန်ခံမိ၏။

'ကဲပါ၊ ဆက်ပြောပါ'

'ကိုယ်ဟာ သူရဲကောင်း မဟုတ်ဘူး၊ ကိုယ်က သိပ်အ နာတတ်တယ်၊ တချို့နေရာတွေမှာ ကိုယ်က ကြော တတ်တယ်၊ သူငယ်ချင်းတွေက ကိုယ့်ကို သူရဲဘော ကြောင်သူလို့ ပြောကြတယ်၊ ကိုယ် စိတ်မဆိုးပါဘူး ဟုတ်သင့်သမျှ ဟုတ်နေတာကိုး'

သူက ပင်လယ်ပြင်သို့ လက်ညှိုးထိုးပြ၏။

ရေကျချိန်ဖြစ်သောကြောင့် စက်စဲကမ်းခြေ၏ သောင်ပြ ကြီးက ကျယ်နေသည်။

ပင်လယ်ရေက အောက် ဟိုအဝေးမှာ။

ရေစပ်တပင် ဝေးနေတော့ ပင်လယ်ပြင်ကြီး တစ်ခုလုံး ပို့ဝေးနေသည် ထင်ရ၏။



ဗိုရသည် ပြန်တက်စမှုပြုနေပြီ။

ဟိုးအဝေး ကြွက်သွန်ကျွန်း၏ ဟိုမှာဘက်၌ ရေးရေးမည်း ည်းအစက်လေးများနှင့်တူသည့် ငါးဖမ်း ပဲ့ချိတ် လှေ လေး ချို့ကို တွေ့ရသည်။

တစ်စီးတည်းသော လှေမည်းမည်းက ကမ်းဘက်သို့ ပြန် ခင်းလာနေသည်။

'မနက်တုန်းက လှေလေးတွေတွေ့တော့ ငါးထွက် ဖမ်း ကြတာလို့ လေးက ပြောတယ်၊ ကိုယ်က အံ့သြတယ်။ ဒီလောက်ကျယ်တဲ့ ပင်လယ်ကြီးထဲ လှေသေးသေးလေး တွေနဲ့ သူတို့သွားဝံ့တယ်။ သွားတာမှလဲ အဝေးကြီး၊ မှုန်ပြီး ပျောက်သွားတဲ့အထိ အဝေးကြီး။ ကိုယ်ဆို မသွားဝံ့ဘူး။ တကယ်ပြောနေတာ'

လေးဖြူက စိတ်ဘွင်း၍ပင် ပြုံးမိပြန်၏။ အရုပီခင်းသား သား။ ကြောက်တတ်မှာပေါ့—။ ယုံပါသည်။

'အဲ… ကိုယ် ကြောက်တတ်တယ်၊ စိုးရိမ်တတ်တယ်၊ အားနာတတ်တယ်။ ကိုယ်လေ လေးကို… လေးကို အားနာတယ်'

'ရှင်၊ လေးကို အားနာတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် အစတည်းက စကားခံထားတယ်လေ။ ကို[illegible] စကားရှာမရဘူးလို့။ အနီးစပ်ဆုံး ပြောရတာလေ...'

လေးဖြူ လျှော့ရပြန်၏။

'ကဲပါ၊ ဆက်ပြောပါ'

'ကိုယ် ဒီကိုလာတယ်။ မြို့တော့မှ အဲ... လူကြီး[illegible] ဖြစ်ချင်တာကို... ဟို... ဟိုဒင်း... ကိုယ်က ခေါင်း[illegible] ဖြတယ်ဆိုပါတော့။ လေး ဘယ်လိုခံစားရမလဲ'

'ရှင်၊ ကျွန်မ ဘယ်လို ခံစားရမလဲ'

သူက ပျာပျာလေး လက်ခါပြပြီး တားဲ၏။

'လေးကို ကိုယ် မေးခွန်းထုတ်တာ မဟုတ်ဘူး။ ကို[illegible] စဉ်းစားတာကို ပြောပြနေတာ။ လေး ဘယ်လို ခံစား[illegible] ရမလဲ။ စေခံချင်ဖြစ်သွားမလား။ ငါ့မှာ ဘာချွတ်ယွင်း[illegible] ချက်ရှိသလဲ။ ငါ...ငါ... မလှလို့လား'

လေးဖြူက သူ့ကို စိုက်ကြည့်၏။

'လေးကလှပါတယ်၊ သိပ်လှပါတယ်၊ ကိုယ် ငိုချင်သွား[illegible] အောင် လှပါတယ်'

မြတ်စွာဘုရား။



ဤစကားက အဆန်း။

မိမိကို လှကြောင်း ပြောကြသည်ကို အကြိမ်ကြိမ် ကြားဖူးသည်။ ရေးသည့်ကြသည့် စာတွေ အများကြီး ဖတ်ဖူးသည်။ ငိုချင်သွားအောင် လှပါသည်ဟု မည်သူကမျှ မပြော။

လေးဖြူက ပြုံးလိုက်ပြီး မေး၏။

'မွန်မွန်နဲ့လေး ဘယ်သူလှလဲ'

'ကိုယ် ဘယ်လို ပြေမယ်ထင်သလဲ'

'မွန်မွန်က ပိုလှရမှာပေါ့'

'[illegible]ယ် အဲဒီလိုမပြောဘူး'

'ရှင်...'

'မွန်မွန်လဲ သူ့နည်းနဲ့ သူလှတာပဲ။ လေးလဲ သူ့နည်းနဲ့ သူလှတာပဲ'

'အား... ကျေးဇူးကမ္ဘာပဲ'

'မနောက်ပါနဲ့။ ကိုယ် အလေးအနက် ပြောနေတာ'

'ဟုတ်... ဟုတ်ကဲ့ရှင့်'

'လေးဟာ ကိုယ် ငိုချင်သွားအောင် လှတယ် ဆိုတာ [illegible]ပြောတာသဲ [illegible]လား'

www.burmeseclassic.com

www.burmeseclassic.com



'မသိဘူးရှင်'

'ငိုချင်သွားတယ်ဆိုတာက ငိုချင်သွားတာပေါ့။ ဘာမှ မတွေ့ခဲ့သေးဘူး ဆိုပါတော့၊ ကိုယ့်ရင်ထဲလဲ ဘာတွေ မှမဖြစ်ခဲ့သေးဘူးဆိုပါတော့၊ အဲဒီ ဆိုပါတော့၊ စိတ္တ လဟာပြင်ကြီးမှာ လေးကို တွေ့ရတယ် ဆိုပါတော့ ကိုယ် လူကြီးတွေကို ကျေးဇူး တင်လိုက်မယ့် အမျိုး ကိုယ့်ကံကြမ္မာကို ကိုယ်ထိုင်ရှိခိုးလိုက်မယ့်အမျိုး။ အခု တော့....အင်း....ကိုယ်ငိုချင်တယ်'

ဘာကြောင့် မသိ။ လေးဖြူ၏ရင်မှာ ဖိုခနဲ တစ်ချက် ဖြစ် သွားသည်။ သူ ပြောသည်ကိုလည်း နားလည် သည်ထင်၏။

ပါးလေးများ မနီ့တနီဖြင့် လေးဖြူက တည် ငြိမ်စွာ ပြော၏။

'လေး နားလည်ပါတယ်။ ကိုမျိုးမှာ ချစ်သူ ရှိပြီးနေ ပြီ။ ဒါကို ပြောချင်တာ မဟုတ်လား'

သူက လေးလေးကြီး ခေါင်းခါပြ၏။

'ကိုယ့်ဘက်က တစ်ဖက်သတ် ချစ်နေရသူကို ချစ်သူလို့ ခေါ်ခွင့် မရှိဘူးထင်တယ်။ သေးကို ကျွန်တော် မကြွား ချင်ပါဘူး။ မွန်မွန်က ကျွန်တော့်ကို ပြန်ချစ်သလား မချစ်လား ကျွန်တော် မသိဘူး။ အမှန်ပြောရရင် ေ



နဲ့လောကီတောင်မှ မွန်မွန့်ကို ကိုယ် ကြာကြာစကား မပြောဖူးပါဘူး။ ပြောကြရတဲ့ အချိန်လေးတွေကလဲ တိုလှပါတယ်။အဲဒီအချိန်လေးတွေမှာလဲ ကိုယ့်ကိုကိုယ် မွန်မွန် နားလည်အောင် ကိုယ် မပြောပြတတ်ခဲ့ဘူး'

လေးဖြူက နားမလည်ဟန်နှင့် သူ့ကိုကြည့်၏။

'မွန်မွန့်ကို ကိုယ်ချစ်တယ်။ အဲ့ဒါက တခြား စကားရှာ မရလို့ သုံးလိုက်ရတာပဲ။ ချစ်တယ် ဆိုတာက ဘာလဲ။ လှတာလေးကို နှစ်သက် စွဲလမ်းတာ တစ်ခုတည်းနဲ့ ချစ် တယ်လို့ ပြောလို့ မရဘူးထင်တယ်။ နှစ်သက် စွဲလမ်း လောက်တဲ့ လှသူတွေ ကိုယ် အများကြီးတွေ့ဖူးတယ်'

လေးဖြူက မျက်လွှာချပြီး စဉ်းစားသည်။

ဤစကားကတော့ မှန်သည်ထင်၏။ လှတာလေးကို နှစ်သက် စွဲသမ်းတာ တစ်ခုတည်းနှင့်တော့ ချစ်ရနိုးမလုံလောက်။

ဤသည်ကို မိမိအသိဆုံး။

သူက လူချောတစ်ဦး။

သူ့ကို မိမိချစ်ပါသလား။

'မွန်မွန်နှင့်ပတ်သက်လာရင် ကိုယ့်မှာ ခံစား[illegible]မှုတစ်ခုရှိ တယ်။ အနီးစပ်ဆုံးပြောပြမယ်။ လွမ်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်....'

'မွန်မွန်ကိုစ တွေ့တွေ့ချင်း ကိုယ့်ရင်မှာ ခံစားရတာက လွမ်းတာပဲ။ နောက်ပြီးမှချစ်လာတာ။ သူများတွေက ချစ်တာက အရင်၊ လွမ်းတာကနောက်။ ချစ်လို့လွမ်းတယ်။ အဲဒီလိုပြောလို့ရတယ်။ ကိုယ့်ကျတော့ လွမ်းတာကအရင်။ မွန်မွန်ကိုလွမ်းတယ်။ နောက် ဝမ်းနည်းလာတယ်။ နောက် ချစ်....ချစ်လာတယ်'

လေးဖြူက သူ့ကို အံ့သြခြင်းတစ်ဝက်နှင့်ကြည့်၏။

သူ့စကားက ဆန်းသည်။ စိတ်ဝင်စားဖို့လည်းကောင်း၏။ စိတ်ကူးယဉ်စကားတစ်မျိုးလော။

လွမ်းပြီးမှချစ်သည်။

ဤသဘောနှင့် ဝတ္ထုတစ်ပုဒ်ရေးလိုက်လျှင်....။ မဆိုး။ အင်း...မဆိုးဘူးဟုထင်သည်။

သူကလည်း လေးဖြူကိုကြည့်၏။

မိမိကိုကြည့်နေသော လေးဖြူ၏ မျက်လုံးလေးများက မျက်တောင်ကော့များတွင်း၌ သန့်စင်နေသည်။ ပြာပြာလဲ့လဲ့လေး သန့်စင်နေသည်။



လေတိုးသဖြင့် လေးဖြူ၏ဆံနွယ်လေးများက ယိမ်းလွင့်နေကြသည်။

မိမိ၏ဆံပင်များကလည်း ယိမ်းလွင့်နေကြသည်။

ထိုင်နေကြသည်မှာကလည်း မဝေး။ အဝေးက၊ ဘေးက ကြည့်နေသူများဆိုလျှင် မည်းကဲ့သို့ထင်မည်နည်း။

ချစ်သူတွေ။

ဩော်...ပွင့်လင်း၍လှပသော သည်မိန်းကလေးကို မိမိချစ်လိုက်နိုင်လျှင် ကောင်းမှာပေစွ။

ယခုတော့...။

'ကိုမျိုးက လေးကို အဲဒါတွေ ဘာကြောင့် ပြောရသလဲ'

'ကိုယ်...ပြောပြီးပါရောလား၊ စိုးရိမ်လို့။ ကိုယ့်ကို လေး တစ်မျိုးတစ်မည်ထင်မှာ စိုးရိမ်တယ်။ ဘာပဲဖြစ်ဖြစ် လေးကို ခု ကိုယ် ခင်မင်မိပြီလေ။ ရိုးရိုးသားသား လေးလေးစားစားနဲ့ ကိုယ် ခင်မင်မိပြီ'

သူ့စကားသံကိုနှိုက်က ရိုးသားဟန်ဖော်ပြနေသည်။ လေးဖြူက ချိုသာစွာပြုံးပြီးမေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါရဲ့၊ ကိုမျိုးက စိုးရိမ်စရာနှစ်ခုရှိတယ်လို့ ပြောခဲ့တယ်။ သေးနဲ့ပတ်သက်ပြီး မစိုးရိမ်ပါနဲ့တော့။ လေး နားလည်ပါတယ်။ လေးကိုလဲ ကိုမျိုး နားလည်မယ် ထင်တယ်'

'ဘာကိုလဲ'

'လေးလဲ လူကြီးတွေစီစဉ်ကြတာကို ခေါင်းမညိတ်နိုင်ဘူး'

'အား...အာ၊ နားလည်တယ်'

'ပြီးတော့ လေးလဲ ကိုမျိုးကို ရိုးရိုးသားသား လေးလေးစားစား ခင်ပါတယ်'

'သိပ်...သိပ်ကျေးဇူးတင်တယ် လေးရယ်'

'လေးက တစ်ခုပိုသေးတယ်'

'တစ်ခုပိုသေးတယ်'

'ဟုတ်တယ်။ မွန်မွန့်ကိုယ်စား သိပ်ဝမ်းသာတယ်'

'ဘယ်လို...'

'ကိုမျိုးပဲပြောခဲ့တယ်လေ။ မွန်မွန်လဲ သူ့နည်းနဲ့သူ လှတယ်၊ လေးလဲ လေးနည်းနဲ့လေး လှတယ်တဲ့။ လေးဟာ ကိုမျိုးငိုချင်သွားအောင်တောင် လှဆိုပဲ'



သူက ရယ်၏။

'ဒီစကားတွေကို လေး သိပ်ကြိုက်တယ်။ ကိုယ့်ကို လှတယ်ပြောလို့ ကြိုက်တာမဟုတ်ဘူး။ နားလည်ရဲ့လား'

'အင်း...အင်း...'

'မွန်မွန့်ကို ကိုမျိုးချစ်တာက လေး မလှလို့မဟုတ်ဘူး။ ချစ်မြဲမို့ ချစ်တာ။ ဒီအချစ်မျိုးက အဖိုးတန်တယ်။ သစ္စာရှိသောအချစ်။ အဲဒီအတွက် မွန်မွန်သာ လေးသူငယ်ချင်းဆိုရင်လေ ကိုမျိုးကို ချစ်လိုက်ပါကွာလို့ လေး တိုက်တွန်းပေးမှာပဲ'

သူက ရယ်နေ၏။

'ကဲ...နောက်တစ်ခုစိုးရိမ်တာကဘာလဲ။ ပြောဦး'

သူ မျက်နှာတည်သွား၏။ စဉ်းစားဟန်နှင့် ခေတ္တငြိမ်နေ၏။

'အိမ်တွေကလူကြီးတွေ။ ကိုယ်တို့ ဘယ်လို အဖြေပေးကြမလဲ'

လေးဖြူလည်း ငိုင်သွား၏။

ပြောသာပြောရသည်။ လေးဖြူလည်း မေမေ့ကိုတော့ ရှိန်သည်။ မျိုးကိုလွင်၏မိဘအကြောင်းတော့ မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စမျိုးတွင် မေးမကတော့ ခေါင်းမာသည်။ သူ အလျှော့မပေးနိုင်သော မိဘ၏ပိုင်ခွင့်ဟု ဆွဲယူ ဆုပ်ကိုင်ထား သည်။

'ကိုမျိုးက အိမ်ကိုမငြင်းရဲဘူးလား'

'ကိုယ်...ဝန်ခံခဲ့ပါပြီကော။ ကိုယ် ကြောက်တတ်တယ် လို့။ ရဲတင့်ရင်တော့ ကိုယ်ရဲ ရဲပါတယ်လေ။ ဒါပေမယ့် ကိုယ်က ဘာအခြေခံနဲ့ရဲရမလဲ။ ဘာအကြောင်းပြချက်နဲ့ ရဲရမလဲ။ မွန်မွန်နဲ့ ကိုယ့်အခြေအနေလဲ ပြောပြခဲ့ပြီးပြီ လေ။ ကိုယ့်အဖြစ်က မရေရာမသေချာကြီး'

လေးဖြူက သူ့ကို တစ်ချက်စိုက်ကြည့်၏။ ပထမတော့ သူ့ ကို ရယ်ချင်သည်။ နောက်တော့ သနားသွား၏။

'လေးဝတ္ထုထဲမှာ အဲ့ဒါမျိုး အခြေအနေဆိုရင် ဘယ်လို ရှင်းမလဲ'

'လွယ်လွယ်လေး'

'ဘယ်လို....'

'အလွမ်းလုပ်ချင်ရင် ဇာတ်လိုက်မင်းသားကိုဖြစ်ဖြစ် မင်း သမီးကိုဖြစ်ဖြစ် သေခိုင်းပစ်မယ်။ ပြီးတော့ ကျန်ရစ်တဲ့ လူကို ပစ်လွမ်းခိုင်းမယ်'



'ဟာဗျာ၊ နိမိတ်မရှိ နမာမရှိ'

လေးဖြူက ရယ်နေ၏။ ရယ်ရင်းကလည်း အဖြစ်မှာ ရယ်စရာ မဟုတ်ကြောင်း သိနေသည်။

'တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ၊ ချစ် တာ ချစ်တာ ပဓာနလို့ ဆိုချင်ပါတယ်မောင်ရယ်'

လေးဖြူက သံနေသံထားလေးနှင့် ညည်းပြသောကြောင့် သူက မျက်မှောင်တွန့်လျက် လေးဖြူကိုကြည့်သည်။

'စိတ်ကူးယဉ်ပြီးသီချင်းဆိုနေတာမဟုတ်ဘူးကိုယ်တော်။ အသံထွက်ပြီး စဉ်းစားကြည့်နေတာ။ Thinking aloud လို့ ခေါ်တယ်'

'အာ...အာ...'

'လေး စာရေးတဲ့အခါမှာ ခဏခဏ အသံထွက် စဉ်းစား တယ်'

'အင်း...အင်း...'

'ရွှေဘုံကိုစွန့်ပြီး ချစ်တာပဓာနလို့၊ တဲအိုပျက်မှာနေကြ တာ လေးလဲ ရေးဖူးတယ်။ ဒါပေမယ့် ခုထား ခဏခဏ စဉ်းစားဖူးတယ်။ ကိုယ့်ဝတ္ထုတွေထဲက ဇာတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

တွေလုပ်တာမျိုး အပြင်မှာ ကိုယ်လုပ်ရဲလားလို့။ ရိုးသား တဲ့ အဖြေကို ပေးမယ်နော်'

'အင်း....'

'မလုပ်ရဲဘူးလို့လဲ မဆိုနိုင်ဘူး၊ လုပ်ရဲတယ်ဟော့လို့လဲ အသေအချာ မပြောရဲဘူး။ အသေအချာ ပြောရဲတာက ဖြစ်နိုင်ရင် မလုပ်ချင်ဘူး'

သူက စိတ်ညစ်လျက်ရယ်ရသဖြင့် ဟင့်ခနဲအသံထွက်သွား၏။

'ကိုမျိုးလဲ ခုနင်ကပြောတယ်။ ဟိုး...ပင်လယ်ကျယ်ကြီး ထဲ လှေငယ်ငယ်လေးနဲ့ မတွက်ရဲဘူးတဲ့။ မှန်မှန် ပြော စမ်း။ ကိုမျိုးရင်ထဲမှာ ပင်လယ် ကျယ်ကြီးထဲ ထွက်ရ တော့မလို ခံစားနေရတယ်မဟုတ်လား'

'အာ...ဟိုဒင်း၊ ပါးစပ်ထဲရှိတာ ပြောမိတာ'

'ကိုယ့်ဆရာရဲ၊ စကားဆိုတာ ပါးစပ်ထဲမှာ မရှိဘူး။ စိတ် ထဲမှာသာ ရှိတာ။ တစ်ခါတလေ မသိစိတ်ထဲမှာ။ အဲဒီ ထဲက ထွက်လာတတ်တယ်'

မြတ်စွာဘုရား။ စာရေးဆရာမပေါက်စ လက်ချာရိုက်နေပြီ။

'အင်းလေ၊ ထားပါတော့'



'လေးလဲ လှေလေးတွေကို လှမ်းကြည့်မိတယ်။ ပထမ တော့ သူတို့ကို အားကျမိတယ်။ ကိုယ်လဲ သူတို့လိုပဲ သွားဝံ့တယ် ထင်တယ်။ သေသေချာချာ ကိုယ့်ရင်ထဲ ကိုယ်စစ်ကြည့်မှ မသွားဝံ့ဘူး၊ ဖြစ်နိုင်ရင် မသွားချင်ဘူး'

သူက လေးဖြူကို အကဲခတ်ကြည့်၏။

လေးဖြူက လေးလေးနက်နက် ပြောနေ၏။ စကားတွေအ ရိုးရိုးလေးနှင့် အဓိပ္ပာယ်တွေ များစွာပါနေ၏။

မိန်းကလေး။ စာရေးဆရာမ ဖြစ်ဖြစ်။ ဘာဖြစ်ဖြစ် သည် လောက်ပဲ ပြောနိုင်မည်ထင်၏။

လေးဖြူကို သူနားလည်သည် ထင်သည်။

'လေးလဲ မသွားဝံ့ဘူးပေါ့'

'မသွားဝံ့ဘူး။ ဒါပေမယ့် မသွားဘူးလို့ လေး မဆိုဘူး'

'ဗျာ...'

'အိုင်းရစ်ရှ် ပြဇာတ်ရေးဆရာကြီး ဆင်းဂ့် Synge ရဲ့ ပြဇာတ်တွေ ဖတ်ဖူးလား'

'အာ...ကိုယ်က သိပ် စာဖတ်သူမဟုတ်ဘူး'

'ဆင်းဂ့်ရဲ့ ပြဇာတ်တစ်ပုဒ်နာမည်က Riders to the sea တဲ့။ 'ပင်လယ်ဟူ မမှုသာ' လို့ လေးရဲ့သူငယ်ချင်း စာရေး

www.burmeseclassic.com

www.burmeseclassic.com

ဆရာ တစ်ယောက်က ဘာသာပြန်တယ်။ ဟုတ်တယ်၊ ပင်လယ်ဆိုတာ ကြောက်စရာပေါ့၊ မှုရမှာပေါ့၊ မမှုလို့ ဘယ်ဖြစ်မလဲ။ ဒါပေမယ့် ဆင်းဂဲရဲ့ အိုင်းရင်ချို တံငါအိုတွေ၊ တံငါပျိုတွေကတော့ မမှုသာဘူး။ မမှုဘူး မပြောဘူးနော်။ မမှုသာဘူး'

သူက ခေါင်းညိတ်ပြ၏။

'သတ္တိဆိုတာဘာလဲလို့ လေး ခဏခဏ စဉ်းစားဖူးတယ်။ သတ္တိဆိုတာဟာ အကြောင်းမဲ့ မမှုတာ မဟုတ်ဘူး။ မမှုသာလို့ မမှုတာ။ လေးပြောတာ နားလည်ရဲ့လား'

'အင်း....အင်း....နားလည်တယ်'

'လေးတို့က ခု မှုသာနေသေးတယ်။ လေးလဲ မှုသာနေတယ်။ ကိုမျိုးလဲ မှုသာနေတယ်။ အဲဒီတော့ လေးတို့ ကိုမျိုးတို့မှာ သတ္တိမရှိဘူးပေါ့'

'လေးဆိုလိုတာက ခုတော့ သတ္တိမရှိဘူး၊ နောက်တော့ ရှိပါမယ်။ ဒီလိုမဟုတ်လား'

'နောက်တော့ ရှိလာနိုင်တယ်။ ရှိလာမယ်လို့ လေးမပြောဘူး'

'အာ....ဒုက္ခပါပဲ။ ထားပါ ရှိလာနိုင်တယ်'

'အင်း...'



'ဘယ်တော့ ရှိလာနိုင်မလဲ'

'တွန်းပို့ခံရတဲ့အခါ'

'ဘာရယ်....'

သူမေးသည်ကို လေးဖြူက ချက်ချင်းမဖြေ။ မှင်တွင်း၌ ပေါ်လာသော အတွေးမျှင်အစလေးနောက် လိုက်နေသည်။

ခဏအကြာ၌ မျက်နှာလေး ဝင်းလာပြီး လက်ခုပ်လေး တီး၏။

'လေး အကြံရပြီ'

'လေးအကြံရပြီ....'

'ဟုတ်တယ်၊ အိမ်က လူကြီးတွေကို ဝတ္ထုဖတ်ခိုင်းထားလိုက်မယ်'

'ဘာရယ်....'

'ဝတ္ထုဖတ်ခိုင်းထားလိုက်မယ်။ ဒါပေမယ့် ဒီဝတ္ထုကို လေးနဲ့ ကိုမျိုး နှစ်ယောက်အတူ ရေးရမယ်။ တစ်ယောက်တည်း ရေးလို့ မရဘူး'

သူက ရယ်ရခက် ငိုရခက်သော မျက်နှာနှင့်လေးဖြူကို ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုမျိုးက ခုမှ စတုတ္ထနှစ်။ အင်ဂျင်နီယာဘွဲ့ရဖို့ဆိုတော့ နှစ်နှစ်တောင် လိုသေးတယ်။ လေးကလဲ စတုတ္ထနှစ်ပဲ။ ဘွဲ့ရခါနီးပြီထား၊ ဘွဲ့ရကြတဲ့အထိ လေးတို့ အချိန်ဆွဲ ထားလို့ ရကြသေးတယ်'

'ဘွဲ့ရပြီးကျတော့ကော'

'ဩော်...ကိုမျိုးရယ်၊ ပင်လယ်ကို ထွက်ကြတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့ နောက်တော့ ထွက်နိုင်အောင် အသင့် ပြင်ကြရတော့မှာပေါ့'

'ကိုယ်....ကိုယ်... သိပ်နားမလည်သေးဘူး'

'ပင်လယ်ကို လှေသေးသေးနဲ့ မထွက်ဝံ့ပေမယ့် သင့်တင့် ခိုင်ခံ့တဲ့လှေနဲ့တော့ ထွက်ဝံ့ရမယ်ပေါ့၊ မဟုတ်ဘူးလား'

သူက ခေါင်းသာညိတ်ပြ၏။ နားတော့ မလည်လှသေး။

'ဘွဲ့ဒီဂရီလေး ရလာပြီး အလုပ်လေး အကိုင်လေးနဲ့ ပြင် လာတာကို သင့်တင့်ခိုင်ခံ့တဲ့ လှေလို့ လေးက ပြောနေ တာ'

'ဩော်....ဩော်'



'ပင်လယ်ကို ထွက်ချင်ရင် တစ်ခုမဟုတ် တစ်ခုတော့ ရှိရမယ်။ သတ္တိမရှိရင် ခိုင်ခံ့တဲ့လှေ ရှိရမယ်။ ခိုင်ခံ့တဲ့ လှေမရှိရင် သတ္တိရှိရမယ်။ ဩော်.... ဒီ ခေတ်အခါအဘွင်း သတ္တိတောင် ရှိချင် ရှိလာမှာ'

'ဘယ်လို'

'လေးအတွက်တော့ မဟုတ်ဘူးလေ။ အင်းလေ... ဒီနေ့ အထိတော့ မဟုတ်သေးဘူးလေ။ ကိုမျိုးအတွက်တော့... တွန်းအပို့ခံချင်ခံရမယ်'

'လာပြန်ပြီ၊ ဒီတွန်းပို့ဘာ'

'ဟုတ်တယ်၊ တွန်းပို့ဘာ၊ သတ္တိဆီကို တွန်းပို့တာ'

'အဲဒါက ဘာလဲ'

'အချစ်'

'အန်'

'အချစ်ကို ဘာမှတ်သတုံး၊ လေးပြောတာ မဟုတ်ဘူး၊ ခုမှ ပြောဘာလဲ မဟုတ်ဘူး၊ ဒီနေ့ကမ္ဘာမှာရှိတဲ့ လူမျိုး တွေ တော်တော်များများ မပေါ်ခင်၊ တိုင်းပြည်တွေ တော်တော်များများ မပေါ်ခင် ဘီစီ ၉ ရာစုကတည်း က ဟိုးမာ Homer ကြီးက ပြောခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုးမာ ဆိုတာ ဘယ်သူလဲ'

'အီလီယက် Iliad တို့၊ အိုဒက်ဆီ Odyssey တို့ဆိုတဲ့ကဗျာ ကြီးတွေကို ရေးစပ်ခဲ့တဲ့ ဂရိ မဟာကဗျာဆရာ ဘိုးဘေးကြီး'

'သူက ဘာပြောလဲ'

'ဟိုးမာက ပြောတယ်၊ Two things greater than all thing's are one is love, the other is war အ ခပ်သိမ်းတို့ထက် ကြီးကျယ်လေသော အရာနှစ်ခု သတည်း။ တစ်ခုကား အချစ်။ တစ်ခုကား စစ်။ ဘာ ပြောချင်သလဲ။

သူက လေးဖြူကို အံ့သြစိတ်နှင့် ကြည့်မိပြန်၏။ သည် နုနု လှလှ မိန်းကလေး၏ စိတ်တွင်းမှာက သတ္တိတွေရှိနေပါသလော။

သူက သက်ပြင်းချပြီး ပြော၏။

'လေးရဲ့ စကားတွေက သိပ်အံ့သြဖို့ ကောင်းတာပဲ ဆန်းလဲ ဆန်းတယ်၊ ဪ... လူကြီးတွေကို ဝတ္ထုဖတ် ခိုင်းမယ်လို့ စောစောက လေးပြောတယ်၊ အဲဒါက ဘာလဲ'

'ဝတ္ထုနှစ်မျိုးရှိတယ်၊ ရှေးရိုးဝတ္ထုနဲ့ ခေတ်သစ်ဝတ္ထု ရှေးရိုးဝတ္ထုမှာက ဇာတ်ဆောင်တွေကို အသေလုပ်ထား

www.burmeseclassic.com



တယ်၊ ဇာတ်လမ်းကိုလဲ အသေလုပ်ထားတယ်၊ ဒီလိုစ ထားရင် ဒီလိုဆုံးရမယ်၊ တစ်နည်းပြောရရင် ဒီလို ဆုံး ချင်လို့ ဒီလိုစထားတာ၊ နားလည်လား'

'အင်း....အင်း'

'ခေတ်သစ်ဝတ္ထုမှာက အားလုံး အရှင်ပဲ၊ ဇာတ်ကောင် လဲ အရှင်ပဲ၊ ဇာတ်လမ်းလဲ အရှင်ပဲ၊ ဘယ်လောက် ရှင် သလဲဆိုတော့ ဇာတ်လမ်း ဘယ်လိုဆုံးမယ်ဆိုတာ စာရေး ဆရာတောင် စ,ရေးစဉ်က မသိဘူး'

'တကယ်'

'တကယ်ပြောနေတာပေါ့'

'အဲဒီတော့....'

'လူကြီးတွေကလဲ ဝတ္ထုရေးနေကြတယ်လေ၊ ရှေးရိုး ဝတ္ထုကြီးပေါ့၊ ဒီလို စ,ထားတယ်၊ ဒီလို ဆုံးရမယ် အခြားနည်းမရှိ၊ ဪ သူတို့အတွက် သူတို့ ဝတ္ထုက ဆုံးချင်တောင် ဆုံးနေပြီ၊ ပျော်ရွှင်စွာ ပေါင်းကြ လေ သတည်းပေါ့၊ ဟား...ဟား...ဟဲ၊ ဖတ်စေ၊ သူတို့ ဝတ္ထု သူတို့ ဖတ်နေကြပါစေ၊ လေးတို့ကသာ လေးတို့ရဲ့

www.burmeseclassic.com

ခေတ်သစ်ဝတ္ထု ဆက်ရေးမယ်၊ အဲ...ဇာတ်ဆောင်တွေ ကသာ ပိရိဖို့လိုတာ'

'အဲဒါကခကော ဘာပြောတာလဲ'

လေးဖြူက ဆောက်လုပ်ရေး ဌာန တည်းခိုးရိပ်သာဘက်လှမ်း ကြည့်ပြီး ပြော၏။

'ဟိုမှာ ကိုမျိုးဘွားဘွားရယ်၊ ဒေါ်လေးရယ်၊ လေးရဲ့ မမကြီးရယ်၊ ဒီဘက် လှမ်း ဝတ္ထုဖတ်...အဲ...ကြည့်နေကြတယ်'

မျိုးကိုလွင်ကလည်း လှမ်းကြည့်၏။

'အင်း...အဟင်း'

'သူတို့က ဘယ်လိုထင်မလဲ'

'အာ...အင်....ဟိုဒင်း'

'ကိုမျိုး လေးကို အားနာနေတယ် မဟုတ်လား၊ ကဲ... လေးကပဲ ပြောပါမယ်၊ သူတို့က လေးတို့ အဆင်ပြေနေကြပြီထင်မှာ'

လေးဖြူ၏ ပြောဟန်လေးကြောင့် မျိုးကိုလွင် ရယ်၏။

လေးဖြူက ပင်လယ်ဆီ လှမ်းကြည့်၏။



အချိန်နှင့် ဒီရေက လူကိုမစောင့်ဟု ပြောကြ၏။ မှန်သည်။

ဒီရေက အဟောဘ်မြင့်မြင့် တက်လာနေပြီ။

ငါးဖမ်းလှေများလည်း မည်းမည်းရိပ်ရိပ်နှင့် ဒီရေနှင့်အတူ ကမ်းဆီ ပြန်လာနေကြပြီ။

'ဟော....ဒီရေတက်လာပြီ၊မနက်ကျရင် တစ်နာရီလောက် တော့ ရေးကူးချိန်ရမယ်၊ ကိုမျိုး ကူးမလား'

'လေးကော...'

'လေးကတော့ ဒီရေဂက်တိုင်း ကူးတာပဲ'

'အဲ....ဒီလိုဆို ကိုယ်လဲကူးမယ်'

လေးဖြူက ယောင်ယောင်လေး ရှိနေသော သဲကုန်းလေး ပေါ်ရှိ သစ်တုံးတစ်ခုပေါ် ထိုင်နေခြင်း ဖြစ်၏။

သူက ဘာမျှမနိမ့်လှသောအနိမ့်ဆီ အလျင်ဆင်းပြီး လက် တစ်ဖက် ကမ်းပေး၏။

'အဲဒါ ဘာသုပ်တာလဲ'

'သဏ္ဌာန်လုပ် သရုပ်နဲ့ တူရမယ်လေ၊ လေးကတဲ့ ဇာတ် ဆောင်တွေက ပိရိရမယ်ဆို'

www.burmeseclassic.com



'ဟွန်း...သိပ်တော့ အသားမယူနဲ့နော်'

လေးဖြူက သူ့လက်ကိုမူ လှမ်းယူ၏။

အဝေးက၊ ဘေးက ကြည့်ကြလျှင် အဆင်ပြေပြေ၊ [illegible] ကြင်နာနာ၊ ယုယုယယ။

လေးဖြူ၏ မျက်လုံးများက အဏ္ဏဝါဇီဝဗေဒဌာန တည်း[illegible] စခန်း၏ ဘစ်ဘက်ထိပ်ဆီသို့ ရောက်သွား၏။

မျက်နှာသုတ်ပဝါ အဝါရောင်ကြီးတစ်ခု ခြုံထား သူ [illegible] တွေ့ရသည်။

အနည်းငယ်တော့ လှမ်း သည်။

ရေကူးဆင်းရန် ပြင်နေသူတစ်ယောက်။ သူ့မျက်လုံးများ[illegible] မိမိတို့ဘက် လှည့်လျက်သား။

လေးဖြူ၏ရင်မှာ ဘာကြောင့်မသိ၊ ဖိုလိုက်သွားသည်။

အရပ်က ရှည်သွယ်သည်။ ရုပ်ရည်က ဖြူဝင်းခန့်ညား [illegible] မောသည်။

သူ...။

ဦးမိန်ခွေ။

ဆရာမိန်ခွေ။

# အခန်း ၅

မိုးစင်စင်လင်းနေပြီဖြစ်သောကြောင့် ကြည်ကြည်လင်လင် လှမ်းမြင်ရသော မုတ္တမဆိပ်ကမ်းကို ကြည့်ရင်း ကိုစောသန်း[illegible] စိတ်တွင်း၌ သဘောကျ မှတ်ချက်ချမိသည်။

စာရေးဆရာဟူသည်က သူ့ပရိယတ်နှင့်သူ၊ သူ့အ[illegible]ဝိဇ္ဇာ အရှိသား။ အရှိန်ဝိဇ္ဇာဆိုသည်ထက် ချစ်ခင်ကြည်[illegible]လေးစားမှု ဆိုသော စကားက ပို၍မှန်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေက စာရေးဆရာထံမှ သူ့အနုပညာကိုသာရမည်။ အခြား ဘာမျှမရနိုင်၊

သည်တော့ အရိုန်ဩဇာရှိသည်ဆိုခြင်းထက် ချစ်ခင်ကြည်ညို လေးစားမှုရသည်ဆိုခြင်းကသာ မှန်လေမည်။

မော်ခေတ်နောက်ခန်းစားပွဲတွင် အတူဝိုင်းထိုင်နေကြသူများကို ကိုအေးသန့်က ကြည့်သည်။

ကိုကြီးညိုလွင်။ ရွှေညာထွန်း။ မြိုင်နံ့သာငြိမ်း။ ပွင့်ဦးရွှေခင်မောင်ဝ။

မော်လမြိုင်မှ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာတွေ။ သူတို့မှာလည်း သူတို့ပရိသတ်ရှိသည်။

အပေါင်းအသင်းဌာနတစ်ခုက ဆွဲခဲ့သော မော်တော်တစ်စီးဖြင့် သူတို့က ကိုစောသန့်ကို မုတ္တမဘက်သို့ လိုက်ပို့ကြသည်။

မြစ်ကူးဇက်ကရပ်တန့်နှင့် လိုက်ရလျှင် လေး နာ ရီ လောက်ကတည်းက အိပ်ရာကထရမည်။

ဇက်ခေါ် ငါးနာရီခန့်ရောက်သည့်တိုင် နေရာမရတတ်ဟု ဆိုကြသည်။

ယခုတော့ ကိုယ့်မော်တော်နှင့်ကိုယ် အေးအေးဆေးဆေး လင်းလင်းကျင်းကျင်း။



ဪ...ပစ္စည်းကလည်း မနည်းချင်။ လာစဉ်တုန်းက သည်လောက်မများ။

အပြန်မှာတော့ ဒူးရင်း၊ မင်းဂွတ်နှင့် ကျွဲကောသီးခြင်းတွေက ပါနေသည်။

ငယ်ငယ်တုန်းကတော့ ခရီးသွားလျှင် ပစ္စည်းနည်းဝန်ပေါ့မှ ကြိုက်သည်။

အခုတော့ မေမေစားဖို့။ မွန်မွန်စားဖို့။

ကိုစောသန့်က ဇက်ဆွဲသွားရေအိတ်ကြီးဆီ လှမ်းကြည့်သည်။

ကိုယ့်မော်တော်ပေါ်တွင် အိတ်မပျောက်နိုင်မှန်း သိသည်။ သည်ကြားထဲက အိတ်ကိုသတိထားထားကြည့်သည်။

သမီးနှစ်သက်မည့် ပစ္စည်းလေးတွေပါသည်လေ။ သမီးလေးမွန်မွန် နှစ်သက်မည့်ပစ္စည်းလေးတွေ။

အမှန်အား ရန်ကုန်တွင်မရနိုင်သောပစ္စည်းဟူ၍ မော်လမြိုင်တွင် တစ်ခုမျှမရှိ။

ဈေးချင်းလည်း ထူးလှမည်မထင်။ ထူးလည်း မိမိမသိ။

မိမိသိသည်က သမီးလေးအတွက် အိမ်ပြန်လက်ဆောင်။

လှရမည်။ ကောင်းရမည်။ ဆန်းရမည်။ သမီးကြိုက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးမျက်နှာလေးက မျက်လုံးများတွင် ပေါ်လာသည်။ မြတ်စွာဘုရား…ယခုအရွယ်မဟုတ်။

နှစ်ခါလည်ရွယ်ကလေး။ ဂါဝန်ဝါလေးနှင့်။ ရွှေရုပ်လေးလို လှသည်။

သည်တုန်းက နှစ်ထပ်သင်္ဘောနှင့် မြစ်ကိုကူးသည်။

လူက ကျပ်လှသဖြင့် သင်္ဘောကုန်းပတ်အစပ်မှာ နေရာရသည်။ သမီးက သံတန်းဘောင်ကိုဆွဲပြီး တက်ချင်သည်။ လိမ့်ကျမှာစိုး၍ ဂရုစိုက်လိုက်ရသည်ဖြစ်ခြင်း။

ကိုကြီးညိုလွင်က ပြောသည်။

'မင်းကွာ၊ ကိုယ့်မြို့ ကိုယ်ပြန်မလာတာတော့လွန်တယ်။ စာပေဟောပြောပွဲ ဖိတ်တာတောင် မလာဘူး။ ဘယ်နှစ်နှစ်ရှိပြီလဲ'

သူက စဉ်းစားသည်။

ဟောသည်မြို့က သူ နောက်ဆုံးသွားတော့ မွန်မွန်လေးက နှစ်ခါလည်။

သူက ညည်းညည်းဖြေ၏။

'ဆယ့်ရှစ်နှစ်ရှိပြီ'



'လွန်တာပေါ့။ နောက်တော့လာကွာ။ လာပြီးပြီပဲ'

ကိုကြီးညိုလွင်က ရောက်ကတည်းက သည်စကားကို ပြောနေသည်။ လွန်တာပေါ့။

ယခုလည်း ရန်ကုန်ပြန်ခါနီးထပ်ပြောနေ၏။

ပိန်ပိန်ရှည်ရှည်၊ လည်စလုတ် ကြီးကြီးနှင့် ကိုကြီးလွင်က စကားကို ထိန်းပြောတတ်သည်။

ယခုလည်း သူ မကျေနပ်သည်ကိုသာ ပြောနေသည်။ စကားကို ထိန်းပြီးဖြတ်ပစ်လိုက်၏။

ကျောက်ပေါက်မာသက်သက်နှင့် ပွင့်ဦးရွှေဘ မြိုင်နံ့သာငြိမ်းကို မျက်စိမှိတ်ပြ၏။

သူ့ကြည့်လျှင် အမြဲတမ်း အလုပ်များနေဟန်ပေါ်သည့် မြိုင်နံ့သာငြိမ်းက ဝင်ပြောသည်။

'ကိုယ့်မြို့ကို ဆယ့်ရှစ်နှစ်တိတိ ပြန်မလာဘူး ဆိုတော့ အသည်းနှလုံးမှာ အကြောင်းရှိလို့ ဖြစ်မှာပေါ့ ကိုကြီးလွင်ရ'

ကိုကြီးလွင်က မြိုင်နံ့သာကို မျက်စောင်းထိုးပြော၏။

'မြိုင်နံ့သာ ငြိမ်းငြိမ်းချမ်းချမ်း နေစမ်း။ မင်းကို ဘယ်သူ ရှေ့နေငှားလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



မြိုင်နံ့သာက ခင်မောင်ဝကို လက်ညှိုး ထိုးပြသောကြောင့် ဝဝဖိုင့်ဖိုင့်မျက်နှာပြည့်ပြည့်နှင့် ခင်မောင်ဝကလက်ကာပြသည်။

'ဟော့...တို့က သတင်းစာဆရာ၊ ဒီနေ့ဖြစ်တာပဲ စိတ်ဝင်စားတယ်။ အတိတ်ဆိုတာ သတင်းတန်ဖိုးမရှိတော့ဘူး'

ပွင့်ဦးရွှေက စောဒကတက်၏။

'သမိုင်းလေး အဖြစ်ကော...။ သတင်းစာက သမိုင်းပြောတယ်ဆို'

ခင်မောင်ဝက ရယ်ပြီး...'အေး...အဟေး...။ သမိုင်းလေးအဲဒါတော့ မဆိုးဘူးကွ' ဟုဆို၏။

အသားမည်းမည်းနှင့်ရွှေညာထွန်းက ကွမ်းသွေးကို မြစ်တွင်းသို့ ထွေးချလိုက်ပြီး ဝင်ဟန့်၏။

'အတိတ်တွေ၊ အတိတ်တွေဟာ ကောင်းကျိုးမပေးဘူး။ ဒီတော့ ဆရာမိန့်မှာ အတိတ်ရှိရင် မင်းတို့က သွားလှန်မပေးနဲ့။ ကိုကြီးလွင် ပြောနေတာ မကြားဘူးလား။ ဆရာမိန် ဒီပြန်မလာတာ ကြာပြီတဲ့။ ဒီနှစ်စာဆိုတော်နေ့တော့ လာနော် ဆရာ။ ကျွန်တော်လည်း စာဆိုတော်နေ့ ရောက်တိုင်း နာမည်ကျော်စာရေးဆရာ ရအောင်ဖိတ်ဖို့တာဝန်ကျ ကျနေလို့...'

ကိုစောသန့်က ကိုကြီးလွင်ကို ကြည့်သည်။ ကိုကြီးလွင်က လူကြီးပီပီ ဣန္ဒြေမပျက် ငြိမ်နေသည်။



ဘာတွေ ဖြစ်ခဲ့သနည်း...။

ကိုကြီးလွင်တော့ သိသည်။ ရွှေညာထွန်းက အညာမှ လာသည်။ မြိုင်နံ့သာတို့က ငယ်သေးသဖြင့် သိချင်မှ သိမည်။

ယခု...သိလွန်စရအောင် အစ်နေကြခြင်း ဖြစ်သည်။

သည်အခြေမျိုးတွင် ရေလိုက် ငါးလိုက် နေလိုက်သည်က အကောင်းဆုံး။

'လာမှာပေါ့ ဆရာထွန်းရယ်။ ကိုယ့်မြို့ပဲ ကိုယ်လာချင်တာပေါ့'

မော်တော်က အရှိန် ကောင်းကောင်းနှင့် ခုတ်နေ၏။

နွေမှာဖြစ်၍ သံလွင်မြစ်ရေက ကြည်ပြီး အစိမ်းရောင်သမ်းနေသည်။ မော်တော်ဦးက ခွဲလိုက်သောအခါ အစိမ်းနုရောင်ပြင်သည် မြားဦးသဏ္ဍာန် တွဲ၍ လှိုင်းတွေကို ဖြန့်ကား ရှည်လျားကျယ် လူးလှိမ့်ကျန်ရစ်စေသည်။

အစိမ်းနုရောင်ထဲတွင် ရေမြှုပ်ဖြူဖြူတို့ စီစီကွက်ကွက် ပွက်ပွက်ပွားပွား ပေါ်လာသည်။

မော်တော်ပဲ့ပိုင်း ဟိုးအဝေးမှာတော့...လှိုင်းလည်း ပျောက်သည်။ ရေမြှုပ်ဖြူလည်း ကင်းသည်။ ရေပြင်က စိမ်းလဲ့လဲ့သား ပြန့်တည်ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဪ...ရေ၏သဘာဝက အရောင်မဲ့ပြီး ကြည်လင်သည်။

မိုးတွင်းအခါမှာတော့ မြေတွေ နုန်းတွေကြောင့် မြစ်ရေ သည် နောက်ရသည်။

နွေကျတော့ မြစ်ရေက စိမ်းနုနု၊ စိမ်းလဲ့လဲ့။

နွေမြစ်ရေစိမ်းသည်ကို နွေမြစ်ရေမို့ စိမ်းသည်ဟု မှတ်ထား သည်။

ရက္ခဇဗေဒကထိကတစ်ဦး ညွှန်ပြမှ... နွေမြစ်ရေအနက်ထဲ က ရေညှိပင်စိမ်းစိမ်းများကို သတိပြုမိခဲ့သည်။

ပင်လယ်ကြီးပင်လျှင်... သူ့အတွင်းမှ ရေညှိပြာကြောင့် ပြာ ပြာတတ်သည်။

ရေပတိကမူ အရောင်မဲ့ပြီးကြည်လင်သည်။

ယထာဘူတံ၊ တည်တိုင်းသာလျှင် ဖြစ်သော။ ယထာ ... ထားတိုင်းသာလျှင် ဖြစ်သော...။

ကိုစောသန့်က ပဲ့ပိုင်း၌ လှမ်းမြင်ရသော မော်လမြိုင်မြို့ ကို ကြည့်သည်။

ကိုယ့်မြို့မို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ခြင်းမဟုတ်။ လှသည်။

ကျယ်ကျယ်လွင့်လွင့် စိုင်းပတ်နေသော ရေပြင်အထက် ကျွန်းညိုညိုပမာ ခန့်ခန့်ညားညား ဘွားဘွားပေါ်နေသည်။



တောင်တန်းကသွယ်သွယ်။ တောညိုကစိမ်းစိမ်း။

တောင်ခြေတောရိပ်တွင်းမှာ ဆေးရောင် အဆောက်အအုံတွေက ပန်းချီဘောင်းမှ အစက်အပြောက်လေးတွေနှင့်တူသည်။

တောင်တန်းထက်မှ စေတီပုထိုး၊တန်ဆောင်းပြာသာဒ်တွေက လည်း ပန်းချီဆန်ဆန်ပင် တင့်တယ်သည်။

ရွှေရောင်ဝင်းသည့်တို့က ဝင်းနေတော့ ကျက်သရေကလည်း ပြည့်နေသည်။

သည်မြို့...။

မိမိမြို့။

လှသောမြို့၊ ချစ်သောမြို့ဆီသို့ မိမိရောက်သည်မှာ ကြာခဲ့ပြီ။

ဪ... ဟိုဆယ့်ရှစ်နှစ်အခါဆီက ရွှေရုပ်လေးလိုလှသော တူမလေးကို ရင်မှာပိုက်လျက် သည်မြို့ကြီးကို စိမ်းစိမ်းရှုကြည့် ခဲ့သည်။

သွားပြီ...။ အားလုံး...အားလုံး...။ သွားပြီ...။

နှုတ်ဆက်ခဲ့သည်။

နာနာကြည်းကြည်း နှုတ်ဆက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သည်ဆိုခြင်းမှာ အဆက်ဖြတ်သည်ပေါ့။ မိမိနှင့်လည်း အဆက်ဖြတ်သည်။ တူမလေးမွန်မွန်နှင့်လည်း အဆက်ဖြတ်သည်။

ဖြတ်သည်ဟော့....။

ယခုတော့— လှပခန့်ညားတည်ငြိမ်နေသော မော်လမြိုင်မြို့ကြီးကိုကြည့်လျက် ဝမ်းနည်းသယောင် အားနာသယောင်ဖြစ်မိသည်။

ဘာဆိုင်၍နည်း။ သည်မြို့ကြီးနှင့် ဘာဆိုင်၍နည်း။

သည်မြို့ကြီး၊ ဩော်— သည်လောကကြီးတာ တည်တိုင်းသာလျှင်ဖြစ်သော....။ ထားတိုင်းသာလျှင်ဖြစ်သော....။

တည်တိုင်းသာလျှင်မမြင်။ ထားတိုင်းသာလျှင်မထား။ မြူမြင်သော တရားခံက မည်သူနည်း။

ကိုစောသန့်က ပြုံးမိသည်။

မိမိက တရားအလုပ်လေးဘာလေး စ,လုပ်သည်။ တရားစာလေးဘာလေးဖတ်သည်။

စာရေးဆရာလည်းဖြစ်တော့ အခွင့်သင့်လျှင် တစ်ခါတစ်ရံ လူစာတ်လုပ်၍ တရားဟောသည်။

တရားသိပြီဟု မိမိကိုယ်မိမိထင်သည်။



အမှန်က မိမိအဖြစ်မှာ နောင်တော်စာရေးဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်း ဇင်အောင်အဖြစ်ပြောသကဲ့သို့ သို့ခေသာ်လဲ တဲ့....အဲ....တဲ့။

ကျိတ်ရယ်သံများကြားသောကြောင့် ကိုစောသန့်က စိတ်ကူးမှ လန့်နိုးလာသည်။

မြိုင်နံ့သာနှင့် ပွင့်ဦးရွှေတို့၏မျက်နှာများကို အပြုံးတန်းလန်းနှင့်မိသည်။

မြိုင်နံ့သာကပြော၏။

'ဆရာ အတော်ကြာကိုငိုင်သွားတယ်။ ငိုင်တယ်ဆိုတာ အတိတ်ကို ခရီးသွားခြင်းဖြစ်ဖြစ်၊ အနာဂတ်ကို ခရီးသွားခြင်းဖြစ်ဖြစ်၊ တစ်ခုခုပဲ။ ပစ္စုပ္ပန်မှာ တည့်တည့်တော့ မဟုတ်ဘူး ဆရာ'

ကိုစောသန့်ကလည်း ရယ်၏။

'ပစ္စုပ္ပန်မှာ တည့်တည့် လေးနေတဲ့ ပုထုဇဉ်ရှိသလား။ ကဗျာဆရာ ဖြေပါ'

'အား....အင်း။ မရှိဘူး'

'ဒီလိုဆို ပြီးတာပဲ'

'ခင်ဗျာ....'

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတာပဲ'

မောင်တော်ကလည်း မုတ္တမဆိပ်ကမ်းသို့ ကပ်လေပြီ။

* * *

မောင်လမြိုင် ရန်ကုန် အမြန်ရထားတွင် 'က' အထက်တန်းတွဲ နှစ်တွဲပါသည်။ ကိုစောသန့်က တွဲ ၂ ၌ နေရာရသွား၏။

မြိုင်နှင့်သာတို့အသိုက် စီစဉ်ပေးမှုကြောင့် ကိုစောသန့်က မပင်မပန်း၊ ဈာမဆိုက်ရဘဲ မိမိနေရာတွင် ကျုံးခြရ၍ထိုင်ရသည်။

ပစ္စည်းတွေကလည်း သူ့နေရာနှင့်သူ။ စေ့စေ့ငင။ သပ်သပ်ရပ်ရပ်။

ရထားထွက်ရန်က ဆယ်မိနစ်ခန့်သာလိုတော့သည်။ ဒ.ထုပ် အပိုးတွေနှင့် အပြေးအလွှားရောက်သူက ရောက်နေတုန်း...။

တွဲအတွင်းမှာက လူပြည့်လာသည်။

တွဲပေါ်၌ ဝိုင်းစကားပြောနေရာမှ စာရေးဆရာအသိုက်က အောက်သို့ဆင်းပေးကြသည်။

တွဲဘေးအောက်တွင်ရပ်ရင်း သူတို့က ဆက်စကားပြောကြသည်။



ရထားကြီးက သံဆန်ခါကွက်အကာအတွင်းမှာရှိသည်။ လိုက်ပို့သူအများက သံဆန်ခါကွက်အကာအပြင်တွင်သာ ရပ်နေကြသည်။

သံဆန်ခါကွက်အကာအတွင်း၌ စာရေးဆရာအသိုက် အပေါ ဝင် လိုက်ပို့သူအနည်းငယ်သာရှိ၏။

ကိုစောသန့်က က တန်းခေါ် တစ်ယောက်ထိုင်ခုံတန်းတွင် နေရာရသည်။ ဤခုံတန်းက မုတ္တမ၌ဆိုလျှင် ဘူတာအဆောက်အအုံဘက်တွင်ကျသည်။

ရထားခေါင်းဘက်သို့ ကျောပေးထားသည့်ထိုင်ခုံတွင် ထိုင်ရင်း ကိုစောသန့်က ပလက်ဖောင်းပေါ်မှ စာရေးဆရာများနှင့် စကားပြောနေ၏။

'ဝဲဂလိဘက်က နေတော့မသိဘူး။ ငှက်ဖျားဆိုးတယ်။ ပေါ်စီပရုန်ဆိုလား ဆရာဝန်တွေပြောတာ။ မောင်စောသန့်...အဲဒါတော့ မပါခဲ့ပါဘူးထင်တယ်'

ကိုကြီးလွင်က ကိုစောသန့်ကိုမေးသည်။

'ဟာ...မပါပါဘူး။ အဲဒါတော့ ကျွန်တော်သတိထားတယ်။ ဆေးလည်းကြိုသောက်ထားတယ်လေ။ ခြင်ကိုက် မခံရအောင်ပဲ ဂရုစိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းနှယ့်ကွာ...၊ ဝတ္ထုအတွက် သုတေသနလုပ်ချင်ရင် ဒီပြန်လာခဲ့တော့တယ်။ ဒါပဲနော်၊ မင်း ကတိပေးပြီးပြီ လာမယ့် စာဆိုတော်နေ့ကျရင်တော့ ဆက်ဆက်လာခဲ့'

ကိုကြီးလွင်က မကျေနပ်လျှင် လုပ်တတ်သော သူ့ဓလေ့အတိုင်း လည်တိုင်ရှည်ကြီးကို ဆန့်ပြီး မဆိုင်ရာဘက်သို့ လှည့်၍ မျက်စောင်းထိုးသယောင် ပြုသည်။

ခဏတွင် သူ့ခါးရှည်ကြီးရော လည်တိုင်ရှည်ကြီးပါ ဆန့်သွား၏။

'ဟာ...ဟိုမှာ မလေးဖြူ။ ဟေး...လေး'

ရထားကြီးက ထွက်ရန် ခြောက်မိနစ်ခန့်သာ လိုတော့သည်။ သံဆန်ခါကွက်အကာတွင် လိုက်ပို့ခွင့်ရသူ အများပင် တွဲပေါ်မှ ဆင်းသူဆင်း၊ အပြင်ထွက်သူထွက်နှင့် လုပ်နေကြသည်။

အထက်တန်းတွဲ ၁ က ကိုစောသန့် ကျောခိုင်း ထားရာ ဘက်၌ ရှိသည်။

ကိုကြီးလွင် ခေါ်ဟန်ကြောင့် ကိုစောသန့်က သမင်လည်ပြန် ကြည့်၏။

တွဲ ၁ ဘေးပလက်ဖောင်းပေါ်မှာက မိန်းမပျိုလေး တစ်ဦး နှင့် ယောကျ်ားပျိုလေးတစ်ဦး တွဲရပ်နေသည်။ သူတို့ဘေးမှာ က အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦး။



သူတို့နှင့် တည့်တည့် သံဆန်ခါကွက် အပြင်ဘက် တွင်က သားသားနားနား မွန်မွန်ရည်ရည်ရှိသော ယောကျ်ားနှစ်ဦးနှင့် မိန်းမတစ်ဦး။

အပြင်ဘက်မှ အမျိုးသမီးက အတွင်းဘက်မှ အမျိုးသမီး နှင့် ရုပ်ချင်းဆင်လှ၏။

ကိုကြီးလွင်၏ခေါ်သံကြောင့် မိန်းမပျိုလေးက သည်ဘက် လှည့်ကြည့်သည်။

မြိုင်နံ့သာက သူတို့ဆီလျှောက်သွား၏။

'ဪ....' ဟု ကိုစောသန့် တိုးတိုးပြောမိ၏။

မှတ်မိသည်....။

တောင်ဝိုင်း တောင်ခြေမှာ တွေ့ခဲ့သော မိန်းကလေးနှင့် ကောင်ကလေး။ ပြီးတော့ စက်စဲတုန်းက....။

မြိုင်နံ့သာက ကောင်မလေးနှင့် စကားပြောနေသည်။

ကောင်မလေးက မိမိတို့ဘက် တစ်ချက် လှမ်းကြည့်၏။ ထို့နောက် ကောင်ကလေးကို ကြည့်၏။

ကောင်မလေးကို ကြည့်ရသည်မှာ တစ်စုံတစ်ရာ ချီတုံချတုံ ဟန်လေး ပေါ်နေ၏။ ကောင်လေး၏ မျက်နှာထားလေးက လည်း တစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးလေး....။

ခဏကြာမှ ကောင်မလေးက မြိုင်နံ့သာနှင့်အတူ မိမိတို့ရှိရာသို့ သွက်သွက်လေး လိုက်လာခဲ့သည်။

ကိုကြီးလွင်က မေး၏။

'လေး ဘယ်သူ့ လိုက်ပို့ထားလဲ'

'ဟို....ဟိုဒင်း ရန်ကုန်က ညီ့သည်တွေ'

'အေး.... အတော်ပဲ။ နင့် ငါမိတ်ဆက် ပေးရဦးမယ်။ ဟောဒါ ကိုစောသန့်။ ဆရာမိန်နွေ၊ စာရေးဆရာမိန်နွေ။ အယ်.... နင်မသိဘူးလား။ သူတို့မဂ္ဂဇင်းမှာ နင့်ဝတ္ထု၊ နှင်ပုဒ်သား မသိဘူး၊ ပါဖူးနေတာ'

တောင်ဝိုင်းတောင်ခြေ။ နောက် ကော်စဲ။ နောက်....။

နေ့ပြီးလင်းသောအသံက ရင်တွင်း တစ်နေရာမှ ပဲ့တင်သံပြုသည်။

ခြေသံ....ကလေးရယ်....။

အကြောင်းမဲ့ ရင်လေးဖိုလျက် လေးဖြူက မျက်တောင်ကော့ကြီးများကို လှန်လျက် သူ့ကိုကြည့်သည်။



သူကလည်း မျက်တောင်ကော့ကြီးများကို မှတ်မိသည်။ ...က်သားပြာပြာများကိုလည်း မှတ်မိသည်။

တစ်ညဉ့် တွေ့ရသော လနှင့်ကြယ်။

သည်လောက်တော့ မှတ်မိသည်။ ပြီးတော့ မေ့ထားလိုက်...ည်။

ယခုတော့ ကြံကြံဖန်ဖန် ပြန်ဆုံတွေ့သည်။ ဆုံတွေ့ပြန်တော့ ...ည်း လနှင့်ကြယ်ကို လနှင့်ကြယ်ဟုပဲ မှတ်မိသည်။

'လေး၊ ဆရာတို့မဂ္ဂဇင်းမှာရေးတယ်။ ကလောင်နာမည် ဘယ်လို ခေါ်လဲ'

'မိုးလွမ်းပျော်....'

'အို....'

သည်နာမည်ကိုတော့ သိသည်။ သူ့စာလေးတွေကိုလည်း ...သက်သည်။

သည်လောက်တော့ ငယ်မည်မထင်။ သည်လောက်လည်း... ...င်း....လှမည်မထင်။

သူကရယ်ပြီး ပြော၏။

'ဆရာတို့တောင်ခြေမှာတွေ့ကြတုန်းက မိ...ဖွဲ့မိကြဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဆရာ။ ဒါပေမယ်.... အဲ... It is a sm[all] world'

အသံဘွက်မှန်ပုံကို သတိပြုမိသည်။ အဓိပ္ပာယ် ပြည့်ဝ[...] ဆီလျော်မှန်းလည်း သတိပြုမိသည်။

'အင်း....ဟုတ်တယ်။ ဒီကမ္ဘာလောက ဆိုတာဟာ သိ[...] ကျဉ်းပါတယ်'

ပွဲ့ဦးရွှေဘ မြိုင်နဲ့သာကို မသိမသာ မျက်လုံးဖြင့်ပြ၏။ ကိုကြီးလွင်ကသာ အံ့သြဟန်နှင့်မေး၏။

'နေပါဦး၊ သိပြီးကြပြီပေါ့'

'သိပြီးကြတာမဟုတ်ဘူး ဦးလေးလွင်ရဲ့။ ဝင်တိုက်[...] ကြတာ'

ပြောပြီးမှ လေးဖြူက သူ့ဘာသာ သူသဘောကျဟန် ရယ်[...] နေ၏။

သံချောင်းခေါက်သံ ဝီစီသံတွေ ပေါ်ထွက်လာ၏။

'တွေ့ရတာ ဝမ်းသာတယ်လေ။ ရန်ကုန်ရောက်ရင် တိုက်[...] ကို ဝင်လည်ပါ'

'ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်။ ဩော်....လေး[...] ကို ခွင့်ပြုဦး'



လေးဖြူက တွဲ ၁ ဘက် အမြန်လေးပြန်သွားသဖြင့် သူက [...]ိုက်ကြည့်သည်။

စောစောက ကောင်လေးက တွဲ ၁ ၏အတက် လှေကား[...]။ သံလက်ကိုင်ကွင်း နှစ်ခုကို ကိုင်လျက် ရပ်စောင့်နေ၏။

ဩော်.... သည်လိုကိုး...။

စောစောက ကောင်လေးကို မော်လမြိုင်ကပဲ ထင်သည်။ ယခုတော့.... လေးဖြူ လိုက်ပို့သည်မှာ သည်ကောင်လေး [...]ကိုး။

ကောင်လေးက ရထားမထွက်ခင်အထိ လေးဖြူအနီး နေ[...]င်ဟန် တူသည်။

ထိုကြောင့်လည်း တွဲပေါ်မှဆင်းပြီး လေးဖြူအနီးမှာ ရပ်[...]ရှာသည်။

မိမိကြောင့် အဖိုးတန် စက္ကန့်နှင့်မိနစ်လေးတွေကို ဆုံးရှုံးခဲ့[...]ာသည်။ ဖြစ်မှဖြစ်ရလေ...။

ကိုယ်ချင်းစာပြီး စိတ်မကောင်း....။

ရထားကြီးက လေးလေးအိအိ ရွေ့ရွေ့စ,ထွက်သည်။

သူက ကိုကြီးလွင်တို့ အသိုက်ကို လက်ပြနှုတ်ဆက်၏။

တွဲက လေးဖြူတို့ရှေ့မှ ဖြတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လေးဖြူကိုလည်း လက်ပြနှုတ်ဆက်၏။

လေးဖြူကလည်း သူ့ကိုပြန်လက်ပြသည်။

လေးဖြူလက်ပြသည်က ကြာသည်။ အတန်ဝေးသည်အထိ ဖြူဝင်းသောလက်လေးက ပြဆဲ....။

ဩော်... သူ့ကောင်လေးလည်း သူပြမည်ပေါ့။

တစ်စုံတစ်ရာကြောင့် သူ့စိတ်တွင်း၌ တစ်မျိုး တစ်မည် ဖြ သည်။

လက်ပြသည်ကတော့ မည်သူ့အတွက်မဆို ဖြစ်နိုင်သည်။

သို့ရာတွင် မိမိစိတ်ကပင် ထင်လေသလော...။

လေးဖြူ၏ မျက်လုံးလေးများက မိမိဆီသာကြည့်နေသည်

ဩော်....ကြည့်နေသည်ထင်၏။

*

## အခန်း ၆

မွန်လူမျိုး ဦးကြီးက မြက်တွေကို လက်ညှိုးနှင့် ညွှန်လျက် အသံမပဲ့တပဲ့နှင့် ရှင်းပြနေ၏။

'ဒါ...ဂျပန်မြက်လေ။ ကျုပ်တို့ဆီကမြက်မျိုး မဟုတ် ဘူး။ အဲဒီတုန်းက မျိုးကျန်ခဲ့တာ'

ကိုစောသန့်က မြက်တွေကို ကိုင်ကြည့်သည်။

သည်အတိုင်းကြည့်တော့ မြက်သည် မြက်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သတိနှင့်ကြည့်တော့ ခြားနားခြင်းကို တွေ့ရသည်။ မြက်ရွက်က အလုံးပိုတုတ်သည်။ အရောင်က ပိုစိမ်းသည်။

ပတ်ပန်းကျင်ရှိ အခြားမြက်တွေကြား၌ ဂျပန်မြက်ဟုခေါ်သော မြက်တွေကို ဟိုတစ်ကွက် သည်တစ်ကွက် တွေ့ရသည်။

'အဲဒီတုန်းက တမင်စိုက်တာလား'

'ဟုတ်ပါဘူး။ သူတို့နဲ့ပါတဲ့ မြင်းစာထဲက မျိုးတွေ မတော်တဆ ကျလာတာနဲ့ တူပါရဲ့'

ကိုစောသန့်ကစဉ်းစားသည်။ ဂျပန်ပြည်က မြက်မျိုးစေ့က သည်ထိအောင် ပါလာမည်လား။ အင်ဒိုချိုင်းနားကမြက်။ ယိုးဒယားကမြက်။ အဲဒီက မြက်မျိုးကော မဖြစ်နိုင်ဘူးလော။

မော်လမြိုင်တွင်တွေ့ရခဲ့သော ဆင်ထိကရုန်းပင်ကြီးတွေကိုသွားသတိရသည်။

မြန်မာထိကရုန်းက ညိုညို။ မြေကပ်ပေါက်သည်။ ဘောကြီးဖြစ်လာအောင်လည်း မထူတတ်။

ဆင်ထိကရုန်းတွေက စိမ်းသည်။ အနွယ်ကြီးတွေကလည်း ရှည်၍ မိရာကိုဆွဲလုတွယ်ငင် တက်တတ်သည်။ တောချုံပင်ပုမှန်သမျှကို လွှမ်းဖုံးအုပ်တတ်သည်။ ဆူးကြီးတွေကလည်းကြီးသည်။ အဆိပ်လည်း အတန်ရှိသည်။



သူတို့လွှမ်းပြီဆိုလျှင် လူတိုး၍ မရတော့။

နေ့သခါ အရွက်ကုန်၍ ကျန်ရစ်သော အနွယ်တွေကပင် သံဆူးကြိုးခွေတို့နှယ် ကိုင်း၍ တွယ်၍ ရှင်းရခက်သည်။ မိုးရှို့၍လည်း မျိုးမကုန်။ မိုးကျလျှင် အပင်ပေါက်လေးတွေ စိမ်းစိမ်းအိအိနှင့် မြေမှာလွှမ်းတတ်သည်။

တစ်ချို့က ယိုးဒယားထိကရုန်းဟု ခေါ်သည်။ တစ်ချို့က မလေးရှားထိကရုန်းဟု ခေါ်၏။ ဘယ်ဟာမှန်မည်မသိ။

ကိုစောသန့်က ဦးကြီးကိုမေးသည်။

'တစ်ခြား အထောက်အထား... အဲ... အဲဒီခေတ်ကကျန်ခဲ့တာတွေ ဘာရှိသေးသလဲ'

'ဘုရားလေ၊ ဘုရားမတွေ့ဘူးလား။ သူတို့ တည်ခဲ့တာ'

'အား...အား... တွေ့တယ်။ ဘာပြုလို့တည်ခဲ့တာလဲ'

'အမျိုးမျိုး ပြောတာပဲ။ သိုက်ညွှန်းပြတာတဲ့'

'ခင်ဗျာ၊ သိုက်ညွှန်း'

'သူတို့ဖုတ်ထားတဲ့ ရတနာတွေကို တောင်ခေါင်းကြီးထဲမှာ ထည့်ပိတ်ထားသတဲ့။ ဘယ်နေရာမှာလဲတော့မသိဘူး။ ခုနင်က ဘုရားကနေ ဗဟိုပြုပြီး တွက်ချက်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ နေရာသိမယ်တဲ့။ ဒါပေမယ့် တွက်နည်းချက်နည်းက လျှို့ဝှက်ပဲဟ။ ဘယ်သူသိမလဲ။ သူတို့ပဲသိမှာပေါ့’

‘လိုက်မရှာကြဘူးလား’

‘ရှာတဲ့လူလဲ ရှာတာပေါ့။ မတွေ့ပါဘူး။ ဒီနားက လူတွေကတော့ မရှာပါဘူး။ ကြောက်တယ်’

‘ကြောက်တယ်…။ ဘာဖြစ်လို့’

‘ယမ်းဘီးလူးတွေ ဘာတွေ ခလုတ်ဆင်ပြီး မြှုပ်သွားတာတဲ့။ ရတနာမရဘဲ သေရွာကြကုန်ရင် ဘယ့်နှယ်လုပ်မလဲ’

ကိုစောသန့်က ရယ်၏။

‘ဒီနားတင်ဝိုက် သုံ့ပန်းစခန်းတွေ ဘာတွေရှိသလား။ ပြီးတော့ ချွေးတပ်စခန်းတွေ’

‘ဟိုးဘုက်နားမှာ ရှိတယ်။ တောထဲဝင်သွားလေ ရှိလေပဲ။ ဒီမှာကတော့ သူတို့ဆေးရုံ’

‘ဆေးရုံ….’

‘ဆေးရုံခေါ်မလား ဘာလားမသိပါဘူး။ ဒီမှာက ရေပူစမ်းရှိတယ် မဟုတ်လား’

‘အား…၊ ဟုတ်ကဲ့’



မိမိပင် မနေ့က ရေပူစမ်းမှာ ရေချိုးခဲ့သေးသည်။

ရေပူစမ်းခဘားမှာတော ဖြစ်အောင် ပေါက်နေသော မြင်းခွာင်ကြီးများကို အံ့ဩမိခဲ့သေးသည်။

‘သူတို့လဲ ဝဲစွဲဘာပဲ။ ဝဲစွဲတဲ့လူတွေ ဒီပို့ပြီး ရေပူစမ်းနဲ့ကုတာပေါ့’

‘ဩော်…ဩော်…၊ သုံ့ပန်းတွေနဲ့ ချွေးတပ်သားတွေကျတော့ကော၊ သူလဲလဲ ဝဲစွဲကြတယ်ဆို။ သူတို့ကိုတော့ ခေါ်မကုပေးဘူးလား’

‘ဝေးပါရဲ့၊ ဒီနား သိအောင် မသိရဘူး။ ချွေးတပ်သားတစ်ချို့ဆို ဝဲတွင်ဘယ်ကမလဲ၊ အနာ့ပါးခွက်ကြီးတွေ ပေါဒီလောက်ရှိတယ်’

ဦးကြီးက လက်မနှင့် လက်ညှိုးတို့ဖြင့် ဝိုင်းပြ၏။

‘တစ်ခြား ဘာတွေများ ထူးထူးခြားခြား ကျန်ခဲ့သေးသလဲ’

ဦးကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားနေပြီးမှ ပြော၏။

‘ဆရာလေး စိတ်ဝင်စားမလား မသိဘူး’

‘ခင်ဗျာ’

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ ဒီတစ်ဝိုက်ကလူတွေ တစ်ခါတလေ ရေတွင်းတူးရင် တွေ့တယ်'

'ဘာတွေ့လဲ'

'အရိုးတွေ'

'ခင်ဗျာ...'

'လူရိုးတွေ။ တစ်ခုနှစ်ခုမဟုတ်ဘူး။ တစ်ပုံကြီး၊ တစ်ထပ်ကြီး'

'အဲဒါတွေ ဘာလုပ်ပစ်ကြလဲ'

'ဟာ...ဘာလုပ်မလဲ။ တွင်းပြန်ဖို့ပစ်လိုက်ကြတာပေါ့'

ကိုစောသန့်က သက်ပြင်းချ၏။

တောင်တွေက ပြာဝေနေသည်။ မြန်မာ့မြေကို တောင်ပြာတွေ ဝိုင်းထားသည်။

သေမင်းမီးရထားလမ်းဟောင်းကြီးကို ကောင်းကောင်းကြီး မြင်နိုင်သေး၏။ သံလမ်းတွေတော့မရှိပြီ။

မြေရိုးက ကားလမ်းသဖွယ် တနိုးလျက်ရှိသေးသည်။

လမ်းတစ်ဘက်တစ်ချက်တွင် ပျဉ်းကတိုးတောတွေရှိသည်။ ပင်စည်တွေက ဝါသယောင်ယောင်။



နွေဖြစ်သဖြင့် အရွက်တွေက ရွှေရောင်ရောနေသည်။

ဟိုးလွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က....။

လူ့ဇာတ်လမ်း။

ကမ္ဘာ့သမိုင်းဝင် လူ့ဇာတ်လမ်း။

နာကြည်းဖွယ်....ကြေကွဲဖွယ်။

The Bridge on the River Kwai ခေါ် စစ်သုံ့ပန်း တစ်စု၏ဘဝ ကွက်ကွက်လေးကိုဖော်ပြသည့်ဇာတ်လမ်း ရှိ၏။ ကမ္ဘာကျော်ခဲ့သည်။

မိမိ၏စိတ်တွင်းမှာတော့ မပြည့်စုံဟုထင်ခဲ့သည်။ အများကြီး မပြည့်စုံဟု ထင်ခဲ့သည်။

ဇာတ်သိမ်းကာစွဲကိုင်သော ဒဿနကလည်း သေးသိမ်သည် ထင်သည်။

The Road to the River Kwai

'ကွေးမြစ်သို့သွားရာလမ်း'

မိမိက ဤအမည်ဖြင့် ဝတ္ထုကြီး တစ်ပုဒ်ရေးလိုသည်။

လူသားတွေကိုယ်စား မြန်မာတစ်ယောက်အနေနှင့် ကမ္ဘာကို ပြောပြစရာတွေရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အတွက် သည်ဘက်သို့ မိမိလာခဲ့သည်။

စာတ်လမ်းက ညို့ညို့မှိုင်းမှိုင်းကြီးနေမည်လား။ ယခုပ
မိမိ၏စိတ်က ညို့မှိုင်းပါသည်။

ရထားက တဂျိမ်းဂျိမ်းတဂျိုင်းဂျိုင်း မြည်လာ၏။

အတွေးတစ်ဝက် အိပ်မက်တစ်ဝက်အဖြစ်မှ ကိုစောသ
လန့်နိုးလာသည်။

ခြော်....ငှမိုးရိပ်တံတားကို ဖြတ်နေပြီတည်း။

မျက်လုံးတွေကတော့ ကြည်လင်သွားပြီ။ သို့ရာတွင် ရ
တွင်းမှာက ညို့ညို့မှိုင်းမှိုင်း....။

ဘာကြောင့် ညို့မှိုင်းရသနည်း....။

ဇာတ်လမ်းကြောင့်လော....။

မော်လမြိုင်ကြောင့်လော....။

ဘာကြောင့်....။

သူ့မျက်လုံးများက စားပွဲအောက် ကြမ်းၖ၌ချထားသေ
ပလတ်စတစ်ခြင်းလှလှလေးကို မြင်သည်။

ခြင်းတွင်းမှာက လက်ဖက်ရည်ကြမ်း ထည့်ယူလာသေ
ဓာတ်ဘူးရှည်တစ်လုံးနှင့် ရေခဲဓာတ်ဘူး ဝိုင်းဝိုင်းပုပုတစ်လုံ
ပါ၏။



သူက ပြုံးသည်။

သမီး မှန်မှန်....။

မိမိက ခရီးသွားသောအခါ လက်ဖက်ရည်ကြမ်းဘူးတစ်လုံး ပါလျှင်ပြီးသည်။ နွေအခါဖြစ်သည်ဆို၍ သမီးက ရေခဲဓာတ်ဘူး ထည့်ပေးလိုက်သည်။ နံနက်ကလည်း မြိုင်နှံ့သာတို့က ဓာတ်ဘူးတွင်း ရေခဲဝယ်ထည့်ပေးလိုက်ကြသည်။

နွေ၏ညနေစောင်းက ပူသည်။ လေဝင်နေသည့်ကြားက ရထားတွင်းမှာက အိုက်နေသည်။

ကိုစောသန့်က ရေခဲဓာတ်ဘူးကို ဖွင့်ကြည့်သည်။

ဓာတ်ဘူးတွင်းမှာ ရေခဲတုံးတွေက အရည်ပျော်၍ သေး သွားပြီ။ ရေခဲရေတွေရှိနေ၏။

ကိုစောသန့်က ခြင်းတွင်း၌ပါလာသော ဖန်ခွက်နှင့် ရေခဲ ရေ သောက်၏။

သမီး မှန်သည်။

မိမိကသာ အစွဲကြီးသည်။

မိမိက နွေတွင် လက်ဖက်ရည်ကြမ်းသောက်မှ ရေငတ် ပြေသည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်က ရေငတ် ချက်ချင်း ပြေသည်မဟုတ်။ သောက်ကောင်းသည်။ သောက်မဝ။ သောက်၍ အရသာရှိသည်။ သောက်၍မဆုံး။

ကြာတော့လည်း ရေငတ်ပြေသွားသည်။

တစ်လမ်းလုံးသောက်လာသောကြောင့် ရေနွေးဓာတ်ဘူးတွင်းမှာ လက်ဖက်ရည်ကြမ်းကုန်ပြီ။

လမ်းမှရောင်းသော 'ရေနွေးကြမ်း' ကိုလည်း မိမိမကြိုက်။ မိမိ၏လျှာက လက်ဖက်ခြောက်အရသာ အလွန်ခံရှားသည်။

ရေခဲရေသောက်လိုက်ရသဖြင့် ရင်တွင်းမှာ အေးချမ်းသွားသည်။

တစ်ကိုယ်လုံးပင် အေးချမ်းသကဲ့သို့ခံစားရသည်။ ရေငတ်လည်း.... အင်း — ချက်ချင်းတော့ပြေသွားသည်။

သမီးလေး မှန်သည်။

ကိုစောသန့်က သားရေအိတ်ကြီးကိုကြည့်မိပြန်သည်။ ဘယ်နှစ်ကြိမ်ရှိပြီနည်း။

သားရေအိတ်ကြီးက မိမိ၏ခေါင်းအထက် စင်ပေါ်မှာ နေသားတကျ။



ဓာတ်ဘူးတွင်းမှာက ရေခဲရေတွေ ကျန်နေသေးသည်။

ခြင်းတွင်း၌ လက်ဆေး ပါးစပ်ဆေးရန်ထည့်လာသော ရေပုလင်းလည်း ပါသေး၏။

သမီးပင် ထည့်ပေးလိုက်သော ခြင်းတွင်းမှ သံမဏိ ကြွေခွင်ရေချိုးခွက်ကိုယူသည်။

ကျန်သမျှရေခဲရေတွေနှင့် ရေခဲတုံးအချို့ကို သံမဏိခွက်တွင်း ပြောင်းထည့်၏။

ရေခဲဓာတ်ဘူးတွင်း၌ ရေခဲတုံးနှင့် ရေခဲရေအနည်းငယ်ကျန်ရန်လည်း ဂရုစိုက်ရသေးသည်။

ဓာတ်ဘူးကို အိမ်ရောက်၍ သမီး စစ်ကြည့်လျှင် ရေခဲတုံးလေးတွေနှင့် ရေခဲရေကိုတွေ့ပါက သမီးလေးကျေနပ်မည်။

သုံးစေလို၍ သူထည့်ပေးလိုက်သော ပစ္စည်းကို ဦးဖေဖေသုံးမှန်းသိလျှင် သမီးကျေနပ်မည်။

သံမဏိရေချိုးခွက်တွင်းမှရေခဲနှင့် ရေခဲရေအတော်အသင့်ကို ပုလင်းတွင်းမှ ရေကို အနည်းငယ်ဖြည့်လောင်းသည်။

မှတ်ဆိတ်ရိတ်ပြီးလျှင် သုံးသော 'အိုးလ်စပိုက်စ်' သုံးခလေးစက်ကို ရေခဲရေတွင် ထည့်လိုက်၏။

ထို့နောက် လေးထောင့် မျက်နှာသုတ်ပဝါလေးကို ရေခဲရေတွင်း စိမ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သတိရသည်။ သမီးလေးက အအေးကြိုက်သည်။ ပူလျှင် မခံနိုင်။

သမီးလေး ငါးနှစ်အရွယ်ခန့်က မန္တလေးသို့ မိမိ အလည်ခေါ်သွားသည်။

မျဉ်းမနားလွန်ကတည်းက သမီး မနေတတ်တော့။

မိမိက ယခုကဲ့သို့ပင် ရေခဲရေစိမ်သော မျက်နှာသုတ်ပဝါနှင့် မျက်နှာ သုတ်သုတ်ပေးသည်။ သည်တော့မှ သမီးမျက်နှာကြည်သည်။

သင်းပျံ့သော ရေခဲရေစိမ် မျက်နှာသုတ်ပဝါနှင့် ကိုစောသန့်က မျက်နှာနှင့် လည်ပင်းကို ဖြည်းဖြည်းသုတ်သည်။

သင်းပျံ့သော ယနံ့နှင့် အေးမြသော အတွေ့ကို ဇိမ်ယူခံစားသည်။

အားရမှ လက်ဖျားကိုပါ ပွတ်သုတ်၏။

လူက လန်းဆန်းလာသည်။ စိတ်လည်း ရွှင်လာ၏။

စီးကရက်တစ်လိပ် မီးညှိဖွာရင်း ကိုစောသန့်က ငြိမ်ငြိမ်လိုက်ပါလာသည်။

ရန်ကုန်ပင်ခါနီးမှ ရထားက နှေးလာသည်။ အင်း— နှေးလာသည်ထင်၏။



သမီးကို ပြောပြစရာအသစ်တစ်ခု တိုးသည်။ သမီး ထည့်ပေးလိုက်သော ရေခဲဓာတ်ဘူးကို ဘယ်သို့သုံးသည်ကို ပြောပြရမည်။ ဟောသည် မျက်နှာသုတ်ပဝါလေးက သက်သေ။

သမီး သဘောကျမည်။ သဘောကျမည်။

ရထားက ဘူတာကြီးအတွင်းသို့ စ, ဝင်သည်။

လမ်းခွဲသည်ကိုကြည့်ပြီး ကြေးမှတ် ၄ ၌ ဆိုက်မည်ဟု သိသည်။

ကိုစောသန့်က ပြတင်းမှ ခေါင်းထုတ်မြှပြီး ကြိုဆိုသူတွေကို ကြည့်၏။

ရထားက သွားနေဆဲဖြစ်သောကြောင့် အနီးကပ်မြင်ရသော လူတွေက ရိပ်ခနဲရိပ်ခနဲ ကျန်ရစ်သည်။

ကြေး အလယ်ပေါက်၌ ရှည်ရှည်မည်းမည်း ဗိုက်ရွဲရွဲနှင့် မည်သို့မျှ ကဗျာဆန်သော 'ရှန်ဂရီလာမွန်း'ကို အလျင်တွေ့သည်။

သူ့ဘေးမှာက ရွှေရုပ်ကလေးလို ဝင်းနေသည့်သမီး။

'သမီးရေ— ဦးဖေဖေဓိမှာ'

မွန်မွန်က လက်ကလေးမြှောက်ပြပြီး လူတွေကြား တိုး၍ တဲ့နေသော မပြေးလိုက်မည်ပြုရာ ရှန်ဂရီလာမွန်းက လက်ကလေးကို ဆွဲပြီးတား၏။

www.burmeseclassic.com

www.burmeseclassic.com



'မိမွန်ရေ၁်... လူတွေကြား တိုက်လဲလို့ နင့်ဦးလေးက နင့်ဆူမှာ မဟုတ်ဘူး။ ငါ့ကိုအပြစ်တင်မှာ'

ရထားက မနီးမဝေးတွင် ရပ်သွား၏။

'လူရှုပ်တယ်။ ဘွားဘွား အဲဒီနားပဲ နေရစ်နော်'

မွန်မွန်က ဘွားဘွားကိုမှာ၏။

ရှည်ရှည်ဝဝ ရှန်ဂရီသာမွန်းက သူ့ခန္ဓာကိုယ်ကြီးနှင့် ရှေ့မှ တိုးသွား၏။ မွန်မွန်က သူ့နောက်မှကပ်လိုက်သည်။

တက်သူ ဆင်းသူ ပြေးသူ တိုးသူတွေနှင့် လူတွေကရှုပ်နေ၏။

ကိုစောသန့်က ပြတင်းဝမှ ကိုယ်တစ်ပိုင်းထုတ်ပြီး မွန်မွန့်ကို ကြိုသည်။

မွန်မွန်က ကလေးပမာ သူ့ ဦးဖေဖေ၏လက်ကို ဆွဲယူ ဆုပ်ကိုင်၏။

'သမီးတို့ ရောက်နေတာကြာပြီလား'

ကိုစောသန့်က မွန်မွန်၏ လက်ကလေးများကို ယုယုယယ ပြန်ဆုပ်ကိုင်ရင်းက မေး၏။

'မေးမနေနဲ့ကွ။ ရထားက သုံးနာရီခွဲ ဝင်မယ်ပြောတယ်။ အဲဒါ နှစ်ချက်ကတည်းက ရောက်နေတယ်။



နောက်သာ ကျချင်ကျမယ်၊ မစောပါဘူးလို့ ပြောလို့ မရဘူး။ မနက်ကတည်းက တယ်လီဖုန်း တဂွမ်ဂွမ်ဆက်နေတယ်။ ငါ တိုက်ကိုပင်ပြီး လိုက်ခဲ့ရတယ်'

မွန်မွန်က ဘာမျှပြန်မပြော။ ဝန်ခံပြုံးလေး ပြုံးပြီးသာ သူ့ ဦးဖေဖေကို သူကြည့်နေသည်။

'အေး... မင်းကို မနက်ခုနှစ်နာရီကတည်းက ခေါ်လာပြီး စောင့်မခိုင်းတာ ကျေးဇူးတင်'

'ဩော... လိုက်ပါ့မျာ တူဝရီး'

မွန်မွန်က ပြော၏။

'ဦးဖေဖေ။ မဆင်းသေးဘူးလား'

'လူတော့ရှုပ်တုန်း သမီးရဲ့။ ခဏထွက်လဲ အပေါက်ဝသွားတစ်နေမယ်'

'ဒါဖြင့်... သမီး တက်လာခဲ့မယ်'

သာတောပါမျာ'

ဘွားဘွားကလည်း တွဲအနီးရောက်လာသည်။

'ဘွားဘွားရော အပေါ်လိုက်မလား'

'ဘွားဘွား အောက်မှာပဲ နေမယ်သမီး'

www.burmeseclassic.com

www.burmeseclassic.com



'မင့်ပစ္စည်း—အာ....'

ရှန်ဂရီလာမွန်းက အမေးကို တစ်ဝက်နှင့် ရပ်လိုက်ရ၏။

ပြတင်းဝမှာ ကိုစောသန့်မရှိပြီ။

မွန်မွန်က တဲပေါ်တက်သည်။ ကိုစောသန့်က တဲပေါက်ဝမှ သွားကြိုနေ၏။

ရှန်ဂရီလာမွန်းက နှုတ်ခမ်းစေ့ ပါးအို့မြှင့်ပြီး ခေါင်းညိတ်နေ၏။

သူတို့တူဝရီး ထိုင်ခုံများတွင် ထိုင်မိကြမှ ရှန်ဂရီလာမွန်းက မေးခွန်းကို ဆက်မေးရ၏။

'မင်းပစ္စည်းများသလား'

'အေး—လှည်းတော့ ခေါ်ရမယ်'

'ဒါဖြင့် ငါခေါ်လိုက်မယ်'

'အေး—'

မွန်မွန်က သူ့ဦးဖေဖေကို ကြည့်ပြီးပြော၏။

'ဦးဖေဖေ အသားတွေညိုသွားတယ်'

'ဟိုရွာ ဒီရွာ လျှောက်သွားတာကိုး သမီးရဲ့'

'ပိန်လှဲသွားတယ်'

www.burmeseclassic.com



'ခရီးလဲပန်းလို့၊ ပြီးတော့ သမီးကိုလဲလွမ်းလို့'

'တကယ်....'

'ဩော်—သမီးရယ်—၊ သမီးကိုမလွမ်းလို့ ဦးဖေဖေက ဘယ်သူ့ လွမ်းရမှာလဲ'

'အဲဒါပြောတာ မဟုတ်ဘူး'

'ဒို့....ဘာလဲ'

'လွမ်းတော့ လွမ်းပေါ့၊ ဘာလို့ပိန်ရသလဲ။ ဦးဖေဖေ ပိန်မသွားစေချင်ဘူး။ နားလည်လား'

'နားလည်ပါတယ်ဗျာ၊ နားလည်ပါတယ်'

သူကရယ်တော့ မွန်မွန်က လိုက်ရယ်သည်။ ရယ်သောမွန်မွန်၏ မျက်လုံးလေးများတွင် မျက်ရည်လဲ့လဲ့ ရှိနေ၏။

ရှန်ဂရီလာမွန်းက လက်တွန်းလှည်း တစ်ခုနှင့် ပြန်ရောက်လာ၏။

'ကဲဟေ့—စောသန့်၊ အပေါ်ကပစ္စည်းတွေချပေး'

ကိုစောသန့်က ဒူးရင်းသီးခြင်းကို အလျင်ချပေးရန် မ[illegible] မြင်၏။

'ဟင်း—ဦးဖေဖေ မ,မနိုင်။ အလုပ်သမားခေါ်'

www.burmeseclassic.com



'ဘာဖြစ်လို့လဲ သမီးရဲ့၊ ဦးဖေဖေ နိုင်ပါတယ်'

'အိုး...လေးမှာဟာကြီးတွေ။ ဦးဦးညို အလုပ်သမား ခေါ်ပါဦး'

မွန်မွန်က သူ့ကိုလှမ်းပြောသဖြင့် ရှန်ဂရီလာမွန်းက....

'အေးအေး...အလုပ်သမားလာပြီ' ဟုဆို၍ တဲပေါ်သို့ သွက်သွက် လျှောက်တက်လာခဲ့၏။

ကိုစောသန့်နှင့် ဦးဦးညိုခေါ် ရှန်ဂရီလာမွန်းတို့က တောင်းများကို နှင်းယောက်ဘတွေမ,ပြီး ပြတင်းမှ ချပေးကြ၏။

လက်တွန်းလှည်း အလုပ်သမားကြီးကအောက်မှလှမ်းယူ၏။

ပစ္စည်းများကုန်မှ ရှန်ဂရီလာမွန်းက ပြော၏။

'ဒီမှာ မိမွန်'

'ရှင်....'

'နှင့်ဦးလေးနဲ့ငါ အစက စက္ကူထုပ်ကြီးတွေ ထမ်းတာ အဲဒါတွေထက် လေးတယ်'

'ဟော့ကောင်...ဘာတွေ လျှောက်ပြောနေတာလဲ'

'ကလေးကို ဘာဝသိအောင်ကွ'



'တောင်စမ်း မင်းဘာဝတွေ။ မင်း ဝတ္ထုတွေထဲမှာ မင်း ဆရာလုပ်'

သူတို့ထွက်လာသောအခါ စကြံ့ပေါ်၌လူအတန်ရှင်းနေပြီ။ လက်တွန်းလှည်းက အသာန်မြန်သည်။

ရှန်ဂရီလာကြီးက သူ့ခြေလှမ်းကျဲကြီးများနှင့် လက်တွန်းလှည်းနောက်က ကပ်လိုက်သွား၏။

ဒေါ်မြချို၊ မွန်မွန်နှင့် ကိုစောသန့်တို့က နောက်မှ မှန်မှန်လိုက်သည်။

မွန်မွန်က သူ့ဦးဖေဖေ၏လက်ကို ဆုပ်ဆွဲထား၏။ မျက်နှာလေးကလည်း ဝင်းပ ကြည်ရွှင်နေသည်။

ကိုစောသန့်က ဒေါ်မြချိုကို မေး၏။

'မမမ....နေကောင်းတယ်နော်'

'ကောင်းတာပေါ့ သားရယ်။ မမမ ဘယ်တုန်းက နေမကောင်း ဖြစ်ဖူးလို့လဲ'

'အင်း...ဟုတ်တယ်၊ သားလဲ နေကောင်းတာပဲ။ အင်း... အဟဲ...'

ကိုစောသန့်က စကားမဆက်သဖြင့် မွန်မွန်က ယောက်ဖ်

'ဆက်ပြောလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ....အိမ်ကိုလှမ်းတာပဲ ရှိတယ်လို့'

'အိမ်ကို'

'သမီးကို...မေမေ့ကို'

သည်တော့မှ မွန်မွန်က ခေတ္တမှုန်ထားသော မျက်နှာလေးကို ပြန်ကြည်ပြုပြီး၊ သူ့လက်ကလေးကလည်း သူ့ဦးဖေ၏ လက်မောင်းကိုညှစ်သည်။

လက်တွန်းလှည်းက ဘူတာကြီး၏အရှေ့ဘက် စကြံသံလမ်း ဖြတ် မြေပြင်လမ်းမှ သွားနေခြင်းဖြစ်၏။

ရထားလမ်းကိုကူးစဉ် မွန်မွန်က ဂရုစိုက်၍ ဘောက်ငုံ့ လျှောက်နေသည်။

ကိုစောသန့်၏ မျက်လုံးများက ဘူတာကြီး၏ ပင်မစကြံဆီသို့ ရောက်သွားသည်။

ပင်မစကြံကို အရှေ့ဘက်မှ ဆီးကာထားသော သံဆန်ခါ အဝင်ဝနားတွင် အခြားလက်တွန်းလှည်းတစ်စီးကို လှမ်းတွေ့ရသည်။

ဪ.... အနီးမှာက ကောင်လေး။ အဲ.... မိလွမ်းပျော်၏ ကောင်လေး။

ကိုစောသန့်၏ရင်တွင်း၌ တစ်ညက တွေ့ခဲ့ရသော လ နှင့် ကြယ်တွေ ခေတ္တလျှပ်လက်ဝင်းသွားသည်။



စိတ်တွင်းမှာလည်း ပြုံးချင်သလိုလိုဖြစ်သွား၏။

ဪ— ခရီးမှအိမ်ပြန်အရောက်။ မိမိကတော့ပျော်နေသည်။

သမီး၊ မွန်မွန်၏ မျက်နှာလေးကို မြင်လိုက်ရ၍ အလွမ်းလည်း ပြေသည်။ အမောလည်းပြေသည်။ သည်တော့ ပျော်သည်။

သည်ကောင်ကလေးကတော့ ပျော်ပါ့မလား။

လူကတော့ ခရီးမှ အိမ်ပြန်ရောက်သည်။ နှလုံးသားက ဘယ်ဆီ ကျန်ရစ်မည်နည်း။

သွားခါနီး၊ မောင်ကြီးရဲ့ မှာခဲ့မယ်။ မရိုးနိုင်သောရှေးစကာ ရှိသည်။

ခမျာ မှာချင်ရာလေးတွေကုန်အောင် မှာခဲ့ရပါ၏လော။

မိမိကဝင်၍ကန့်လန့်ကာသကဲ့သို့ဖြစ်ခဲ့သည်။ ဖြစ်မှုဖြစ်ရလေ။

ကောင်လေးက မိမိတို့ဆီ သမင်လည်ပြန်ဖြင့် သုံးခါမျှကြည့်သည်။ ကြည့်လေတိုင်း သူ့မျက်လုံးများက မိမိ၏မျက်လုံးများနှင့် ဆုံနေသည်။

မိမိကို ဘာကြောင့်ကြည့်သနည်း။

သာသနာ့ဖျက်ကြီးဟုမကျေမချမ်းများ ကြည့်လေသလော။

ကိုစောသန့်တို့ စကြံလမ်းမကြီးဆီ ရောက်သော အခါတွင် ကား ကောင်လေးနှင့် သူ့ ပစ္စည်းတင်လှည်းက ပျောက်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

အထွက်ဂိတ်တွင် လူမရှုပ်တော့သော်လည်း အတန်အသင့်ရှိနေသေးသည်။

ကိုစောသန့်တို့ကို ရှန်ဂရီလာမွန်းက ရပ်စောင့်နေ၏။

ကိုစောသန့်က မီးရထားလက်မှတ်၊ တန်ဆာဆောင် ပြစာတို့ကို ထုတ်ပြပြီးနောက် ဘူတာကြီးအရှေ့သို့ ထွက်လာခဲ့ကြသည်။

မွန်မွန်က ရှန်ဂရီလာမွန်းကို ကားသော့လေး လှမ်းပေး၏။

'ဩော်... ဩော်... ဒီတစ်ခါတော့ ညည်း မမောင်းဘူး၊ ကျုပ်ကမောင်းပေါ့။ ညည်းက နောက်ခန်းကနေ ဦးလေးကို ကပ်ခွဲလာမယ်။ ဟွန်း....ဟို သားရေ အိတ်ကြီးထဲ ဘာတွေပါလဲမသိဘူး'

ရှန်ဂရီလာကြီးက ကားသော့ယူ၍ထွက်သွား၏။

ပတ်ဗလစ်ကာ ကားဝါလေး ရောက်လာသောအခါ အလုပ်သမားကြီးက ခြင်းများကို သယ်တင်ပေးသည်။ ပေါ့ပါးသော ပစ္စည်းများကိုယူ၍ ကားဆီသို့ ကိုစောသန့်က ကပ်သည်။

သိပ်ကမဝေးတော့ လှမ်းကြားလိုက်ရသည်။ လှမ်းလည်း မြင်လိုက်ရသည်။

'မမွန်...'

စိတ်တွင်း၌ ထူးဆန်းသွား၏။



မွန်မွန်က ကလေး....။
မိမိ၏ ကလေး....။

ကလေးကို မမဟု မည်သူခေါ်သနည်း။ ခေါ်ဟန်က နူးညံ့သည်။ ဂိဘဆန်သည်ဟုပင် ထင်လိုက်၏။

'ဩော်....ကိုမျိုးလား'

မွန်မွန့် အသံလေးကလည်း ချိုသည်။ သမီးအသံလေးက ချိုသည်မှာ မဆန်း။ အမြဲချိုသည်။

သို့ရာတွင် ယခု မွန်မွန့် အသံ၌ ပည်းဂိဘပါနေသည်။

စကားအဆုံး စကားလုံးကလည်း အဓိပ္ပာယ်တစ်မျိုးဆောင်နေသည်။ '...ပါလား' မဟုတ်။ 'လား'။ ကိုမျိုးလား။

ဟိုကောင်လေးက မွန်မွန့်အနီး၌ ရပ်နေသည်။

ဘယ်လို ကောင်လေးနည်း။ ရုပ်လေးကတော့ ချောသည်။ နိုးမချော ချောသည်။

နံနက်တုန်းကလည်း မော်လမြိုင်မှာ မိန်းမလှလှလေးတစ်ဦးနှင့်။ ယခုလည်း သည်မှာ မိန်းမလှလှလေးတစ်ဦးနှင့်။

သေသေချာချာ ကြည့်မိ၍သာသိ၊ ကောင်လေး၏ ချက်သားကထူးသည်၊ ဘစ်ချိုးလေးထူးသည်။ ဘယ်သို့ခေါ်ရမည်။

အဲ...ဂိဘဆန်သည်၊ သူ့အသံကဲ့သို့ပင် ဂိဘဆန်သည်။ သူ့ချက်လုံးလေးတွေက အထူးဂိဘဆန်သည်။ [illegible] သနားယ်သေးလည်း အရှိသား။

www.burmeseclassic.com

www.burmeseclassic.com



'မမှုန်၊ လာ….လာကြိုတာလား'

'ဟုတ်တယ်၊ ဦးဖေဖေကို လာကြိုတာ။ကိုမျိုးကကော'

'မော်လမြိုင်က ပြန်လာတာ'

'ဩော်….ဩော်—'

ကိုစောသန့်က သမီး၏မျက်နှာဆီလည်း လှမ်းကြည့်၏။

သမီး၏မျက်နှာလေးက ချိုပြုံးလျက်က ဂူလြွေ ရှိနေသည်၊ ဂူလြွေရှိသည့်ကြားက အင်း…. ဂီဘဆန်နေပြန်သည်။ အို….သည် စကားကလည်း ဘယ်ကလာသနည်း။

ကောင်လေး၏နှုတ်ခမ်းလေးများက လှုပ်နေသည်။ ဘာမှ တော့ မပြော။

တစ်ခဏကြာမှ နှုတ်ဆက်၏။

'မမှုန်ကိုမြင်လို့ ကျွန်—ကျွန်တော် လာနှုတ်ဆက်တာ သွားမယ်နော်'

မှုန်မှုန်က ခေါင်းညိတ်ပြ၏။

ဘယ်လိုကောင်လေးနည်း။ သွားမယ်နော်ဟု ပြောဟန်က နူးလည်း နူးညံ့သည်။ နှိမ့်နှိမ့်ချချ ရိုရိုသေသေလည်း နိုင်သည်။

မျက်လွှာလေးချပြီး မှုန်မှုန့်ရှေ့မှ ကောင်လေးက ဖြည်း ဖြည်း ထွက်ခွာသွား၏။



ကိုစောသန့်က မှုန်မှုန့်ကိုကြည့်သည်။

မှုန်မှုန်က ကောင်လေးသွားရာကို ခေတ္တစိုက်ကြည့်နေသည်။

ပြီးတော့ မျက်လွှာလေးရှ၍ ငိုင်ငိုင်လေး ကြမ်းပြင်ကို ငုံ့ ကြည့်နေ၏။

ကိုစောသန့်က ပစ္စည်းများ နေရာချပြီးသဖြင့် မှုန်မှုန့်တို့ အနီး ကပ်လာသည်။

ကောင်လေးအကြောင်း မမေး။ မေးရန်မလို။

သမီး တက္ကသိုလ် ရောက်ပြီးကတည်းက ရွေးချယ်ခွင့် မိမိ ပေးပြီးပြီ။

မေမေ့ကို ကားရှေ့ခန်း၌ ထိုင်စေသည်၊ မိမိနှင့် မှုန်မှုန်က နောက် ကားနောက်ပိုင်းမှ လိုက်ကြသည်။

သမီးက ဆန်းသည်။ ငယ်ငယ်ကတည်းက ကားရှေ့ခန်းကို မကြိုက်။

အဲသည်တုန်းက ကိုယ်ပိုင်ကား ဘယ်ရှိလိမ့်။ သုံးဘီးကား အငှားသုံးဘီးကား။ သုံးဘီးကား နောက်ခန်းက စီးရမှ သမီးက ပျော်တတ်သည်။

ဦးဖေဖေနှင့်ဆိုလျှင် ပိုပျော်တတ်သည်။ အဲ…ဒါလည်းကဲထူး သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်းကားထွက်တော့ သူ့ကိုယ် နွဲ့နွဲ့လေးကို မိမိအက် ယိုင်သည်။

သူ့ခေါင်းလေးကို မိမိ၏ ပခုံးမှာမှီသည်။ မျက်နှာလေးက ပြုံး၍၊ ကြည်၍၊ ရွှင်၍၊ သန့်၍ အပြစ်ကင်းနေသည်။

ခြော်.... သမီးရယ်။ ကလေးတွန်းက အတိုင်းပါလား။ ကလေးငယ်ငယ်တုန်းက အတိုင်းပါလား။

သမီး၏ လက်နုနုလေးများကို ဖွဖွယုယု ဆုပ်ကိုင်ရင်းက အခြားကလေးတစ်ဦးကိုလည်း သွားသတိရသည်။

ဘာကြောင့်မသိ အမိပွားယ်ပြည့်အည်ထင်သော စကားလေးကိုလည်း ကြားယောင်လာ၏။

"Its a small world"

ဟောသည် ကမ္ဘာဆိုသည်က ကျဉ်းကျဉ်းလေးပါ။

မဆီမဆိုင်စိတ်တွင်းမှနေ၍ကောင်လေးကို သတိပေးနေမိ၏။

'ချာတိတ်ရေ...။ ဟောဒီကမ္ဘာဆိုတာကျဉ်းကျဉ်းလေး။ ကိုယ့်လူ မင်း...မဟုတ်တာတော့ မလုပ်နဲ့....'

*

# အခန်း ၇

'ဆရာရှင့်....'

လေးဖြူက ဖောင်တိန်လေးကိုကိုင်ပြီး စာရွက်ပေါ်၌ မိမိ ရေးထားသည်ကို စိုက်ကြည့်နေသည်။

စားပွဲမှာ ထိုင်မိသည်မှာ ကြာပြီ၊ စာထိုင် ရေးနေသည်မှာ ကြာပြီဟု ဆိုရမည်။

သို့ဆိုတွင် စာလုံးက သုံးလုံးမျှမတက်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရှင့်...။

ပြီးတော့ ဘာဆက်ရေးရမည်နည်း။ ဘာကြောင့်ကော... ဤစာကို ရေးရမည်နည်း။

မရေးချင်ဘဲ စာမရေး။ ရေးချင်လည်း ရေးချင်သည်ကိုရေးသည်။ မည်သူဝေဖန်.... ဝေဖန်။ ဂရုမစိုက်...။

ဤသည်က လေးဖြူ၏ဝါဒ။ အဲ...မိလွှမ်းပျော်၏ ဝါဒ။

ဩော်....ယခုစာနှင့် မိလွှမ်းပျော်က ဘာဆိုင်သနည်း။ ဆိုင်ပါသလား။

လေးဖြူနှင့်မိလွှမ်းပျော်၊ မိလွှမ်းပျော်နှင့်လေးဖြူ။
အမြဲတမ်းခွဲထား၍ ရပါသလော....။
ရသည့်အခါတော့ ရသည်လေ။ ရသည်ပဲ ထင်သည်။

ဥပမာ....မိလွှမ်းပျော်က အချစ်အကြောင်း ရေးသည်။

ချစ်သည်မှ တုန်နေအောင်ချစ်သော အချစ်အကြောင်း ရေးသည်။ အသက်နှင့်ပုံ ကုန်ကုန် ချစ်လိုက်ပါသည့် မောင်။ သည်လိုမျိုး။

အလွမ်းအကြောင်းလည်း ရေးသည်။

လွမ်းသည်မှ မခြင်းမချန်ဘဲ လွမ်းပစ်လိုက်သည်။ ဧဟင်း... ပျော်ပျော်ကြီးကို လွမ်းပစ်လိုက်သည်။

ဟုတ်သည်လေ။ လွမ်းသည့်နောက် ခြင်းခြင်းချန်ချန်လွမ်း၍ ရမည်လော...။



ခက်သည်က လေးဖြူအနေနှင့် တစ်ခါမျှ မချစ်ဖူး။ သည်တော့.... အင်း... တစ်ခါမျှလည်း မလွမ်းဖူး....။

မိလွှမ်းပျော် ချစ်ပြနေသည်ကို လေးဖြူက အံ့ဩမိသည်။

မိလွှမ်းပျော် လွမ်းပြနေတော့ လေးဖြူကလည်း ရင်တဆို့ဆို့နှင့် တေးကနေ သနားသား။

တစ်ခါတလေ မဆီမဆိုင်မျက်ရည်များပင် ဝင်ပဲ ပေးလိုက်ရသေးသည်။

မိလွှမ်းပျော်၏ချစ်သူက ဘယ်မှာနည်း။ ခြင်းမချန်လွမ်းရလောက်အောင် ချစ်သောမိလွှမ်းပျော်၏ မောင်က ဘယ်မှာနည်း။

ရှိတော့ ရှိသည်....။

နှလုံးသားထဲမှာ....။

မိလွှမ်းပျော်၏နှလုံးသားထဲမှာ။

မြတ်စွာဘုရား၊ မိလွှမ်းပျော်၏နှလုံးသား ဆိုသည်က လေးဖြူ၏နှလုံးသား မဟုတ်ဘူးပေါ့။

ခက်တော့ ခက်သည်။

မဟုတ်ဘူးဟုဆိုချင်သည်။ ဆို၍ရမလား။

သည်လိုလေ...။ နေ့စဉ် သွားလာ လှုပ်ရှား ထိုင်ဖို့ လေးဖြူ၏နှလုံးသားက တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသောအခါ လေးဖြူက နှလုံးသားတွင်းမှ ထွက်ပေးလိုက်သည်။

လစ်လပ် သွားသော နှလုံးသားနေရာမှာ မိလွမ်းပျော်က နေရာယူပြီး စာရေးသည်။

သည်တော့.... မိလွမ်းပျော်၏အကြောင်း။ မိလွမ်းပျော် သိပ်ချစ်သောအကြောင်း။ မိလွမ်းပျော်ကို လွမ်းလွမ်းခိုင်းသည့် အကြောင်း....။

ရှိသည်ပေါ့။ မိလွမ်းပျော်၏နှလုံးသား ကမ္ဘာတွင်းမှာ....။

အဲသည်ကမ္ဘာက ဘယ်ပုံနည်း။ မသိပါ။ မသိချင်။ မသိနိုင်၊ မသိဘတ်....။

သူများပြောသည်ကတော့ ကြားဖူးသည်။ အမှန်ကကြားဖူးသည် မဟုတ် ဖတ်ဖူးသည်။

မြန်မာစာရေးဆရာကြီးတစ်ဦးက ခေါမဒသာ ပညာရှင်ကြီး ဆိုကရေးတီးစ်၏စကားကို ပြန်ရေးပြဖူးသည်။

'ကဗျာဆရာဆိုသည်မှာ အလင်းရောင် ဖြစ်သတည်း၊ အတောင်ပံ တပ်ခံထားရသော ဘုရားသခင်၏ ပစ္စည်းတစ်ခုတည်း။ သူ့မှာ ကိုယ်ပိုင် ဘာမျှမရှိ ဖြစ်သတည်း။ သူ့ကိုယ်တွင်း ဘုရားသခင်က တန်ခိုး မှုတ်သွင်းလိုက်သောအခါမှ...။ သူ့မှာရှိသမျှ အသိဉာဏ်တွေ လွင့်



ပျောက်ကုန်မှ....။ သူ့စိတ်သည် သူကိုယ်တွင်းမှာ မရှိတော့ပါမှ.... သူစွမ်းလာသည်။'

ဆိုကရေးတီးစ်ကြီးက ကဗျာဆရာသို့မဟုတ် စာရေးဆရာကို သံလိုက်ကျောက်ဖြာထွက်နေသော သံလိုက် တုံးနှင့်လည်း နှိုင်းသေးသည်ဆို၏။ ဖြာထွက်နေသော သံလိုက်ဓာတ်မှာ သီးယာဒူးနမစ် theia dunamis ခေါ် ဘုရားသခင့်တန်ခိုးတော် ဖြစ်သည် ဆိုသတတ်။

ဆိုကရေးတီးစ်လို ပုဂ္ဂိုလ်ကြီးတစ်ဦးက ပြောသည် ဆိုလျှင်တော့ အဓိပ္ပာယ်တစ်ခုခုရှိရမည်ပေါ့။ ဒီအဓိပ္ပာယ်မရှိဘဲ သူပြောပါ့မလား။

'....သူ့ကိုယ်တွင်း ဘုရားသခင်က တန်ခိုးမှုတ်သွင်းလိုက်သောအခါမှ....'

ဤစကားကို ကြိုက်သည်။ သီးယာဒူးနမစ်။ အမယ်လေး.... အလွတ်ကျက်ထားရသော ခေါမစကားလုံး။ ဤစကားလုံးကိုလည်း ကြိုက်သည်။

မိလွမ်းပျော် စာရေးတော့မည်ဆိုလျှင် နှလုံးသားတွင်းမှ လေးဖြူ ထွက်ပေးလိုက်သည်။

မိလွမ်းပျော်လား၊ သီးယာဒူးနမစ်လား၊ ဘာလား၊ ကြိုက်သလိုခေါ်။ သူက နှလုံးသားတွင်း ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူရေးချင်တာတွေ ရေးသွားသည်။ လေးဖြူက ဘာတတ်နိုင်ပါမည်နည်း။

သည်ကြားထဲက လေးဖြူ အစွပ်စွဲ ခံရသည်။ အချစ် အကြောင်းတွေ ရေးနေတော့ ချစ်သူ ရှိဖူးရမှာပေါ့။

အလွမ်းတွေ ရေးနေတော့ အသည်း ကွဲဖူးမှာပေါ့။

အဲဒါမျိုးကျတော့ လေးဖြူ မခံချင်။

လေးဖြူကို အဖိုးဆိုး၍ ရင်ဖိုခေတာင် မနာဖူး။ သည် လို ဆို လျှင်တော့ ပိုသွားမည်ထင်သည်။

ကိုယ်ပေါ်မှာ ယင်ကောင်ခဏခဏနားဖူးသည်။ ယင်ကောင် ကို အဖိုးအမ ဘယ်လိုလုပ် ခွဲသိပါမည်နည်း။

သတ္တဗေဒကျောင်းသူတွေတော့ သိချင်သိမည်။ မိ မိ တော့ မသိ။

သည်လိုပြောလျှင်တော့ ရမည်ထင်၏။ လေးဖြူကို ဘယ် လူ သားအဖိုးမှ မကိုင်ဖူး။ မတို့ဖူး။

လေးဖြူ၏ရင်လေး မဖိုတဖိုဖြစ်သွားသည်။ အဲဒီလိုတော် ပြော၍မဖြစ်တော့။ ဟိုနေ့က ကိုချောက လက်ကို ပိုင်စိုးပိုင်နင် ကိုင်သွားသည်။

ဤသည်က ကိစ္စမရှိ။ ဇာဘ်ဘိုက်ထားသည်လေ။

သဏ္ဍာန်လုပ် သရုပ်တူရုံမည်။ လေးဖြူတို့ ရင်မဖိုပါ။ အသား ချင်း ထိရုံမျှနှင့် ရင်ဖိုရမည်လော။

ဆည်လိုဆို ရန်ကုန်တုန်းက လိုင်းကားစီးတိုင်း ရင်ဖိုရလျှင် ရင်ဖိုရသောနေ့များအကြောင်း ရေးကုန်နိုင်ဖွယ်မရှိ။

သည်ကြားထဲက ယခု မိမိ၏ရင်လေး ဖိုနေသည်။ တစ်ခုခု အမှတ်မထင်။ ဩြော်....ယခုမှ အမှတ်ထင်ချင်ပါသလား။

လေးဖြူ၏ မျက်လုံးလေးများက ပြတင်းကိုကျော်၍ကောင်း ကင်ကို ကြည့်သည်။

နေ့ညာ၏ ကောင်းကင်ပြာတွင် ကြယ်လေးတွေ မျက်တောင် ခတ်ပြနေကြသည်။ လ ကိုတော့ မမြင်။ သို့ရာတွင် ကောင်းကင် တပြင်လုံး လ ရောင်နှင့် လင်းနေသည်။

မြေပြင်မှာလည်း လ ရောင်နှင့်။ ဩြော်...အရိပ်နှင့်။

လ ရောင်နှင့် အရိပ်။

အဲ့သည်တုန်းက လ မသာပါ။ ညပင် မဟုတ်။ ည မဟုတ် တော့ ဘယ်သို့ လ သာမည်နည်း။ သည်ကြားထဲက လ နှင့် ကြယ်တွေ။

မိမိ၏ ကိုယ်လေးက ယိုင်လည် ထွက်သွားသည်။ ဘာမှန်း မသိ ရုတ်တရက် ဟာခနဲ ဖြစ်သေတော့ မျက်စိတွေ ပြာ သွား

www.burmeseclassic.com

www.burmeseclassic.com

သည်။ ခဏကလေး အားလုံးမှောင်သွားသည်။ မိမိကိုယ်သည် မြေပြင်သို့ ကျလေပြီလော။

မိမိ၏ လက်မောင်းလေးတစ်ဖက်ကို မြဲမြံစွာ ဆုပ်ကိုင် လာသည်။

မြေပြင်မှာ ပြန် ရပ်လ ည်မိပြီ။ မျက်လုံးများကလည်း ဧ ချင်းမှာပင် ပြန်ကြည်လင်လာသည်။ သည်တော့ မြင်သည်။

လေးဖြူက လက်မြှင်းရှိုက်သည်။ အကြောင်းမဟုတ်၊ အရာ မဟုတ် ဘာ ကြောင့် အမှတ်ရယ် ထင်ရသနည်း။

လေးဖြူက မောင်တိန်လေးနှင့် စက္ကူပေါ်ခြစ်သည်။

အစိပ္ပာယ်မရှိသ ည့် မျဉ်းဖြောင့်၊ မျဉ်းတွန့်၊ မျဉ်းကောက် များ။ သည့်နောက်တော့....

'မောင်က လ ့ရောင်ပါ။

လ ့ရောင်ဆိုသည်က ဖြာဆမ်းပေးသည်။

တောတောင်ရေမြေတွေပေါ်မှာရော။ သစ် ပင်တွေပေါ်မှာရော။ ကျွန်မကိုယ်ပေါ်မှာရော။

ဒါကို သိရဲ့လား မောင်။

လ ့ရောင်ဖြာဆမ်းခံရတော့ အရိပ်လည်း ကျ ရသည်။ အဲဒါကိုရော သိပါသလား။



လမင်းကြီးက ဟိုဟာကိကမ္ဘာ့ခြမ်းမှာ သွား ဘာပေးရဦးမည်။ ကျွန်မ အပြစ်မတင်ပါ။ သဘာဝကိုး။

ဒါပေမယ့် အဲဒီကျတော့ ကျွန်မရဲ့ ကမ္ဘာ ခြမ်းက မှောင်သွားသည် မောင်။ မှောင်သွား သည်ဆိုတော့ အရိပ်ရှိပါတော့မလား။ အမှောင် ပေါ်မှာ အရိပ်ထင်ပါသလား။

အရိပ်ထင်သည် မောင်။ ကျွန်မ နှလုံးသား ကမ္ဘာမှာတော့ လ ့ရောင်မရှိပေမယ့် အရိပ်ထင် ပါသည် မောင်'

သိသည်။ လုပ်လိုက်ပြီ။ အလစ်ဝင်လုပ်လိုက်ပြီ။ မိလွှမ်း ပျော်က ဝင်လုပ်လိုက်ပြီ။

ခြေသံကြားရသည်။ မမကြီး ဝင်လာ၏။

'မအိပ်သေးဘူးလား မလေး'

မမကြီး အံ့ဩမေးသည်။ ဘယ်တုန်းက သည်အချိန် အိပ်ပျော်ရ နည်း။

'စာရေးမလို့'

မမကြီးက စားပွဲပေါ်မှ စာရွက်ကို လှမ်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



'အင်း....အဟင်း၊ ဒီတစ်ခါစာရေးတာက စက္ကူတစ်မျိုး ပါလား'

လေးဖြူ ဝတ္ထုရေးလျှင် ဖူးလ်စကက်ပ် အရွယ်စာရွက်ဖြူနှင့် ဖြစ်သည်။

ယခုက အပြာနုရောင်။ မျဉ်းပါသည့် စာရွက် အငယ်စား။

'ဝတ္ထုရေးတာမှ မဟုတ်တဲ့'

'ဩော်....ဩော်....စာရေးတာ၊ ဘယ်သူ့ဆီလဲ'

လေးဖြူ၏ လက်ဝါးလေးက စာရွက်၏ အပေါ်ပိုင်းကို အုပ်ထားမိသည်။

မမကြီးက ပြုံးစိစိဖြစ်သော်လည်း မျက်နှာသားက ကျေနပ်ဟန် ပြနေ၏။

မမကြီးမှာ တစ်ကြိမ်က မိန်းမချောတစ်ဦး ဖြစ်သည်။ ယခုလည်း ချောပါသေး၏။ သို့ရာတွင် မေးနှစ်ဆင့်ဖြစ်ပြုပြီ။ လည်ကုပ်မှာလည်း အခေါက်ထူပြီး ခါးရှိသေးသော်လည်း ဗိုက်ကစူပြီး တင်သားတွေက ပုံပျက်ပန်းပျက် ကားကားကြီး ထွက်နေ၏။

အိမ်နေရင်းဖြစ်သော်လည်း ကိုယ်မှာ ရွှေတွေ အတော်များသည်။ အင်္ကျီနှင့်ထဘီကလည်း သစ်သစ်လွင်လွင်၊ ယဉ်ယဉ် ကောင်းကောင်း။



ကောင်းကောင်းစားသည်။ ကောင်းကောင်း ဝတ်သည်။ ကောင်းကောင်းနေသည်။ အဟင်း....ကောင်း ကောင်း လည်း အိပ်ပျော်ကျသည်။

မမကြီးကိုကြည့်ပြီး လေးဖြူက စိတ်ကုန်သည်။

ငြိမ်းငွေ့စရာ၊ ပျော်စရာ။ ရင်ခုန်စရာဘာမျှမရှိသည့်ဘဝ။

အိမ်ထောင်ကောင်းကောင်းကျပြီး ကလေးကောင်းကောင်း ထိုင်မွေးနေသည့်ဘဝ။

အင်း...မေမေတို့ ဘွားဘွားတို့ကြိုက်သော မဟာစံပြဘဝ။

ဘာဝါသနာမျှမရှိ။ ကိုယ်ပိုင်ကြိုးပမ်းမှု တစ်ခုမျှမရှိ။ စိတ်ကုန်လိုက်ပါဘိ။

ဘာစာမျှလည်း ဟုတ္တိပတ္တိမဖတ်။ ဝတ္ထုရှည်တစ်ပုဒ်ကို အစ နည်းနည်းဖတ်။ ပြီးတော့အလယ်ကိုခုန်၊ ဟိုလှန်သည်လှန်လုပ်။ ဇာတ်သိမ်းလိုသိမ်းသည်ကြည့်။ ပြီးတော့ ဖတ်ပြီးပြီဆိုကာ တခေါခေါအိပ်ပျော်သည်။

လေးဖြူ ဝတ္ထုရေး၍ နာမည်လေး လူသိလာသောအခါ တွင်ကား ဝင့်ကြွားရကောင်းမှန်းသိသည်။

အမှန်က လေးဖြူ၏ဝတ္ထုတွေကိုလည်း အစအဆုံး ဘူ ဖတ်ဟန်မတူ။ တော်ပါသေး၏။

သေသေချာချာဖတ်၍ ဘာတွေရေးမှန်းသိ ပါက်....။

www.burmeseclassic.com

www.burmeseclassic.com



'မပြောဘူး....ရှက်နေလား'

'အန်—'

'ဘယ်သူ့ဆီရေးတာလဲလို့ မေးနေတာ'

'ဟိုဒင်း....ရန်—ရန်ကုန်ကို'

လေးဖြူက စာရွက်ပေါ် လက်ဝါးပို၍ဖိထား၏။

'အဲ—အဟဲ—မလှန်ဘူးလား'

'ဘာပြောတာလဲ'

'မနက်ကမှ ဟိုကပြန်သွားတာ'

'မမကြီးနော်....'

ရှက်စိတ်တစ်ဝက်၊ မခံချင်စိတ်တစ်ဝက်နှင့် လေးဖြူက အော်သည်။

ဟုတ်သည်။ သူ့ထံ မိမိက ဘာကြောင့်စာရေးရမည်နည်း။

မမကြီးကမူ လူ့သဘာဝကို အလွန်နားလည်သူတစ်ဦး၏ မျက်နှာပေးဟန်ပန်နှင့် ရယ်နေ၏။

ဘုရား—ဘုရား—လေးဖြူ ယခုမှသတိရသည်။

မိမိလုပ်ရမည်က ဘာနည်း။

သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် ကြိုးစားရမည်။

ခုနင်က မိမိသရုပ်ဆောင်လိုက်သည်မဟုတ်။

သဏ္ဍာန်တော့ ဟုတ်သွားသည်ထင်၏။



မမကြီးက ရယ်ခြင်းကိုရပ်လိုက်ပြီး တည်တည်ငြိမ်ငြိမ်ကြွင်ကြွင်နာနာဆို၏။

'မရှက်ပါနဲ့ ညီမလေးရယ်။ မမကြီးက ချစ်လို့ကျီစားတာပါ။ ဒါတွေဟာ ဓမ္မတာပါ။ လူ့ဓမ္မတာပါ'

ဓမ္မတာ။ နိယာမ၊ လော—။ ဒဿနစကားတွေ။

မမကြီးက ဒဿနပြောနေသည်။ မမကြီး၏ဒဿနမှ ဓမ္မတာဆိုသည်က ဘယ်ဟာနည်း။

လူကြီးတွေရှာပေးသည့်လူကို လက်ခံလိုက်။ အဲသည်လူက ခင်ပွန်းလောင်းဟုဘွားပြီး ရင်ခုန်လိုက်၊ လူသိမှာကိုတော့ရှက်လိုက်။ အဲဒါက ဓမ္မတာ။

နှလုံးသား၏ ရွေးချယ်ပိုင်ခွင့်။ ကိုယ့်ရွေးချယ်မှုနှင့်ကိုယ် ရင်ခုန်လိုက်။ အဲ့ဒါကတော့ ဓမ္မတာမဟုတ်ဘူးလော။

မမကြီးတို့အတွက်တော့ ဓမ္မတာမဟုတ်ဘူးထင်သည်။

လေးဖြူက မျက်လွှာလေးချပြီး နားထောင်နေသည်။ ဤအမူအရာကမူ မဆိုးဟု ကိုယ့်ကိုကိုယ်ထင်သည်။

ပါးလေးတွေများ ရဲနေမည်လား။ ရဲနေကောင်းရဲနေမည်။ ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ရှက်သည်လေ။

လေးဖြူက တောင်းပန်သည်။

မီးလှမ်းပျော်ကို တောင်းပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဆက်လုပ်ရမည်နည်း။ ဘာဆက်ပြောရမည်နည်း။ ဝတ္ထုထဲကအတိုင်း….။ အတိုင်း….။

လေးဖြူက မျက်လွှာများကို ဖြည်းညင်းစွာမ,၍ မကြီးကို မရဲတရဲကြည့်သည်။ မပွင့်တပွင့် လေးလေးခေါ်၏။

'မမကြီး'

'ဟင်…ဘာလဲ'

'သူ…သူ့မိဘတွေက လေးနဲ့ တကယ်သဘောတူတာလား'

'ဟဲ့….တူတာပေါ့။ တူလို့ တမင်လာကြတာ။ အဲ…သူ့အမေပါမလာတာကတော့ လာခါနီး ကောက်နေမကောင်းလို့။ ဟိုဒင်းလေ…နှလုံးသွေး အားနည်းတယ်ဆိုလား၊ အဲဒီရောဂါရှိတယ်။သူ့အဖေက အလုပ်တွေမအားတာကတစ်ကြောင်း။ သူက ယောကျ်ားဆိုတော့ လေး မျက်နှာပူပြီးရှက်မှာစိုးတာကတစ်ကြောင်း၊အဲဒါကြောင့် သူလဲပါမလာတာ။ သူက လေးဖေဖေရဲ့သူငယ်ချင်း။ သူက အရင် လေးကို ချွေးမတော်ချင်တာ။ သိပြီလား'

ချွေးမ…။

အဲ့သည်စကားကြီးကတော့ အသည်းယားစရာကောင်းသည်။



'ဟို…ဟို…အစကတည်းကတော့ ဘာလို့ ဦးလောက်ခင်ခင်မင်မင် မနေကြသလဲ'

'ဟဲ့…ခင်မင်တာပေါ့။ သူ့အဖေရော သူ့အမေရောက မော်လမြိုင်ဇာတိတွေပဲ။ မကြီးတို့နဲ့ သူ့အမေက သိကြတာပေါ့ဆိုရုံလောက်ပဲ။ တစ်ယောက်ဇာတ်မြစ် တစ်ယောက် သိကြတယ်လေ။ အဲ သူ့ဘွားဘွားနဲ့ လေး ဘွားဘွားကတော့ ခင်ကြတယ်။ ဒါကြောင့်လဲ သူ့ဘွားဘွားကိုယ်တိုင် လိုက်လာတယ်။ သူတို့မိသားစုမှာ သူ့ဘွားဘွားတော်ကြီးစားပဲ။ တို့ မိသားစုမှာလဲ တို့ဘွားဘွားတော်ကြီးစားပဲ'

လေးဖြူက စိတ်တွင်းမှ မှတ်ချက်ပြု၏။

အင်း….ဖြစ်ရမယ်မလား။

အဲသည် ဘွားဘွား ဆိုတာကြီးတွေ လက်တွင်းမှာ ပိုက်ဆံတွေ အများကြီး ရှိသည်ကိုး။

ဘွားဘွားတို့ခေတ်က ဆွေမျိုးဆက်လျှင် ပိုက်ဆံနှင့် အဆင့်အတန်းကို ဦးစားပေးပြီး ထည့်တွက်ကြည့်တတ်သည်။

ဇ…။ မော်လမြိုင်ဇ…။ တစ်ခါတုန်းက သူတွေက ဤသို့ အမည်ပေးထားသည်။

ခါချေးသရော မဖြစ်စေသောကြောင့် ဤသည်ကို လေးဖြူ သိသည်။ ဘာမှန်က မော်လမြိုင်ဇ မဟုတ်။ ဘွားဘွားပျို့ ပျော်ပွန်းစား၏ ဇ။

www.burmeseclassic.com

www.burmeseclassic.com



သည်လူတန်းစားမှာက သည်ဇ,ရှိသည်။ အဲသည်လိုဆိုတော့ ရန်ကုန်ဇ။ မန္တလေးဇ။

လေးဖြူ တွေးနေသည်ကို မမကြီးက ကြည့်ပြီးမေး၏။

'လေးက— ဘာစိုးရိမ်နေလဲ'

'ဟိုဒင်းလေ၊ လေး....လေးက စာရေးတယ်'

'အဲဒါ—ဘာဆိုင်လဲ'

'လေးက အချစ်တွေရေးတာ။ အလွမ်းတွေလဲရေးတာ'

'အဲဒီတော့....'

'တညီတညွတ်ပြောမယ်လေ။ ရည်းစားထားဖူးသူ၊ ရည်းစား များသူ—အဲ— အဲဒီလိုအထင်ကြဘူးလား'

'ကြံကြံဖန်ဖန် တောက်တီးတောက်တဲ့'

'လေးကတော့ တကယ်စိုးရိမ်တယ်'

မမက အားရပါးရ ရယ်ပြီးမှပြော၏။

'စိုးရိမ်မနေနဲ့။ သူ့အဖေက ဘာ လျှောက်ပြောနေသတဲ့လဲ။ သိရဲ့လား'

လေးဖြူက မမကြီးကိုကြည့်သည်။ မမကြီးကသာ သူ့အမေး သူဖြေ၏။



'သူ့အဖေက လျှောက်ကြွားနေသတဲ့။ သူ့ ချွေးမ လောင်းဟာ စာရေးဆရာမတဲ့။ ပြီးတော့ ဘာ ဟော့တ်တယ်တဲ့။ ဟော့တ်တဲ့ စာရေးဆရာမတဲ့။ အဲဒါ ဘာ ပြောတာလဲ'

'အို—ပြောချင်တာ လျှောက်ပြောတာ'

မမကြီးက ဆက်မမေး။

ဟော့တ်တာတွေ၊ မဟော့တ်တာတွေ မမကြီးကစိတ်ဝင်စားသူမဟုတ်။

ယခုအချိန် မမကြီး စိတ်ဝင်စားသည်မှာ တစ်ခုသာရှိမည်။ စီမံကိန်း။

ဘွားဘွား၊ မေမေနှင့် သူတို့၏ အိမ်ထောင် ကျကျနနချပေးရေး စီမံကိန်း။

'မမကြီး'

'အင်...'

'လေးတို့က ချက်ချင်း—ချက်ချင်း.... ဟိုဒင်း.... လက်—လက်ထပ်ရမှာလား'

'ဟဲ့—ဟုတ်သေးပါဘူး။ ပညာ သင်ကြရဦးမှာပေါ့။ လေးလဲ ပညာဆုံးအောင်သင်။ သူလဲ ပညာဆုံးအောင်

www.burmeseclassic.com

www.burmeseclassic.com



သင်။ ဘွဲ့လေးဘာလေးရတော့ ဧဟဲ— မင်္ဂလာဆောင်ဖိတ်စာရိုက်ရတာ ပိုကောင်းသေးတယ်။ ဟုတ်ဘူးလား'

ဟုတ်၏။ သိပ်ဟုတ်။

'မမကြီး'

'အေ…'

'အဲဒါဖြင့် ခုကတည်းက ဘာ… ဘာလို့… တွေ… တွေဝေနေရတာလဲ'

'ဘာလဲ။ ခုတွေ့လိုက်ရလို့ လေးက ဝမ်းနည်းနေသလား'

'ဟင်းနေဘဲ— မမကြီး'

ဤအကြိမ်တွင် လေးဖြူ လက်ပါသွား၏။

လှုပ်ဖိုး ဖောင်အိနေသော မမကြီး၏ လက်မောင်း ဝဝကြီးတွေကို လက်သီးလေးနှင့်ထု၏။

မမကြီးက တဟဲဟဲရယ်နေ၏။

'လေး— မမကြီးကို မှန်မှန်ပြောစမ်း'

'ဘာလဲ…'

'ကိုမျိုးလေးက မချောဘူးလား'

လေးဖြူက ငိုင်ငိုင်လေး တွေနေပြီးမှ ညည်းညည်းလေး ပြော၏။



'အဲဒါပြောတာပေါ့။ သူ… သူက သိပ်ချောတယ်'

'အင်း… ဒီတော့'

'လေး… လေး စိတ်… စိတ်ချရပါ့မလား'

မမကြီးက အားရပါးရ ရယ်နေပြန်၏။ ရယ်၍အားရမှဆို၏။

'သူ့စိတ်မှာရော အဲဒီလို မဖြစ်ဘူးတဲ့လား'

'ရှင်…'

'လေးကလဲသိပ်လှတယ်။ သူကော စိတ်ချရပါ့မလားလို့ စိုးရိမ်ရှာမှာပေါ့'

လေးဖြူက မျက်မှောင်လေးကြုတ်၍ ငြိမ်နေ၏။

မမကြီးက လေးဖြူ၏ ခုတင်ပေါ်၌ထိုင်ချသည်။

မမကြီး ဇလေးအနက် လက်ချောင်းရှိက်တော့မည်။ သူ့ကောင်းလေးနက်စေလိုလျှင် လေးငင်သော သူ့ခန္ဓာကိုယ်ကြီးကို ဤသို့ ထိုင်ချတတ်၏။

'ဆွေကြီးမျိုးကြီး။ ဘိုးကြီးဘွားကြီး— တဲ့။ တို့ဘုရားရှိခိုးတဲ့အခါ ပြောတာ'

လုပ်ပြီ— ဘာဆိုင်၍နည်း။ မမကြီးတစ်ယောက် လေးလေးနက်နက်ပြောပြီဆိုလျှင် မဆိုင်တာတွေကို ဆွဲထည့်ပြောတတ်၏။

'မမကြီးတို့ လေးတို့က အမြေအမြင်မရှိတဲ့သူတွေ မဟုတ်ဘူး၊ ဆွေကြီးမျိုးကြီး၊ ဘိုးကြီးဘွားကြီး။ သူတို့ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကလဲ ဆွေကြီးမျိုးကြီး၊ ဘိုးကြီးဘွားကြီး။ အိမ်ထောင်ပြုတော့မယ်ဆိုရင် ဒါတွေကို ထည့်စဉ်းစားရတယ်။ နားလည်ရဲ့လား’

လေးဖြူက ခေါင်းမညိတ်။ နားမလည်၍ မဟုတ်။

မမကြီးနှင့် မိမိ နားလည်မှုချင်းကမတူ။ ခြားနေ၏။

မိမိ နားလည်သည်က ဆွေကြီး မျိုးကြီး၊ ဘိုးကြီးဘွားကြီးတွေကို အမျှဝေပေးရသည်။

တော်တော်များများက သေကုန်ပြီမဟုတ်လား။ သည်တော့ အမျှဝေရသည်။

‘လေးကလဲ လှတယ်။ သူကလဲ ချောတယ်။ တက္ကသိုလ်လဲ ရောက်ကြပြီ။ တက္ကသိုလ်ဆိုတာက လူစုံ။ မိဘ ဆွေမျိုး မျက်စိအောက်လဲ မဟုတ်ဘူး။ သည်တော့ ပုထုဇဉ်ဆိုတာ ခက်သား။ တွေ့ချင်သူနဲ့တွေ့ပြီး ကြိုက်ချင် သူနဲ့ ကြိုက်သွားနိုင်တယ်။ ခုကတည်းက လေးနဲ့ သူ့ကို ပြထားမယ်။ လူကြီးတွေရဲ့ ရည်ရွယ်ချက်ကို ပြောပြထားမယ်၊ ဒီတော့ မှားနိုင်ပါတော့မလား။ ပိပ္ပလိ သတို့သားနဲ့ ဘဒ္ဒကာပိလာနိ သတို့သမီးတို့လိုပေါ့။ ရွှေရုပ်လို လှတာကို ပြထားမယ်။ ဒီတော့ ရွှေရုပ်တွေ၊ ကြွေရုပ်တွေကို ကြိုက်ကြပါဦးတော့မလား’



လုပ်လိုက်ပြန်ပြီ။ မမကြီးတို့ ငါ့စကားနားရလုပ်လိုက်ပြန်ပြီ။ ကြားထဲက လေးဖြူက ကြက်သီးထချင်သည်။

ပိပ္ပလိ သတို့သားဆိုသည်က အရှင်မဟာကဿပအလောင်း။ ဘဒ္ဒကာပိလာနီကလည်း သာသနာတော်၌ ထင်ရှားသော ရဟန္တာမထေရီတစ်ပါး။ ဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းတော်မူသော ပါရမီရှင်မောင်နှံနှစ်ဦး။

မိမိတို့နှင့် ဘာဆိုင်၍နည်း။

‘အဲ… ဆွေကြီး မျိုးကြီး ဘိုးကြီး ဘွားကြီး ဆိုတာက မိမိတို့ရဲ့သားသမီး မြေးမြစ်အနွယ်တွေကို အင်း….ဟိုဒင်း အနွယ် မပျက်စေချင်ဘူး။ ချမ်းသာ စေ ချင် တယ်။ ချမ်းသာသထက် ချမ်းသာစေချင်တယ်’

သိသည်။ ညီအစ်မချင်း ပေါင်းသင်း လာသည်မှာ ကြာ၍ သိသည်။

အလေးအနက်ပြောကာမှ မမကြီးတို့ ယုတ္တိဗေဒတွေက ဆန့်ငင် ဆန့်ငင်နှင့် တစ်ပေါင်ကျိုးပြီး ခုန်ချင်ရာ ခုန်ဆွသွားတတ်သည်။

ယခုလည်း ကြည့်လေ။ အနွယ်…တဲ့။

အနွယ်နှင့် ချမ်းသာတာ၊ ချမ်းသာသထက် ချမ်းသာတာ ဘာဆိုင်၍နည်း။

www.burmeseclassic.com

www.burmeseclassic.com



'စောင့်လမျိုးနွယ်၊ ဝက်ငါးသွယ်၊ ကျင့်ဖွယ်သားတို့—အဲ...သမီးလဲပါတယ်...တာ။ တာ...တဲ့။ လေးကစာရေးဆရာမပဲ။ မမကြီး အကဲတောင် သိချင်သိနေဦးမှာ'

ကြိတ်ပေး။ သည့်ဟာက အပျော့ဆွဲ။ စည်းရုံးမှု။ အဟင်း—သိသည်။ သိပ်သိသည်။

'မမကြီး ဝမ်းသာပါတယ်။ ဘွာဘွာ တို့ မေမေ တို့သဲ ဝမ်းသာပါတယ်။ လေးကလိမ္မာတယ်။ ဆင်ခြင်ဉာဏ်လဲ ရှိတယ်။ မမကြီး ဒီစကားပဲ ပြောတော့မယ်။ ဒီတော့ မစိုးရိမ်ပါနဲ့၊ လူကြီးတွေ ရှိပါတယ်။ တစ်ခုပဲ မမကြီး သတိပေးမယ်'

'ဘာလဲ'

'သူ့ကို သိပ်တော့ မလိုက်လျောနဲ့နော်။ ယောကျ်ားပေါ်မှာ နည်းနည်းလေး ဈေးကိုင်ထားတတ်ရတယ်။ သိပ်တော့လဲ ဈေးမကြီးရဘူး။ ဟိုဒင်း...ရွှေးပါးပစ္စည်းမှန်း သိရုံလေး။ ကဲ ကဲ...ရေး...ရေး၊ စာဆက်ရေး'

လေးနက်သောစကားတွေ ပြောပြီး သောကြောင့် ဖိုထားရန်မလိုတော့သဖြင့် လေးပင်သော သူ့ခန္ဓာကိုယ်ကြီးကို မ,ထပြီး မမကြီး အခန်းတွင်းမှ ထွက်သွားသည်။



လေးဖြူကာ ငိုချင်ရယ်ချင် ဖြစ်မိ၏။

ရယ်ချင်သည်က ပိုများနေသည်။

ပိပ္ပလိ သတို့သားနှင့် ဘဒ္ဒကာပိလာနီတို့အကြောင်း ကိုယ်လိုရာ ကိုယ်ဆွဲပြီး မမကြီးက ပြောသွား၏။ ထို့ကြောင့် ငိုချင်သည်။

ဗိနည်းပိဋကာသနီမှ အရှင်မဟာကဿပ၏ ရှေးအကြောင်းကို ပြခြင်းဟူသည့်အခန်းကို မမကြီးသေသေချာချာဖတ်ပါ၏လော။ ဖတ်မည်မထင်။

သူ့ထုံးစံအတိုင်း ဟိုလှန်သည်လှန်၊ ဟိုကျော် သည်ကျော် ဖတ်မည်။ ပြီးတော့ သူမှတ်ချင်တာ မှတ်ထားပြီး ပြောချင်ရာ လျှောက်ပြောသည်။

ဘဒ္ဒကာပိလာနီ ရွှေရုပ်လေးလို လှသည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ဘဒ္ဒကာပိလာနီက အိမ်ထောင်မပြုချင်။

သည်လိုပင်ပိပ္ပလိ သတို့သားကလည်း အိမ်ထောင် ပြုချင်။ နှစ်လုံးဦးက 'ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းကို အလိုမရှိ'။ ပိပ္ပလိ သတို့သားက—

'လူတို့ဘောင်တွင် ပျော်ရွှင်ခြင်းကို အလိုမရှိ' ဟုဆိုသည်။

ဘဒ္ဒကာပိလာနီက 'လာဖ်သားနေမှုကိုအလိုမရှိပါ' ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျီးသဲ လေးထပ်ဆရာတော်ဘုရားကြီးက ဤသို့ အလွန်ရှင်းသန့်သော မြန်မာစကားနှင့် ရေးခဲ့သည်။

သည်ကြားထဲ လူကြီးတွေက ဇွတ်ပေးစားတော့ နှစ်ကိုယ်ကြားတွင် အစိမ်းသန်ဖြင့် ပန်းကုံးအသီးသီး ထားအိပ်ကြသည်။ ပန်းကုံးတွေ မနွမ်း။

သူတို့နှင့်ဦး၌လည်း ကိလေသာ မငြိစွန်း။ ကာမဂုဏ်ကိလေသာနှင့် ငြိစွန်း နှောင်ဖွဲ့ ပျော်မွေ့ခြင်းကို လောကာမိသံ Lo ka misam ဟုခေါ်သည်။

ပိပ္ပလိ သတို့သားနှင့် ဘဒ္ဒကာပိလာနီတို့သည် 'လောကာမိသ' ဖြင့် ရေ ယှက်လျက် နှစ်သက်ခြင်းကိုပြုဟု ကျီးသဲ လေးထပ်ဆရာတော်ဘုရားကြီးက ရေးခဲ့သည်။

အမယ်လေး ... ကောင်းလိုက်သည့် မြန်မာစာအရေးအသား။

ဝတ္ထုတစ်ပိုဒ်ရေးစဉ်က ဤအကြောင်းလေးကို ကိုးကားချင်သောကြောင့် ဗိနည်းကာသနီကျမ်းကို ဖတ်ခဲ့သည်။

လောကာမိသဟူသော စကားကို နားမလည်သောကြောင့် ပါဠိအဘိဓာန်ကို ကြည့်ခဲ့ရသည်။

မိလွမ်းပျော်တို့က ငယ်ပါသည်။ စာရေးဝါ မရှိသေးပါ။ သိပ်လည်း မထတ်သေးပါ။



သို့ရာတွင် မပြီးပါ။ မညာပါ။ မသိလျှင်၊ မသေချာလျှင် မရေးပါ။

ဖြော် — မိမိကောင်းစွာ သိသော အကြောင်းကိုမှ ရွေးပြီး မမကြီးက ထင်တာတွေ ပြောသွား၏။

မမကြီး နားမလည်တာတစ်ခုရှိသည်။ ပိပ္ပလိသတို့သားနှင့် ဘဒ္ဒကာပိလာနီတို့၏ မိဘများဖြစ်သော ကပိလပုဏ္ဏား ဇနီးမောင်နှံ၊ ကောသိယပုဏ္ဏားဇနီးမောင်နှံတို့ ရွေးပေးသောလမ်းမှာ မလျှောက်။ သူတို့ရွေးသောလမ်းမှာသူတို့ လျှောက်ခဲ့သည်။ ထိုသည်သဘောကို မမကြီး မမြင် —။

ထိုကြောင့် ရယ်ချင်သည်။

အင်း — အဟင်း ... မမြင်တာပဲ ကောင်းပါ၏။

ကောင်းပါ၏။

လေးဖြူက စာရွက်ပေါ်တွင် ဖိထားသောလက်ကလေးကို ဖယ်လိုက်သည်။

'ဆရာရှင့်'

ဤစကားလေး သုံးလုံးဆီ မျက်လုံးက ပြန်ရောက်သွားသည်။

မူလမေးခွန်းလည်း ခေါင်းတွင်း၌ ပြန်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဤစာကို ရေးရမည်နည်း။ မိမိက မဂ္ဂဇင်းတိုက်များသို့ စာမူပို့လျှင် ဘယ်တော့မှ အပိုမရေး။ ဝတ္ထုပေးပို့လိုက်သည်။ ကြိုက်လျှင် သုံးပါရန် စသည်မျှသာ။

ဟုတ်သည်လေ။ ကြိုက်လျှင်သုံး။ မကြိုက်လျှင် မသုံးနှင့်။ အပိုတွေလျှောက်ရေး၍လည်း ဘာထူးမည်နည်း။

ပြီးတော့ မိမိ၏စာကို တကယ်ကြိုက်မှ သုံးစေချင်သည်။ မကြိုက်ဘဲ အခြား အကြောင်းကြောင့် မိမိစာကို သုံးမည်ကိုလည်း မိမိက မကြိုက်။

နံနက်က ဘုတာရုံ၌ တွေ့စဉ် ရထားထွက်ခါနီး ဆရာမိန်းနွေက ရန်ကုန်ရောက်လျှင် တိုက်သို့ဝင်လည်ပါဟု ဖိတ်ခေါ်သွားသည်။

ရန်ကုန်ရောက်လျှင်...။

လေးဖြူက ပြုံးမိသည်။

မိမိက ရန်ကုန်တက္ကသိုလ်ဘွင် တက်နေသူ။ သည်တော့ စာမူများ ပို့လျှင် ရန်ကုန်မှပင် အပို့များသည်။ စာတိုက်မှပင် ပို့သည်။ မဂ္ဂဇင်းတိုက်သို့ကို မသွား။ ဘယ်အယ်ဒီတာဆို ဟုတွေ့က မိမိကို ဖြူသလား မည်းသလား မသိစေလို။



လေးဖြူက လေးဖြူ...။

မိလွှမ်းပျော်က မိလွှမ်းပျော်။

မိလွှမ်းပျော်ကို မိလွှမ်းပျော်အဖြစ်ပဲ သိစေချင်သည်။

မိလွှမ်းပျော်ဆိုသည်က စာရွက်ပေါ်မှာပဲ ရှိသည်။ သည်တော့ စာတိုက်က သွား။ စာရွက်ပေါ်က အမည်အဖြစ် သွား။

လေးဖြူတို့ကတော့ မသွား။

ယခု ဆရာမိန်းနွေက တိုက်သို့ ဝင်လည်ဖို့ ဖိတ်သွားသည်။ လေးဖြူကိုလား...။ မိလွှမ်းပျော်ကိုလား...။

လေးဖြူက ပင့်သက်ကို ရှိုက်မိသည်၊ စိတ်တွင်း၌လည်း ညည်းမိသည်။

ရွှေချယ်သောလမ်း။

မိလေးဖြူ... ညည်း ရွှေချယ်သောလမ်း...။

ဩော်...ရန်ကုန်ကျလျှင် တိုက်သို့ အလည်သွားရတော့မည်။ မသွား၍က မဖြစ်တော့။

မိလွှမ်းပျော်အဖြစ် မဟုတ်ပါ။ လေးဖြူအဖြစ်။

မိလွှမ်းပျော် ရေးသောဝတ္ထုအတွက် မဟုတ်။ လေးဖြူရေးသော ဝတ္ထုအတွက်...။

ဩော်...သည်စာကိုလည်းလေးဖြူ အဖြစ်ပဲ ရေးရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးထားသော စာရွက်ပေါ်၌ မိလွှမ်းပျော် ဝင်နှောက်သွားတော့ စာရွက်သစ်တစ်မျက်နှာသို့ ကူးရသည်။

'ဆရာရှင့်'

ရှိသေလေးစားစွာဖြင့် လေး စာရေးလိုက်ပါသည်။

မမျှော်လင့်လဲ ဆရာနှင့် လေး နှစ်ခါဆုံခဲ့ရတယ်။ ပထမဘစ်ခါမှာတော့ ဆရာ့ကို ဘယ်သူမှန်း လေး မသိခဲ့ပါဘူး။ မသိဘူးဆိုတာက ဟို...ဟို...လေးနဲ့ဆရာ ဝင်တိုက်မိကြတုန်းက...

ဒါပေမယ့် လေးတို့နားက ဆရာ ထွက်သွားပြီးပြီးချင်း ဆရာ ဘယ်သူလို့ လေး သိခဲ့ရတယ်။

လေးလေ... ဆရာ ကည်းခိုရာကို စုံစမ်းပြီး လာတွေ့ချင်ခဲ့ပါတယ်။ ဆရာဟာ လေး ကြည်ညိုနှစ်သက်တဲ့ကဗျာဆရာ၊ စာရေးဆရာကြီးပါ။

တစ်နည်းဆိုလျှင်လည်း လေးတို့ အားကျအတုခိုးယူခဲ့ရတဲ့ မြင့်ဆရာတစ်ဦးပါ။



ဆရာက မော်လမြိုင်ရောက်နေတော့ လေးတို့က အိမ်ရှင်ပေါ့။ ဒါကြောင့် ဆရာ့ကို လေး လာတွေ့ချင်ခဲ့တယ်။

ဒါပေမယ့် ဆရာက 'နှလုံးသား သစ္စာ' မဂ္ဂဇင်း အယ်ဒီတာတစ်ဦး။ လေးက မဂ္ဂဇင်းတွေဆီ ဝတ္ထုပို့နေတဲ့ ကလောင်သစ်တစ်ဦး။

လေး ဘယ်လိုပြောရမလဲ။

လေး မှားလျှင် ဆုံးမပါ။ လေးက စာပေရေးရာဆက်ဆံမှုကို ပုဂ္ဂိုလ်ရေးရာ ဆက်ဆံမှုနဲ့ စည်းတားခွဲခြားထားချင်တယ်။

ဆရာယုံပါ့မလား။

ဒီစာကို ရေးရဘာတောင် လေးအတွက် အတော်ခက်ဘယ်။

ဩော်...နောက်မှ စဉ်းစားမိတယ်။ လေးနဲ့ ဆရာတွေ့ဆုံမှုက မိလွှမ်းပျော်နဲ့ ဦးမိန်ခနွေတွေ့ဆုံခြင်းမှုမဟုတ်ဘဲ။ ဟောဒီကမ္ဘာ့ဒလာကကြီးမှာ ဖြစ်တတ်ကြတဲ့ လူသားနှစ်ဦးရဲ့ မမျှော်လင့်သော တွေ့ဆုံမှုမျိုးပဲ။

မြင့်မြင့်ချင်းပဲ လူသားသက်သက် တစ်ဦးအဖြစ် ဆရာ့ကို လေး လေးစားချစ်ခင် ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ ဆရာက သိပ်အေးချမ်းပြီး သိပ် ကြင်နာတတ်တဲ့ လူကြီးလူကောင်း တစ်ဦး။ အဲဒီလို လေး ခံစားသိနှင့် သိလိုက်ရတယ်။

ပြီးတော့ ဆရာ့မှာ ဆရာသိပ်ချစ်တဲ့၊ သိပ်လှတဲ့ မွန်မွန်ဆိုတဲ့ တူမလေးတစ်ယောက် ရှိတယ်တဲ့။ အဲဒီ မွန်မွန်ကိုလဲ မမြင်ဖူးပဲနဲ့ အဝေးကနေ လေးက ခင်မင်နေမိပြန်တယ်။

ဆန်းတယ်နော် ဆရာ။

လေး ဆရာ့ကို ပြောမိခဲ့သလို ဟောဒီ လောကကြီးကပဲ ကျဉ်းလေ့တာလား။ သံသရာဆိုတဲ့ စက်ကြီးကပဲ ဝေးတာတွေကို နီးအောင် လုပ်တတ်လေသလား။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် လေးဖြူအနေနဲ့ ဦးစောသန့်ဆီကို လိပ်ပြာသန့်သန့် စာရေးရဲခဲ့တယ်။

ရန်ကုန်ရောက်ရင် ဆရာမိုဘ်တဲ့အတိုင်း ဆရာ့ဆီကို လေး လာလည်ခဲ့ပါမယ်။

လေးစားခင်မင်မှုဖြင့်

လေးဖြူ



လေးဖြူက စာကို အကြိမ်ကြိမ်ပြန်ဖတ်သည်။

သိပ်တော့ မကျေနပ်။

လေးဖြူ၏စာတွင်းမှာ မိုးလွမ်းပျော်၏ လက်ရာ နည်းနည်း ခိုးပါနေသည်ထင်၏။

မတတ်နိုင်ပါ၊ သည့်ထက်တော့ မတတ်နိုင်တော့ပါ။

မိုးလွမ်းပျော်ကို လေးဖြူသည်လောက်ပဲ နိုင်ပါသည်။ မိုးလွမ်းပျော်ချည်း လွှတ်ပေးလိုက်လျှင် သူဘာတွေ လျှောက်ရေးမည် နည်း။

မူသရေးမဲ့သော စာမျက်နှာဟောင်းက စာမျက်နှာသစ်ပေါ် ထပ်ကျလာ၏။

မိုးလွမ်းပျော် လက်ဦးပေ ည့်ရာ လျှောက်ခြစ်ခဲ့သောစာကြောင်း ကို မြင်သည်။

'ဒါပေမယ့် အဲဒီကျတော့ ကျွန်မရဲ့ ထမ္ဘာ ခြမ်းက မှောင်သွားသည့် မောင်။ မှောင်သွား သည်ဆိုတော့ အရိပ်ရှိပါတော့မလား။ အမှောင် ပေါ်မှာ အရိပ်ထင်ပါသလား။

အရိပ်ထင်သည့်မောင်။ ကျွန်မ နှလုံးသား ကမ္ဘာ မှာတော့ လ ရောင်မရှိပေမယ့် အရိပ်ထင် ပါသည့်မောင်'

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

ဦးကျော်ဦးက သူကိုယ်တိုင်စပ်ထားသော ဝီစကီနှင့် ဆိုဒါခွက်ကို ဦးခင်မောင်ဆွေရှေ့ ချပေးသည်။

'ကဲ...ကိုဆွေ လုပ်။ အမှန်က ဒီနေ့ဂုဏ်ပြုရမှာ မောင်ရင့်ကို မဟုတ်ဘူး။ နွဲ့ဝင်းကို။ မြထွေးက မလိုက်နိုင်လို့ မေမေနဲ့ နွဲ့ဝင်းကို ထည့်လိုက်ရတာ။ အဲ...ဒါမျိုးဆို နွဲ့ဝင်းကို အားကိုးရတာ ကိုယ်အစကတည်းက သိသားပဲ။ မြထွေးဆိုရင် ဒီလောက် ဟန်ချင်မှဟန်မယ်။ ...ဘော့... မစ်ရှင်...ဆပ်ဆက်စ် ဖူးလ်။ ချီးယားစ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နှင့် ဦးခင်မောင်ဆွေတို့က ဝီကေို တင်ကျိုက်ဝ် သောက်ကြ၏။

ဦးခင်မောင်ဆွေနှင့် ယှဉ်တွဲထိုင်နေသော ဒေါ်နွဲ့ဝင်းက ဝင် ပြော၏။

'ဒါပေမယ့် ဗီနွေ့ အစ်ကိုကျွေးတာ စားရမှာ အဝင်း လိုပ်ပြာမသန့်ဘူး'

'ဟော—ဘာပြုလို့'

'အဝင်းတို့ ဝင်ပြီး သိပ် ဝါရိုက်တာမလုပ်လိုက်ရပါဘူး။ ဇာတ်လိုက်မင်းသားနဲ့ မင်းသမီးက သူတို့ဘာသာသူတို့ သေသွားကြတာ'

'ဟော….ဘယ်လို'

ဒေါ်နွဲ့ဝင်းက တစ်ချက်ရယ်၏။

'သားရှင်ဘက်က လိုက်ရတာ သိပ်ကောင်း။ အဟင်း— ပြောရမှာတော့ အားနာသား'

'ဟာ….လုပ်စမ်းပါ နွဲ့ဝင်းရ။ အသေးစိတ်လေးတွေသိချင် လို့ ချက်ချင်း ထမင်းဖိတ်ကျွေးရတာ။ မေမေ့တော့ ဘယ်မေးလို့ ကောင်းမလဲ'

'နို့….အစက ဂုဏ်ပြုကျွေးတာဆို။ အခုတော့ အသေး စိတ် သိချင်လို့ ဖြစ်ရပြန်ပြီ။ အဲဒီလိုဆိုနောက်ထပ်တစ်ပွဲ'



'ကျွေးဆိုလဲ ထပ်ကျွေးပါမယ် အဝင်းရယ်။ ဇာတ်လမ်း လေးတော့…. ဇာတ်လမ်းလေးတော့။ သိချင်သေးတယ် လေ။ ဟုတ်ဘူးလား မြထွေး'

ဦးကျော်ဦး၏အေးမှ ဒေါ်မြထွေးက မဖြေ။ သိတော့သိချင် သည်။ ဘာတွေဖြစ်ခဲ့သနည်း။

ဒေါ်နွဲ့ဝင်းက အမြည်းပန်းကန်တွင်းမှ ကြက်သည်းကြော် တစ်ဖတ်ကို ခက်ရင်းနှင့်ယူ၍ စား၏။

စပတ်ကလင် တင်ကျိုက်သောက်ပြီးမှ ပြောသည်။

'စိတ်ကူးထဲမှာ မြင်ကြည့်။ နွေရဲ့ စက်ဝဲကမ်းခြေသောင် ဖြူကြီးကလဲ လှလှ။ ပင်လယ်လှိုင်းတွေကလဲ တရိပ်ရိပ် တက်လို့။ အဲဒီနောက်ခံကားမှာ အင်မတန် ချောတဲ့ ကောင်လေးနဲ့ ကောင်မလေးက တစ်ဦးလက် တစ်ဦး တွဲလို့'

'ဟော…ဟော—ဘယ်လို။ ငါ့ချွေးမလောင်းမှ စာရေး ဆရာမှတ်တယ်။ ခုငါနှမကပါ စာရေးဆရာမဖြစ်သွား ပြီလား'

ဒေါ်မြထွေးက ဘာမျှမစား။ စပတ်ကလင်ကို အနည်းငယ် ငုံသောက်လျက်က ဒေါ်နွဲ့ဝင်းကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ယောက်မ။ ယောက်မဖြစ်သော်သည်း ညီမပမာဖြစ်သ
သည်။

ခေတ်မီသည်။ ဖော်ရွေသည်။ ပျော်တတ်သည်။

အထူးသဖြင့် သူများသားသမီးတွေ အိမ်ထောင်ကျအော
လိုက်စပ်ပေးရသော အလုပ်မျိုးမှာ ပို၍ပျော်တတ်သည်။

လူပျိုအပျိုတွေလျှင် မိဘများက ပူဖို့မသို။ အဝင်းကဝင်ပြ
ပူပူပန်ပန် နေရာချပေးတတ်သည်။

ဘယ်သူ့သားလေးနှင့် ဘယ်သူ့သမီးလေး။ ပေးစားကြ
လျှင် မကောင်းဘူးလား။

သူနှင့် ခင်မောင်ဆွေမှာတော့ သားသမီးတစ်ယောက်မျှမရှိ
၍သည်အတွက် သူများ သားသမီးကိစ္စတွေတွင် အဝင်း တ
ယောက် စိတ်ပါဝင်စားလေသလော မသိ။

ဒေါ်နွဲ့ဝင်းက နုတ်ပြီးမှ လှအောင် ပြန်ဆွဲထားသော သူ
မျက်ခုံး မျှင်မျှင်ဘင်ဖက်ကို မ,တင်လျက်ပြော၏။

'ဇာတ်လမ်းက အဟဲ....ရိုမင်းတစ်ဖြစ်တယ်မဟုတ်လား
ဒီတော့ပြောတဲ့လူကလဲစာရေးဆရာလိုဖြစ်သာဘာပေါ့'

ဦးကျော်ဦးက စိတ်မရှည်ဟန် ပြော၏။

'အဝင်း....နိဒါန်းသိပ်မရှည်နဲ့ဟျှာ။ ပြောမှာသာ ပြော
စမ်း'



'နိဒါန်းရှည်နေတာ မဟုတ်ဘူး။ တကယ်ဖြစ်တာ ပြော
နေတာ'

'ကဲပါ၊ ပြောပါ'

'အစကတော့ ခက်ရပြီထင်တာ။ မိန်းကလေးက တော်
တော်တန်းတယ်။ ရုပ်လေးလှသလောက် စိတ် တော်
တော်ဆက်ပုံရတယ်။ တော်တော်လေးကို ဘာသိဘာသာ
နိုင်တယ်။ အဲ—ကိုမျိုးကလဲ တစ်ဒုက္ခ'

'ဘာလဲ...သားက သိပ်ပူဆာလို့လား'

'ဘယ်ဟုတ်ရမလဲ။ သူကလဲ ငိုင်တိုင်တိုင် ငူတူတူနဲ့။ ဘာနဲ့
တူလဲဆိုတော့၊ ဟိုဒင်း—ရုပ်ရှင်ကြည့်ချင်တဲ့ ကလေး...
ဘုန်းကြီးကျောင်း ခေါ်သွားမိသလိုပဲ'

ဦးခင်မောင်ဆွေက ပြုံးရုံသာ ပြုံးနေသော်လည်း ဦးကျော်
ဦးက အားရပါးရရယ်သည်။

'ဘုန်းကြီးကျောင်း ကျကာမှ မထီးတူမ သမ္ဘာလနဲ့
တွေ့တဲ့ ကျန်စစ်သားလို ဖြင်သွားရောလား'

'အား—အား....အစင်ပဲ။ သမ္ဘူလ။ လေးဖြူကို ငယ်
ငယ်ကသာ တွေ့ဖူးတာ။ အခု ကြီးမှတွေ့တော့ ဟာ—

www.burmeseclassic.com

www.burmeseclassic.com



‘တကယ်လှတာပဲ။ အစ်ကိုဦး ချွေးမလောင်း ရွေးတာ သိပ်တော်တယ်’

ဦးကျော်ဦးက သူ့ဇနီးဘက် လှည့်ပြော၏။

‘ကြားလား မြထွေး’

ဒေါ်မြထွေးက ရိပ်ရိပ်သာပြုံးပြ၏။

အဝင်းပြောနေပုံအရ သားက နှစ်သက်ခဲ့ဟန်ရှိသည်။ သား နှစ်သက်လျှင် ပြီးပါသည်။ သားမနှစ်သက်လျှင်မူ...။

ဒေါ်မြထွေးက အတွေးကို ရပ်ထား၏။

ဦးခင်မောင်ဆွေ၏ ဖန်ခွက်တွင်း၌ ဝီစကီကုန်သွားပြီ။ ဦးကျော်ဦး၏ ဖန်ခွက်မှာ အရာသိပ်မယွင်းသေး။

ဦးကျော်ဦးက ဦးခင်မောင်ဆွေ၏ ဖန်ခွက်ဘက်သို့ ရွှေရောင်ဘုလုံးသီးတပ်ထားသည့် ‘ဒင်ပယ်လ်’ ဝီစကီပုလင်းမှ ဝီစကီ တစ်ပက် ထပ်ထည့်ပေး၏။ ဦးကျော်ဦးက ဆိုဒါပုလင်းကို ကိုင်၍ စပ်ပေးမည်ပြုသောအခါ ဦးခင်မောင်ဆွေက လက်ကာ၍ တား၏။

‘ကျွန်တော့်ဘာသာစပ်မယ်’

‘ဘာလဲ...ငါစပ်တာ ပေါ့နေသလား’

‘အင်း...အဟင်း...



ဦးကျော်ဦးက ယောက္ခမကို တစ်ချက်တော့ကြည့်၏။ ဘာမျှ မပြော။

ဦးခင်မောင်ဆွေက ဆိုဒါနည်းနည်းသာထည့်၏။

ဖန်လက်ဆွဲချိုင့်ပြားလေးတွင်းမှ ရေခဲတုံးသေးများကို ငွေရောင်ညှပ်နှင့် လေးငါးတုံးယူထည့်၏။

‘ကဲ...အဝင်း။ ဆက်ပြော၊ အဲ...ညပြောအောက်ကြည့်တဲ့။ သားရော...မြထွေး’

‘ညနေကတည်းက သူ့သူငယ်ချင်းတွေဆီ ထွက်သွားတယ်’

‘ကောင်းတယ်။ သူ့အကြောင်း ကိုကိုတို့ပြောတာသိရင် ရှက်နေဦးမယ်။ ငါ့သားကရှက်တတ်တယ်။ အဲ...အဲဒီ ရှက်တတ်တဲ့ကောင်က ဘယ်လိုဖြစ်သွားသလဲ။ ဆက်ပြောကွာ အဝင်း’

‘ခုနင်တုန်းက ဒါရိုက်တာကွေ့ သိပ်မလုပ်လိုက်ရပါဘူးလို့ အဝင်းပြောခဲ့တယ်။ အဲဒါကို လေးရဲ့...မမကြီး ကြားရင် သိပ်သဘောတူမှာမဟုတ်ဘူး’

ဦးကျော်ဦးက မေး၏။

‘ဘာပြုလို့’

www.burmeseclassic.com

www.burmeseclassic.com



'သူဖန်တီးတဲ့ အခြေအနေလေးတွေ ပါတယ်လေ။ သူ့မက်သပ်ဒ်က မဆိုးဘူး။ ရိုးရိုးလေးပဲ။ အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိ။ အဲဒီ ပဝေဏီက မက်သပ်ဒ်ကို ခေတ်မီအောင် ပြုပြင်သုံးလိုက်တာပဲ'

ဒေါ်မြထွေးက အဝင်းဆီ တစ်ချက်စိုက်ကြည့်သည်။

အိုးချင်းထား...အိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိ။

ဤစကားကိုမှ အဝင်းက ဘာကြောင့်သုံးလိုက်ရသနည်း။ အခြားစကား မရှိဘူးလော....။

ဒေါ်မြထွေးက ဦးခင်မောင်ဆွေဆီ မသက်မသာလေးလှမ်းကြည့်သည်။

သည်ကောင်ကတော့ အရက်ကိုသာ မြတ်မြတ်နိုးနိုး စုပ်သောက်နေသည်။

အင်း.... မိမိမောင်ကဲ့သို့ ယောကျ်ားတွေသည် ကံကောင်းကြသည်ထင်၏။ မေ့စရာတွေ။ မေ့အောင်လုပ်ဖို့ အထောက်အကူတွေ။ အခြေအနေ ပတ်ဝန်းကျင်တွေ....။

အရက်ခွက်ကို ကိုင်ထားသော ဦးခင်မောင်ဆွေ၏လက်သည် မသိမသာလေးတုန်နေမှန်း ဒေါ်မြထွေး သတိပြုမိ၏။

ဒေါ်နွဲ့ဝင်းကသာ ဆက်ပြော၏။

'သူက မော်ဒယ်မြို့တစ်ဝိုက် ခရီးထွက်လျှောက်လည်ကြဖို့ အစီအစဉ်လေးတွေဆွဲပေးတယ်လေ။ လွတ်လွတ်လပ်လပ်



လှမ်းလျှောက်နိုင်ကြတယ်။ စကားပြောနိုင်ကြတယ်။ နီးစပ်နိုင်ကြတယ်။ အထူးသဖြင့် စိတ်ကူးယဉ်တတ်တဲ့ အရွယ်လေးတွေကို စိတ်ကူးယဉ်ရာကောင်းတဲ့ နေရာလေးတွေဆီ ခေါ်သွားရင် ဘာဖြစ်မလဲ'

ဦးကျော်ဦးက စားပွဲကို လက်ဝါးနှင့်ပုတ်လိုက်ပြီး အားရပါးရဆို၏။

'ရိုက်တ်...။ဆိုက်ကော်လက်ဂျီ ၊ တိုင်ယင်ဝယ်က ကောင်မလေးတွေနဲ့ ပင်အနှစ်တွေအာဝေးသွားတာ ။ တစ်ခါတလေ တစ်မြို့တစ်ရွာသွားလည်တုန်း အိမ်ခံကောင်မလေးတွေနဲ့ ဘုရားဖူးတာကအစ ပိုလျှောက်လည် ဒီလျှောက်လည်လုပ်တယ်။ အံမယ်.... သဘာနဲ့ မလှတဲ့ ကောင်မလေးတောင် လှလာသလိုလို။ ခွဲခွာရတဲ့အခါ လွမ်းသလိုလို ဘာလိုလို။ ဆောရီး...ထွေး။ ကိုကို့ကို ခွင့်လွှတ်နော်'

ဒေါ်မြထွေးက မည်သို့မျှခံစားမှုမပြသော မျက်နှာဖြင့် လင်တော်မောင်ကိုကြည့်သည်။ ခွင့်လွှတ်ဖို့မလိုပါ။ ပြီးတာတွေအားလုံးက ပြီးခဲ့ပြီ။

ဒေါ်နွဲ့ဝင်းက သဘောကျ၊ သဘောတူဟန် လိုက်ရယ်ပြီးမှ ဆို၏။

'အစစ်ပဲ...အစစ်ပဲ။ ဒါပေမယ့် လေးဖြူက သဘာနဲ့မလှတဲ့ ကောင်မလေးမဟုတ်ဘူး။သဘာနဲ့လှတာထက်ပိုလှတဲ့

www.burmeseclassic.com

www.burmeseclassic.com



'ကောင်မလေး။ ကိုမျိုးကလဲ အင်မတန်ချောတဲ့ကောင်ကလေး....။ အဲဒီတော့—'

ဒေါ်နွဲ့ဝင်းသည် သူ့စကားများကိုသူ သဘောကျဟန်နှင့် ရယ်နေပြန်၏။

'အဲဒီတော့...ဘာဖြစ်သလဲ'

'အိုးလှလှလေးနှစ်လုံး ထိထိသွားလိုက်တာ။ စက်ခဲကျ တော့....ဟော....လက်လေးတွေ့တဲ့လို့'

ဦးကျော်ဦးက ဒေါ်နွဲ့ဝင်းနှင့်အတူ အားရပါးရ လိုက်ရယ်၏။ ထို့နောက် ဆိုဒါရောထားသည့် ဝီစကီ လက်သန်းလုံး မျှသာရှိသော သူ့ဖန်ခွက်ကို မြှောက်၍အော်၏။

'ကိုဆွေ....။ ကံပေ့ဟေ့'

သမီးယောက်ဖနှစ်ဦးက ခွက်ပြောင်အောင် မော့သောက်ကြသည်။

ဦးကျော်ဦးက ဦးခင်မောင်ဆွေ၏ဖန်ခွက်တွင်းသို့ နောက်ထပ်တစ်ပက် ထည့်ပေး၏။ မိမိခွက်တွင်းသို့မူ တစ်ခါငှဲ့ ပက်ဝက်သာထည့်၏။

ဒေါ်မြထွေးက သူ့လင်တော်မောင်ကိုကြည့်သည်။

ကိုကို—ခါတိုင်းထက် ပက်ဝက်ပိုသောက်သည်။ တော်တော် ပျော်နေသည်ထင်၏။



ဦးခင်မောင်ဆွေ၏ မျက်နှာကွက်လည်း သွေးရောင်လျှမ်းလာ၏။ သူ့လက်တွေကလည်း မတုန်တော့။

သူ့မျက်နှာမှာလည်း အသက်ဝင်လာ၏။ ရှေးဦးစွာအဖြစ် စကားဝိုင်းတွင်း သူဝင်၏။

'အစ်ကိုဦးကြည့်ရတာ သိပ်ကျေနပ်နေပုံရတယ်။ ဟုတ်လား'

'အေးပေါ့ကွ'

'ဘာပြုလို့'

ဦးကျော်ဦးက မျက်လုံးပြူးလျက် ယောက်ဖကိုကြည့်သည်။ ဒီကောင် မေးစရာမလိုသောမေးခွန်းကို မေးသည်။

မူးနေပြီလား—။ နှစ်ပက်လောက်နှင့် မမူး တတ် သော ယောက်ဖအကြောင်းလည်း သိသည်။

ဦးကျော်ဦးက အပြုံးမပျက်ဘဲ တည်တည်ရှင်းပြ၏။

'လူဆိုတာ ကိုယ်စီမံတာအောင်မြင်ရင် ကျေနပ်စမြဲပေါ့ကွာ'

'အိမ်ထောင်ရေးဆိုတာဟာ စီမံရတဲ့ကိစ္စလို့ အစ်ကိုဦးက ယူဆထားတယ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဆေးလော၊ လောကမှာ စီမံရေးတွေ အများကြီးရှိတယ်။ အဲဒီထဲမှာ သားသမီး အိမ်ထောင်ရေးအတွက် စီမံပေးမှုဟာ အရေးအကြီးဆုံးပဲ'

'ဘာပြုလို့—'

'ဟာ—လာပြန်ပြီ ဘာပြုလို့။ ဝတ္တရားကွ'

'ဝတ္တရားဆိုတာနဲ့ စီမံပေးမှုဆိုတဲ့ စကား နှစ်ခုက အဓိပ္ပာယ်မတူဘူးထင်တယ်'

'ဘယ်လို... ဘယ်လို'

'တချို့ကိစ္စတွေမှာ ဝတ္တရားနဲ့စီမံပေးမှုဟာ တွဲနေတတ်တာ ကျုပ်တော်မငြင်းဘူး။ အိမ်ထောင်ရေးကျတော့ ဝတ္တရားကို လက်ညှိုးထိုးပြပြီး စီမံပေးကြတာတော့ ကျုပ်တော် ဘဝင်မကျချင်ဘူး။ ဘာပြုလို့လဲဆိုတော့ အစီမံခံရတဲ့လူတွေ ရှိနေလို့ပဲ။ လူမှာက နှလုံးသားရှိတယ်။ နှလုံးသားဟာ အစီမံခံတိုက်သလား'

ဒေါ်နွဲ့ဝင်းက ဦးခင်မောင်ဆွေကို လှမ်းကြည့်၏။

'မောင်—ဘာတွေလျှောက်ပြောနေတာလဲ'

ဦးခင်မောင်ဆွေက ဇွန်းကို လက်ကပြ၏။

'အရက်မူးလို့ ကျွန်းပေါ်နေတာကွ'

'အိုး—ဘာစကားလဲ'



ဒေါ်မြနွေးက ဦးခင်မောင်ဆွေကို ထိတ်လန့်တကြားလေး ကြည့်မိ၏။

ဘာကျွဲခိုးမှုစောက ပေါ်မလိုနည်း။

ဦးခင်မောင်ဆွေက ရယ်၏။ သူ တည့်နေတုန်းက မျက်နှာမှာ ရှည်၍ ပူနွေးသည်ရှိသည်။ ရယ်လိုက်တော့ သူ့တွင် မိမိသားနှင့် ချုပ်ချက်ဆင်သည်။ မိမိနှင့်သူက....မောင်နှမ မောင်ဝယ်ဆိုခတော့ အင်း—ချစ်ခဲ့ရသည်။ မိမိက သိပ်ဘုရ်ခဲ့ရသည်။ သူကလည်း မိမိကို ချစ်ရှာပါသည်၊ မိဘများကိုလည်း ချစ်ရှာပါသည်။ သား လိမ္မာတဲ့ကို ယူခဲ့သည်။

သူငယ်ငယ်ကပုံက ယခု မိမိ၏သားနှင့်တူသည်။ ရုက်တတ်သည်။ ကြောက်တတ်သည်။ သတ္တိမရှိ။ သို့ရာတွင် ယခု—မောင် လိမ္မာ...သားလိမ္မာကြီးက အရက်ခွက်နှင့်။

ဒေါ်မြနွေးက အတွေးစော် ရပ်ပစ်လိုက်ရပြန်၏။

ဦးခင်မောင်ဆွေက ဆက်ပြောနေ၏။

'အခုနက ကိုယ် အရက်မမူးသေးပါဘူး။ ဒါပေမယ့် ပြောချင်တာကြာပြီ'

ဦးကျော်ဦးက မေး၏။

'ဘာကိုလဲ—'

'နှလုံးသားဆိုတာဟာ အစီမံခံထိုက်မခံထိုက်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းအယူအဆက—'

'မခံထိုက်ဘူးထင်တယ်'

'ဘာကြောင့်—'

'နှလုံးသားမို့လို့'

'နှလုံးသားမို့လို့....။ မင်းဟာက အဖြေလဲမဟုတ်ဘူး'

'စိမ့်လို့ရသလိုလိုနဲ့မရတာ လောကမှာရှိတယ်။ငယ်ငယ်တုန်းက ဆပ်ပြာရည်ဖျော်ပြီး သဘောင်ရိုးနဲ့မှုတ်တာ သွားသတိရတယ်။ပူဖောင်းလေးတွေ လေထဲတက်တက်သွားတယ်၊ စိမ့်လိုက်တာလေ။ တစ်အောင့်ကြာတော့ ပေါက်ကွဲသွားတယ်။ အဲဒီတော့ ဘာမှမရှိဘူး။ ဘာဆို ဘာမှမရှိဘူး'

ဦးခင်မောင်ဆွေက အရက်ခွက်ကိုချပြီး စီးကရက် တစ်လိပ်ထုတ် မီးညှိဖွာ၏။ ရှိုးရှိုးမဖွာ။ ပါးစပ်ကို ကျဉ်းဝိုင်းပြီး ဝလုံးလေးတွေဖြစ်အောင် မှုတ်ထုတ်ပြ၏။

'ကြည့်....ဝလုံးလေးတွေ။ ဘယ်လောက်ခံလဲ၊ အငွေ့ဟာ အငွေ့ပဲ။ ဘာခံသလဲ။ အငွေ့ပဲ ပြန်ဖြစ်သွားတာပဲ'

ဒေါ်နွဲ့ဝင်းက သူ့မောင်တော်ကို စိတ်ရှုပ်၊ စိတ် ပျက် ဟန်လေးနှင့် ကြည့်နေရာမှ ယောက်မဘက် လှည့်ကြည့်သည်။



ဒေါ်မြထွေးက အဝင်းကို သနားသည်။ ခင်မောင်ဆွေ အဝင်းကိုနိုင်သည်ကို မိမိသိသည်၊ သူက ကလေး လိုချင်သည်။ ကလေးက မရ။ အပြစ်က အဝင်းရဲ့ချို့ယွင်းချက်ဖြစ်နေသည်။

အဝင်းကလည်း ရူးနေအောင် ကလေးလိုချင်သည်။

ဆေးပညာဆောင်းပါးတွေဖတ်ဖတ်ပြီး 'တက်စ်ကျူဘေဘီ' လိုချင်နေသည်။

ကလေးမရသည့်အတွက် အားငယ်ပြီး လင်ကို ပိုကြောက်ချင်သည်။

ဦးကျော်ဦးက အသာအယာရယ်၏။

'ငါ့ညီပြောတာ ဟုတ်ပါတယ်။ နှလုံးသားကို မစီမံထိုက်ဘူး။ တို့ကလဲ မစီမံပါဘူးကွာ'

'နို့—ဘာလုပ်တာလဲ'

'ပတ်ဝန်းကျင် ဖန်တီးပေးတာ'

'ဘာရယ်'

ဦးကျော်ဦးက လက်တွင်းမှဖန်ခွက်ကို ဖြည်းညင်းစွာလှည့်နေ၏။

သူ့လက်က ဝါဝင်းသည်၊

သူ့လက်ပေါ်မှ အိုမီဂါနာရီကလည်း ဝါဝင်းသည်။

ဖန်ခွက်ဘွင်းမှ ပယင်းရွှေရည်ကလည်း လက်လက် ဝင်း နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နှလုံးသား....အဲ...တည့်တည့်ပဲ ခေါ်ရအောင်။ အချစ်ဟုတ်လား။ အချစ်ကို တို့မစီမံပါဘူး။ အဲ...အချစ်ပေါ်ပေါက်ဖို့ ပတ်ဝန်းကျင်ဟော့ တို့ဖန်တီးပေးတယ်'

ဒေါ်နွဲ့ဝင်းက ခေါင်းလေးတဆတ်ဆတ်ညိတ်ပြီး သူ့ခဲအိုကို ထောက်ခံ၏။

'သားက အရွယ်ရောက်နေပြီ။ ဒီတော့ သူ့နှလုံးသားမှာ တစ်နေ့မဟုတ်တစ်နေ့တော့ အချစ်ပေါ်မှာပဲ၊ အဲ...သူချစ်သူဟာ ငါလက်ခံနိုင်တဲ့လူ ဖြစ်ခွင့်မှဖြစ်မယ်။ မဟုတ်ရင် ငါစိတ်ဆင်းရဲမယ်။ အဲဒါက အမှန်တရား'

ဦးခကျော်ဦးက အားလုံးကို တစ်လှည့်စီ လိုက် ကြည့် ပြီး မှ ဆက်သည်။

'သူ့အလို။ ငါ့အလို။ အစွန်းနှင့်ဖက်ရှိတယ်။ ငါဘယ်အစွန်းမှမသွားဘူး။ တစ်ခုပဲရှိတယ်၊ အချစ်စစ်အချစ်မှန်ဆိုတာ ဘာလဲ။ အဖေသချ်ာဆုံးအဖြေ ငါပေးမယ်။ မချစ်ခင် အဲချစ်စစ်အချစ်မှန်ဆိုတာ မရှိသေးဘူး။ အချစ်စစ်အချစ်မှန်ဆိုတာက ချစ်ပြီးမှ ပြောကြတာ။ ဒီတော့ ချစ်သူ မရှိသေးသမျှ အချစ်စစ် အချစ်မှန်ကို ရနိုင်တယ်။ ဘယ့်နှယ်လဲ'

ဦးခင်မောင်ဆွေ ငြိမ်နေ၏။ ဒေါ်မြထွေး၏ရင်တွင်း တစ်မျိုး ဖြစ်သွားသည်။



ချစ်သူမရှိသေးသမျှ အချစ်စစ်အချစ်မှန်ကို ရနိုင်သည်၊ မှန်သည်။

ချစ်သူရှိပြီးလျှင်ကော....

ဒေါ်မြထွေးက ရေခဲငွေ့လေးတွေသီးနေသည့် စပတ်ကလင်ကို သောက်၏။

'ငါ့သားမှာ ချစ်သူမရှိသေးဘူး။ ဒါကို ငါသိတယ်။ လေးဖြူမှာလဲ ချစ်သူမရှိသေးဘူး၊ အဲဒါကို သူ့မိဘသိတယ်၊ ဒီတော့ တို့က ပတ်ဝန်းကျင်လေးတစ်ခု ဖန်တီးပေးလိုက်တယ်။ အဲဒီထဲက အချစ် ပေါ်ပေါက်လာရင် ဒါ အချစ်စစ် အချစ်မှန်ပဲ။ တို့စီမံတာ မဟုတ်ဘူး။ ဟော...အခုပေါ်ပေါက်နေပြီ။ အဲဒါ ငါပြောတာမဟုတ်ဘူး။ အပင်းပြောတာ၊ ဆင်းမိန်းမပြောတာ'

ဒေါ်နွဲ့ဝင်းက လက်ခုပ်တီး၍ ထြာပေး၏။

ဒေါ်မြထွေးက သူ့လင်တော်မောင်ကို စိုက်၍ ကြည့်သည်။

သူ့လက်ပတ်နာရီက ဝင်းလက်နေသည်။

ဩော်....သူ့လက်သူကြွယ်မှ ပတ္တမြားလက်စွပ်လဲ ဝင်းလက်နေသည်။

သူလှည့်နေသော ဖန်ခွက်တွင်းမှ ပယင်းရွှေရည်ကလည်း လက်နေသည်။ အလက်ဆုံးထတော့ သူ့မျက်လုံးများ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက အရက်မကြိုက်။ နေ့စဉ်လည်း မသောက်။ သောက်လျှင်လည်း တစ်ပက်ထက် မပို…။

သို့ရာတွင် အိမ်မှာ အရက် ကောင်းကောင်း ထားသည်။ အမျိုးမျိုးလည်း ထားသည်။ အရက်သောက်ခြင်းနှင့်ဆိုင်သော ကိရိယာတန်ဆာပလာတွေလည်း အစုံရှိသည်။

သောက်တတ်သူ လာလျှင် ကောင်းကောင်း ဧည့်ခံ တတ်သည်။ ဧည့်ခံရင်းက သူ့မျက်လုံးတွေက ဤသို့အရောင်တောက် တတ်သည်။

အို…အရက်သာမဟုတ်….။ အဖိုးတန်သော၊ ဈေးကြီးသော အရာမှန်သမျှ ကိုကို့မှာ ရှိသည်။

ကိုကို့၏ အဆောင်အယောင် တန်ဆာပလာများ….။

မြတ်စွာဘုရား…။ မိမိပင်လည်း ကိုကို့၏အဆောင်အယောင် တန်ဆာပလာတစ်ခု မဟုတ်လော…။

ဩော်…ယခုလည်း အဆောင်အယောင်တန်ဆာပလာအသစ် တစ်ခုကို ကိုကို စုဆောင်းတော့မည်။

ချောမောလှ…။ ချောမလှလှလေး…။ ဂုဏ်လည်း ရှိ။ ပညာ လည်းတတ်။ ကျော်လည်း ကျော်ကြား။ ချမ်းလည်း ချမ်းသာ။

ဦးခင်မောင်ဆွေကမူ အရက်ဆက်မော့နေ၏။ သူ့ဖန်ခွက်မှာ ကုန်လုပြီ။



'ကိုဆွေ…. မင်း ငါပြောတာကို ကျေနပ်ရဲ့လား။ မကျေနပ်သေးရင် ငါပြောဦးမယ်။ ငါက…ငါဘာစ်ခုခုလုပ်ရင် အောင်မြင်မှ။ အောင်လဲ အောင်မြင်တာချည်းပဲ။ ငါ့လျှို့ဝှက်ချက်က ဘာလဲသိလား။ ငါလိုချင်တာတွေကို သူများတွေကို ဇွတ်အတင်းယူတော့မှ မနိုင်းဘူး။ ငါ လိုချင်တာကို သူတို့လိုချင်တာ ဖြစ်အောင် ငါ လုပ်ယူတယ်။ အခုလဲ ဒီလိုပဲ။ ဟား…ဟား…။ ကဲ… မြထွေးရေ ထမင်း စားကြစို့။ ကိုဆွေ…မင်း ထပ်ယူဦးမလား'

ဒေါ်နှင်းဝင်းက ချော့ချော့လေးဝင်တား၏။

'မောင်…တော်တော့နော်။ များပြီပဲဟာ…'

ဦးခင်မောင်ဆွေက ဖန်ခွက်ကို လှမ်းခံပြ၏။
ဦးကျော်ဦးက အဆုံးအဖြတ်ပေးသည်။

'ကဲ…ကိုဆွေလဲ အာသာပြေအောင်။ အဝင်းလဲ ကျေနပ်အောင်၊ ကိုယ် ဟာဖ်ပက်ပဲပေးမယ်'

အိမ်ဖော်တွေက ထမင်းဟင်းများ စလာချ၏။
အိမ်ရှေ့တွင် ကားတစ်စီး ဆိုက်သံ ကြားရသည်။

မကြာမီ ဧည့်ခန်းမှဖြတ်၍ အပေါ်ထပ် တက်သောမည်ညို မျိုးကိုလွင်ကို ထမင်းစားခန်းမှ လှမ်းမြင်ကြရသည်။

ဦးကျော်ဦးက လှမ်းခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



'သားရေ… လာဦး။ အတော်ပဲ မေမေတို့ထမင်းစားကြတော့မလို့…'

'ကျွန်တော် စားခဲ့ပြီးပြီ မေမေ'

'ဟော… ဘယ်က စားခဲ့လဲ'

'သူ… သူငယ်ချင်းတွေနဲ့'

'ဟုတ်လား၊ ဒါဖြင့် ထိုင်ဦးလေ၊ မင့်ဦးလေးဆွေကို မော်လမြိုင်အကြောင်းလေး ဘာလေး ပြောပြပါဦး'

'သား သိပ်ပင်ပန်းနေတယ် မေမေ၊ ရထားနဲ့ပြန်ခဲ့ရတာ ပြီးတော့ ညကလည်း မနားရသေးဘူး'

ဒေါ်မြထွေးက ဝင်ပြော၏။

'ဟုတ်တယ်၊ သားကြည့်ရတာ ပင်ပန်းနေတယ်၊ နားပါစေ ကိုကို'

'အေးအေး… သား သွားနားတော့'

ဒေါ်နွဲ့ဝင်းက ထင်မြင်ချက်ပေး၏။

'ဒီမှာ ဝင်ထိုင်ဖို့တော့ နည်းနည်း ရှက်နေမှာပေါ့၊ ဒါပေမယ့် သူ့သူငယ်ချင်းတွေကိုတော့ ထမင်း ကျွေးပြီးပြီ၊ ဟဲ… ဟဲ…'

ဦးကျော်ဦးကလည်း လိုက်ရယ်၏။



စီးကရက်အသစ်တစ်လိပ် ထုတ်ဖွာနေသော ဦးခင်မောင်ဆွေက လေထဲသို့ ဝ လုံးလေးတွေ မှုတ်ထုတ်ပြနေ၏။

* * *

အိမ်အပေါ်ထပ် လသာဆောင်တွင် နုပ်လျက် မျိုးကိုသွင်ကလည်း စီးကရက်ငွေ့များကို လေထဲသို့ ဝ လုံးလေးတွေ ဖြစ်အောင် မှုတ်ထုတ်နေသည်။

ပါးစပ်မှ မှုတ်ထုတ်စကမူ ဝ လုံးလေးတွေက ဝိုင်းဝိုင်း…၊

တဖြည်းဖြည်းနှင့်အဝိုင်းလေးတွေက ချည်ခင်လိမ်ကဲ့သို့ တွန့်လိမ် ကွဲပြိုသွားသည်။

အငွေ့အဖြစ် ကျန်သမျှကလည်း လရောင်တွင်းမှာ ခဏနှင့် မှိန်ပြာပျောက်ကွယ်သွားသည်။

လေးဖြူနှင့် မိမိတို့ တိုင်ပင်ရေးဆွဲခဲ့သော ဇာတ်လမ်းလေးသည် ဘယ်လောက်ခိုင်မာပါသနည်း။

လေးဖြူရှင်းပြနေစဉ်ကမူ ယုံကြည်မှုကအပြည့်။ အားတွေက ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ယုံကြည်မှုက လျော့ပါးချင်လာသည်။ အားက ငယ်ချင်လာသည်။

ဩော်—ဘဝဆိုသည်မှာလေးဖြူပြောသကဲ့သို့ ဝတ္ထုဇာတ်လမ်းတစ်ခု မဟုတ်ပါလား။

မဖြစ်ချင်တာတွေဖြစ်—။ဖြစ်ချင်တာတွေမဖြစ်....။ဤစကားက ရှိ၊လွန်းပြီ။ မဖြစ်ရမှာတွေဝင်ဖြစ်။ဖြစ်ရမှာတွေကလာမဖြစ်။

ကြည့်—မုတ္တမဘူတာရုံတွင် ရထား ထွက်ခါနီးအထိ မိမိက လေးဖြူအနား ကပ်နေသည်။ မခွဲနိုင် မခွာရက်။ အဲသည်လို သဏ္ဍာန်လုပ် သရုပ်ဖော်နေသည်။

မိမိတို့ရည်ညွှန်းသော ပရိသတ်က လေးဖြူ၏ အစ်မတွေနှင့် ခဲအိုတွေ။ မိမိဘွားဘွားနှင့် မိမိအဒေါ်။

ဦးမိန့်နွေမပါ။ မွန်မွန်ဦးလေး ဦးမိန့်နွေမပါ။

သို့ရာတွင် သူက ပရိသတ်တစ်ဦး ဝင်ဖြစ်သွားပြီ။

သူက ဘယ်ကဲ့သို့ မြင်သွားမည်နည်း။ မိမိတို့ 'မြင်စေချင်သကဲ့သို့ မြင်သွားမည်။

ပိုဆိုးသည်က ရထားထွက်တော့ မိမိက တွဲပေါ် ဝင်မထိုင်။ တွဲပေါ်အတက် လှေကားမှာ။လေးဖြူကလည်း မိမိအပြေးလာလိုက်သေး၏။ မူလ ဇာတ်ညွှန်းအတိုင်း။

မိမိကလည်း ပြင်ရမှန်းမသိ။ ဒါရိုက်တာ ဒေါ်လေးဖြူကလည်း မပြင်။ ကောင်းကြရော။



တောင်ခြေမှာ တွေ့ကြတုန်းကလည်း မိမိက လေးဖြူနှင့်အတူ။ အမှန်က အစက အတူမဟုတ်။ တစ်ခြားစီ။ လေးဖြူနှင့်သူ့ အချီအချ ပြောနေမှ မိမိက ပါးရိုးပုံစံနှင့်ကပ်သွားမိသည်။ သေပါတော့။

သည်ဟာတွေအားလုံး ပေါင်းလိုက်တော့ ဦးမိန့်နွေ မည်သို့ 'မြင်' သွားမည်နည်း။

ရန်ကုန်ဘူတာကြီး ကျတော့လည်း မွန်မွန်နှင့် ဆုံဖြစ်အောင်ဆုံသည်။

တကယ်တော့ မဆုံမိအောင် ရှောင်ထွက်သွားလျှင် ရသည်။ ဦးမိန့်နွေ၏ရှေ့မှာ မိမိနှင့်မွန်မွန်တို့ တစ်ခါမျှ စကားမပြောဖူး။ မိမိဆိုသည့်သတ္တဝါ ဤလောကမှာ ရှိလေမှန်းပင် ဦးမိန့်နွေ သိမည်မဟုတ်။

မိမိနှင့်လေးဖြူတို့ ဦးမိန့်နွေ၏ အမှတ်သညာတွင်း၌သစ်လွင်နေဆဲအခါမျိုးမှာ မိမိက မွန်မွန်နှင့် သွားစကားပြောမိပလေ။ မိမိရှောင်ထွက်သွားဖို့ ကောင်းသည်။

ဟင့်အင်း—ရှောင်ထွက်မသွားနိုင်ပါ။ မွန်မွန့်ကို ရှောင်ထွက်မသွားနိုင်ပါ။

လွမ်းရ—၊ ချစ်ရ—၊ ထားခဲ့ရသော မွန်မွန့်မျက်နှာ...

သည်မျက်နှာလေးကို မြင်မိမှ မိမိက ဘယ်သို့ ရှောင်ထွက်သွားနိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဩြော်...မမမွန်ရယ်...။ ပြောပြချင်လိုက်တာ။

မောင့်ရင်ထဲ ရှိတာတွေကို ပြောပြချင်လိုက်တာ။

ခုတော့....။ မောင် ငိုချင်လိုက်တာ။

အလွန်ညှင်သာသော ခြေသံကို ကြားသည်။ မေမေ အနီး ရောက်လာမှန်း သူသိသည်။ သည်ခြေသံမျိုးက မေမေ့မှာသာရှိသည်။

သူလှည့်ကြည့်လိုက်တော့ မေမေက လ ရောင်မှာရပ်နေသည်။

'သား....တကယ်ထမင်းစားပြီး ပြီလား'

'တကယ်ပါ မေမေ။ ဘာပြုလို့ အဲဒီလိုမေးတာလဲ'

'ဩြော်...သားရယ်။ သားထမင်းမစားရသေးမှာ မေမေ ပူလို့ပေါ့'

သူက မေမေ့ကိုကြည့်သည်။ မေမေ့ကိုလိမ်၍မရပါတကား။

အမှန်က မိမိထမင်းမစားရသေး။ သူငယ်ချင်းတွေနှင့် လက်ဖက်ရည် သောက်ခဲ့သည်။ ထမင်းစားချင်စိတ်က မရှိသေး။

ပြီးတော့ ဖေဖေနှင့် မေမေ့ကို ရင်မဆိုင်ရဲ။ ဒေါ်လေးဝင်း ရှေ့မှာမို့ ပိုရင်မဆိုင်ရဲ။

ဒေါ်လေးဝင်းက မေးချင်တာမေးပြီးပြောချင်တာလျှောက်ပြောတတ်သည်။



မေမေက သူ့အနီး ချဉ်းကပ်လာပြီး သူ့မျက်နှာကို နူးညံ့သိမ်မွေ့စွာကြည့်သည်။

မျက်တောင်ကော့ကြီးတွေနှင့် မေမေ့မျက်လုံးများက လှသည်။ မေမေ့မျက်တောင်ကော့တွေနှင့် မျက်လုံး လှလှတွေကို အမွေရထားသည်ဟု မိမိဂုဏ်ယူလေ့ရှိသည်။

လ ရောင်တွင် မေမေ့ အသားလေးတွေက လဲ့ လဲ့ စင်စင် ရှိမ်းရှိမ်းနေသည်။ ကြည်လင်သော နေ့အလင်းရောင်မှာဆိုလျှင် မေမေ့မျက်နှာမှာ အကြောစိမ်းလေးတွေကို တွေ့ရသည်။

ဩြော်...မွန်မွန့်မျက်နှာမှာလည်း အကြောစိမ်းလေးတွေရှိသည်။

ချောမောလှပသော မေမေ့မျက်နှာကို ငေးကြည့်မိခိုက်တွင် သူ အံ့အားသင့်မိသည်။

မေမေက မွန်မွန်နှင့်တူသယောင်ယောင်။

ညနေက အနီးကပ်မြင်ခဲ့ရသော မွန်မွန်နှင့် မေမေက တူသယောင်ယောင်။

အင်း...နူးညံ့သိမ်မွေ့ အေးချမ်းသော အကြည့်ချင်းကတူဟန်ရှိသည်။

မေမေက အမြဲတမ်း မိမိကို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ အေးအေးချမ်းချမ်း ကြည့်တတ်သည်။

မွန်မွန်...မမမွန်ကလည်း မိမိကို ဤကဲ့သို့ပင်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်လုံးများက ရင်တွင်းမှမေတ္တာကိုပြသည်။ ဤသည်ကို မိမိသိသည်။ သေသေချာချာသိသည်။

မွန်မွန့်မျက်လုံးများကလည်း မေတ္တာကို ပြပါသလော...။ မေမေ့မေတ္တာမျိုး ပြပါသလော။

မိမိကကော...မွန်မွန့်အိမှ မေမေ့မေတ္တာမျိုးကို လိုချင်ပါသလော...။ သို့ဟုတ်...။

'သား...မော်လမြိုင်မှာ ...ဟိုဟိုသည်သည် လျှောက်လည်ခဲ့သလား။ ကျိုက်ခမီဘုရားတို့၊ သံဖြူဇရပ်တို့၊ ကျိုက်မဲ့တို့၊ ကျိုက်ထိုမီတို့...'

'လည်ခဲ့ပါတယ် မေမေ...။ သူတို့ လိုက်ပို့ပေးခဲ့တယ်'

ဒေါ်မြဒွေးက သားကို တစ်ချက် စိုက်ကြည့်ရှိနေလေးကြည့်၏။

သူတို့...။

ဤစကား က သိမ်းဆန့်သည်ထင်၏။

လေးတို့...မဟုတ်။ သူတို့...။

'သား...သိပ်ပင်ပန်းခဲ့သလား'

'ဟုတ်တယ် မေမေ။ သိပ်ပင်ပန်းတာပဲ။ နွေကလဲ ပူတယ် မေမေရယ်'

ဒေါ်မြဒွေးက သားကို ကရုဏာနှင့် စိုက်ကြည့်မိပြန်၏။

ပင်ပန်းသည်...။ နွေကပူသည်။



ပွင့်လန်းဖြာစ ချစ်ခြင်းမေတ္တာလောကမှာ ပင်ပန်းခြင်းရှိပါသလော။

နွေကကော ပူပါမည်လော...။

'သား...ပျော်တော့ ပျော်ခဲ့တယ်မဟုတ်လား'

'သန်...'

'သား...မော်လမြိုင်မှာ ပျော်နိုင်ခဲ့လား'

မျိုးကိုလွင် သတိဝင်လာ၏။ သည်ဟာ မေမေ။ သို့ရာတွင် သတ်သမ်ကဇာတ်သိမ်း။ သည်တော့ မေမေလည်း မရှိသေးတစ်ဦး။

'အေး...ပျော်တာပေါ့ မေမေ။ သား မပျော်ဘာဖြစ်ပါ့။ ပြီးတော့လဲ မေမေ...'

'အင်း...'

'လေး...လေးက...သား...သားကို ဂရုစိုက်ပါတယ်။ ပြီးတော့ လေးက ချစ်ဖို့ကောင်းတယ်။ ဖော်ရွေတယ်။ ပွင့်လင်းတယ်။ အင်း... ချောလဲချောပါတယ် မေမေ'

သား၏အမူအရာတွေ ချက်ချင်း ပြောင်း သွား သည် ကို ဒေါ်မြဒွေး သတိပြုမိ၏။ သွက်လည်းသွက်လက်လာသည်။

လေးက ချစ်ဖို့ကောင်းသည်။

ဤစကားသံကို ဒေါ်မြဒွေးက သဘော်ခဲ့ကြည့်နေသည်။

စကားသံက စကားသံပဲဖြစ်သည်။ ချစ်ရမည့်ကောင်းသော မိန်းကလေးတစ်ယောက်ကို ချစ်ရမည့်ကောင်းသည်ဟု အချက်

www.burmeseclassic.com

www.burmeseclassic.com



အလက်သဘောအဖြစ် ပြောသည်။ လေးနက်ခံစားမှုသဘော သိပ်မပါဟုထင်သည်။

'မေမေ'

'ဟင်'

'သားတို့ ပညာတော့ ဆုံးအောင်ဆက်သင်မယ်နော်။ လေး....လေးကလဲ အဲဒီလိုမှာလိုက်တယ်'

'လေးကလဲ အဲဒီလိုမှာလိုက်တယ်'

သူက မေမေ့ကိုကြည့်သည်။ မေမေက အေးချမ်းတည်ငြိမ်လျက်က ထူးဆန်းသောအပြုံးလဲ့လဲ့နှင့် မိမိကိုကြည့်နေသည်။ သူက မျက်နှာလွှဲလိုက်မှ မေမေက ရယ်ပြီးပြော၏။

'ပညာကို ဆုံးအောင်သင်ရမှာပေါ့။ သား ဖေဖေက သားရော၊ လေးရော ပညာဆုံးအောင် သင်စေလိုပါတယ်'

'မေမေကကော'

'မေမေကတော့'

ဒေါ်မြထွေးသည် ရုတ်တရက် စကားဆက်၍ မရကြောင်း မိမိကိုယ်ကိုမိမိ ထူးဆန်းစွာ သတိပြုမိ၏။

ဤမျှလွယ်သော အမေးကို ဘာကြောင့်လွယ်လွယ်ပင် ပြန်မဖြေနိုင်ရသနည်း။

စိုးရိမ်ရိပ်နှင့် မိမိကို စိုက်ကြည့်နေသော သား၏ အမူအရာကို သတိပြုမိမှ ကြင်ကြင်နာနာ ပြုံးလိုက်ပြီး ဖြေသည်။



'မေမေကတော့ သားကို စိတ်ချမ်းသာစေချင်တယ်။ သားဖေဖေကိုလဲ စိတ်ချမ်းသာစေချင်တယ်။ သား ဘွားဘွားကိုလဲ စိတ်ချမ်းသာစေချင်တယ်'

'ဘွားဘွား'

'ဟုတ်တယ်။ ဘွားဘွားမှာ မြေးဆိုလို့ သားတစ်ယောက်ပဲရှိတယ်၊ သားကိုလဲ သူ သိပ်ချစ်တယ်။ သားအတွက် သူ့မှာ စီမံထားတာတွေရှိတယ်။ သူမသေခင်မှာ အားလုံးကို သူစိတ်တိုင်းကျ မြင်သွားချင်တယ်'

'ဒါဖြင့် ဘွားဘွားက သားတို့ကို ဟို...ဟို...မြန်မြန်... မြန်မြန်....'

သူ စကား မဆက်ဝံ့။

'ဟုတ်တယ်။ အနည်းဆုံး ခေ့ စပ်ပြီး လက်စွပ်လဲထားချင်တယ်'

'အို...သားတို့ ပညာသင်ရဦးမယ်'

'ခေ့ စပ်ထားရုံနဲ့ ပညာသင် မပျက်ပါဘူးသား'

'ဒါပေမယ့်...ဒါပေမယ့် လေး...လေးကလဲ ကြိုက်မှာ မဟုတ်ဘူး'

'ဘာဖြစ်လို့'

'ဟိုဒင်းလေ။ သူ...သူလဲ ပညာဆုံးအောင် သင်စေချင်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မေမေ မေးပြီးပြီ။ စေ့စပ်ထားရုံနဲ့ ပညာသင် ပျက်သလား'

လေးဖြူကို သူက သွားသတိရသည်။ လေးဖြူမှာ ဆိုလျှင်တော့ လုံလောက်သော ဆင်ခြေတစ်ခုခု ရှိမည်ထင်၏။

သူက စိတ်ပျက်လက်ပျက်နှင့် ပါးစပ်အတွင်း ပေါ်လာသော စကားတစ်ခုကို ပြောမိ၏။

'သားတို့အဖြစ်က အိပ်မက်ကြီးလိုပဲ မေမေရယ်'

'ဘဝဆိုတာ ဒီလိုပဲ။ တစ်ခါတလေ အိပ်မက်နဲ့ သိပ်တူပါတယ်သား'

သူက မေမေ့ကို အံ့သြလျက်ကြည့်၏။

လှရောင်၌ ရပ်နေသော မေမေမှာ အိပ်မက်တွင်း၌ ရပ်နေသူ တစ်ဦးနှင့်တူသည်။

မေမေကလှဆဲ။ လူငေးကြည့်လောက်အောင် လှဆဲ။

တချို့က မိမိနှင့် မေမေ့ကို သားအမိမဟုတ်၊ မောင်နှမဟု ထင်သည် ဆိုကြသည်။ မြှောက်ပြောကြသည်တော့ ပါသည်ထင်၏။ အမှန်လည်းပါသည်။

မေမေ့ဘဝမှာ ဘာမျှလိုလေသေးမရှိ။ လိုတရ ဆိုသည့် ဘဝမျိုး။

တုကြ ပြိုင်ကြ ဝင့်ဝါကြသည့် လောကအလယ်၏ အပေါ်ဆုံးအထပ်တွင် မေမေနေချင်က လက်လက်လျှပ်လျှပ် နေနိုင်သည်။ မေမေ မနေ။



မေမေ့ကို ရိုးသည် အေးသည် မာနကင်းသည်ဟု အများက ဆိုကြသည်။

မေမေ ရိုးမှန်း အေးမှန်း မာနကင်းမှန်း မိမိအသိဆုံး။

အဲ....သည့်ထက် မိမိပိုသိတာ တစ်ခုရှိသည်။

မေမေက လောကကြီးမှာ ဘာသိဘာသာနေသည်။

ဒေါ်လေးဝင်းက မေမေ့ဘဝကြီးကို ပျင်းစရာဟု ပြောဖူးသည်။ တစ်နည်းတော့လည်း ဟုတ်သည်။

ဘာသိဘာသာနေသောဘဝသည် ဘေးမှကြည့်လျှင် ပျင်းစရာကြီး။

မေမေက ဖေဖေနှင့် ဓနထိုင်ပုံကအစ ဘာသိဘာသာနိုင်သည်ဟု မိမိထင်သည်။

မေမေ ဘာသိဘာသာမနေသည်မှာ မိမိတစ်ယောက်တည်း။

စကားနည်းသော မေမေသည် မိမိနှင့်ကျတော့ စကားပြောသည်။

မိမိပြောလျှင် ဟုတ်တာတွေလည်း နားထောင်သည်။ မဟုတ်တာတွေလည်း နားထောင်သည်။

တစ်နည်းဆိုရလျှင် မိမိကမေမေ့အပေါ် မေမေ့ သူငယ်ချင်း။

သည်တော့ မေမေ့ကို မိမိ နားလည်သည်ဟုထင်၏။

ယခုမူ မမျှော်လင့်သော မေမေ့စကားကြောင့် မိမိ အံ့သြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့အခြေအနေ မေမေ့အဆင့်အတန်းက ဘဝကို ဘဝဟုပဲ လက်ခံစံစားသည့် အခြေအနေ အဆင့်အတန်းမျိုး။

ဘဝ၌ တစ်စုံတစ်ရာ ခံစားရသူတွေကသာ ဘဝ ဆိုသည်ကို အိပ်မက်နှင့်နှိုင်းဘတ်သည်။

ယခု မေမေက ဘဝဆိုသည်မှာ တစ်ခါတလေ အိပ်မက်နှင့် တူသည်ဟု ဆိုနေပြီ။

တစ်ခါတလေ…။ ဘယ်သို့သော တစ်ခါတလေနည်း။

ခဏ၌ပင် သတိပြေး သူထိတ်လန့်သွား၏။ မေမေ့မှာက ရောဂါရှိသည်။ နှလုံးရောဂါ။

'မေမေ နေကောင်းရဲ့လား'

'ကောင်းပါတယ်'

'တကယ်နော်…'

'တကယ်ပေါ့ သားရယ်၊ ဘာဖြစ်လို့အလန့်တကြား မေးရတာလဲ'

'ဟိုဒင်းလေ…. သား သွားခါနီးတုန်းက မေမေမှ နေမကောင်းတာ'

'အြော်…သားရယ်၊ ဆန်းသလား၊ မေမေ ဒီလိုပဲ ဖြစ်တတ်တဲ့ဥစ္စာ…'

သူက မေမေ့ကို စိုက်ကြည့်သည်။

ကြည့်လေ….မေမေက အိပ်မက်တွင်းမှ လူနှင့်တူလေ….။



'ကဲကဲ…သား သွားနားတော့၊ ဆာချင် အောက်မှာ တစ်ခုခုသွားစား…'

'ဟုတ်ကဲ့ မေမေ….'

သား ထွက်သွားသောအခါ မတုန်မလှုပ်ရပ်ရင်း ဒေါ်မြထွေးက ညကို ငေးကြည့်သည်။

ပေါက်ကွဲ၍ ဘာမျှ မကျန်တော့သော ဆပ်ပြာပူဖောင်းလေးများ….။

ခဏသာ ဝန်းဝိုင်းနိုင်သောအရောင်များ…။

ခင်မောင်ဆွေ၏ စကားများမှ နိမိတ္တတွေက အာရုံဘင် လာပေါ်နေသည်။

စိမ့်မှုမစုံထိုက်သော နှလုံးသား….။

ဒေါ်မြထွေး၏ နှလုံးသားက အခုန်အနှုန်း မြန်လာသည်။

တစ်ဆက်တည်းမြန်သည်မဟုတ်။ ရေအောက်မှ အမြှုပ်လေးတွေ ရှုတ်တရက် ပလုံစီထိုးထွက်ကာ ရေ မျက်နှာ ပြင် ထက် အဆက်မပြတ် ပေါက်ကွဲပြီး ခဏ၌ ပျောက်သွားသကဲ့သို့ပုံမျိုး။

အမှတ်မထင်ဖြင့် မိမိ၏ ရင်ဘတ်ပေါ် လက်ဝါးတင်လျက် ဒေါ်မြထွေးက ခြံတွင်းဆီကြည့်သည်။

နွေည….။

နွေဦးညတော့ မဟုတ်။

လွမ်းဖွယ်သော နွေဦးညတွေမှ မဟုတ်တော့။

နွေဦးညများမှာတော့ ရွက်ဝါတွေ ကြွေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေညမှာတော့ ရွက်ဝါမကြွေ။ ရွက်ဝါကြွေခဲ့ပြီးပြီလေ။

သို့ရာတွင် မြေပြင်မှာ ရွက်ဝါတွေ ရှိသည်။

လေရူးက ဝှေ့တိုက်တော့ မြေပြင်မှာ ရွက်ဝါတွေ သဲသဲ ရှတ်ရှတ် လျှောတိုက် လွင့်ပါးကြသည်၊

ကြွေရွက်။ မြေခရွက်။ မြေမှုရွက်။

ရွက်ဝါတွေချည်းပဲ

ဘာတူးပါသနည်း။

*

## အခန်း ၉

ကိုဇော်သန့်သာ ရေပန်းအောက်တွင်ရပ်လျက် ဇိမ်နှင့်ရေချိုး သည်။

ခေါင်းမှ ခေါင်းလျှော်ရည်မြှုပ်တွေက မျက်နှာ၊ လည်ပင်း တို့မှတစ်ဆင့် ကိုယ်ပေါ်သို့ စီးကျနေသည်။

ရေချိုးခန်းတစ်ခုလုံးလည်း ခေါင်းလျှော်ရည်နံ့တို့ဖြင့် ကြိုင်မွှေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီခန့်သာ ရှိသေးသော်လည်း နေ့၏ နံနက်က အတန်ပူသည်။

မိုးဖွားကဲ့သို့ ကျနေသောရေပန်းအောက် ရေချိုးရသည်က ဇိမ်ရှိသည်။

ညှပ်ပြီးစဆံပင်အစပ်တွေက ခေါင်းလျှော်ရည်နှင့် ထိသဖြင့် စပ်ရှိမ်းရှိမ်းလေး ဖြစ်သည်ကပင် ခံစား၍ ကောင်းနေသည်။

ရေဘစ်ဝချိုးပြီးနောက် မိမိအိပ်ခန်းသို့ ပြန်လာခဲ့ကာ ကိုဇောသန့်က ကိုယ်ကိုရေစင်အောင် ပန်းနုရောင် မျက်နှာသုတ်ပဝါကြီးနှင့် သုတ်၏။

ဆံပင်တွေကို မျက်နှာသုတ်ပဝါနှင့် အလျှင်သုတ်ပင်၏။

ထို့နောက် ဖီးသစ်အမျိုးအစား လေမှုတ်စက်နှင့် မှုတ်၏။

အပြင်းစားနှင့်ရေခန်းသွေ့အောင်မှုတ်ပြီးမှ ခလုတ်ပိတ်၍ လေမှုတ်စက်တွင် ဘီးကျဲတပ်သည်။

ဒုတိယခလုတ်ကို ဖွင့်ပြီး လေနွေးနွေးနုနုဖြင့် ထပ်မှုတ်ရင်း ခေါင်းကို ဖြီး၏။

လေမှုတ်ခြင်းကို ရပ်လိုက်ကာ ဆီမပါသော ဖိုက်တဲလစ် ဆံသရည် နည်းနည်းဖြင့် ဆံပင်များကို ပါးပါးလိမ်းသည်။

ဘီးဖြင့် ခေါင်းကိုအပြီးသတ် ဖြီးလိုက်သောအခါ သဘာဝ လှိုင်းအိတ်ဖြင့် ဆံပင်တို့က ရွရွမို့မို့နေ၏။

ဘလိုး-ဒရိုင်း၊ဒ်လွတ်ခ် blow..dried look ။ သွေ့အောင် မှုတ်ထားသည့်ဆံပင်အသွင်။ သမီးကသည်အမည်ပေးထားသည်။



အပ်ပီးစ် uppies ဟု ခေါ်သော နှစ်ဆယ်ရာစုနှစ် သည်မှာ ဘက်ပိုင်းမှ အောင်မြင်သည့် အသက်မွေးဝမ်းကျောင်း ပညာရှင် ကျွမ်းကျင်သူလူရွယ်တို့၏ ဆံပင်အသွင်။

ကိုဇောသန့်က ပြုံးသည်။ သမီး သဘောကျလျှင် ပြီးရော။ ပြီးရောပေါ့။

စပို့ရှပ်အဝါနု၊ ပလေကာပ်လုံချည် စိမ်းပြာကွက် ဝတ်လျက် ကိုဇောသန့်က စာကြည့်ခန်းသို့ ထွက်လာခဲ့၏။

သမီးက ရောက်နှင့်ပြီ။

မွန်မွန်က ပြုံးရွှင်ရွှင်လေးဖြင့် သူ့ဦးဖေဖေကို ကြည့်လျက် ပြော၏။

'ဘလိုး...ဒရိုင်းဒ် လွတ်ခ်။ ဟန်း...ခုမှ ကြည့်ကောင်းသွားတယ်။ မနေ့ကဆို ဆံပင်ကြီးကရှည်လို့။ ဦးဖေဖေ ဘာလို့ မော်လမြိုင်မှာ ဆံပင်မညှပ်ခဲ့ရတာလဲ'

'ဪ...သမီးရယ်။ ဦးဖေဖေက ရွာတွေလျှောက်သွားတာ။ ဘယ်ညှပ်ဖြစ်မလဲ'

မွန်မွန်က သူ့လက်ညှိုးလှလှလေးကို ထောင်ပြပြီး ဆို၏။

'ဦးဖေဖေညာတာ။ ဦးဖေဖေက ဆံပင်ညှပ်ရမှာကို ပျင်းတယ်'

'ခု...ဦးဖေဖေ ညှပ်ပြီးပါရောလား'

'ဒါပေါ့...။ သမီးက ညှပ်ခိုင်းတာကိုး'

ကိုဇောသန့်က ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ထိုင်တော့'

သမီးကအမိန့်ပေးသဖြင့် သူက ပက်လက်ကုလားထိုင်တွင် ထိုင်၏။

မှန်မှန်က သူ့ခြေထောက်များကိုအလျင်ကြည့်၏။ ထို့နောက် လက်များကိုကြည့်၏။

သူက ကလေးပယ်ကဲ့သို့ လက်ဝါးနှစ်ဖက်ကို ယှဉ်လျက် မှောက်ပြ၏။

'သမီး သင်သော့ပဲ။ ခြေသည်းက ထိပ်မရှည်သေးဘူး၊
လက်သည်းက တစ်ပတ်စာ ရှည်နေပြီ'

မှန်မှန်က သူ့ပက်လက်ကုလားထိုင် ဘေးတွင် ကြိမ်ခွေးခြေ ဝိုင်းပုပုလေးနှင့်ထိုင်၏။

ဘူးအဖြူလေးကိုလည်း မြင်သည်။ သူ့ ဘူးလေးထဲမှာက လက်သည်းညှပ်နှင့် ကိရိယာစုံရှိသည်။

မှန်မှန်က လက်သည်း အလျင်ညှပ်ပေးသည်။

ပထမလက်သည်းကိုး၏ အနားခြကျကျမှစပြီး လက်သည်းညှပ် ဓားသင်း ထက်ထက်လေးဖြင့် လက်သည်းအနားစွန်းတွေကို ထိုး ဖြတ်သည်။

ထို့နောက် ကတ်ကြေးလေးနှင့်အချိုးညီအောင် ကိုက်လို့ပေး သည်။

ဂရုတစိုက် စိတ်ပါဝင်စားစွာ လုပ်ကိုင်နေသော မှန်မှန်ကို ကြည့်ရင်း သူ့ရင်တွင်း၌ ပီတိတွေဖြစ်နေ၏။



သမီး လေးနှစ်အရွယ်။ အဲသည်ကတည်းက ပြောမရ ဆိုမရ ဦးဖေဖေကို လက်သည်းညှပ်ပေးသည်။

လူကြီးဟန် အပြည့်နှင့် 'နာလား' ဟုလည်း မေးတတ်သေး သည်။

လက်တစ်ချောင်းကိုပင် ဟုတ်တိပတ်တိ မညှပ် တတ်သော အခါ 'သမီးက အသုံးကို မကျဘူး' ဟု သူ့ကိုယ်သူ ဝေဖန်လျက် ကတ်ကြေးလေးကို စိတ်ပျက်လက်ပျက် ချထားတတ်၏။

ယခုတော့ ကျွမ်းကျွမ်းကျင်ကျင် လက်သည်း ညှပ်ပေးနေ သည်။

'ဦးဖေဖေ'

'အင်...'

'ရွာတွေ ဘောင်ဘင်နှံ့ခဲ့လား'

'နှံ့ခဲ့တယ်။ အခုက အေးသော့ ဝဲဂလိပ်ပါ။ ဒါပေမယ့် ဇာတ်သိမ်းကာရ လိုအပ်တဲ့ ပဲဗလက်တို့၊ မှိုနံ့ကနိုင်း တို့။ နောက်...သို့...ရေးဖက်သွားတဲ့သမီးက ထင်းရှူးတို့ ကမိုင်းတို့၊ အဲဒီသဘာဝတွေ ဦးဖေဖေကသွားသလား'

'နာ...ပြည်လေးတွေကလဲ ကစ်မျိုးနေပြီ'

'အင်း...ထင်းရှူးတို့၊ ကမိုင်းတို့က ဗမာမှာလဲ ရှိတယ်။ အပေါ်ဝက်တို့၊ မှိုကနိုင်း တို့၊ ဝဲဂလိတို့က မှန်မှန်သည် တွေ...'

'ဦးဖေဖေ သိချင်တာတွေ ရခဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'တော်တော်ရခဲ့တယ်။ ဒါပေမယ့် နောက်တစ်ခေါက်လောက်တော့ သွားရဦးမယ်ထင်တယ်'

'နောက်တစ်ခေါက်....'

'ဝဲဂလိဟိုဘက် မရောက်ခဲ့သေးဘူး။ တကယ့်ဇာတ်လမ်းတွေက ဝဲဂလိဟိုဘက် တောနက်နက်ကြီးတွေထဲမှာ ဖြစ်ခဲ့တာ'

'တောနက်နက်ကြီးတွေထဲအထိ ဦးဖေဖေက သွားမလို့လား'

မွန်မွန်၏ အသံလေး၌ ကန့်ကွက်ရိပ်ပါနေ၏။ ကိုဇော်သန့်က ရယ်သည်။

'ဦးဖေဖေ ခု ရောက်ခဲ့သမျှ တွေ့ခဲ့သမျှနဲ့ တောတောင်ရေမြေသဘာဝတွေကို ဖြီးဖြန်း ရေးလို့ရတယ်။ အချက်အလက်သက်သက်တွေဟာလဲ စာအုပ်တွေ မှတ်တမ်းတွေက ရနိုင်တယ်။ မရနိုင်တာက ခံစားမှု'

လက်သည်းညှပ်၍ ပြီးသွားသောမွန်မွန်က ကိုဇော်သန့်ကို မျက်လုံးလေးလှန်၍ ကြည့်၏။

'ခံစားမှု'

'လွမ်းတာတွေ၊ ဆွေးတာတွေ၊ ဝမ်းနည်းတာတွေ၊ ပျော်ရွှင်တာတွေ၊ မခံနိုင်တာတွေ၊ ဒေါသဖြစ်တာတွေ၊ ကြောက်တာတွေ၊ သနားတာတွေ.... အဲဒါတွေကိုလဲ ခံစားမှုလို့ ခေါ်ကြတယ်။ ဒီခံစားမှုလေးတွေ



လောက်နဲ့ နက်နဲတဲ့ အနုပညာတစ်ခုကို ဖန်တီးဖို့ မလုံလောက်ဘူး။ ဒါတွေက ပင်လယ်ပြင်ကြီးမှာပေါ်နေတဲ့ ရေလှိုင်းတွေ ရေပွက်တွေ လောက်ပဲ ရှိသေးတယ်။ ပင်လယ်ပြင်ကြီးက ရှိသေးတယ်။ ကျယ်ပြန့် စိုးမိုးလွှမ်းခြုံထားတဲ့ ပင်လယ်ပြင်ကြီး။ ဒီလိုပဲ အနုပညာတစ်ခုကို အလေးအနက် ဖန်တီးပြီဆိုရင် ကျယ်ပြန့် စိုးမိုးလွှမ်းခြုံထားတဲ့ ခံစားမှုကြီးတစ်ခုကို မိအောင် ဖမ်းရတယ်။ ဦးဖေဖေလဲ အဲဒီခံစားမှုကြီးကို လိုက်ဖမ်းနေတယ်'

'မိသလား....'

'မိသလို.... မမိသလို....'

မွန်မွန်က တမင် ခင်ပြင်လေး ချပြီးမှ ကြိမ်ခွေး ခြေပုလေးမှဆင်း၍ ကြမ်းပြင်တွင် ကျုံ့ကျုံ့လေး ထိုင်၏။

ဦးဖေဖေ၏ ခြေဖဝါးတစ်ဖက်ကို ကြိမ်ခွေးခြေပုနဲ့ပေါ် တင်ခိုင်းပြီး ခြေသည်း ညှပ်ပေးနေ၏။

'ပြောဦးလေ....'

'ဘာလဲ သမီးရ....'

'တောနက်နက်ကြီးနဲ့ ခံစားမှု....'

'သြော်... အင်း ....အင်း.... ဇာတ်လမ်းတစ်ခုကို ရွေးချယ်လိုက်ရင် အချိန်နဲ့နေရာဆိုတာ ထွက်လာတယ်။ စာရေးသူက အဲဒီအချိန်နဲ့ နေရာထဲမှာ သွားနေကြည့်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခု ဦးဖေဖေ ရေးမယ့် ဇာတ်လမ်းမျိုးကျတော့ … အချိန်ကအာတိတ်ဖြစ်နေပြီ။ မရှိတော့ဘူး …။

'ဗီတော့ နာမ်သဘောနဲ့သာ သွားနေကြည့်လို့ရတယ်။ နေရာကတော့ ကံကောင်းတယ်။ ရှိနေသေးတယ်။ အဲ့ဒီမှာသွားနေကြည့်။ ပြီးတော့ နာမ်သဘော အာတိတ်နဲ့ ရောပြီး နှိုးနှောကြည့် …။ လိုချင်တဲ့ ခံစားမှုကြီးမျိုး ရလာမယ်။ ဦးဖေဖေ ကိုယ်တွေ့လေ၊ တခြားဝတ္ထုကြီးတွေလဲ ဦးဖေဖေ ဗီလိုပဲ ရေးခဲ့တာသဲ'

မွန်မွန်က ရယ်၏။

'သမီး ဘာရယ်တာလဲ'

'အင်း … အဟင်း ….၊ အချိန်က အတိတ်ဖြစ်နေပြီ။ မရှိတော့ဘူး။ ဒါပေမယ့် နာမ်သဘောနဲ့ သွားနေကြည့်လို့ရတယ်။ ဦးဖေဖေ အတိတ်ထဲမှာ နာမ်သဘောနဲ့သွားနေကြည့်ဖူးတယ်ပေါ့'

'အာ … အဲ …'

မွန်မွန်က ခြေသည်း ညှပ်နေသည်ကို ခေတ္တရပ်ပြီး ကျောင်းသားငယ်ကို မျက်မှောင်ကြုတ်၍ ကြည့်သော ဆရာမ၏ဟန်ဖြင့် သူ့ကို ကြည့်သည်။

သည်တော့မှ ရယ်ပြီး သူက ဝန်ခံ၏။

'နေဖူးတာပေါ့ သမီးရဲ့'

'အဲဒီအတိတ်က လွမ်းစရာ ကောင်းသလား'



'ဟာ …. သမီးကလဲ တောက်တီးတောက်တဲ့'

မွန်မွန်က ဘာမျှမပြော။ ခြေသည်း ဆက်ညှပ်ပေးရင်းက အမှတ်မထင်ညည်းဟန်ဖြင့် သီချင်းလေး ညည်း၏။

'အရှိုင်းပကာတိ … လှ သည်။ အလွမ်းရှိတော့ ပိုလှသည်။ အလွမ်းရှိလို့ လှသည်။ လှသည်။ တပေါင်းမိန်က လှသည်'

သူ့ မျက်ခမှောင်ကြုတ်သွားသည်။

သူ့ ဘေးက်ကို မျက်နှာလေး ဘေးတိုက်ပေးပြီး ခေါင်းလေးငုံ့လျက် သီချင်း ညည်းနေသည့် သမီး၏ရွှေစင်ရုပ်သွင်ကို စိုက်ကြည့်သည်။

'ဦးဖေဖေ …'

'အင်း ….'

'ဦးဖေဖေ သွားနေတုန်းလေ ….။ သမီးလွမ်းတာနဲ့ … အဲဒီသီချင်းချည်းပဲ ပီယာနိုနဲ့ ခဏခဏ ဆိုတီးတယ်။ လွမ်းလို့ ကောင်းလိုက်တာ ဦးဖေဖေရယ်'

'ဘာပြောတယ်သမီး'

'လွမ်းလို့ ကောင်းတယ်လို့'

'လွမ်းတယ်ဆိုတာ မကောင်းဘူး သမီးရဲ့ …'

'အင်း …. အဲဒါဖြင့် ဦးဖေဖေ ဘာပြုလို့ အလွမ်းသီချင်းတွေစပ်သလဲ၊ အလွမ်းဝတ္ထုတွေ ရေးသလဲ'

'အာ ….'

www.burmeseclassic.com

www.burmeseclassic.com

'သမီး သူငယ်ချင်းတွေကလဲ မေးတယ်။ ဦးဖေဖေက အလွမ်းသန်တယ်တဲ့။ ဘဝရဲ့အဝတ်မှာ လွမ်းစရာ ရှိခဲ့သလားတဲ့'

'သမီးက ဘယ်လို ဖြေလိုက်သလဲ'

'မသိဘူးလို့'

သမီး၏ဖြေဟန်လေးကြောင့် သူက တစ်ချက်ရယ်၏။ ထိုနောက် တွေတွေကြီး ခေတ္တစဉ်းစားပြီးနောက် ဆို၏။

'နောက်တစ်ခါမေးကြရင် ဖြေလိုက်'

'ဘယ်လိုဖြေရမလဲ'

'ရှိတယ်...လို့...'

'အင်...။ ရှိတယ်'

'အင်း...'

'ဦးဖေဖေမှာ...လွမ်းစရာရှိတယ်'

'ရှိတယ်...'

မှန်မှန်က မျက်လုံးလေးဝိုင်းဝိုင်းနှင့် သူ့ကိုမော့ကြည့်သည်။ သူက ကြင်နာမှု၊ နားလည်မှုတို့ရောသောအပြုံးကို ပြုံးပြ၏။

'ဘွားဘွားသင်ပေးထားလို့ ဓမ္မစကြာ သုတ်တော်ကို သမီး ငယ်ငယ်လေးကတည်းကရတယ်။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောဆိုတဲ့စကားကို သမီးနားလည်တယ်။ ချစ်ခင်နှစ်သက်သူတွေနဲ့ ခွဲခွာရရင် ဒုက္ခ။ ဟုတ်လား'



'ဟင်း....မဟုတ်ဘူးလေ။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့် ဝိပ္ပယောဂေါ၊ ကွေကွင်းကင်းကွာ၊ ရှိနှုတ်ဖြင့် မပေါင်းယှဉ်ခြင်းသည်လည်း၊ ဒုက္ခော ဆင်းရဲ၏'

'အင်းလေ...အဓိပ္ပာယ်တူတူပေါ့'

'ဘွားဘွားက သတ္တဝါသင်္ခါရတဲ့။ အဲဒါကို မမေ့ရဘူးတဲ့'

သူက ရယ်၏။

'ကဲ...ပါတော့။ အဲ သမီး ဇာတ်ကြီးဆယ်ဘွဲ့လဲ ဖတ်ဖူးတယ်။ သုဝဏ္ဏသာမဇာတ်မှာ ဘုရားအလောင်းကို မြားနဲ့ပြီ ပိုးကြွ မြည်တမ်းတော်မူလို့ ပိဠိယက္ခမင်းကြီးက နှုတ်သိမ့်စကားပြောတဲ့အခါ အလောင်းတော်က အာမြန်ပြောသလဲ'

'အား....သမီးသိတယ်။ ဦးဖေဖေပဲပြောတယ်လေ။ ဦးဖြူသာသာရဲ့ အလှန့်လှတဲ့ မြန်မာစကားတဲ့'

'အင်း...'

'ဤသို့ကွဲကြွ ရပူအား သံသရာ၌ ကျင်လည်သော ယောကျ်ားဟာကတို့ ခံရမြဲတည်းတဲ့။ ဟုတ်ကဲ့လား'

'ဟုတ်တယ်။ ဘုရားအလောင်းက မြားဒဏ်ကြောင့်ဆို စိတ်မထိခိုက်ဘူး။ ကုန်ကုန်ပြောမယ် သေရမှာလဲမတုန်လှုပ်ဘူး။ သူစိတ်ထိခိုက်တာက သူ ကွဲ ခွဲနှုတ်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်တဲ့ မျက်မမြင်ဒုက္ခိတမိဘနှစ်ပါးကို ဘယ်သူလုပ်ကျွေးပြုစုမလဲ။ အဲဒီအတွက်တော့စိတ်ထိခိုက်တော်မူလှတယ်’

မွန်မွန်က ခြေသည်းလှီးပေးခြင်းလည်း ပြီးသွား၏။ ကတ်ကြေးလေးကို ချထားပြီး ပုဆစ်တုပ်ကျုံ့ကျုံ့ထိုင်လျက်ကပင် သူ့ ဦးဖေဖေ၏မျက်နှာကိုကြည့်ရင်း နားထောင်နေ၏။

‘စိတ်ထိခိုက်တယ်။ ဝမ်းနည်းတယ်။ ပူပန်တယ်။ လွမ်းတယ်။ အောက်မေ့တယ်...စသည်ဖြင့် စကားတွေတော့ အများကြီးပေါ့ သမီးရယ်။ ခြုံပြီးခေါ်လိုက်တော့ ပါဠိလို ဒေါမနဿဝေဒနာလို့ ခေါ်တယ်။ စိတ်မှာဖြစ်တဲ့ ဒုက္ခ’

‘သောကပရိဒေဝနဲ့ သူ့တိက္ကမာယ။ ဒုက္ခဒေါမနဿ အဥပါယာသ’

‘အဲ သမီးက မဟာသတိပဋ္ဌာန် သုတ်တော်တောင် ရတာပဲ။ ပူဆွေးငိုကြွေးခြင်းတွေကို လွန်မြောက်စေခြင်းအလို့ငှာ၊ ကိုယ်ဒုက္ခ စိတ်ဒုက္ခတွေ ချုပ်ငြိမ်းပျောက်ကွယ်ခြင်းအလို့ငှာ။ မြတ်စွာဘုရားသခင်ရဲ့ အာမခံချက်ကထိတော်ကြီးတွေလေ။ ဦးဖေဖေတို့ လူတွေကသာ မကျင့်နိုင်ကြလို့။ ထားပါတော့။ ပုထုဇဉ်မှန်ရင် စိတ်မှာဖြစ်တဲ့ ဒုက္ခဟာ ရှိစမြဲပဲ။ စာရေးဆရာ ကဗျာဆရာကြီးတွေဟာ စိတ်မှာဖြစ်တဲ့ဒုက္ခအကြောင်းကို သိဝှက်



ဖုံးကွယ်မထားပဲ စာတွေရေးကြတယ်။ သမီး ဟင်မင်ဝေး Hemingway ကြီးကို သိတယ်မဟုတ်လား’

‘အား...ဖော်ဟွမ်းသဘဲလ်တိုးလ် For Whom the Bell Tolls’

‘ဟုတ်တယ်။ ဟင်မင်ဝေးက အစပထမမှာ ဗိုက်အိုလင့်စ် Violence လို့ခေါ်တဲ့ ကြမ်းကြုတ်ရက်စက်မှုသဘောတွေကို သူ့အကြောင်းနဲ့သူ ဝါသနာပါလို့ရေးတယ်။ ရေးရင်းကနေ တဖြည်းဖြည်း ကြမ်းကြုတ်ရက်စက်မှုရဲ့ သဘော သဘာဝကဘာလဲ။ ဘယ်အကြောင်းတရားတွေကြောင့်ကြမ်းကြုတ် ရက်စက်မှုတွေဟာ လူ့လောကမှာ ရှိရသလဲဆိုတာကို သူ့စာတွေမှာ သိမ်သိမ်မွေ့မွေ့ သုံးသပ်လာတယ်။ တရားဟောတာမဟုတ်ဘူး။ ကဗျာသဘော...စာသဘော...အနုပညာသဘောနဲ့ပြောလာတယ်။ စာရေးဆရာတို့ရဲ့စေတနာပြောင်းလဲလာခြင်းလို့ခေါ်ရမယ်’

မွန်မွန်က ခေါင်းညိတ်ပြ၏။

‘အဲ...ဦးဖေဖေလဲ ဆစကရင်ထဲမှာ အလွမ်းရှိလို့ အလွမ်းရေးမိတယ်ပေါ့။ နောက်တော့ ဩော်... အလွမ်းလို့ခေါ်တဲ့ စိတ်ဒုက္ခသဘောတွေဟာ ဒီလောကမှာ ဘာကြောင့်ရှိရသလဲ။ လူတွေဟာ ဘာကြောင့် စိတ်ဒုက္ခရှာကြသလဲ။ ရည်ရွယ်လို့ပဲဖြစ်ဖြစ်... မရည်ရွယ်ဘဲနဲ့ပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူ စိတ်ဒုက္ခဖြစ်အောင် လှူဒါန်းတာ လုပ်မိနေတတ်ကြတယ်။ ဘာကြောင့်လဲ...။ ဗိုလ်သဘောကြီးမှာ လူတိုင်း လူတိုင်းဟာ စိတ်ဒုက္ခကင်းကြရင် မကောင်းဘူးလား။ အနည်းဆုံး စိတ်ဒုက္ခသဘောကို နားလည်ကြပြီး ကိုယ်ချင်းစာတရား ငြိမ့်ငြိမ့်ဖြစ်ဖြစ် ရှိသွားကြရင် မကောင်းဘူးလား။ အစ ... တော့မသိဘူးသမီး။ နောက်တော့ သိလာတယ်။ ဦးဖေဖေ့မှာလဲ ဆောနောင်ပြောင်းလဲလာတယ်'

ငြိမ်ငြိမ်လေး နားထောင်နေရာမှ မွန်မွန်က ပြုံးသည်။

'အဲဒါတွေလဲ သူငယ်ချင်းတွေကို ပြောပြလိုက်မယ်'

သူက ပြုံးရုံပြုံးနေ၏။

'သူတို့တွေကလေ ဦးဖေဖေကို စာရေးဆရာလို မကြည့်ကြဘူး။ ဟိုဒင်း...ဖောက်လိုက်လို ကြည့်ကြတယ်။ ဦးဖေဖေကို ဦးဖေဖေတတ္ထုယ်က ဖောက်လိုက်လို့ ပြောပြောနေကြတယ်'

ဤသည်ကိုလည်း သူက ရယ်ရုံသာ ရယ်နေ၏။

'ဦးဖေဖေကလဲ ချောတာကို'

'အိုး...'

'ဟုတ်တယ်။ သူတို့က ဦးဖေဖေကို ချောတယ်တဲ့'

'သမီး ဦးဖေဖေက အဘိုးကြီး ဖြစ်နေပြီ'

'ဟင်း...။ ဘယ်မှာ ဖြစ်သေးလို့လဲ'



'ဦးဖေဖေအသက် ၃၈ နှစ်ရှိပြီ'

'အဲဒါ... အဘိုးကြီးမှ မဟုတ်သေးပဲ၊'

'နို့...ဘာလဲ'

'ဟပ်ပီ...။ ယူ၊ ပီ၊ ပီ၊ ဝိုင် UPPY။ ဟပ်ဝဒ်၊ မိုဘိုင်းလ် ပရော်ဖက်ရှင်နယ်လ် အင်ဒ် ယန်းဂ်။ တိုးတက်၊ ကြီးပွား၊ ကျွမ်းကျင်တဲ့ နုပျိုသူကြီး'

'အင်ဒ်...။ ဘာလိုး ဒရိုင်းဒ် လွှတ်ခ်'

'ဟုတ်တယ်။ အင်ဒ်၊ ဘာသိုး ဒရိုင်းဒ် လွှတ်ခ်'

မွန်မွန်က အလွန်သဘောကျဟန်ဖြင့် လက်ခုပ်လေး တီး၍ ရယ်ခြင်းဖြင့် သူလည်းလိုက်ရယ်၏။

'ဦးဖေဖေ...'

'ဘာလဲ သမီးရဲ့'

'တစ်ခု ကျန်နေသေးတယ်'

'ဘာ...တစ်ခုလဲ'

'ဟို...ဦးဖေဖေ လွှမ်းတာလေ။ ဖေဖေ... အစက...။ အဲဒါ... ဘာကိုလွှမ်းတာလဲ'

သူက မျက်နှာ ညှိုးမသွားအောင် အထူးသတိထား လိုက်၏။

'ဦးဖေဖေ မေးမယ်။ သုဝဏ္ဏ သာမဟာ ဘာဇာတ်အမျိုး ကြောင့် စိတ်ထိခိုက်လဲ'

'ရှင်...ဦးဖေဖေ ဘာမေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါးရာနှစ်ဆယ့်ရှစ် ကြောင့်လား၊ တစ်ထောင့်ငါးရာ ကြောင့်လား'

'သမီးသိတယ်။ ငါးရာနှစ်ဆယ့်ရှစ်ကြောင့်'

'ဦးဖေဖေလဲ— ငါးရာနှစ်ဆယ့်ရှစ်ကြောင့်'

မွန်မွန်က တွေတွေလေး ငိုင်သွား၏။

'သမီးမေမေ ကြောင့်ပေါ့— နော်'

'ဟုတ်တယ်—'

'မေမေက သမီးမွေးပြီးပြီးချင်း ဆုံးသွားတယ်နော်'

သူက ခေါင်းညိတ်၏။

'ဖေဖေကလဲ အလျင်ဆုံးတယ်'

ဤသည်ကိုလည်း သူက ခေါင်းညိတ်ပြ၏။

'ဖေဖေကတော့ ငှက်ဖျားရောဂါနဲ့ ဆုံးတယ်နော်'

သူ ခေါင်းညိတ်ပြပြန်၏။

'ဦးနှောက်ထဲ အဖျားပိုး ရောက်သွားလို့တဲ့။ ဘွားဘွား က ပြောတယ်၊ ဖော်စီပါရန်လား ဦးဖေဖေ'

'သမီးရယ်၊ ဆေးပညာ ဝေါဟာရတွေကို ဦးဖေဖေတို့ ဘယ်သိမလဲ။ ဒါပေမယ့်....အင်း...ပြီးတာတွေဟာ ပြီး ပါစေတော့ သမီးရယ်'

မွန်မွန်၏ မျက်နှာလေးက ညှိုးယောင်ယောင်ဖြစ်နေ၏။သူ့ လက်က မွန်မွန်၏ ဦးခေါင်းလေးပေါ် ရောက်သွားပြီး ယုယစွာ ပွတ်သပ်၏။



မွန်မွန်၏ လက်လေးများကလည်း သူ့ဒူးပေါ် ရောက်လာ သည်။ မျက်တောင်ကော့ကြီးများကိုလှန်၍ သူ့ကို ကြည့်ရင်း က တဖြည်းဖြည်း ပြုံးလာ၏။

'ဟုတ်တယ်နော် ဦးဖေဖေ။ ပြီးတာတွေဟာ ပြီးတာပဲ။ အတိတ်ဆိုတာ မရှိတော့တဲ့သဘော။ ဘွားဘွားကတော့ ပြောတယ်။ အတိတ်ဆိုတာဟာ ခယမွာ၊ ဝယမွာ၊ ဝိရာဂမွာ၊ နိရောဓ ဓမ္မာ တဲ့။ ကုန်သွားတဲ့ သဘော၊ ပျက်သွားတဲ့သဘော၊ ကင်းသွားတဲ့ သဘော၊ ချုပ်သွား တဲ့သဘော။ အဲဒါကို အဟုတ်လုပ်ပြီး သွားဆွဲတာက အဝိဇ္ဇာ တဲ့၊ သက္ကာယဒိဋ္ဌိ တဲ့၊ သညာဝိပ္ပလ္လာသ တဲ့။ အနိစ္စဉာဏ်နဲ့ ပယ်ရမယ့်သဘော၊ ဖြတ်ရမယ့် သန္တာတိ တဲ့'

'ဘွားဘွားပြောတာ မှန်တာပေါ့သမီးရယ်'

မွန်မွန်က ရယ်၏။

'သမီးကျတော့ အဲဒါတွေက အတိတ်တောင် မဟုတ် ဘူး။ အတိတ်ဆိုတာ ကိုယ်ကြုံဖူးရမယ် မဟုတ်လား။ သမီးမှ မကြုံဘူးပဲ။ သမီး ကြုံဖူးတဲ့ အတိတ် က ဘွားဘွား နဲ့ ဦးဖေဖေ၊ ဦးဖေဖေနဲ့ ဘွားဘွား။ ပစ္စုပ္ပန် မှာလဲ ဘွားဘွားနဲ့ ဦးဖေဖေ၊ ဦးဖေဖေ နဲ့ဘွားဘွား။ အတိတ်ကလဲ ပျော်စရာ ကောင်းတာပဲ၊ ပစ္စုပ္ပန်ကလဲ ပျော်စရာ ကောင်းတာပဲ။ အဲ အိမ်မှာ ဦးဖေဖေမရှိရင်တော့....

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်သလဲ…ပြောလေ'

'ဟင်း….အောက်မေ့လာပေါ့'

သူက ရယ်ပြီး သမီး၏ ခေါင်းလေးကို ပွတ်သပ်ရင်းက ပြောသည်။

'သမီး ကလေးလေး မဟုတ်တော့ဘူး။ အေးတက္ကသိုလ် ကျောင်းသူကြီး ဖြစ်နေပြီ'

'အဲဒါနဲ့….'

'ဆရာဝန်မကြီးလုပ်မယ့်လူဟာ စိတ်ဓာတ် ခိုင်မာရမယ်'

'နို့…ဦးဖေဖေကပဲ နှလုံးသား နူးညံ့ရမယ်ဆို'

'အေး…အဲဒါက သူတစ်ပါးအပေါ်မှာ၊ လူ နာတွေ အပေါ်မှာ။ ကိုယ့်အတွက်တော့ ခိုင်မာရမယ်'

'ဦးဖေဖေလိုပဲလား'

'အင်း'

'ဘွားဘွားက ပြောဖူးတယ်၊ သမီး ဦးဖေဖေကတဲ့၊ စာရေးဆရာ၊ ကဗျာဆရာ တစ်ယောက် အနေနဲ့ကတော့ နှလုံးသားက နူးညံ့တယ်တဲ့၊ လူတစ်ယောက် အနေနဲ့ ကျတော့ ဦးဖေဖေ နှလုံးသားက သံမဏိတဲ့။ မီးဖုတ်ပြီး ထုထားတဲ့ သံမဏိ တဲ့'

သူက ရယ်သောအခါ မွန်မွန်ကပါ လိုက်ရယ်ပြီး လက်သည်းညှပ်ကိရိယာလေးတွေကို သိမ်းနေ၏။



'ကဲ…ဦးဖေဖေ အဝတ်အစား လဲတော့။ တိုက်ကို အရောက်နောက်ကျလို့ သမီးကြောင့်ဆို ဦးဦးညိုကြီးက အပြစ်တင်နေဦးမယ်။ နည်းနည်းတောင် နောက်ကျနေပြီ။ ဪ…ဦးဖေဖေ ကားယူသွားမလား။ သမီး မောင်းပို့ရမလား'

'ဦးဖေဖေ တိုက်မှာ အလုပ်တွေရှိတယ်။ တစ်နေ့လုံးထိုင်လုပ်လိုက်ဦးမယ်။ သမီး ကားယူထားလိုက်ပေါ့'

'ကဲ….ဒါဖြင့် သမီးလဲ အဝတ်အစား လဲလိုက်ဦးမယ်'

တာမွေ ရွှေဂုံလမ်း ခြံတွင်းမှ ကားသည် ထွက်လာပြီး အရှေ့မြင်းပြိုင်ကွင်း လမ်းမကြီးပေါ် ရောက်သောအခါ သွားလာနေသော ကားတွေ ယာဉ်တွေကများ၏။

မွန်မွန်က ကျွမ်းကျွမ်းကျင်ကျင် တည်တည်ငြိမ်ငြိမ်နှင့် ကားကို မောင်းနေ၏။

ဘေးမှ ထိုင်လိုက်လာသော ကိုစောသန့်က သမီး ကားမောင်းပုံကို ကြည့်သည်။

စတီယာရင် စက်ဝန်းအနက်ပေါ်မှ သမီး၏ ဝါဝင်းသော လက်ကလေးများက လှသည်။

သည်လက်လှလှလေးများက ကားကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ထိန်းသိမ်း ကိုင်တွယ်၍ မောင်းနေ၏။

မျက်နှာလေးမှာလည်း မိမိကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်နှင့်….။

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သည်။

ဘဝလမ်းမှာလည်း သမီးသည် မိမိကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်နှင့် သွားနိုင်ပြီဟု ယုံကြည်သည်။

သြော်… မိမိကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်ရဖို့ နှလုံးသားကို မီးမှာဖုတ်ပြီး သံမဏိ ပို ဖြစ်အောင် လုပ်ရန် အခါ ခပ်သိမ်း မလိုပါ။

သမီး၏လှပနူနယ်သော နှလုံးသားလေးကို မီးမှာ ဖုတ်ရန် မလိုပါ။

မိမိကလည်း ခွင့်မပြုနိုင်ပါ။

*

အခန်း ၁၀

သတ္တိ….။

သတ္တိက မည်မျှရှိသနည်း။ မိမိ မသိပါ။

သြော်…မရှိသည့်အရာကို ဘယ်လောက် ရှိသည်ဟု ဘယ်သို့ သိရမည်နည်း။

သတ္တိဆီကို တွန်းပို့ခံရမည်ဟု လေးဖြူက ပြောခဲ့သည်။

ယခု—မိမိက တွန်းပို့ခံရသည်။ သို့သော် သတ္တိကို တွေ့ရ သေးပါကလား။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့— ငတ္တိဆိုသည် ဘယ်လောက်ရှိသည်ဟု မိမိမသိ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်....။

မှန်မှန်တွက်ခြင်းဆိုမိမိ ပါခဲ့သည်မှာ သုံးရက်ရှိပြီ။ ပိတ်ထားသောခြံကျေးပါးဝမှာ ရပ်မိသည်မှာလည်း သုံးကြိမ်ရှိပြီ။

ကျောင်းပိတ်၍ နေရပ်ပြန်သွားသော သူငယ်ချင်း ဇေယျာကျော်ကို သွားသတိရသည်။

မိမိတို့က ကျောင်းရန်ပုံငွေအတွက် ပွဲလက်မှတ်လိုက်ရောင်းကြသည်။

သိသည့် အိမ်လည်း ပါသည်၊ မသိသည့် အိမ်လည်း ပါသည်။

ဇေယျာကျော်က မိမိတို့လက်မှတ်ရောင်းအဖွဲ့လေး၏ ခေါင်းဆောင်။

မိမိက အစကတည်းကကို မပါချင်။ မိမိက အားနာတတ်သည်။

ရန်ပုံငွေ လက်မှတ်ဆိုသည်ကို ဘယ်သူက ဝယ်ချင်မည်နည်း။

ဝယ်လျှင်လည်း မလွှဲသာ၍သာ အားနာပါးနာ ဝယ်မည်။ ဥက္ကဋ္ဌဖြစ်သူဆရာက တာဝန်ပေးသဖြင့် လည်းကောင်း၊ အဖွဲ့ခေါင်းဆောင် ဇေယျာကျော်က သူငယ်ချင်း ဖြစ်နေ၍ လည်းကောင်း မိမိက ပါခဲ့ရသည်။

မဖိတ်ခေါ်သော၊ မိမိတို့၏ ကိစ္စကိုသိလျှင် တံခါး ဖွင့်ပေးချင်မည်မဟုတ်သော သူများခြံဝ၊ သူများအိမ်ဝ၌ သွားရပ်



ရခြင်းသည် စိတ်အားငယ်ဖို့ ကောင်းပါဘိခြင်း၊ မျက်နှာပူဖို့ ကောင်းပါဘိခြင်း၊ အားနာဖို့ ကောင်းပါဘိခြင်း။

ဇေယျာကျော်ကမူ သူ့ဒဿနကို ရှင်းပြ၏။

'အလှူပွဲလက်မှတ်လိုက်ရောင်းတယ်ဆိုတာ မေ့ပစ်လိုက်၊ ဘဝရဲ့ အတွေ့အကြုံတစ်ခုကို အစမ်း ရင်ဆိုင်ကြည့်တယ်လို့ သဘောထားလိုက်....'

'တောက်တီးတောက်တဲ့၊ ကြီးကြီးကျယ်ကျယ်'

'တောက်တီးတောက်တဲ့ မဟုတ်ဘူး။ ကြီးကြီး ကျယ်ကျယ်တော့ ဟုတ်တယ်'

'ဘာကြီးကျယ်တာလဲ'

'ဘဝမှာ အိမ်တိုင်းက ကိုယ့်ကို ဖိတ်ခေါ်မယ်မထင်နဲ့၊ အိမ်တိုင်းက ကြည်ကြည်ဖြူဖြူ တံခါးဖွင့်ပေးမယ် မထင်နဲ့။ ဒါပေမယ့် ကိုယ်က အိမ်မရွေး တံခါးဝမှာ သွားရပ်ရဲရမယ်'

'ကန့်ကွက်တော့ ဆွမ်းလုပ်တဲ့ အိမ်တွေနဲ့ တွေ့တော့ ဘယ့်နှယ်လုပ်မလဲ'

'အဲဒီနှယ်လုပ်တယ်ဆိုတာ မင်းမြင်ပြီးပြီပဲ'

'ဘာလဲ....'

'တံခါးဖွင့်ပေးပြီး ဝယ်တဲ့အိမ်တွေ အများကြီးပဲ၊ အဲဒီတော့ မြင်တယ်။ တစ်ချို့အိမ်တွေကျတော့ တံခါး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖွင့်ပေးပါရဲ့၊ မဝယ်ဘူး၊ ဒီတော့လဲ အရင်းအတိုင်းပဲ။ တံခါးကိုဖွင့်မပေးတဲ့အိမ်ကျတော့လဲ နောက်ဆုတ် လာခဲ့တာပေါ့။ အဲဒီတော့လဲ ဘာရှုံးသလဲ။ တို့မျက်နှာက အသား တစ်လက်မပဲ့ကျန်ခဲ့လို့လား။

'မင်း မှတ်ထား၊ အလုပ်တစ်ခုလုပ်ရင် မဖြစ်မှာကို ထည့်မစဉ်းစားနဲ့။ မဖြစ်ရင် အရင်းအတိုင်းပဲ။ အတွေ့အကြုံဆိုတဲ့ အမြတ်အောင် ရလိုက်သေးတယ်။ ဖြစ်ရင်တော့ အမြတ်ချည်းပဲဟေ့'

သည်ကောင် ပြောသည်မှာ ဟုတ်တုတ်တုတ်တော့ ရှိသည်။ တံခါးမဖွင့်ပေးသော အိမ်တွေ တော်တော်များများ တွေ့ပြီးသည့်နောက် ရိုးသွားသည်။ မျက်နှာမပူတော့....။

သည်အတွေ့အကြုံလေးနှင့် အားတင်းပြီး မွန်မွန်တို့ ခြံသို့ လာခဲ့သည်။

ခြံတံခါးဝမှာ သုံးကြိမ်ရပ်ပြီးနောက်ဆုတ်ခဲ့သည်။

တံခါးဖွင့်မပေးတဲ့ အခြေအနေပယ်ခံလိုက်ရလျှင် အရင်းအတိုင်းပါပဲဟု ဆို၍ ရမည်လော။

နှလုံးသားကိစ္စမှာ အရင်းအတိုင်းပဲဟူသည့်သဘော ရှိပါသလော။

အရင်းအတိုင်းဟု ပြောသူတွေကိုတွေ့ဖူးသည်။ သူတို့ထဲမှာ မိမိမပါ။



မိမိကတော့....ရှုံးမည်။ ရှုံးမည်ကသေချာ၏။

ခြံ၏ သံတံခါးစိမ်းရှေ့မှာရပ်ရင်း သူက ငိုင်နေသည်။

တံခါးအတွင်းဘက်မှာ သံကြိုးနှင့်ဆွဲထားသော ကြေးဝါခေါင်းလောင်းလေးကိုလည်း တွေ့ရသည်။

ခေါင်းလောင်းလေးဆီ လက်ကိုပို့လိုက်လျှင် ဘယ်လောက်ကြာမည်နည်း။

တစ်စက္ကန့်။ နှစ်စက္ကန့်...။ ဘာမျှကြာမည်မဟုတ်။

သို့ရာတွင် ဤတစ်စက္ကန့်နှစ်စက္ကန့်က ကမ္ဘာကြီး ဆက်တည်နေမည်လော၊ ကမ္ဘာကြီးပျက်သွားမည်လော။ အဲ့သည်လောက် အရေးကြီးသည်။

သူငိုင်နေစဉ် ပီယာနိုသံကိုကြားရသည်။

တေးသွားကို သူမသိ။ သာယာ၍ လွမ်းဆွတ်ဖွယ်ကောင်းသည်။ ဤမျှတော့သိသည်။

မွန်မွန် ပီယာနိုတီးတတ်ကြောင်း သူငယ်ချင်းများထံမှ သိထားသည်။

သီချင်းဆိုတတ်ပြီး အသံကောင်းမှန်းလည်းသိသည်။

နာမည်ကျော် စာရေးဆရာ၊ ကဗျာဆရာ၊ တေးပြုဆရာကြီးက သူ့တူမကို ဘာကြောင့်ပွဲမထုတ်သနည်းဟု လူတွေ အံ့ဩကြသည်ကိုလည်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိယာနိုသံကို အာရုံပြု၍ငြိမ်နေမိခိုက် အနီးမှ အသံတစ်သံကြောင့် သူ လန့်သွားသည်။

သံတိုင်စည်းရိုးတစ်လျှောက်၌ ပုဏ္ဏာရိုက်တန်းရှိသည်။ သံတံခါးက အစိမ်း။ တံခါးအုတ်တိုင်က အဖြူ။

ဘယ်ကထွက်လာသည်မသိ၊ အုတ်တိုင်နှင့် ပုဏ္ဏာရိုက်တန်းကြား၌ အမွေးရှည်ရှည်နှင့် ခွေးဖြူပုပုလေးတစ်ကောင်—။

အသံက သူ့ထံမှထွက်လာသည်။

သူက ချစ်စရာအသံသေးသေးလေးနှင့် မာန်ထုတ်ပြနေသည်။

သူက တံခါးမှဆုတ်မည်ဟု ကိုယ်ကိုလှုပ်၏။

ထိုအခါကျမှ သတ္တဝါလေးက ခွေးသူငယ်သံ မပျောက်သည့် အသံလေးဖြင့် ဟောင်တော့၏။

ခြံရှေ့လမ်းပေါ်၌ လျှောက်သွားသူနှင့်ဦးက မိမိကို ကြည့်ကြသည်။

ခက်ပြီ။ ခွေးဟောင်မှ ခြံတံခါးက ဆုတ်သွားသူ မိမိကို မည်သို့ထင်ကြမည်နည်း။

သူက ပြန်၍ငြိမ်ရပ်၏။

သတ္တဝါလေးကလည်း အဟောင်ရပ်ပြီး အမွေးရှည်တွေဖုံးနေသည့်အောက်မှ မျက်လုံးလေးများနှင့် သူ့ကိုကြည့်နေ၏။

မျက်လုံးကို အမွေးရှည်တွေအုပ်နေတော့ သတ္တဝါလေးက အသိုးကြီးအိုလေးနှင့် တူနေ၏။



'မဟောင်ပါနဲ့ အဘိုးကြီး အိုလေးရယ်။ တို့ ဂ မင်းခြံထဲ မဝင်ပါဘူး။ ဝင်ဘောင်နဲ့ တို့က ရန်မလုပ်ပါဘူး။ ဒီခြံထဲမှာက တို့ချစ်တဲ့လူရှိတယ်။ မုန်းတဲ့လူ မဟုတ်ဘူး'

သည့်လို ခွေးလေးမျိုးက ဘာကောင်းသည်။ ချိုချိုသာသာ ကောင်းကောင်းမွန်မွန်ပြောလျှင် နားလည်တတ်သည်။

ထို့ကြောင့်သည်း ပါးစပ်တွင်းရှိသည်ကို သူက ချိုချိုသာသာ ပြော၏၊

'ဘယ်သူနဲ့တွေ့ချင်သလဲ'

သူ ဆတ်ဆတ်တုန်သွား၏၊ သည့်တစ်ခါတော့ လူသံ၊ လူသံမှ အစစ် ။

အကျီ်ပက်ကဘိုသည်။ တံခါးဘောင်ဆစ်အထိ လက်တွေအာရေစိုနေ၏၊ အသက် ဆယ့်သုံးခေါ နှစ်ခန့်ရှိမည့် မိန်းကလေး တစ်ဦး။

'အာ...ကိုခင်း ...မွန် ...မွန် ...မမွန်နဲ့ခဲ့ဘူ - တွေ့ချင်လို့'

ရှာဘရာက်ပြေလိုက်ပြီးမှ မှားပြီဟု သူ နောင်တရသည်။

'ဘယ်သူ့သို့ပြောခုမလဲ'

'ကိုမျိုးလို့....။ မျိုးကိုလှိုင်လို့'

မိန်းကလေးက သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး အိမ်ဘက်သို့ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'သစ်ဆန်းနွေဂိမှန်မို့၊ သဇင်ကျန် ပင်ယုံမြင့်မှာ၊
ဆင်တော်ရန်လင့်ညောင်း— ထုံကြိုင် စုံမြိုင်ခွေ
ယိုင်လျောင်း၊ နွဲ့နွဲ့နှောင်းနှောင်း၊ ပျောင်း
ပျောင်းခွေယိုင်၊ ဖူးတံသွယ်လို့၊ နွယ်ယှက်ဆိုင်—'

မွန်မွန်က သီချင်းကို တိုးတိုးဆို၍ ပီယာနိုတီးနေ၏။

'မမ—'

ပီယာနိုတီးမပျက်ပဲ မွန်မွန်က လှည့်ကြည့်၏။

'ညည်းသည်။ မမနဲ့တွေ့ချင်လို့တဲ့'

မွန်မွန်က ပီယာနိုကို မရပ်ချင်ရပ်ချင်နှင့် ရပ်လိုက်၏။

'ဘယ်သူတဲ့လဲ— မငယ်'

'ကိုမျိုး—တဲ့။ မျိုးကိုလွင်....တဲ့'

'ဟင်—ကိုမျိုး'

မွန်မွန်က ထိုင်ရာမှထလိုက်၏။ ဘာကြောင့်မသိ၊ ရင်လေးကလည်း ဖိုသွား၏။

မငယ်က လေသံနှိမ့်၍ပြော၏။

'အဲဒီလူ စိတ်ကောင်းရဲ့လား မသိဘူး'

'အို—ဘာပြုလို့'

'ခွေးနဲ့ စကားပြောတယ်'

'ဘယ်လို— ခွေးနဲ့စကားပြောတယ်'



'ဂွမ်းပုံနဲ့ ပြောနေတာ'

'ဂွမ်းပုံနဲ့ပြောနေတယ်။ ဘာပြောလဲ'

'ခြံထဲမဝင်ပါဘူးတဲ့။ ဝင်တောင်မှ ရန်မလုပ်ပါဘူးတဲ့။
ခြံထဲမှာချစ်တဲ့လူ ရှိတယ်တဲ့။ မုန်းတဲ့လူ မဟုတ်ဘူးတဲ့'

ကြည်ဝိုင်းသော မွန်မွန်၏ မျက်လုံးလေးများက လဟာပြင်ကိုကြည့်သည်။

ဟုတ်သည်။ လဟာပြင်၊ ပြာလွင်သော လဟာပြင်။

အားလုံးက ခတ္တပျောက်သွားသည်။ လဟာပြင်သာ—။

စကားသံက လဟာပြင်မှလာသည်။ နှလုံးသားဆီ တိုက်ရိုက်ဝင်သည်။

'ခြံထဲမှာ ချစ်တဲ့လူရှိတယ်။ မုန်းတဲ့လူ မဟုတ်ဘူး'

သည်စကားကို မိမိနားလည်သည်။

စကားလုံးတွေကဆောင်သယ်လာသော ဇာတိမှာယ်တွေထက် လွန်ပြီး မိမိပိုနားလည်နေသည်။

'လူကောင်းတစ်ယောက်ပါ မငယ်။ စိတ်မပူပါနဲ့'

သော့တွဲကိုယူပြီး မွန်မွန်က အိမ်တွင်းမှထွက်လာခဲ့သည်။

အဝေးကပင် သူ့ကိုမြင်သည်။ သူ့ မျက်လုံးများကို မြင်သည်။ ခဏပါ။

မွန်မွန် အနီးရောက်သွားသော့ သူက မျက်လွှာ ချထား၏။

'ကိုမျိုး— ဘယ်လိုရောက်လာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ခောင်ကော့ကြီးများကို လှန်၍ မွန်မွန်ကို ကြည့်သည်။ ဘာမျှတော့ မပြော။

မွန်မွန်က သော့ဖြင့် တံခါးကို ဖွင့်နေသည်ပြုသောအခါ သူက လက်လေးပြပြီး တားသည်။

'နေပါစေ မမမွန်၊ ကျွန်တော်ဝင်တော့ပါဘူး'

'အို...ဘာပြုလို့'

'မမမွန်ကို ကျွန်တော် လာ... လာ နှုတ်ဆက်တာ မဟုတ်ဘူး'

'နို့...ဘာလာလုပ်သလဲ'

'ဟို ...ဟို ...နှုတ် ...နှုတ်ဆက်တာ'

'နှုတ်ဆက်တာ။ ကိုမျိုး ဘယ်ကိုသွားမလို့လဲ'

'ဘယ်ကိုမှ မသွားဘူး'
'ဒါဖြင့် ဘယ်ကိုလာလဲ'

'အဲ...ဟိုဒင်း...'
မွန်မွန်ကပြုံးပြီး တံခါးကို ဖွင့်လိုက်၏။

'ခြံထဲ ကိုဝင်ပါ ကိုမျိုး။ ဒီခြံထဲမှာလဲ မင်းကို... ရန်သူ လို ကြည့်တဲ့လူ မရှိပါဘူး'

သူက ခြံတွင်းသို့ဝင်သည်။



ဂွမ်းပုံက သူ့ဘောင်းဘီ အဖျားနားဆီနမ်းကြည့်ပြီး အမြီးကို နှန့်နေ၏။

မွန်မွန်က တံခါးကို ပြန်သော့ခတ်နေစဉ် ရှေ့မှကြို၍ အိမ်ဆီသို့ ဂွမ်းပုံက သွားနှင့်၏။

လမ်းခုလတ်မှ ပြန်လှည့်ကြည့်သောအခါ သူ့ဘိနပ်သံက မလာသေးသဖြင့် ဂွမ်းပုံက ရပ်စောင့်နေ၏။

သူ့ဘိနပ်ပေါက် ရောက်လာမှ ဂွမ်းပုံက အိမ်ပေါ်တက်ပြီး အိမ်ပေါက်ဝမှ အမြီးနှန့်လျက် စောင့်နေပြန်သည်။

အိမ်က ဘက်ထပ်တိုက် ဖြစ်သည်။ ပါကေးခေါ် သက်နေအောင် တိုက်ထားသည့် သစ်တုံးပြားခင်း ကြမ်းခန်းက အဘန်ကျယ်သွင်ပြီး အလင်းရောင်ကောင်းသည်။

သနပ်ပြီ မှည့်ရောင် မတ်ဘတ် ပီယာနိုနှင့် မသုန်းမကာမ်းရှိ ဆက်တီကုလားထိုင်များတွင် သူတို့က ထိုင်ကြ၏။

ဂွမ်းပုံက သူ့ခြေအောက်အနီး ကြမ်းပြင်တွင် ထိုင်လျက် သူ့မျက်နှာကို မော့ကြည့်နေသည်။

'ကိုမျိုး ဒီကို ဘာနဲ့လာတာလဲ'

'ကား...ကားနဲ့'

'ဟင်...ကားအခု ဘယ်မှာလဲ'

'ဟို...အရှေ့ရန်ကင်းက သူငယ်ချင်းတစ်ယောက် အိမ်မှာ'

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရှိန်ကင်းနှင့် သည်နေရာက အတော်လှမ်းသေးသည်။ သည်ထိအောင် ကုန်းကြောင်း လျှောက်လာခဲ့သလော။ ဘာကြောင့်နည်း။

'ဘာဖြစ်လို့ ကားနဲ့ တစ်ခါတည်း မလာခဲ့သလဲ။ ကိုမျိုး အဝေးကြီး လျှောက်လာခဲ့တယ်ပေါ့'

နောက်ဆုံးစကား၌ ဂရုဏာသဘောပါသည်ဟု သူထင်၏။

'ဟိုဒင်း — မမမွန် မူကြိုက်မှာစိုးလို့'

'ဘယ်လို....'

သူက မွန်မွန့်ကို ကြည့်သည်။

မွန်မွန့်မျက်နှာလေးက ကြည်လင်ချိုပြုံးနေသည်။ မွန်မွန့်မျက်လုံးများကလည်း လှပအေးချမ်းနေ၏။

မေမေ့မျက်နှာမျိုး။ မေမေ့မျက်လုံးမျိုး။ သြော် — မေမေ့ကို သတိရကာမှ မွန်မွန်သည် မေမေနှင့် တူသည်ဟု ပိုထင်မိသည်။

မိမိစိတ် မိမိ လှည့်စားနေသလော။ မိမိကိုယ်ကို ကြံဖန်အားပေးမိနေသလော။

သူ့စိတ်တွင်း၌ ငိုချင်စိတ် ပေါက်လာသည်။ မွန်မွန့်ကိုစတွေ့စဉ်က ကဲ့သို့ ဝမ်းနည်းချင်လာသည်။

သူက တိုးတိုးကပ်ပြော၏။

'မမမွန် မကြိုက်မှာ စိုးလို့'



'အို — မမမွန်မကြိုက်မှာစိုးလို့။ မမမွန်က ဘာကိုမကြိုက်မှာ စိုးနေသလဲ'

သူစိတ်ညစ်သွား၏။ ဘယ်သို့ ပြောရပါမည်နည်း။ စိတ်ဓာမနိုင်းဘဲနှင့် လက်က ခေါင်းဆီ ရောက်သွားပြီး ကုတ်၏။

'မမမွန် မေးတာကို ဖြေပါဦး ကိုမျိုး'

သူက မွန်မွန့်ကို ကြည့်ပြန်သည်။

မွန်မွန်က သွားဖြူဖြူလှလှလေးပေါ်ရုံ ပြုံးနေ၏။ မျက်လုံးများကလည်း မောင်ငယ်ကိုကြည့်သော အစ်မ၏ မျက်လုံးများနှင့် တူနေ၏။

'အစကနေ ပြောမယ်နော်'

'အင်း'

'မမမွန်ကို ကျွန်တော် ခင်ချင်တယ်'

'အင်း'

'ခင်ချင်တာ မဟုတ်ပါဘူးလေ။ ကျွန်တော် ခင်ပြီးပါပြီ'

'အင်း'

'မမမွန်ကလဲ ကျွန်တော့်ကို ခင်စေချင်တယ်'

မွန်မွန်က ပြုံးပြီး ခေါင်းညိတ်ပြ၏။

'မမမွန် မခင်မှာကို ကျွန်တော် ကြောက် — ကြောက်တယ်'

ပြုံးလျက်ပင် မွန်မွန်က ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'မမမွန်နဲ့သိတာ ကြာပြီလေ။ ဒါပေမယ့် မမမွန်တို့အိမ် လာလည်ခွင့်ရှိအောင်အထိတော့ မခင်သေးဘူး။ မမမွန် ကလဲ လာလည်ပါလို့ ကျွန်တော့်ကို တစ်ခါမှ မဖိတ်ဖူး ဘူး။ ဒီတော့ ကျွန်တော်က မမမွန်ရဲ့ ဖိတ်ခေါ်သော ဧည့်သည်....'

မွန်မွန်က သူ့ကိုကြည့်သည်။ အပြုံးလေးက မပျောက်သော်လည်း သူ့စကားကြောင့် ဝမ်းနည်းသယောင် ရှိသွား၏။

'မဖိတ်ခေါ်သော ဧည့်သည်က ကားကြီးနဲ့ လာလည်တော့ ကျွန်တော့်ကို ဆောင့်ကြွားကြွား ဝင့်ဝါဝါ ကောင်လေးတစ်ကောင်လို့ မမမွန် ထင်မှာ ကျွန်တော် ကြောက်တယ်'

မွန်မွန်ရင်ဘတ်၌ နင့်ခနဲဖြစ်သွား၏။

'ဒါကြောင့် ကိုမျိုးက ခြေကျင်လျှောက်လာတယ်ပေါ့'

'ဟုတ်တယ်။ ဒါပေမယ့်...'

သူက စကားကို ရပ်ပစ်လိုက်၏။

'ဘာလေ... ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျွန်...ကျွန်တော် ပြန်ပြန်သွားတာပဲ'

'ပြန်ပြန်သွားတယ်'



'ကျွန်တော်လာတာ သုံးခါရှိပြီ။ သုံးရက်။ ခြံကဲခေါ် ရောက်မှ မမမွန်ကို ငါ လာနှောင့်ယှက်တာပဲ...ဆို... ကျွန်တော် ပြန်ပြန်သွားခဲ့တယ်'

'ဒီနေ့တော့ကော'

သူက မဖြေဘဲ ဂွမ်းပုံကို ကြည့်သည်။ သူ့လက်က ဂွမ်းပုံ၏ ခေါင်းလေးပေါ် ရောက်သွားပြီး သပ်ပေး၏။

မွန်မွန်က ရယ်ပြီး ပြော၏။

'ဒီနေ့တော့ ဂွမ်းပုံက နှုတ်ဆက်လို့၊ ဟုတ်လား'

သူကလည်း ရယ်၏။

ဂွမ်းပုံက သူထိုင်နေသော နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်သို့ အသာခုန်တက်လိုက်၏။ ထို့နောက် သူ့ကို တစ်ချက်နမ်းကြည့်ပြီး သူ့ပေါင်ပေါ် ခေါင်းတင်ထားသည်။

'ဩ်....ကိုမျိုး ဘာသောက်မလဲ'

'ခင်ဗျာ'

'လက်ဖက်ရည်လား၊ အအေးလား'

သူ ငိုင်နေသေး၏။ ခဏကြာမှပြန်မေးသည်။

'မမမွန်....ဘာသောက်မလဲ'

ဤစကားလေးက နားတွင်း၌ ပဲ့တင်သံပမာ မြည်၏။

ပြည်လမ်း ဆေးတက္ကသိုလ် ၁ နှင့် ကပ်နေသော အဆောင်မြင့် ပညာဦးစီး ဌာန သက်သာဆိုင်ကို သွား သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမမွန်က အအေးသောက်မယ်'

'ကျွန်တော်လဲ အအေးပဲသောက်ပါ့မယ်'

'ဒါဖြင့် ခဏနေဦးနော်'

မွန်မွန်က အိမ်နောက်ဘက်သို့ထွက်လာခဲ့သည်။

လင်မွန်ဘာလီရည်ဖျော်ရင်း မွန်မွန်က သတိရနေသည်။

သူ့ကို ကျောင်းညှော်ခံပွဲဘစ်ခုဌ်ဆိုခဲ့သည်။ သူက သူ့သူငယ်ချင်း ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးကဖိတ်၍ လာခဲ့ခြင်းဖြစ်၏။

အဲသည်တုန်းက မိမိက ဒုတိယနှစ်ကျောင်းသူ။ သူက စက်မှုတက္ကသိုလ်မှ ပထမနှစ်ကျောင်းသားလေး။

နောက်....မိမိတို့ကျောင်းဝင်းသို့ သူ ခဏခဏလာတတ်သည်ကို တွေ့ရသည်။ ပြုံးပြပြီး နှုတ်ဆက်ကြသည်။ သည်လောက်ပဲ။

ကျောင်းမှာက ကျောင်းသူလေးတွေ အများကြီးရှိသည်။ ပန်းလှလှလေးတွေရှိလျှင် လိပ်ပြာလေးတွေ လာတတ်သည်။ မဆန်း....။

ဆန်းသည်က မိမိ။ မိမိက သူ့ကိုခင်သည်။ အဲ့ သူပြောသကဲ့သို့ပင် သူ့ကိုခင်ချင်သည်။

သို့ရာတွင် သူက ရှိုးတိုးရှန့်တန့်။ မဝံ့မရဲ။ ကြောက်တတ်သော ကောင်လေးတစ်ကောင်။



သည်တော့ မိန်းကလေးကခင်ချင်ပေမယ့် ဘာမျှားတတ်နိုင်ပါမည်နည်း။

သူနှင့်အတူ သက်သာဆိုင်တွင် တစ်ခါသာ အတူတွဲပြီး အအေးသောက်ဖူးသည်။

'မမမွန်...ဘာသောက်မလဲ....'

ယခင်က မည်သို့မျှမခေါ်ပဲ သံပြုတ်နှင့် စကားပြောတတ်သည်။ အဲသည်တုန်းက ပထမဦးဆုံးအကြိမ်အဖြစ် မမမွန်ဟု သူခေါ်သည်။

ဆန်းသည်။ မိမိကို မမမွန်ဟုခေါ်သူ အရှားသား။ သူက ခေါ်တော့ ထူးထူးဆန်းဆန်း။ မိမိကနှစ်သက်သည်။ သူ့ခေါ်သံလေးက သာယာသည်။ နူးညံ့သည်လည်းထင်၏။

နောက် သည်လိုပဲ မကြာခဏတော့ တွေ့တတ်ကြသည်။ ဘာမျှတော့ ထူးကဲတိုးတက်မလာ။

ခင်စရာကောင်းသော၊ ရှက်တတ်သော၊ ကြောက်တတ်သော၊ ကောင်လေးတစ်ကောင်။ မိမိက ဤသို့သာ မှတ်ထားလိုက်၏။

ကြောက်တတ်သောကောင်လေးက ယခု မိမိအိမ်ပေါ် ရောက်နေပါပြီကော....။

မပိတ်ခေါ်ရလေသော ညှော်သည်ကလေး။

မပိတ်ခေါ်သော်လည်း တို့များက မောင်းမထုတ်ပေ။ တို့များကလည်း ခင်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ပန်းလှလှလေးပေါ်တွင် လင်မွန်ဘာလီရည် နှစ်ဖန်ခွက်နှင့် အကင်ဆော့တစ်တီကေကွတ်မုန့်စုံတစ်ပန်းကန် တင်ပြီး မွန်မွန် ပြန်ထွက်လာခဲ့၏။

အားဆေးဆေးတူတူ သောက်ကြရင်း မွန်မွန်၏ မျက်လုံးများက ဂွမ်းပုံဆီ ရောက်သွားသည်။

ဂွမ်းပုံက သူ့ပေါင်ပေါ်တွင် ခေါင်းတင်ပြီး မျက်စိမှိတ်လျက် အိပ်နေ၏။

မွန်မွန်က ပြုံးမိသွား၏။ သူက မနေတတ်မထိုင်တတ်ဟန်ဖြင့် မေးသည်။

'မမွန်… ဘာပြုံးတာလဲ'

'ကြော်… ကိုဂွမ်းပုံ လူမှားနေသလားလို့'

'ခင်ဗျာ…'

'ဂွမ်းပုံက ဦးဖေဖေပေါင်ပေါ်မှာသာ ဒီလို အိပ်တတ်တယ်။ သူစိမ်းပေါင်ပေါ်မှာ ဘယ်တော့မှမအိပ်ဘူး'

သူက ဂွမ်းပုံကိုငုံ့ကြည့်သည်။ သည်လိုတော့လည်း အဘိုးကြီးအိုလေးက ချစ်စရာ။

'ဦးဖေဖေကိုပြောရင် ယုံပါ့မလားမသိဘူး'

'ဘာကိုလဲ မမွန်'



'ဂွမ်းပုံက ကိုမျိုးပေါင်ပေါ်မှာ ခေါင်းတင်အိပ်တယ် ဆိုတာ'

ဦးဖေဖေ… ။ ပေါ်ပုံဆန်းသည်ထင်၏။

'ဦးဖေဖေဆိုတာ… ဆရာမိန်ခွေကိုပြောတာလား'

'ဟုတ်တယ်လေ။ ဦးဖေဖေက မမွန်ရဲ့ဦးလေး။ ဒါပေမယ့်…ဖေဖေ။ ဒါကြောင့် ဦးဖေဖေလို့ခေါ်တာ…'

'သူငယ်ချင်းတွေက ပြောတယ်။ မမွန်ရဲ့…အဲ… ဦးဖေဖေက မမွန်ကို သိပ်ချစ်တယ်တဲ့'

မွန်မွန်က တောက်ပစွာပြုံး၏။

'ဟုတ်တယ်။ ဦးဖေဖေက မမွန်ကို သိပ်ချစ်တယ်။ မမွန်ကလည်း ဦးဖေဖေကို သိပ်ချစ်တယ်။ ဒီလောကမှာ အချစ်ဆုံး'

သူက မျက်လွှာကို ဖြည်းညင်းစွာ ချပစ်လိုက်၏။

ရင်ထဲမှာ ဝမ်းနည်းသွား၏။ ပြောလိုက်ချင်သည်။ ကျွန်တော်ကတော့ ဒီလောကမှာ မမွန်ကို အချစ်ဆုံး။

မော်လမြိုင်နှင့် မုတ္တမမြို့များမှ အတွေ့အကြုံ မြင်ခင်း မြင်ကွက်လေးများက စိတ်အာရုံတွင် ပေါ်လာသည်။ စိုးရိမ်စိတ်ကလည်း တွေ့ပေါ်လာ၏။

'ဆရာမိန်ခွေကို မော်လမြိုင်မှာ ကျွန်တော် တွေ့ခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မော်လမြိုင်မှာ....'

'ဟုတ်တယ်။ ဟိုးတစ်နေ့ကဘူ ဘကြီးမှာ မမမွန်ကို ကျွန်တော် လာနှုတ်ဆက်တာလေ။ ကျွန်တော်လဲ မော်လမြိုင်က ပြန်လာတာ'

'ဟုတ်လား....။ ဦးဖေဖေက ဝတ္ထုဘစ်ပိုဒ်ရေးဖို့ မော်လမြိုင် သွားတာ။ ဩော်--ကိုမျိုးနဲ့ ဦးဖေဖေ ဘယ်လို တွေ့ကြတာလဲ'

'ဟိုဒင်း....ဆရာမိန်နွေက ကျွန်တော့်ကို သိမှာမဟုတ်ပါဘူး။ ကျွန်တော်ကသာ သူ့ကိုသိတာ'

မွန်မွန်က နားလည်ကြောင်း ခေါင်းညိတ်ပြ၏။

'ပထမ ဘောင်ဝိုင်း တောင်ခြေမှာ ဆုံမိတယ်။ သူနဲ့ အဲ--လေးက ဝင်တိုက်မိကြလို့'

'လေး--'

'ဟုတ်ကဲ့။ လေး....။ မလေးဖြူတဲ့--သူ့နာမည်က'

'မလေးဖြူ။ အို--နာမည်လေးက လှလိုက်တာ'

'လူကလဲ သိပ်လှပါတယ် မမမွန်'

'လူကလဲ.... သိပ်လှတယ်'

'ဟုတ်တယ်--။ မမမွန်ကိုသာ မတွေ့ဖူးရင် သူ့ကို တစ်လောကလုံးမှာအလှဆုံးလို့ ကျွန်တော်ပြောချင်ပြီ မှာ'



မွန်မွန်က သူ့ကိုစိုက်ကြည့်၏။ သည်စကားကဘာစကားနည်း။

သူ့မျက်နှာလေးက ပကတိ ရိုးသားနေသည်။ ဆန်းပြားသော စကားကိုဆိုလျှင် မျက်နှာထားကလည်း ဆန်းပြားရမည်။ ယခု သူ့မျက်နှာ၌ ဆန်းပြားမှု ဘာမျှမတွေ့။

'အင်း--အင်း.... ဆက်ပြောပါဦး'

'ဆရာကသူတိုက်မိတယ်ဆိုပြီး တောင်းပန်တယ်။ လေးက လဲ မဟုတ်ဘူး သူကတိုက်မိတယ်ဆိုပြီး တောင်းပန်တယ်'

'ဩော်....'

'မနက်တော့ လေးကပြောတယ်။ ဆရာကသိပ်ကြင်နာတယ်တဲ့။ သိပ် ယဉ်ကျေးတယ်တဲ့။ ဟိုဒင်းလေ--သူက ဆရာ့ကို ဆရာမှန်းမသိဘူး'

နားလည်ကြောင်း မွန်မွန်က ခေါင်းညိတ်ပြပြန်၏။

'ကျွန်တော်က ပြောပြလိုက်တယ်။ ယဉ်ကျေးမှာပေါ့လို့။ အဲဒါ ဆရာဦးမိန်နွေလို့၊ မမမွန် ဦးလေးလို့'

'အို--မမမွန်က ဘယ်က ပါလာရသတုံး'

'သိဘူး။ အဲဒီလိုပဲ ကျွန်တော်ပြော-- ပြောလိုက်မိတယ်'

'အင်းလေ--အဲဒီလိုဘာလို့ ပြောလိုက်မိသလဲ'

သူကငိုင်ငိုင်လေးဖြစ်သွားပြီးမှ မပွင့်တပွင့်နှုပ် တိုးတိုးဆို၏။

'မမမွန့်ကို သတိရတာကိုး--'

www.burmeseclassic.com

www.burmeseclassic.com



သူပြောပုံလေးက ရိုးရိုးလေး။ သို့ရာတွင် မွန်မွန့်ရင်တွင်းသို့ စိမ့်ခနဲ အေးသွား၏။

'အင်း... အဲ.... ဆက်ပြောပါဦး'

'ကျွန်တော်တို့ပြန်တော့ လေးတို့က မုတ္တမ ဘူတာရုံကို လိုက်ပို့ကြတယ်။ အဲဒီမှာ ဆရာနဲ့ တွေ့ဆုံတယ်။ ဒီတစ်ခါ တော့ လေးက ဆရာ့ဆီသွားနှုတ်ဆက်တယ်။ ဪ.... လေးကလဲ စာပေရေးဆရာမ'

'စာရေးဆရာမ...။ ဘယ်သူလဲ'

'မိုးလွမ်းပျော်....'

'အို... မိုးလွမ်းပျော်...'

'ဟုတ်တယ်။ မမမွန် သူ့ကိုသိသလား'

'သူ့ကိုသိတာမဟုတ်ဘူး၊ သူ့စာကိုသိတာ။ သူ့စာကို မမမွန်ကြိုက်တယ်'

'အဲဒီလိုဆို လေးလဲ ဝမ်းသာမှာပဲ'

'ဘာပြုလို့...'

'သူက...မမမွန်နဲ့...ဟို...ဟို... သူငယ်ချင်းဖြစ်ချင်တယ်'

'မမမွန်နဲ့ သူက သူငယ်ချင်းဖြစ်ချင်တယ်။ သူက မမမွန် ကို ဘယ်လိုလုပ်သိလို့လဲ'

'ကျွန်တော်ပြောပြတာကိုး'



'ဪ် ကိုမျိုးက မမမွန်အကြောင်း ဘာတွေပြောပြ သလဲ'

သူက မွန်မွန့်ကို ပင်ပင်ပန်းပန်းကြည့်ပြီး မပွင့်တပွင့် တိုး တိုးပင်ပြော၏။

'မမမွန်ကို ဆရာက သိပ်ချစ်တယ်လို့။ မမမွန်က သိပ် သိပ်ချစ်ဖို့ကောင်းတယ်လို့။ ကျွန်တော်ကလဲ။ သိပ် သိပ် ချစ်တယ်လို့'

သူပြောပုံက...။ အဲသည်တော့ သူကြည့်ပုံ။ ဘာကြောင့် မသိ၊ သူ့ကြည့်ပုံက ဝမ်းနည်းဖွယ် ညှိုးနွမ်းနေ၏။

သူ့ကိုယတ်မိသော ကျေးဇူးနှင့် အခုနကြည့်ကိုက်ကြည့်နေ မိပြီ... မွန်မွန်ကမေး၏။

'အဲဒီ...အဲ...လေးက ကိုမျိုးကို သဘောကျခြင်းလား'

'ဟင့်အင်း...။ ဘာမှမဟုတ်ဘူး'

'သူငယ်ချင်းလား'

'အဲဒါကမဟုတ်ဘူး။ အစ်မတော့ဟုတ်တယ်။ အပြန်အလှန် ခင်မင်ယုံကြည်တဲ့ သူငယ်ချင်း၊ ဂုဏ်လိပ်ရှင်း girl friend တော့ မဟုတ်ဘူး'

'ဂဲလ်ဖရင်းမဟုတ်ဘူး'

'မဟုတ်ဘူး။ a friend who is a girl မိန်းကလေး ဖြစ်နေသော သူငယ်ချင်း'

www.burmeseclassic.com

www.burmeseclassic.com



သူခွဲခြားပြောပုံကြောင့် သဘောကျပြီး မွန်မွန်က ရယ်မိ၏။ ဂဲလ်ဖရင်းဆိုသည်မှာ ရည်းစားဟု အဓိပ္ပာယ်ရသည်။ မိန်းမလေးဖြစ်သော သူငယ်ချင်းဆိုသည်က—အဲ—သူငယ်ချင်းဖြစ်သော မိန်းမလေး။

'မမမွန်—ဘာဖြစ်လို့ရယ်တာလဲ'

'ဪ—ဟော်—ခွဲခြားပြောတာကို သဘောကျလို့ပါ'

'မမမွန် မယုံဘူးလား။ ကျွန်တော့်မှာ မိန်းမလေးဖြစ်သော သူငယ်ချင်းနှစ်ယောက်ရှိတယ်'

'နှစ်ယောက်...'

'တစ်ယောက်က....လေးပေါ့။ တစ်ယောက်က မေမေ'

'မေမေ....'

'ဟုတ်တယ်။ မေမေ့ကို သူငယ်ချင်းလို့ပြောတာ ထွေ ကြီးမလား'

'အား...ငှရဲ့တော့ကြီးမယ်မထင်ပါဘူး။ ဒါပေမယ့် မသုံး ရဘူးလို့ထင်တယ်။ ဟိုဒင်း။ ခင်ပွန်းလို့ခေါ်ရင်ရတယ်'

'ခင်ပွန်း'

'ခင်ပွန်းဆိုတာ မိတ်ဆွေပေါ့။ ငါတ်ဆွေဆုံတဲ့စကား သိပ် အနက်အဓိပ္ပာယ်ကျယ်ဝန်းတယ်။ ဘုရားအလောင်း သူတော်ကောင်းတွေကို ကလျာဏမိတ္တ လို့ခေါ်တယ်။ ဒီလိုပဲ ဘုရားသခင်ကပြီး လူမှာ ခင်ပွန်းကြီးဆယ်ပါး



ရှိတယ်။ မိဘနှစ်ပါးလဲပါတယ်။ ဒီတော့ ကိုမျိုးမေမေ က ကိုမျိုးရဲ့ ခင်ပွန်းကြီးပေါ့။ အင်း— အင်္ဂလိပ် လိုတော့ မရင်းဒ် ဆိုတဲ့စကားပဲရှိတယ်'

သူက ဘာမျှမပြောတော့။ ပြောရောက်း ကုန်သည့်ဟန် နှင့် ငြိမ်နေ၏။

'ဪ...ကိုမျိုး'

'ခင်ဗျာ'

'မင်းက မိန်းမဖြစ်သော သူငယ်ချင်းနှစ်ယောက်ရှိတယ် လို့ ပြောခဲ့တယ်။ ခု တစ်ယောက်ထပ်တိုးလိုက်'

'ခင်ဗျာ'

'ကိုမျိုးက မမမွန်ကို ခင်ချင်တယ်လို့ ပြောခဲ့တယ်။ မမ မွန်ကလဲ မင်းကို ခင်ချင်ပါတယ်။ အင်းလေ— အစ ကတည်းက ခင်ပြီးပါပြီကွယ်'

ငုံ့ထားသော သူ့ခေါင်း မော့လာ၏။ ခုံထားသော သူ့ မျက်လွှာတွေ ပွင့်လာ၏။ သူ့ မျက်နှာလေးက ကြည်လင်လာ သည်။ သူ့ အပြုံးလေးက အေးချမ်းသန့်စင်၏။

'ဒါဖြင့် ခု—မမမွန်ကို ကျွန်တော် လာနှောင့်ယှက်တာ မဟုတ်ဘူးပေါ့နော်'

'မဟုတ်ပါဘူးကွယ်။ နောင်လဲ လာလည်ပါ။ မမမွန် ဖိတ်လိုက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သူက မွန်မွန်၏ မျက်နှာလေးကို မျှော်မျှော်နေ ညှို့ကာကြည့်၏။ ရင်တွင်းမှ ခံစားချက်ကို အရင်းအတိုင်း ပြောချလိုက်၏။

'ကျွန်တော် ဝမ်းသာလိုက်တာ မမွန်ရယ်...'

'မမွန်လဲ ဝမ်းသာပါတယ်'

သူက တစ်ချက်တွေတွေ စဉ်းစားပြီးနောက် ပြော၏။

'ကျွန်တော်မမွန်ဆီကို လာတော့ လာတိုင်း ဆရာဦးမိန်းနဲ့ ဟို...ဟို...မျက်စိ မနေတော့ပါဘူး ထင်တယ်နော်'

'ကိုမျိုး၊ ဦးဖေဖေဟာ စာရေးဆရာကြီးပါ။ သူ့နှလုံးသားက အလွန်ကြီးမားတယ်။ လွတ်လပ်မှုကို သူ အလွန် နှစ်ခြိုက်သလို တစ်ပါးသူ့ရဲ့ လွတ်လပ်မှုကိုလဲ သူ အလွန်ရိုသေ လေးစားတယ်'

သူက ခေါင်းညိတ်ညိတ်လုပ်နေပြီးမှ ဖြည်းဖြည်းပြော၏။

'ဆရာ့စာတွေကို ကျွန်တော် ဖတ်ပါတယ် မမွန်။ ဆရာ့မှာ အဲဒီစိတ်မျိုးရှိတယ်လို့လဲ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ လူငယ်တွေအပေါ် မေတ္တာထားတယ်လို့လဲ ကျွန်တော်ခံစားရတယ်။ ဒါပေမယ့်...'

'အင်း...လာပြန်ပြီ ဒါပေမယ့်။ ဘာဖြစ်သလဲ...ပြော'

သူက ရယ်ပြီး သူ့ ဘောင်းဘီအသားကို ကိုင်ပြ၏။

'ဆရာက ဘောင်းဘီဝတ်ပြီး ကားစီးနေတဲ့ လူငယ်တွေကိုတော့ ဟိုဒင်း...သိပ်ကြည့်မရဘူးထင်တယ်'

မွန်မွန်က အသာအယာရယ်၏။



'ဦးဖေဖေက ဘောင်းဘီဝတ်တာ သက်သက်၊ ကားစီးတာ သက်သက်ကို မကြိုက်တာ မဟုတ်ပါဘူး။ ကိုယ့်ယဉ်ကျေးမှုကို အထင်သေးတဲ့ လူငယ်တွေ၊ ဖော်ကောင်ကား စီးနိုင်တာနဲ့ လမ်းမပေါ်မှာ ဟန်လျှောက်နေတဲ့ လူတွေကို အထင်သေးတဲ့ လူငယ်တွေ၊ အထူးသဖြင့် ကိုယ်စွမ်း ကိုယ်စ ဘာမှမရှိသေးတဲ့ မိဘနဲ့မျိုးရိုးနဲ့ လက်မထောင်တဲ့ လူငယ်တွေ၊ အဲ...အဲဒါတွေကိုတော့ ဦးဖေဖေ ရွံတယ်'

သူက ဘာမျှမပြောတော့ဘဲ ငြိမ်၍ ဂွမ်းပုံ၏ ခေါင်းလေးကို သပ်ပေးသည်။ ဂွမ်းပုံက ခေါင်းကြီးဆန့်ပြီးပြီး အိပ်ရာမှ ထ၍ အောက်ဆင်းထိုင်၏။

မွန်မွန်က ပြော၏။

'ဟော...ဂွမ်းပုံတောင် အိပ်ရေးဝသွားပြီ'

သူက လက်ပတ်နာရီကို ကြည့်သည်။

'ကျွန်တော်လာတာ တစ်နာရီကျော်သွားပြီ၊ ကျွန်တော် ပြန်မယ်နော် မမွန်'

'ကိုမျိုးသဘောပါ'

သူပြန်တော့ ဂွမ်းပုံကပင် ရှေ့ဆောင်၍ ခြံတံခါးဝအထိ လိုက်ပို့ပေးသည်။

ကျောခိုင်းပြီး မြက်ခင်းလျှောက်သွားသော သူ့ကို ကြည့်၍ မွန်မွန်က စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



အတော်လျှောက်ရဦးမည်။ ဪ— သူ့ကားဆီ ရောက်သည်အထိ မိမိက ကားနှင့်လိုက်ပို့လိုက်လျှင် အကောင်းသား။

မွန်မွန်က သက်ပြင်းရှိုက်၏။ တစ်ခါတရံ ကင္ဂုကာ ဟူသည် ရင်တွင်း၌သာ သက်လျှင် ကောင်းသည်ထင်၏။

မွန်မွန်က ပီယာနိုတွင် ပြန်ထိုင်၏။

ညနေစောင်းလာသောကြောင့် လေရူးလိုလို၊ လေချိုလိုလို လေက ဝေ့ဝင်လာ၏။

ရွက်သစ်ဆင်ထားသည့် သစ်ပင်မှ သစ်ကိုင်းတွေက ညင်ညင်သာသာ လှုပ်ယိမ်းနေသည်။

စိတ်တွေက မပါတော့။ လက်ချောင်းလေးများကမူ ခလုတ်ဖြူဖြူလေးတွေပေါ်တွင် အမှတ်မဲ့ လှုပ်ရှားသည်။

စောစောက တီးလက်စအပိုဒ်ကို ပြန်တီးမိနေ၏။

> 'သစ်ဆန်းနွေဂိမ္ဘာန်မို့၊ သဇင်ကျူနိုင်ပင်ယံမြင့်မှာ၊ ဆင်တော်ရန်လင့်ညောင်း....။ ထုံကြိုင်ရုံမြိုင်ခွေ ယိုင်လျောင်း၊ နွဲ့နွဲ့ နှောင်းနှောင်း၊ ပျောင်း ပျောင်း နွေယိုင်၊ ဖူးတံသွယ်လို့ နွယ် ယှက်ဆိုင်—။

*

အခန်း ၁၀

အကြမ်းစားစီထားသည့် စားရွက်ကို ကိုင်လျက် ဦးသိန်းမြင့်က ကိုစောသန်း၏စားပွဲရှေ့၌ ရပ်နေသည်။

အမှန်က သူရပ်စောင့်နေသည်မှာ အတန်ငယ်ကြာသွားပြီ။

ဆရာမိန်းနွေ ဖတ်နေသည်မှာ စာမူတစ်ခုမဟုတ်။ စာမူ ဆိုလျှင်မူ သူ အားမနာ။ အယ်ဒီတာ စာမူဖတ်၍ ဆုံးမှ တော့ ရှိဖ်တွေ ပြစတမ်းဆိုလျှင် မဂ္ဂဇင်း ဘယ်တော့မျှ ထွက်တော့မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဆရာမိန်းနွ ဖတ်နေသည်က ရိုးရိုးစာအုပ်စောင်။ စာရွက်ကလည်း ဟာစ်ရွက်ဘည်း။ စာက မရှည်နိုင်။ သည့်အတော့ မကြာသင့်။ မကြာဘူးထင်၍ ပည့်၊ မိမိက မနေနှင့်ယှက်ဘဲ စောင့်နေသည်။ ယခုတော့ ကြာပြီ။

ဦးသိန်းမြင့်က ချောင်းဟန့်၍ အသံပြုသည်။

ကိုစောသန့်က ဆတ်ခနဲ ခေါင်းမော့ကြည့်၏။

ကိုသိန်းမြင့်က ပြုံးပြီး စူးစမ်း၏။

'အာရုံစိုက်လှချည်လား ဆရာ။ ဝေဖန်စာလား၊ ကန့်ကွက်စာလား၊ ဟိုင်စာလား၊ ရန်တွေ့စာလား'

'အာ...အာ မဟုတ်ပါဘူး ဟိုဒင်း...အဲ...အသိ တစ်ယောက်ဆီက စာ'

ကိုစောသန့်က သက်ကျင်းမှ စ ရွက်ကိုခေါက်ပြီး မှောက်လျက်ထားပြီး ဦးသိန်းမြင့် လှမ်းပေးသော စာကြွယ်စီဘား သည့် စာရွက်ကြီးကို ကြည့်သည်။

စာအုပ်လံအကြာ၌ ချန်ထားသော ကွက်လပ်ဖြူများ ရှိသည်။

ခေါင်းညှိညှိနေရာများ ဖြစ်သဖြင့် အောက်ခြေမှ စာတန်းကိုများကို ရေးသွားစပ်သည်။ ဆုံးဖြတ် ရမည်များပြီ ဖြစ်နေသည်။ အောက်ခံကွင်းမှ အကြောင်းအရာနှင့် ခေါင်းပုံ အကွာအဝေးသို့ စိတ်ကူးချက်ခိုနှင့် ပြန်ချိန်ကြည့်နေသေး၏။ စာ



နှင့် ပုံတစ်ခုနှင့်တစ်ခု မည်မျှ အပြန်အလှန် ကျေးဇူးပြု ထောက်ပံ့မည်နည်း။

ကျေနပ်မှ ခဲတံဖြင့် အတည်ပြုလက်မှတ်ခြစ်ပြီး စာရွက်ကြီးကို ဦးသိန်းမြင့်အား ပြန်ပေးလိုက်၏။

ဦးသိန်းမြင့် ပြန်အထွက်၌ မိန်းမပျိုကစ်ဦးသည် မောင် ဟု ထင်ရသော လူငယ်လေးတစ်ယောက်နှင့် ဝင်လာ၏။

'ဟုတ်ကဲ့...'

'စာမူကိစ္စပါ'

'နာမည်က...'

'ချစ်ဦးငယ်'

'ထိုင်ပါဦးနော်'

မိန်းမပျိုက လူငယ်လေးနှင့်အတူ စာပွဲရှေ့ကုလားထိုင်များတွင် ဝင်ထိုင်ကြ၏။

သူ့ကို မိမိမသိ။ စာလောင်သစ်တစ်ဦး ဖြစ်ဟန်ရှိသည်။

'ညီမရဲ့စာမူနာမည်က...'

'မငိုပဲ့ဘူး ခိုးရိုက်မယ်'

'ပို့ထားတာ ဘယ်လောက်ကြာပြီလဲ'

'နှစ်လတောင် ရှိပြီ'

www.burmeseclassic.com

www.burmeseclassic.com



အသားညိုနှင့်မိန်းမပျို၏ အမူအရာက အနည်းငယ် ယို့ယို့ လျော့လျော့ရှိ၏။ မျက်နှာတွင်ကား အားငယ်မှုနှင့် မျှော်လင့်ခြင်း ပြိုင်တူခရာ ပေါ်နေ၏။

'အပြင်ဘက်က အမှုဆောင်စာဘည်းနဲ့ တွေ့ပြီးပြီလား'

'သူထမင်းစားနေလို့.... စာဘည်းချုပ်နဲ့တွေ့ပါဆိုလို့'

သူက ပြုံးပြီး လက်ကာပြ၏။

'သူရှိရင်လဲ ကျွန်တော်နဲ့တွေ့နိုင်ပါတယ်။ စာမူရှင် အားလုံးကို ကျွန်တော် လေးလေးစားစား တွေ့ချင်ပါတယ်'

မိန်းမပျို၏မျက်နှာ ညိုညိုတွင် ပြုံးရိပ်လေး ပေါ်လာ၏။

သူက ကိုယ်ချင်းစာသည်။ မိမိလည်း အယ်ဒီတာကြီးများ၊ တိုက်အုပ်ကြီးများ၏ရှေ့တွင် မျက်နှာငယ်ဖြင့် ထိုင်ခဲ့ဖူးသည်။

'အားတော့ နာတယ်နော်။ ညီမရဲ့စာမူကို မဖတ်ရသေးဘူး'

'ကျွန်မ ပို့ထားတာ နှစ်လရှိပြီ'

'စာမူရှင်တစ်ဦးအနေနဲ့ နှစ်လဆိုတာဟာ ကြာတယ်လို့ ထင်တာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်။ ဒါပေမယ့် တိုက်ကို တစ်လ ဝတ္ထုပေါင်းသုံးလေးရာလောက်ရောက်ပါတယ်။ စာမူဘိုင်းကို ကျွန်တော်တို့ ဖတ်ပါတယ်။ ကလောင်သစ်တွေကို နေရာပေးဖို့ဟာ ကျွန်တော့် သူငယ်ချင်း ရှန်ဂရီလာမွန်းနဲ့ ကျွန်တော်တို့ရဲ့ မဂ္ဂဇင်း



အခြေခံရည်ရွယ်ချက်ပါ။ ရောက်သမျှစာမူတွေကိုနေ့စွဲနဲ့ တန်းစီပြီး ကျွန်တော်တို့ထားပါတယ်။ ကျွန်တော်တို့က မဂ္ဂဇင်းမှာ တစ်လအနည်းဆုံး ကလောင်သစ် လေးယောက်လောက်ရဲ့စာကို ထည့်ပေးနေပါတယ်'

'ဟုတ်ကဲ့....အဲဒါ ကျွန်မသိပါတယ်'

'စာမူတွေကများတော့ရောက်လာတဲ့ စာမူဘစ်ခုကိုနှစ်လအတွင်း ကျွန်တော်တို့မဖတ်နိုင်သေးပါဘူး။ ဖတ်ပြီးတဲ့စာမူဘစ်ခုကိုလဲ အဆင့်အတန်းမီလို့ ရွေးထားလိုက်ပေမယ့် ချက်ချင်း မဂ္ဂဇင်းမှာ ကျွန်တော်တို့ ထည့်မပေးနိုင်သေးပါဘူး။ အလှည့်ကျရောက်အောင် တန်းစီထားပါတယ်။ ချင်းချက်တော့ရှိပါတယ်။ ထူးကဲကောင်းမွန်တဲ့ စာမူဘစ်ခုဆိုရင်တော့ချက်ချင်းပဲ မီရာလ မဂ္ဂဇင်းမှာ ထည့်ပေးပါတယ်'

'ဒါဖြင့် ကျွန်မစာမူက နောက် နှစ်လ သုံးလနဲ့တောင် မပါနိုင်သေးဘူးပေါ့နော်'

'သဘောက အဲဒီလိုဖြစ်နိုင်ပါတယ်'

'ကျွန်မစာမူကို ပြန်လိုချင်လို့ပါ'

'အခုချက်ချင်းလား'

'ဟုတ်ကဲ့'

'အခုချက်ချင်းတော့ မရနိုင်ပါဘူး ညီမ။ အမှုဆောင်စာတည်းကိုပြောပါ။ လွဲချတာမဟုတ်ပါဘူး ညီမ။ စာမူ

www.burmeseclassic.com

www.burmeseclassic.com



တွေ့အားလုံးရဲ့လုံခြုံမှုကိုသူတာဝန်ယူပါတယ်။ သူ့ကိုလဲ အနည်းဆုံးနှစ်ရက်တော့ ညီမ အချိန်ပေးရပါလိမ့်မယ်’

မိန်းမပျို၏မျက်နှာ၌ စိတ်ပျက်ဝမ်းနည်းမှုကိုလည်းကောင်း၊ မခံချင်မှုကိုလည်းကောင်း သူတွေ့ရသည်။

မိန်းမပျိုက ဖြည်းဖြည်းလေးလေးနှင့် နေရာမှ ထ၍သူက ပြော၏။

‘ညီမကို ဘာစိတ်ကော မှာလိုက်ချင်တယ်’

‘ဟုတ်ကဲ့—’

‘စာမူကို ပြန်ယူသွားပြီး တစ်ခြားတိုက်ကိုလဲ ပို့ချင်ပို့နိုင်ပါတယ်။ အားရွှးခံချင်လဲ ခံရမယ်။ မခံချင်လဲမခံရဘူး။ ဒါပေမယ့် အဲဒီဟာ အဓိကမဟုတ်ပါဘူး’

‘ရှင်—’

‘ဉပမာဥာဏ်ခု ကျွန်တော်ပေးမယ်။ မိဘဟာ သားသမီးမွေး မြူလိုပေါ့။ ကိုယ့်သားသမီးဟာ ချမ်းသာမလား၊ ကြွယ်ဝမလား၊ ဘုန်းကြီးမလား၊ အောင်မြင်မလား မသိဘူး။ ဒါပေမယ့် ကိုယ့်သားသမီးကိုတော့ ကိုယ်ပြုစုမွေးမြူရမယ်။ ကြည်ကြည်ဖြူဖြူ ကြည်ကြည်နူးနူးပဲ ပြုစုမွေးမြူရမယ်။ စာတွေကိုလဲ အဲဒီလိုသဘောထားပြီး ရေးပါလို့’

မိန်းမပျိုက ရိပ်ရိပ်ပြုံး၏။



‘ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်ဆရာ’

သူ ငိုင်ကျန်ရစ်၏။

ရှေး အယ်ဒီတာကြီးတစ်ဦး၏စကားကို သွားအမှတ်ရသည်။

‘အယ်ဒီတာ စာမရေးနှင့်....’

ဆရာကြီးက အယ်ဒီတာဆိုသည်မှာ စာရေးဆရာကို ရွေးချယ်လျက် စင်ပေါ်ရောက်အောင်တင်ပေးသူဖြစ်သည်။

သူ့တာဝန်ကား ကိုယ့်စာကို ကောင်းကောင်း ရေးရန်မဟုတ်။ သူ့စာ ကောင်းကောင်းကို ပရိသတ်လက်တွင်းရောက်အောင် ပို့ပေးဖို့။

ကိုယ်က စာရေးနေလျှင် သူ့စာကို ကိုယ့်စာနှင့်ယှဉ်၍ စဉ်းစားတတ်သည်။ ထိုအခါ ‘ဘိုင်းယက်စ်’ Bias ခေါ် မမျှတမှုဖြစ်တတ်သည်။ ဆရာကြီး၏ဆုံးမစကားမှာ မှတ်သားဖွယ်ဖြစ်သည်။

ဆရာကြီး၏စကားကို ပြောင်းပြန် ပြန်ပြောရလျှင်—

‘စာရေးဆရာ အယ်ဒီတာမလုပ်နှင့်’

ကိုယ်တွေ့အနေနှင့်ကား ဤသို့ဆိုချင်သည်။

စာရေးနေရသည်က စိတ်ချမ်းသာသည်။ အယ်ဒီတာ လုပ်တော့ စိတ်ဆင်းရဲဖွယ်ရာတွေနှင့် ကြုံတွေ့ရသည်။

အထူးသဖြင့် စာမူလေးတွေကိုပယ်ရတိုင်း စိတ်ဆင်းရဲသည်။

မျှော်လင့်ချက်ကြီးမားသောကလောင်သစ်လေးများကိုချက်ချင်း ပါရမီ ဖြည့်မပေးနိုင်သောအခါ စိတ်အဆင်းရဲဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စာပေနယ်မှာက ဇွဲဆိုသည်။ ထင်သည်ထက် လိုသည်။ ကြိုးစားလိုက်မည်ဆိုသည့်ဇွဲ ရည်ကာမဟုတ်။ ဘဝနှင့်ဇွဲ…ဇွဲနှင့်ဘဝ ခွဲခြားမရအောင် တစ်သားတည်း ဖြစ်နေသည့်ဇွဲ။ နေ့ဘဝ ရောက်တောင်စားရေးဆုတ္လူလွဲ၍ အခြားဘာမျှမဖြစ်ချင်သည့်ဇွဲ။

ပြီးတော့ 'စန်း'ဆိုသည်ကလည်း ရှိသေး၏။

စန်း ဆိုသည် ဘာဟူ၍ မိမိ မခပြာတတ်။ သိသောအကျိုးကို ရှင်းပြသည့် မသိသောအကြောင်း။ သည်မျှသာ မိမိ ဖွင့်ဆို ပြောပြမှုးသည်။

အဲ…စန်းဆိုသည်မှာ စာအုပ်ထွင်ခြင်းလည်း မဟုတ်။ ဟိတ်ဟန် အသိုက်အဝန်း အပေါင်းအသင်းနှင့် ပခုံးပေါ် ထမ်းတင်ပြခြင်း၊ ခေါင်းပေါ်မြှောက်တင်ပြခြင်းလည်း မဟုတ်၊ ဓိရေပေါ် ဗေဒါလို အခွင့်ယူ ကက်ချော်ခြင်းလည်း မဟုတ်။

ဇွဲ၊ စေတနာ၊ ရဲရင့်ခြင်းနှင့်သစ္စာတရားတို့မှ ပစ္စယအကြောင်း အပေါင်းဆုံ၍ သီးပွင့်လာသော အကျိုးတရား။ ဤမျှသာ ရေးရေး ထင်မြင်မိသည်။

သီးချိန်ပွင့်ချိန်ကို ဇွဲနှင့်ပင် စောင့်ရသည်။ အခြားနည်းမရှိသည်တော့ ဇွဲအကြောင်းကို ပြောပြရသည်။

ချစ်ဦးငယ်ဆိုသောကလေးမကိုလည်း ပြောပြလိုက်သည်။ ဤစားပွဲ၌ထိုင်ပြီး မကြာခဏ ပြောပြရသောစကား။



သည်ကလေးမကမှ တော်သေးသည်။ သူ့ မောင်လေးနှင့် ရှိုးရှိုးကုပ်ကုပ်လေးလာသည်။ အချို့ကမူ လူနိုင်နှင့် လာတတ်သည်။

ကြော်…ဘယ်သို့မျှမလာသောလူမျိုးကလည်း ရှိသေးသည်။

သူ၏ စားပွဲပေါ်၌ မှောက်ချထားသော စာရွက်ကို ကိုင်သည်။

ထိုစဉ်ပင် အရပ်သွယ်သွယ်၊ အသားဖြူဖြူ မျက်နှာထား ချိုချိုနှင့် လူရွယ်တစ်ဦးက လူငယ်နှစ်ဦး၊ အခြံအရံနှင့် ဝင်လာ၏။

'အာ…လာ ဆရာထိုက်။ မျှော်နေတာ'

ဆရာထိုက်က ပန်းချီကားသုံးကားကို လှမ်းပေး၏။

ဆရာထိုက်လက်ရာမှာ ကောင်းပြီး ဖြစ်သဖြင့် အထူးကြည့်ရန်မလို။ သို့ရာတွင် လေးရောင်စုံ လှပသော မဂ္ဂဇင်း ဝတ္ထုရှည် ပန်းချီကိုမူ အသေအချာ ကြည့်မိသည်။

'ဆရာ့မင်းသမီး ဘယ်လှပါလား'

'ကျွန်တော့် မင်းသမီး မဟုတ်ဘူး။ ဆရာဘုန်းရဲ့ မင်းသမီး။ လည်ပင်းနဲ့ ပခုံးကို သေသေချာချာ ကြည့်ပါလား'

'အင်း…ငွေနန်းဖြူ လည်တိုင်။ တောင်ဆင်ပြေလျော ပခုံး'

www.burmeseclassic.com

www.burmeseclassic.com



'အစစ်ပဲ...အဟင်း....။ ဆရာက ကြံကြံဖန်ဖန်ဒရေးတယ်။ ငွေငန်းဖြူလည့်တိုင်က ကိစ္စမရှိဘူး။ တောင် ဆင် ခြေလျှောပခုံး။ ဆရာ ဘာဆိုလိုတာ ကျွန်တော် သိတယ်။ ဆွဲတော့ တော်တော်ခက်တယ်ဗျ'

သူက ရယ်နေ၏။ သူ့မျက်စိတွင်း၌မူ သမီး၏ ရွှေစင်ရုပ်သွင်ကို မြင်လာသည်။

မိမိ သမီးမှာ ငွေငန်းဖြူလည်တိုင်နှင့်။ တောင်ဆင်ခြေလျှောပခုံးနှင့်။

ဩော်...နောက်တစ်ယောက်၊ လေးဖြူ။ မလေးဖြူ။သည်ကလေးမကလည်း ငွေငန်းဖြူလည်တိုင်နှင့် တောင်ဆင်ခြေလျှောပခုံးနှင့်။

ပြီးတော့။ ပြီးတော့...အင်း...စိမ်း...။ စိမ်း မှာလည်း....။

တိုက်ရှေ့၌ ကားတစ်စီးဆိုက်သံ ကြားရ၏။ မရှေးမနှောင်းမှာပင် ရှန်ဂရီလာမွန်း၏အသံကျယ်နှင့် လှုခေါ်သံ ကြားရ၏။

တိုက်နောက်ဘက်မှ လူငယ်နှစ်ဦး ပြေးထွက် လာ ကြ သည်။ မကြာမီ စက္ကူထုပ်ကြီးများကို သယ်ယူနေကြသည်ကို တံခါးပေါက်မှ လှမ်းမြင်ရ၏။

ကိုစောသန့်က အံဆွဲထဲမှ စာရွက်များကိုထုတ်ယူပြီးဆရာထိုက်အား ပေး၏။

'သုံးပိုဒ်သရော။ လေးရောင်ချည်းပဲ'



'ဘယ်တော့ ပေးရမလဲ'

'အမြန်ဆုံးပဲ'

'နောက် လေးရက်ဆိုရင်ရော'

'မလုပ်ပါနဲ့ ဆရာရယ်။ သုံးရက် သုံးရက်'

ဆရာထိုက်က ခေတ္တ စဉ်းစားနေပြီးမှ ခေါင်းညိတ်ပြ၏။

'ဒေါင်လိုက်နော်ဆရာ'

'ဟုတ်ကဲ့'

သစ်သားကြမ်းပြင့် သိမ့်ခနဲဖြစ်သွား၏။

ပခုံးတစ်ဖက်၌ ကင်မရာတစ်လုံး။ အခြားတစ်ဖက်၌ သားရေအိတ်တစ်လုံးလွယ်လျက် ရှန်ဂရီလာမွန်း ဝင်လာ၏။

ညိုသော သူ့မျက်နှာတွင် ချွေးဆီတွေ ပြန်နေ၏။ ပြည့်ဝန်းတုတ်ခိုင်သော သူ့လည်ပင်းမှချွေးကြောင်းတွေစီးကျနေ၏။

ဆရာထိုက်ကို မြင်သောအခါ 'အတော်ပဲ' ဟု သူက အော်ပြီး စားပွဲရှိ ခောက်ဘူးတွင်းမှ လက်ဖက်ရည်ကြမ်း တစ် ခွက် ငှဲ့သောက်၏။

ကိုစောသန့်က ပြော၏။

'အေး...ဝါကလဲ အတော်ပဲ ပြောရတယ်'

'ဘာလဲ'

'ဆရာထိုက် သုံးကား လာပေးတယ်။ နောက်သုံးကားလဲ ခုပဲ အပ်လိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရမယ်လေ'

ရှန်ဂရီလာမွန်းက သူ့စားပွဲဆီသွားပြီး အံဆွဲဖွင့်၏။

သည်ဘက်ပြန်ထွက်လာသောအခါ သူ့လက်ဘုင်း၌ ငွေစက္ကူများအပြင် နိုင်ငံခြားရောင်စုံမဂ္ဂဇင်းများပါလာ၏။

သူက ငွေစက္ကူများကို ဆရာထိုက်အား ပေး၏။

ဆရာထိုက်က ခေတ္တကြည့်ပြီး ရေအောင်မရေတော့ပဲ ငွေစက္ကူများကို အိတ်ကပ်ထည့်လိုက်၏။

ရှန်ဂရီလာမွန်းက မဂ္ဂဇင်းများကို ဆရာထိုက်အား ပေး၏။

'ဟောဒီထဲကတင်ပုံ ကျွန်တော် တော်တော် ကြိုက်တယ်'

သူက မဂ္ဂဇင်းစာအုပ်မှ စာမျက်နှာကို လှန်ပြီး ပြ၏။

ဆရာထိုက်က ကြည့်ပြီး မှတ်ချက်ပေး၏။

'ဆန်းတယ်။ ဒါပေမယ့် ဟောဒီ အကွက်အရိုပ်လေးတွေ လက်ဝင်မယ်နော်'

'ဝင်ပစေလေ'

'အာ...ဆွဲရမှာက ကျွန်တော်'

'အင်းလေ...ဒါကြောင့် ဆရာ့ကို ကျွန်တော် ဆပ်တာပေါ့'

သူတို့နှစ်ယောက်သား ရယ်ကြ၏။



ကိုစောသန့်က ရှန်ဂရီလာကြီးကိုကြည့်သည်။

လူပုံက ကဗျာမဆန်သော့သော်လည်း အလှအပအလွန်ကြိုက်သည်။

သူ့မဂ္ဂဇင်းတွေ၏ အဆင်အပြင်မှာ အမြဲတမ်း 'ပုံ'နေမှ သူစားဝင်အိပ်ပျော်သည်။

တမ္ဘာ့ မဂ္ဂဇင်းများကလည်း အမြဲတမ်းအဆင်အပြင် ပြောင်းနေသည်။

အပြိုင်အဆိုင်ကလည်း ကြီးကြသောကြောင့် အမြဲတမ်း ဆန်းသစ်တီထွင်မှုတွေက ပေါ်နေသည်။

ရှန်ဂရီလာမွန်းက မျက်ခြည်ပြတ်မခံ။

ဪ...မိမိတို့၏ မဂ္ဂဇင်းများ အောင်မြင်နေမှုမှာ သူငယ်ချင်း ရှန်ဂရီလာ၏ ကြိုးပမ်းတည်ထွင်ချက်များစွာ ပါ၏။

တံခါးဝမှ မြင်ရသည့် စက္ကူထုပ်များကို ဖြတ်ဖြတ် သယ်သွားသူတို့ကို ကိုစောသန့်ကကြည့်သည်။

မွန်မွန်ကို ရထားတွဲပေါ်၌ ရှန်ဂရီလာ ပြောခဲ့ သည် အား သွားသတိရသည်။

ရထားတွဲ။ မော်လမြိုင်၊ မုတ္တမ။

သူ့လက်က စားပွဲပေါ်၌ မှောက်ချထားသော ဓာတ်ရှက်ဆီ ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယို့အခိုက်မှာပင် ဆံပင်ဖြူဖြူ မျက်မှန်လက်လက်နှင့် စာရေးဆရာကြီးတစ်ဦး ဝင်လာ၏။

'အာ....ကြွပါဆရာ'

'မောင်စောသန့် ဆရာ့ ဘာသာပြန်ကဗျာ ဖတ်နေပြီလား'

'ဒီနေ့ စဖတ်မယ်ဆရာ'

'အား....မီသေးတာပေါ့၊ ပြင်စရာရှိလို့'

'ဟုတ်ကဲ့။ ဘာပြင်မလဲဆရာ'

'အဲဒီထဲမှာ 'ဂေါ်ဒ်' gourd ကို ဘူးသီးခြောက်လို့ ဆရာဘာသာပြန်လိုက်မိတယ်။ ညက တစ်ညလုံး အိပ်မပျော်ဘူးကွာ'

'ဂေါ်ဒ်က ဘူးသီးပဲ မဟုတ်ဘူးလား၊ ဆရာ'

'အဲဒါပေါ့။ ဒီလိုပဲ မှတ်ထားကြတာ။ ဂျပန်တွေ ဘူးသီးခြောက် စားတာကလဲ ခေါင်းထဲ ဝင်နေတယ်။ မူလ ကဗျာဆရာက အလယ်ခေတ်ဥရောပမှာ အာရှတိုက်ကလာတဲ့ အစားကောင်း အသောက်ကောင်းတွေ အကြောင်း ဖွဲ့နေတာ။

'ဘူးသီး။ အဲ....ဘူးသီးတော့ မဖြစ်နိုင်ဘူး။ သင်္ဘောနဲ့ ရွက်လှင့် တင်လာရတာ။ ဖရုံဂျစ်ဒါလဲ ပေါ်သေးတဲ့ ခေတ်မဟုတ်ဘူး။ သည်တော့ ဘူးသီးစိမ်းမဖြစ်နိုင်ဘူး။



ဘူးသီးခြောက်။ ခုခေတ် ဂျပန်တွေစားနေတဲ့ ဘူးသီးခြောက်။ အနီးစပ်ဆုံးဆို ဘူးသီးခြောက်လို့ ဘာသာပြန်လိုက်တယ်။

'ဒါပေမယ့် ဘဝင်မကျဘူး။ ဒါကြောင့် အဘိဓာန် ကျယ်ကျယ်ပြန့်ပြန့်ပြည့်ပြည့်စုံစုံပေးတဲ့ အဘိဓာန်လှန်ရတယ်။ ဒီတော့မှ နွယ်ပင်မျိုးကသီးပြီး၊ ဘူးသီး၊ ရွှေဖရုံသီး သခွားမသီး၊ ဖရဲသီးလို အသီးမျိုးတွေလို လုံးလုံးဖောင်းဖောင်းနဲ့ ဥကြီးတွေနဲ့တူတဲ့အသီးမျိုးတွေ အားလုံး ကို ဂေါ်ဒ် လို့ ခေါ်တယ်။ ရွှေဖရုံတို့၊ သခွားမတို့၊ ဖရဲတို့က ပမ့်ပ်ကင်း၊ ဆကွပ်ရှ်၊ မဲလင်၊ စသည်ဖြင့် သီးခြားနာမည်တွေ ရှိကုန်ကြပြီ။

'သီးခြားနာမည်မရှိသေးတဲ့ ဂေါ်ဒ်တွေကလဲ ရှိသေးတယ်။ ဒီကဗျာထဲက ဂေါ်ဒ်က ဘာဖြစ်မလဲ။ ညကမှ ကြံလို့ရတယ်။ ကဗျာက အရှေ့တိုင်းကလာတဲ့ ယို့တွေ အကြောင်း ပြောနေတာ။ ဒီတော့ ဘူးသီးယိုလား။ ဘူးသီးခြောက်ယိုလား။ တို့အရှေ့တိုင်းမှာ ဘူးယိုမရှိဘူး။ ရှိလဲ ဘိုမှုးပဲ။ ဟား ဟား။ နောက်မှ သတိရတယ်။ ကျောက်ဖရုံယိုကွ။ အမယ်လေးလေ'

ကိုစောသန့်ကလည်း လိုက်ရယ်၍ မှတ်စုစာအုပ်တွင် မှတ်မည်ပြင်၏။

'ကျောက်ဖရုံယိုနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒီလိုမရဘူးလေ။ ကာရန်တွေပါပြင်ရမှာ'

'ဟုတ်ကဲ့ဆရာ ပြောပါ၊ ကျွန်တော် လိုက်ရေးလား လိုက်မယ်'

'ဟာ…မဖြစ်ဘူး။ ငါ့ဘာသာငါပြင်မယ်'

ကိုစောသန့်က လိုင်ရာမှထပြီး အပြင်ထွက်ခဲ့၏။

စားပွဲငယ်တစ်လုံး၌ အမှာစာ စာရင်းသွင်းနေသော လူငယ်တစ်ဦးကို တွေ့သောအခါ ပြော၏။

'မောင်မြင့်မောင်ရေ။ လက်ဖက်ရည်ကစ်ခွက် သွားဝယ်ကွာ'

'ဟုတ်ကဲ့ဆရာ'

ကိုစောသန့်က စာစီသမားထံ ရောက်နေသော ဆရာကြီး၏ ကဗျာရှည်ကြီး ကိုယူ၍ စားပွဲသို့ပြန်လာ၏။

'ဒီမှာ ဆရာကြီး—'

ဆရာကြီးက စာမူကိုယူပြီး သူ့အိတ်တွင်းမှ ဘောလ်ပင်အနီကို ထုတ်ယူ၍ စနစ်တကျစာပြင်နေ၏။

ဆရာကြီးက ပြင်ပြီးသော စာမူကို ကိုစောသန့်အား ပြန်ပေး၏။

'ဒါပြင့် ဆရာကြီး ညအိပ်လို့ရပြီပေါ့'



'အေး… ဟေး….။ အချိန်မီလို့ပေါ့။ နို့မို့ရင် ငါ တစ်သက်လုံး ညအိပ်ပျော်တော့မှာမဟုတ်ဘူး'

ဆရာကြီးက အမှုမဲ့ပြောလိုက်သော်လည်း လေးနက်သည့် သဘောကို ကိုစောသန့် နားလည်လိုက်၏။

လက်ဖက်ရည်ရောက်လာသောအခါ ကိုစောသန့်က လှမ်းယူပြီး ဆရာကြီး၏ရှေ့၌ ကိုယ်တိုင်ချပေး၏။ စီးကရက်ဘူးနှင့် မီးခြစ်ကိုပါ ချပေးလိုက်၏။

ဆရာကြီး လက်ဖက်ရည်သောက်နေစဉ် ကိုစောသန့်၏မျက်လုံးများက စားပွဲပေါ်မှစာဆီ ရောက်သွားပြန်၏။

စိတ်သည် မော်လမြိုင်တောင်ဝိုင်းတောင်ခြေသို ပြန်ရောက်သွားသည်။ ထို့နောက် မျှော်တော်ရောင်စေတီကုန်းဆီ—။

ရှေ့၌ရှိနေသော ဆရာကြီးကိုကြည့်၍ ကိုစောသန့်၏ခေါင်းတွင် မေးစရာပေါ်လာသည်။

'ဆရာကြီးခင်ဗျာ—။ ဟိုင်ရင်နီ အော့ဖ် တိုင်းမ် tyranny of time အကြောင်းကို တစ်ခါက ဆရာကြီး ရေးဖူးတယ်။ ဒါပေမယ့် လမ်းသွားပုံင်းဟန်လွဲသောအမို့ ထင်ပါရဲ့။ တိုတိုလေးပဲ။ သိပ်မပြည့်စုံဘူး။ ကျွန်တော်တော့ စိတ်ဝင်စားတာနဲ့ ဆက်တွေးမိနေတယ်'

ဆရာကြီးက ကိုစောသန့်ကို တစ်ချက်စိုက်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



'တိုင်ရင်နီ အောင့်ပ် တိုင်းမ်။ အချိန်သဘောရဲ့ အနိုင်ကျင့်မှု။ တစ်နည်းပြောရရင် အချိန်သဘောကို ကိုင်တွယ်ရာမှာ ဝတ္ထုရေးဆရာတွေ အချိန်ကို ကြိုက်သလိုဖန်တီးပြကြည့်လို့ရမှု။ မောင်စောသန့်က ဘယ်လိုနားလည်ထားလို့လဲ'

'ဒီလိုပါပဲဆရာ။ အပြင်က အချိန်ဆိုတာ ရှေ့ကနေနောက်ကို အလျားလိုက်ရွေ့သွားနေတယ်။ ဝတ္ထုရေးတော့လဲ အစနဲ့အဆုံး။ ဝတ္ထုထဲမှာဖော်ပြတဲ့ အချိန်ကာလဲ အစကနေအစဉ်အတိုင်း အဆုံးဆီကို ရွေ့ကနေနောက် အလျားလိုက် ရွေ့သွားနေတယ်။ နောက်ကြောင်းပြန်တွေးတဲ့ဟာနဲ့ ရေးနည်းတွေလဲရှိပါတယ်။

'ဒါပေမယ့် အဲဒါကလဲ ဖတ်သူကို ဇွတ်နောက်ကြောင်းကို လမ်းခုလတ်က ပြန်ဆွဲခေါ်သလိုဖြစ်နေတယ်။ စိတ်တွင်းကအချိန်ဆိုတာကတစ်မျိုးပဲ။ သူက အလျားလိုက်မသွားဘူး။ သွားချင်သလိုသွားတယ်။ ဇွန်ပွန်ဟာပဲ အတိတ်ဖြစ်နေသလို အနာဂတ်လဲဖြစ်နေတယ်။ တစ်ခါတလေ အချိန်နှစ်ခုဟာ တစ်ပြိုင်နက်ဖြစ်ချင်လဲ ဖြစ်နေတယ်။ အဲဒီသဘောကိုဝတ္ထုထဲမှာ ရေးကြည့်လို့မရဘူး'

'ဘာဖြစ်လို့လဲ...'

'စာရွက်တွေက ရှေ့ကနေနောက်သွားနေတယ်။ စာစာမျက်နှာတွေကလဲ ရှေ့ကနောက်သွားနေတယ်။ စာကြောင်းတွေကလဲ ရှေ့ကနေနောက်သွားနေတယ်'



လူငယ်စာရေးဆရာ တစ်ဦးနှင့် ကဗျာဆရာနှစ်ဦး ဝင်လာကြသည်။

ဆရာထိုက်ကနှုတ်ဆက်ပြီး ရှန်ဂရီလာမွန်း ပေးလိုက်သော မဂ္ဂဇင်းများကိုပိုက်၍ ပြန်သွား၏။

ကိုစောသန့်တို့ စကားဝိုင်းဆီ လူငယ်သုံးဦးက ပြင် ရှန်ဂရီလာမွန်းပါ ဝင်လာ၏။

ရှန်ဂရီလာက ပြော၏။

'ဆရာထိုက်နဲ့ အလုပ်ကိစ္စပြောနေလို့။ ငါလဲ မင်းနဲ့ဆရာကြီး ပြောနေတာ စိတ်ဝင်စားတယ်။ ဟဲ... ဆက်ကြပါ'

ဆရာကြီးက မေး၏။

'အချိန်ကို ပြုပြင်စီမံတဲ့နေရာမှာ ရုပ်ရှင်နဲ့ဝတ္ထု ကွာခြားပုံကော မောင်စောသန့် ဂရုပြုမိလား'

'ဂရုပြုမိတယ်ဆရာ၊ အဓိက ခြားနားချက်က 'မီဒီယင်' Medium ထင်တယ်'

'ဟုတ်တယ်။ မီဒီယင်။ အဖြစ်အပျက်တွေကို သယ်ပို့ပေးတဲ့ ပစ္စည်းသဘာဝလို့ ခေါ်ကြတယ်'

'ဟုတ်ကဲ့။ ရုပ်ရှင်မှာက အဲဒီပစ္စည်းက ရွေ့မှာတွင် ပြနေတယ်။ ဝတ္ထုမှာက စာရွက်နဲ့ စာမျက်နှာတွေ သူတို့ကတော့ ရှေ့ကနေ နောက်ကိုသွားနေတယ်။ ရုပ်ရှင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ပိတ်ကားကြီးဟာ အလျားလိုက် မရွေ့ဘဲ ငြိမ်နေတယ်။ ဖြစ်အပျက်တွေက ဒီနေရာမှာပေါ်ပြီး ဒီနေရာမှာ ပျောက်သွားတယ်၊ တစ်နည်း ဆိုရလျှင် ချုပ်သွားတယ် ဆိုပါတော့။

'ဒီတော့ ဒါရိုက်တာက အချိန်သဘောကို ပိုပြီးကစားနိုင်တယ်။ ဥပမာ...အခု ပစ္စုပ္ပန်။ အခုအတိတ်။ တစ်ခါတစ်ပြိုင်နက်မှာ ပစ္စုပ္ပန်နဲ့အတိတ် ရောယှဉ်ပြလို့ရတယ်။ ဒီတော့ ရုပ်ရှင်မှာက အချိန်ရဲ့ အနိုင်ကျင့်မှုကို တော်တော်လေး ပယ်လှန်နိုင်တယ်။ ဝတ္ထုမှာကတော့အလျားလိုက်ပဲ ရွေ့နေရတယ်'

ဆရာကြီးက ပြုံးပြီးမေး၏။

'မောင်စောသန့် တော်တော်ကို တွေးပြီးသွားပါလား။ ဆရာမေးမယ်၊ မောင်စောသန့်ဘာလို့ အဲဒါကို အရေးလုပ် တွေးသလဲ'

'ခင်ဗျာ...'

'မောင်စောသန့်ရင်ထဲမှာ ပြဿနာရှိနေပြီ'

'အား...'

'ခုခေတ် ရေးနေကြတာက တိုင်ရင်နီ အော့ဖ် တိုင်းမ်ကို ဂရုပြုမိဖို့နေနေသာသာ တစ်ချို့ဆို ဝတ္ထုထဲမှာအချိန်



နေရာတောင် မပါတော့ဘူး။ ဘာပါတော့လဲ။ မောင်စောသန့်ကတော့ အခု အချိန်ကို ကိုင်တွယ်မှု အကြောင်း အလေးအနက် ဆွေးနွေးလာတယ်။

'စာရေးဆရာတစ်ယောက် အနေနဲ့ဖြစ်ဖြစ် ဒါမှမဟုတ် လူတစ်ယောက်အနေနဲ့ဖြစ်ဖြစ် ပြဿနာတွေ့နေပြီ။ ရုပ်ရှင် ပိတ်ကားကြီးလို လုပ်လုပ်ပြတဲ့ မနော အကြည်ကြီးနဲ့ မောင်စောသန့် ရင်ဆိုင်တွေ့နေရပြီ။ ဟုတ်တယ် မဟုတ်လား...ဟား...ဟား...'

ကိုစောသန့်က လိုက်ရယ်၏။

'အမှန်က မောင်စောသန့်။ တို့ အခုပြောနေကြတာက နည်းပညာ Technique အပိုင်းပဲ။ ဝတ္ထုရေးကြစဉ်က ဒိုင်ယာရီလိုလို၊ သမိုင်းလိုလို ရေးကြတယ်။ နောက်တော့ စိတ်ပြတင်းပေါက်ကို ဖွင့်ပြသလို ရေးကြတယ်။ နောက် စာရေးသူရဲ့ စိတ်အစဉ်အလျဉ်ထဲ စာဖတ်သူရဲ့စိတ်ကိုပါ ဆွဲခေါ်ယူသွားတဲ့နည်းနဲ့ ရေးကြတယ်။

'အဲ...နောက်ပိုင်းမှာတော့ မနောအကြည်ကြီးကို ပိတ်ကားကြီးလို ဒီအတိုင်းထောင်ပြထားပြီး ပေါ်လာသမျှကို အရင်းတိုင်း စာဖတ်သူကို မြင်စေအောင် ရေးပြနေကြတယ်။ နည်းတွေပေါ့။ နည်းတိုင်း နည်းတိုင်းမှာ အားသာချက်တွေရှိသလို အားနည်းချက်တွေ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ပြီးခဲ့တဲ့နှစ် တော်တော်များများအထိ တို့ပြည်မှာက အကြောင်းအရာ Content ပိုင်းကိုသာ ဆွေးနွေးကြ ငြင်းခုံကြတယ်။ နည်းပညာပိုင်းကို သိပ်ဂရုမပြုမိကြဘူး။ အခုတော့ တော်တော်လေး ဆွေးနွေးလာကြပြီ။ ကောင်းလှပါတယ်။ ဆရာ့အနေနဲ့ ပြောချင်တာတစ်ခု ရှိတယ်။ နည်းပညာတွေ ဘာကြောင့်ပြောင်းသလဲ'

လူငယ်စာရေးဆရာက ဝင်ပြော၏။

'နည်းပညာကို ဂရုစိုက်တဲ့လူကို ပုံသဏ္ဌာန် ဝါဒသမား Formalist တွေလို့ စွပ်စွဲကြတယ်ဆရာကြီး'

'အေး...တို့တိုင်းပြည်မှာက နာမည်ပေး ပါရဂူတွေများတယ်၊ နာမည်သစ် ဆိုင်းဘုတ် ဆွဲချင်သူတွေလဲများတယ်။ အဲဒီနာမည်တွေဟာ တို့နဲ့ သိပ်မဆိုင်တဲ့ 'နေရာ'နဲ့ 'အချိန်'တွေဆီ ကသာကြတယ်ဆိုတာတော့ သတိမထားကြဘူး။ မင်းတို့ လူငယ် စာရေးဆရာတွေ....အဲဒီအချက်လေးကိုပဲ သတိပြုမိကြရင် တို့ စာပေဒေသနာဂတ် မဆိုးနိုင်ပါဘူးကွယ်'

ရှန်ဂရီလာမွန်းက တိုက်တွန်း၏။

'ဆရာကြီးက ခုနင်က နည်းပညာတွေ ဘာကြောင့်ပြောင်းသလဲလို့ မေးတယ်။ ဘာကြောင့် ပြောင်းသလဲဆရာကြီး'



'မပြောင်းမဖြစ်လို့ပေါ့'

'ခင်ဗျာ....'

'စာရေးဆရာ ဆိုတာ ပြောပြသူပဲ ဖြစ်တယ်။ လူ့အကြောင်းပြောပြမယ်၊ လူ့ဘောင်အကြောင်း ပြောပြမယ်၊ ဖြစ်နိုင်ရင် စကြဝဠာကြီးအကြောင်းပြောပြမယ်။ အဲ့ဒီလိုပြောပြဖို့ တစ်ခုခုထဲက သူ နှိုက်ယူရတယ်။ ပြောချင်သလိုပြော...သူနှိုက်ယူလိုက်တာကတော့ သူ့မနော အကြည်ထဲကပဲ'

ကဗျာဆရာ လူငယ်နှစ်ဦးက အားရ ပါးရ ပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်ကြသည်။

'မနောအကြည်ကြီးမှာ မှန်လိုပဲ လူ့ဘောင်ကြီးရော၊ စကြဝဠာကြီးရော၊ တခြား ပတ်ဝန်း ကျင်ဆိုတာ တွေရော အားလုံးထာထင်တာပဲ၊ ထင်ရုံတွင်မကဘူး၊ ကိန်းဝပ်နေလို့လဲ ရသေးတယ်။ မနောအကြည်ကြီးက မှန်နဲ့တူတယ်လို့သာ ပြောတယ်။ မှန်က ပြုပြင် မစီရင်တတ်ဘူး။ မနောအကြည်ကြီးကတော့ ပြုပြင်စီရင်တတ်တယ်။ ထင်ဆဲမှာလဲ ပြုပြင်စီရင်တတ်တယ်။ ကိန်းဝပ်နေရာ ပြန်ပေါ်လာတဲ့ အခါမှာလဲ ပြုပြင် စီရင် တတ်တယ်။ ကိန်းဝပ်နေရာက ပြန်ပေါ်လာသောအခါ...ပြုပြင်စီရင်ခြင်းဖြစ်သလို... 'ပြုပြင်စီရင်ချင်' လို့ပဲ ဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေက မျက်မှောင်ကြုတ်၍ တွေးနေ၏။ ဆရာကြီးက သာ ဆက်ပြော၏။

'လူတိုင်းဟာ မနေ့ာအကြည်ကြီးကို သတိပြု မရှုမိကြဘူး။ ရှုဖို့ ကိစ္စနဲ့အချိန်လဲ မရှိကြဘူး။ အဲ....စာရေးဆရာဆိုတဲ့ သတ္တဝါက သွားသွားရှုမိကြတယ်။ ဗားဂျီးနီးယားဝူးဖ် Virginia Woolf တစ်ခါတလေ ရေးနေတာ ဖတ်ပြီး ဒီအမျိုးသမီး ကမ္ဘာ့ဇွန်းတိုင်ဖူးသလားလို့ ထင်မိတယ်။ ပထမကမ္ဘာစစ်မဖြစ်မီလေးနဲ့ ဒုတိယကမ္ဘာစစ်ပြီးစက အနောက်နိုင်ငံစာရေးဆရာအချို့ဟာ သူတို့မနေ့ာအကြည်မှာ ထင်လာတာတွေကို တော်တော် ရေးလာကြတယ်။ ပရူးစ်တို့၊ ဂျွိုက်စ်တို့၊ ဒါရုသီရစ်ချဒ်ဆင်တို့၊ ဝူးဖ်တို့၊ ကားဖ်ကားတို့၊ ပေါ်ဆာတ်တို့ပေါ့။

'ဒါပေမယ့် သူတို့ရေးတာတွေဟာ သူတို့မနေ့ာအကြည်တွေက ပြုပြင်စီရင် ထုတ်လိုက်တာချည်းပဲ။ သူတို့ ကျင်လည်ရတဲ့ နေရာနဲ့အချိန်က ရှေးက နေရာနဲ့အချိန်တွေနဲ့ မတူဘူး။ ဒီတော့ သူတို့ ပြောချင်တာတွေကလဲ ရှေးက ပြောတာတွေနဲ့ မတူဘူး။ ဒါကြောင့် ပြောနည်းလဲ မတူကြတော့ဘူး။ အင်း...အမြင်တွေ၊ အယူတွေလဲ မတူဘူး။ မနေ့ာအကြည်က အမြင်တွေက အယူတွေကိုပါ ပြုပြင်စီရင်ထုတ်လွှတ်လိုက်တာကိုး'



လူငယ် စာရေးဆရာက ရယ်ပြီး ဝန်ခံ၏။

'ကျွန်တော်တို့ အဲဒါတွေကို လေ့လာနေတယ်ဆရာကြီး'

'လေ့လာပါ၊ လေ့လာတာဟာ မမှားဘူး။ ဒါပေမယ့် မျက်စိမှိတ်ပြီးတော့တော့ သွားမကိုးကွယ်နဲ့။ မင်း ဟောဒီစကား ကြားဖူးလား'

'ဘယ်စကားလဲ ဆရာကြီး'

'မြင်တာတွေ မှန်တယ်။ ဒါပေမယ့် မှန်တာတွေ မြင်ရဲ့လား'

'ခင်ဗျာ....'

'နောက်တစ်ခု ပြောဦးမယ်။ ယားတိုင်းသာဖြစ်သော၊ ကည်တိုင်းသာ ဖြစ်သော'

'ခင်ဗျာ...'

'ပဟေဠိတစ်ခုလဲ ဝှက်မယ်။ ဝါးလုံးတစ်လုံးတည်းဆို မထောင်ဘူး။ ဝါးလုံးသုံးလုံးကျ ထောင်တယ်။ ဘာက ထောင်တာလဲ။ ဝါးလုံးက ထောင်တာလား။ ရှုသူ့စိတ်ဝိညာဉ်က ထောင်တာလား'

'အဲဒါတွေက ဘာတွေလဲ ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'တို့မြေက တွေးပုံတွေးနည်း၊ ရှုပုံရှုနည်းတွေပါ။ သူများနေရာ၊ သူများအချိန်က ဟာတွေနဲ့ချည်း သိပ်အချိန်ကုန်မခံကြပါနဲ့။ အဲ....ငါလဲ ပြန်ဦးမယ်။ ငါက လေရှည်မင်းတို့က လေရှည်နဲ့ဆို— မောင်စောသန့်တို့ ရှန်ဂရီလာမွန်းတို့ အလုပ်လုပ်ရဟောမှာမဟုတ်ဘူး။ ကြော်— မောင်ညိုသင်းရေ— မင်းတို့တိုက်က ရှန်ဂရီလာပဲဟေ့— ဟေး... ဟေး....'

ဆရာကြီးပြန်သွားပြီး၍မကြာခင်တွင် ဦးမြင့်သိန်း ပြန်ပေါ်လာ၏။

'ဆရာ— နက်ဖြန်စီဖို့စာမူတွေ'

ကိုစောသန့်က လက်ပတ်နာရီကိုကြည့်၏။ ညနေ သုံးနာရီခွဲတော့မည်။

သူက အံဆွဲတွင်းမှ စာမူတစ်ယပ်ကိုထုတ်ယူ၏။ မပြီးပြတ်သေးသော စာမူနှစ်ခုကိုချန်ထား ပြီးကျန်သည်တို့ကို ဦးမြင့်သိန်းအား ပေးလိုက်သည်။

'ဒီနှစ်ခု ကျွန်တော်မပြန်ခင်ပေးမယ်'

လူငယ်စာရေးဆရာနှင့် ကဗျာဆရာတို့က အချင်းချင်း ဆက်စကားပြောနေကြသည်။ ရှန်ဂရီလာကလည်း သူ့စားပွဲသူထိုင်၍ စာရင်းတွေလုပ်နေ၏။



ကိုစောသန့်က စားပွဲပေါ်မှစာရွက်ခလေးကိုကောက်ပြီး အက်ဂျီအိတ်ကွင်း ထည့်ထားလိုက်၏။

စမူကိုကည်ဖြတ်ရင်း နားခွံမှ လူငယ် စာရေးဆရာတို့ ဆွေးနွေးနေသံကို ကြားရသည်။

အိတ်ဇစ်စတင်ရှယ်လစ်ဇင်းကို ဘွတ္တဘာဝမှန်ဝါဒ ဟူသောအခေါ်နှင့် ဖြစ်ဘည်မှုအမိကာဝါဒဟူသောအခေါ် ဘယ်သင်းကမှန်သည်ကို ငြင်းနေကြသည်။

ကိုစောသန့်ကပြုံးမိသည်။ စောစောက ဆရာကြီးပြောခဲ့သောစကားကို သတိရသောကြောင့်ဖြစ်သည်။

မိမိတို့နှင့် သိပ်မဆိုင်လှသောနေရာနှင့် အချိန်မှသာကြသောသဘောတရားတွေ။ မိမိတို့စကားနှင့် အဓိပ္ပာယ်ပေါ်အောင်အမည်ပေးရသည်ကစပြီး အမြီးအမောက်မတည့်လှ။

သူတို့ဟူသော အတ္တ၊ သူတို့ယူသောဘာဝ၊ သူတို့ယူသောဖြစ်တည်မှုက ဘာနည်း။ မိမိတို့ယူသည်က ဘာနည်း။

သူတို့က နေ့တကြည့်ကြီးကိုလည်း ဘယ်သို့ရှုသနည်း။ ပြီးတော့ ဘယ်လိုဖြစ်သနည်း။

ကြြား မြန်မာစာရေးဆရာကြီးတစ်ဦး၏ အဆို အမိန့်ကိုလည်း သွားသတိရသည်။

'အနောက်တိုင်းက စာရေးဆရာတချို့က 'ငါ'ဆိုတာပျောက်သွားလို့ အဲဒီပျောက်သွားတဲ့ငါကို ပင်ပင်ပန်းပန်း

www.burmeseclassic.com

www.burmeseclassic.com



ပန်း လိုက်ရှာနေကြတယ်။ ကျွန်တော်တို့ကတော့ ငါး
ပျောက်အောင် မနည်းကြိုးစားမနေရဘူး'

အေလိုင်ယင်နေးရှင်း alienation။ ဤစကားကိုလည်း ဘယ်သို့ ဘာသာပြန်ကြမည်နည်း။ ယဉ်ယဉ်ကျေးကျေးနှင့် အသန့်ဆန့်ဆန့် အဓိပ္ပာယ်ကောက်ပြနေကြသော်လည်း တကယ်ပြောချင်သည်က ရူးသွပ်ခြင်း။ သည့်ထက် နည်းနည်းလေး သက်သက်ညှာညှာပြောချင်တော့ စိတ်၏ဖွဲ့စည်းတည်ဆောက်မှု ယိုယွင်းပျက်စီးခြင်း mental derangement။

ဤသည်ကလည်း သူတို့အယူ—သူတို့အသုံး။

ပရှူးစ်ကစ, ပေါ်ဆတ်တို့၏စာတွေကို အေလိုင်ယင်နေးရှင်းတွေဟု အမည်ပေးသူတို့ကပေးသည်။ ပုထုဇဉ်ချင်း တစ်ဦးကို တစ်ဦး အရူးဟု လက်ညှိုးထိုးပြကြတော့ ဘယ်သူ့ကိုယုံရပါ့။

ညနေလေးနာရီခွဲကျမှ တည်းဖြတ်ခြင်းပြီးသွားသည်။

ညှော်သည်လည်း ရှင်းသွား၏။

ကိုစောသန့်က အိတ်တွင်းမှစာရွက်လေးကို ထုတ်ယူ၏။

စာရွက်ပြာလေးမှာ သင်းပျံ့သောမွှေးရနံ့ ရှိနေ၏။

ကမင်မွှေးအောင်တော့ လုပ်ထားဟန်မတူ။ မွှေးရနံ့ တွေ နှီးခဲ့သောကြောင့် မွှေးရဟန်တူသည်။

ရင်မှာ ဆွေးဆွေးမြည့်မြည့်ဖြစ်မိသည်။



မွှေးရနံ့ သင်းသော စာလေးများကို မှန်ကိုင်ရသည်မှာကြာပြီ။ အနှစ်နှစ်ဆယ်ခန့် ရှိလေပြီ။

ဘာဆိုလိုလိုက်မှန်းမသိသော စာပိုဒ်လေးကို ပြန်ဖတ်သည်။ အထပ်ထပ်ဖတ်သည်။

'ဆန်းတယ်နော်ဆရာ—။ လေး.. ဆရာ့ကိုပြောမိခဲ့သလို ဟောဒီလောကကြီးကပဲ ကျဉ်းလေတာလား။ သံသရာဆိုတဲ့စက်ကြီးကပဲ ဝေးတာတွေကို နီးအောင်လုပ်တာလေသလား'

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

အရှေ့မြင်းပြိုင်ကွင်း လမ်းမကြီးမှ ရွှေဝါလမ်းတွင်းသို့ အဝင် အစ၌ လမ်းကကျဉ်းသည်။ လမ်းတစ်ဖက်တစ်ချက်ဆီ၌ ကပ်လျက်ဆောက်ထားသော ခြံဝင်းမရှိသည့် အိမ်ငယ်များက တန်းစီနေသည်။ ကလေးငယ်များကလည်း လမ်းပေါ် ထွက် ကစားနေတတ်သည်။

လမ်းထွင်းသို့ဝင်လျှင် ကိုစောသန့်က ကားကို အသွားသတိ ထား မောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို ထိခိုက်မိမည်စိုးရိမ်သည်။ ကစားချင်ကြသော ကလေးများကိုလည်းအပြစ်မတင်နိုင်။ ကလေးဆိုသည်က ကစားချင်သည်။

အမှန်က ကစားနေသောကလေးတွေကို ဟွန်းတီးဖယ်ခိုင်းပြီး ကားမောင်းဝင်ရသည်ကို အားနာသည်။

ကလေးများကလည်း မရိုင်း။ မိမိကိုသိနေသောကြောင့် လက်လေးများပြ၍ပင် နှုတ်ဆက်တတ်ကြသည်။

ယခုလည်း ကိုစောသန့်က ကားကို သတိနှင့် ဖြည်းဖြည်းမောင်းဝင်လာခဲ့သည်။

လမ်းဆုံါးလယ်လောက်အရောက်တွင် ကလေးတစ်သိုက်က လမ်းဖယ်ပေးကြသည်။ သူတို့အနီးတွင် သူတို့ကဲ့သို့ပင် လမ်းဖယ်ပေးပြီး ရပ်နေသူတစ်ဦးကို မြင်ရသောအခါ ကိုစောသန့်မှာ အံ့သြသွားသည်။

ကောင်ချောလေး။ မိမိ ကောင်းစွာမှတ်မိသော ကောင်ချောလေး။ သမီးခေါ်လိုက်သည်က ဘာတဲ့...အဲ့...ကိုမျိုး။

ကိုမျိုးကလည်း မိမိကိုကြည့်သည်။ သူ့ မျက်နှာလေးက တစ်မျိုးလေး။ သည်ကောင်လေးကိုမြင်တိုင်း တစ်မျိုးလေးဟု ထင်သည်။



တစ်မျိုးလေးဆိုသည်မှာ... မုန်းစရာလေးမဟုတ်။ မျက်နှာမြင် ခွင့်လွှတ်ပါစေဆုနှင့် ပြည့်နေသော သည်ရုပ်လေးမျိုးက မုန်းစရာမဟုတ်။ ခြော်...ယခုတော့...ကောင်လေးက မိမိကို မရဲတရဲလေးပင် ပြုံးပြ၏။

လေး...။ အဲ...မလေး ပြုံ၏ကောင်လေး။ သည်တော့ မိမိကလည်း ပြုံးပြလိုက်သည်။

ကားဆက်မောင်းခဲ့စဉ် ဆက်အံ့သြမိသည်။ သည်ကောင်လေးက လမ်းထဲ ဘာလာလုပ်သနည်း။

ဝတ်ထားသော အင်္ကျီနှင့်ဘောင်းဘီ၊ စီးထားသောဖိနပ်၊ ပတ်ထားသောနာရီတို့က အကောင်းစားချည်း။ သည်အသွင်၊ သည်အဆင်နှင့် သည်ကောင်လေးမျိုးတွေက ကားနှင့်သာသွားတတ်သည်။ ယခုက ခြေလျင်။

သူ့ရင်တွင်း၌ ပူပန်စိတ် ရိပ်ရိပ်ဝင်လာသည်။

သည်ကောင်လေး သမီးဆီလာသလော။ လာလျှင်လည်း ဘာကြောင့် ခြေလျင်လာသနည်း။

ခြံဝမှ ကားဟွန်းသံပေးသောအခါ ထုံးစံအတိုင်း ဂွမ်းပုံက ရှေ့ကပြေးထွက်လာ၏။ နောက်ကမှသမီး...။

www.burmeseclassic.com

www.burmeseclassic.com



သမီးမျက်နှာလေးက ခါတိုင်းလိုပင် ရွှင်ချိုနေသည်။ ခါတိုင်းလိုပင် လှပနေ၏။ ခါတိုင်းလိုပင် ပြေပြစ်ကြင်း သန့်စင်နေသည်။

တံခါးဖွင့်ပေးအပြီး၌ မွန်မွန်ကဆိုသည်။

'ဦးဖေဖေ....ဒီနေ့ နည်းနည်းနောက်ကျတယ်'

'ဟုတ်တယ် သမီး။ စာမူတွေလဲ ဖြတ်ပေးနေရတယ်။ ဧည့်သည်လဲ့များသွားလို့'

ကားကို မိမိက ဂိုဒေါင်တွင်းသွင်းနေစဉ် မွန်မွန်က ခြံတံခါးကို ပိတ်နေ၏။

ကားပေါ်မှအဆင်းတွင် ယောက်ယက်ခတ် ပျာနေသော ဂွမ်းပုံကိုလည်း လက်တစ်ဖက်နှင့် ကောက်ချီလိုက်ရသေး၏။ အင်း...သည်ကောင်လေးကလည်း တယ်မှောင့်။

မွန်မွန်က ဂိုဒေါင်ဆီလာပြီး မိမိလက် ကွင်းမှ သော့တက်ချိတ် တော့စ်သတ္တာကို ယူ၏။

ဂွမ်းပုံ၏ခေါင်းကို သုံးလေးချက်သပ်ပြီး မြေပေါ်ချပေးလိုက်မှ ကိုယ့်ချာကာ ရှေ့မှသွားနှင့်ပြီး အိမ်ပေါက်ဝကစောင့်နေ၏။



မိမိ၏လက်မောင်း တစ်ဖက်ကိုကိုင်ပြီး မွန်မွန်က ဘေးမှ လိုက်၏။

နှစ်ပေါင်းများစွာ မပျက်သောထုံးစံ။ မပြောင်းသော ပုံဟန်။

မိမိအိပ်ခန်းတွင်းဝင်မှ သမီးက ပြန်ထွက်သွား၏၊ ဤသည်မှာလည်း အပျိုကြီးဖားဖား ဖြစ်မှ။ ငယ်ငယ်ကဆိုလျှင် အင်္ကျီကြယ်သီးဖြုတ်ပြီး အဝတ်ချွတ်ပေးတတ်သည်။

ကိုစောသန့်က အဝတ်အစားလဲပြီးသောအခါ ထမင်းစားခန်းဆီထွက်လာခဲ့၏။

စားပွဲ၌သမီးက အဆင်သင့်ပြင်ပြီး စောင့်နေသည်။

ဖန်ခွက်လှလှကျင်းမှာက အနားခံထားသော လက်ဖက်ရည် ပယင်းရောင်ရင့်ရင့်။ လက်ဖက်ရည်ကျင်းမှာက ပိုင်ပိုင်းညီညီ လှီးထည့်ထားသော သံပုရာသီး စိတ်ဝါဝါလေးများ၊ ကြွေညိုသုတ် လင်ပန်း အဝိုင်းနုလေးပေါ်မှာက ရွှေဝါ သီးမှည့် ငှက်ပျောများ။

ကိုစောသန့်က ငှက်ပျောသီးတစ်လုံး အလျင်စား၏။

'သမီးကော ဘာမှမသောက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အာ— သမီး ညှို့သည်နဲ့သောက်ထားလို့'

'ညှို့သည်'

'ဟုတ်ကဲ့….။ ကိုမျိုး။ ဪ…ဦးဖေဖေ မော်လမြိုင်က ပြန်လာတုန်းက မတွေ့ဘူးလား။ သမီးကို လာနှုတ်ဆက်တာလေ'

'ဪ….ဪ….လမ်းမှာ တွေ့လိုက်တယ်။ သူက ပြုံးနှုတ်ဆက်လို့ဘောင် ဦးဖေဖေက ပြန်ပြုံးပြသေးတယ်'

'ဟင်….သူက ဦးဖေဖေကို ပြုံးနှုတ်ဆက်တယ်'

'ဟုတ်တယ်လေ။ ဘာပြုလို့လဲ'
မွန်မွန်က သဘောကျဟန်ဖြင့် ရယ်၏။

'သူက စကြောက်လေး။ အိမ်ကို ကားနဲ့ လာလည်ရင် မျက်စိနောက်မှာစိုးလို့တဲ့။ ကားကို အဝေးရန်ကင်းမှာ အမြဲထားခဲ့ပြီး ခြေကျင်လာတယ်။ ပြီးတော့ သမီးကို မေးသေးတယ်။ သူ့လို ဘောင်းဘီဝတ်ပြီး ကားစီးတဲ့ ကောင်လေးမျိုးတွေကို ဦးဖေဖေ ကြည့်လို့ရရဲ့လားတဲ့။ ဟုတ်တယ်လေ။ ဦးဖေဖေကဝတ္ထုထဲမှာ ဒီကောင်လေးမျိုးတွေကို ကောင်ဆိုးလေးတွေအဖြစ်နဲ့ ရေးတာကိုး'

သူက ရယ်၏။



'သမီး သူငယ်ချင်းလား….'

'ဟုတ်ဘူး။ ဘယ်လိုပြောရမလဲ။ ခင်တာ။ သူက သမီးတို့ ဆေးတက္ကသိုလ်က မဟုတ်ဘူး။ အာရ်အိုင်တီ က။ သမီးထက်လဲ တစ်တန်းငယ်တယ်။ သမီးကိုလဲ….ဟိုဒင်း သူက ရိုရိုသေသေ…. အစ်မလိုပဲ'

'ဪ—ဪ….'

သူက လက်ဖက်ရည်အေးကို သောက်သည်။ ရင်မှာ အေးသွား၏။

သမီးကသူ့ကို မချိုမချဉ်မျက်နှာပေးနှင့် ကြည့်နေ၏။

သမီးအမူအရာတွေအားလုံးလိုလိုကို သူနားလည်သည်။

'သမီး—ဘာကြည့်တာလဲ'

သမီးက ဘာမှမဖြေသေးပဲနှင့် ခေါ်၏။

'ဦးဖေဖေ—'

'ဘာတုံး….'

'မော်လမြိုင်မှာ သည်းထိတ်ရင်ဖို ဖြစ်ခဲ့သလား—'

www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်...'

'မလေးဖြူဆိုတဲ့ စာရေးဆရာမလေးကတော်တော်ချော သလား'

'အာ...'

'ဟော...ဦးဖေဖေကြီး မဖြေနိုင်ဘူး'

'သမီး...ဘာတွေလျှောက်ပြောနေတာလဲ'

'ဘောင်ခြေမှာ မောင်...မေ... ဝင်တိုက်မိကြတယ်ဆို'

ခက်ကပြီ။ မိမိက သမီးကို စုံစမ်းစစ်ဆေးရမည်ဟုထင်ခဲ့သည်။ ယခုတော့ မိမိက အစစ်ဆေးခံနေရပြီ။

'သမီးကို ဘယ်သူပြောသလဲ'

'ဟိုး...ဦးဖေဖေက စစ်နေတာမဟုတ်ဘူး။ သမီးက စစ်နေတာ။ ဟင်း... ဘွားဘွားကို တိုင်ပြောလိုက်ရမလား'

သည်လိုဆိုတော့လည်း လှရယ်ရ၏။

လက်တင်ဖက်ကာမှ အကျီအိတ်ဆီ ရောက်သွား၏။ အာ— အကျီလဲပြီးပြီပဲ။



သူက လက်ကို အကျီအိတ်ဆီမှ ပြန်ချ၏။

'ဖြေလေ...ဦးဖေဖေ'

'ဘာကိုလဲ....'

'မလေးဖြူက ချောသလားလို့'

'အင်း... လေး... က... အဲ... မလေးဖြူက...'

သူ ဘာဆက်ပြောရမှန်းမသိ။

'ဦးဖေဖေ ပြန်ခေါ်လိုက်မယ်ပေါ့ဦး'

'ဘာကိုလဲ'

'လေး...လို့'

'အယ်...ခက်တော့တာပါပဲ'

'မခေါ်ချင်နေ၊ သမီး ကြားပြီးပြီ'

'ဘာကိုလဲ'

'လေး လို့ ဦးဖေဖေ ခေါ်လိုက်တာ။ တစ်မျိုးပဲ။ ဟွန်း— နားထောင်လို့ ကောင်းတယ် သိလား'

'အာ...ခုက္ခပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ လေးက နောက်တော့ ဦးဖေဖေကို ဘူဘာရှံ့မှာ လာနှုတ်ဆက်တယ်။ ဟုတ်တယ်မဟုတ်လား'

'အင်း—'

'အဲဒီတော့ သူ ဘာပြောသွားသလဲ'

သူ မဖြေနိုင်။

ပြောသွားခဲ့သည်။ ဟုတ်သည်။ လေးက ပြောသွားခဲ့သည်။ ဩော်—ယခု စာနှင့် ပဟေဠိပင်ထပ်ဝှက်လိုက်သေးသည်။ သို့ရာတွင် သည်အကြောင်းတွေကို သမီးအား ပြောပြရန်မလို၊ မလိုဟု ထင်သည်။

'သက်သက်လာနှုတ်ဆက်တာ မဟုတ်ဘူး သမီး။ ဟိုက စာရေးဆရာတွေက သူ့ကိုခေါ်ပြီး မိတ်ဖွဲ့ပေးလို့'

'အင်းလေ။ မိတ်ဖွဲ့ရင်း ဘာပြောသွားလဲ'

'ဘာပြောစရာရှိလဲ။ မိတ်ဖွဲ့ကြတော့ ယဉ်ကျေးမှုအရ နှုတ်ဆက်စကား ပြောကြတာပေါ့'

သမီးက မျက်တောင်ကော့ကြီးများကို ပုတ်ခတ် ပုတ်ခတ် လုပ်နေ၏။

'ဘေးနားမှာ လူတွေရှိသလား'



'ရှိတာပေါ့။ အများကြီး'

'ကျွတ်—ကျွတ်'

'ဘာလဲ သမီး'

'သူပြောချင်တာလေး မပြောလိုက်ရရှာဘူး'

'ဘာရယ်'

'ကိုမျိုးကိုတော့ ပြောတယ်တဲ့၊ ဦးဖေဖေအာ သိပ်ကြွင်နာဘတ်ဘယ်တဲ့၊ သိပ်လဲ ယဉ်ကျေးတယ်တဲ့'

သူက ငြိမ်နေ၏။

'ဦးဖေဖေ'

'ဟင်း—'

'စက္ကန့်ပိုင်းလေးအတွင်းမှာ ဦးဖေဖေအာ ဘယ်လိုကြွင်နာပြလိုက်ဘာလဲဟင်'

'ဟောဗျာ....ဒုက္ခပါပဲ'

'လူကြီးတစ်ယောက်လုံးကိုကော ဦးဖေဖေက ဘယ်လို ဝင်တိုက်မိရတာလဲ'

ဤသည်အတွက်မူ သူ့၌ ဖြေစရာရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဦးဖေဖေက အတွေးလွန်လာတာကို'

'ဘာတွေ တွေးလာလို့လဲ'

'သမီးကို'

'သမီးကို...'

'ဟုတ်တယ်။ သမီး ငယ်ငယ်ကအကြောင်းကို။ သမီးက ရွှေရုပ်လေးလို ဝင်းဝင်းလေ။ အနှိုးနဲ့ထုပ်ပြီး ဦးဖေဖေ ဆီ ပို့ကြထားရတာ'

သူ့ရင်မှာတော့ နင့်လာ၏။ သည်အာရုံ ထင်လာတိုင်း သူ ရင်နင့်သည်။

သမီး၏ မျက်နှာလေးတွင်မူ ကျေနပ်သောအပြုံးလေး ပေါ် လာ၏။

'ဦးဖေဖေက သမီးကို ဘာလို့ သတိရတာလဲ'

'သမီးရယ်။ ဘယ်သွားသွား ဦးဖေဖေ သမီးကို သတိရ နေတာပေါ့။ သမီးကိုပဲ အောက်မေ့နေတာပေါ့'

သမီးက သူ့လက်ချောင်း လှလှလေးများနှင့် စားပွဲပေါ် တင်ထားသော သူ့လက်ခုံကို လာထိ၏။



'သမီး နားလည်ပါတယ်။ ဩော်...ဦးဖေဖေ။ ကိုမျိုး က ပြောတယ်။ လေး က ပြောတယ်တဲ့။ ဦးဖေဖေက သူ့ဝင်တိုက်တာ မဟုတ်ဘူး။ သူက ဦးဖေဖေကို ဝင် တိုက်တာတဲ့'

'အင်း ...လေး...လေးကလဲ ဦးဖေဖေကို အဲဒီသိုပဲ ပြော တယ်'

'ဟော....ပေါ့ပြီ'

'ဘာလဲ'

'နို့....အစကတော့ ဘာမှမပြောဘူးဆို'

'ဟာ...အဲဒါ....တိုက်မိကြချင်းချင်းမှာ ပြောတာ'

'ဩော်...ဩော'

'သမီးမနော်....'

'အေဟင်း'

'ဘာလဲ'

'ဆန်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဆန်းတာလဲ'

'မသန်း'

'ဘာစရယ်'

'ဇာတ်လမ်းလေးက ဆန်းတယ်လို့။ ဦးဖေဖေကို သမီး မကျေနပ်တာ တစ်ခုရှိတယ်'

'ဘာများလဲ သမီးရယ်'

'ဦးဖေဖေ ဘယ်သွားသွား ဘာဖြစ်ခဲ့တယ်။ ဘာကြုံခဲ့ ဆိုတာ သမီးကို အမြဲ ပြန်ပြန်ပြောပြခဲ့တယ်...နော်'

'အင်း...'

'အခု...ဒါတော့ ဘာလို့မပြောပြသလဲ'

မှုန်သည်။ မှုန်နေသည်။ မိမိက ဘာကြောင့် ပြန်မပြောသနည်း။

ပြန်မပြောသင့်သော အကြောင်းတွေ မိမိမှာ ရှိနေသည် ထင်၏။

သူက မျက်နှာကို တည်ပင်လိုက်ပြီး လေးနက်စွာ ပြော၏။

'လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်နေတာဆိုရင် မလိုအပ်ဘဲ ဦးဖေဖေ မပြောဘူး။ သမီးကိုတောင် မပြောဘူး'

မှုန်မှုန်၏မျက်လုံးလေးများ ပြူးဝိုင်းသွား၏။



'လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ။ ဦးဖေဖေ ဘာပြောတာလဲ'

'မိန်းမပျိုလေးတစ်ယောက်နဲ့ မမျှော်လင့်သောနည်းနဲ့ တွေ့ဆုံခဲ့တယ်။ မတော်တဆတွေ့ဆုံခြင်းပေါ့။ နောက် သူက ကိုယ့်ကို ရှိုးရှိုးသားသား လာနှုတ် ဆက်တယ်။ ဒါကို ဦးဖေဖေက လျှောက်ပြောနေရင် ဘယ်အဓိပ္ပာယ် ရောက်မလဲ။ အဲဒီမိန်းကလေးဘက်ကနေ ကြည့် ရင် ဘယ်အဓိပ္ပာယ်ရောက်မလဲ'

မှုန်မှုန်၏မျက်နှာလေးသည် တည်သွားသည်။ သူ့ ဦးဖေဖေ၏ လက်ခုံကို သူ့လက်ဝါးလေးနှင့်အုပ်ပြီး ပြော၏။

'ဆောရီး ဦးဖေဖေ၊ သမီးက ကျိစားတာပါ။ ဟင်... ဦးဖေဖေ့ မျက်နှာကြီးကလဲ ညိုသွားလိုက်တာ'

သူက မျက်ခုံး မျက်နှာပြင်ပင်၏။ သမီးအပေါ်မှာ မျက်နှာညိုရက်။ ဘယ်တုန်းကမှ မညိုရက်။

- 'မျက်နှာညိုတာ မဟုတ်ပါဘူး သမီးရယ်။ အဲလေး အနက်ပြောချင်တာမို့... မျက်နှာကိုလဲ လေးအနက် ထားလိုက်ရတာ'

www.burmeseclassic.com

www.burmeseclassic.com



‘ဟင်း...သိပါဘူး။ သမီးကဖြင့် ပြောမယ့်ဟာတောင် ဆက်မပြောခဲ့တော့ဘူး’

‘ဘာပြောမလို့လဲ ပြောလေ’

‘ကိုမျိုးက ပြောတယ်၊ မလေးဖြူက မွန်မွန်နဲ့လဲ သူငယ်ချင်းဖြစ်ချင်သတဲ့’

သူက မျက်မှောင်မတွန့်မိအောင် သတိထားလိုက်ရ၏။

‘ပြော...ကိုမျိုးက အဲဒီလိုပြောသလား’

‘ဟုတ်တယ်’

‘အဲဒါကို သမီးက ဘာကြောင့် မပြောခဲ့ရတာလဲ’

မွန်မွန်က ခစ်ခနဲရယ်၏။

‘သမီး ဘာရယ်တာလဲ’

‘အင်း...အဟင်း...ဦးဖေဖေ စိတ်မဆိုးရဘူးနော် ...’

‘ဘာကိုလဲ’

‘သမီး ကျိုးထားတာတွေကို’

သူက သည်တစ်ခါတော့ နားမလည်သဖြင့် မျက်မှောင်တွန့်ကြည့်၏။



‘ဒီလိုလေ၊ မလေးဖြူ.... အဲ...လေးက အင်္ဂလိပ်စာ မေဂျာယူတယ်။ ဒီရန်ကုန်မှာပဲ ကျောင်းသာ တက် ရတာ’

‘ဟုတ်လား’

‘ဦးဖေဖေ မသိဘူးလား’

သူက ခေါင်းခါပြ၏။

‘သမီးကလဲ သူနဲ့ သူငယ်ချင်းဖြစ်ချင်တာပဲ၊ မိသွမ်းပျော်ဆိုတာ သမီး ကြိုက်တဲ့ စာရေးဆရာပဲ၊ ဒီတော့ သူ ရန်ကုန်ပြန်လာရင် သမီးနဲ့ သူငယ်ချင်းဖြစ်သွားမှာ’

သူက ခေါင်းညိတ်ပြ၏။

‘အဲဒီကျတော့ လေးက အိမ်တွေဘာတွေ လာလည်ချင် လည်မှာ’

ဤသည်ကိုလည်း သူ ခေါင်းညိတ်၏။

‘အဲဒီလိုဆိုရင် ဦးဖေဖေ ဘာမှမဖြစ်ဘူးနော်’

‘ဦးဖေဖေက ဘာဖြစ်ရမှာလဲ’

သမီး မျက်နှာလေးက မချိုမချဉ်ဖြစ်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခြော်....ငါနဲ့ဝင်တိုက်ဖူးတဲ့ကောင်မလေး ငါ့အိမ်ပေါ် ရောက်နေတယ်ဆိုပြီး မနေတတ် မထိုင်တတ်နဲ့ ဦးဖေဖေ ရှက်နေမှာစိုးလို့'

သူက မေး၏။

'ဦးဖေဖေနဲ့လေး ဝင်တိုက်မိတာကို သမီး သိပ်သဘော ကျနေတယ်။ ဟုတ်လား'

'အင်း—'

'ဘာဖြစ်လို့လဲ'

'လောကကြီးမှာ တွေ့ဆုံနည်းတွေ အများကြီး ရှိတယ်။ ခုဟာက ဝင်တိုက်ရသတဲ့။ ပြီးတော့....'

'ပြီးတော့ ဘာဖြစ်သလဲ'

'ဦးဖေဖေက ဦးဖေဖေ ဝင်တိုက်မိတာလို့ ပြောတယ်။ လေးကလဲ— လေး ဝင်တိုက်မိတာလို့ ပြောတယ်။ ဒီတော့ သေချာတာက ဘယ်သူကမှ ဘယ်သူ့ကိုဝင်တိုက်တာ မဟုတ်ဘူး။ တခြားတစ်ခုက ဝင်တိုက်သွားတာ'

'အခြားတစ်ခု....'



'အင်း—'

'ဘာလဲ—'

သမီးက ပြုံးချိုချိုနှင့် နေရာမှထသွားပြီး လက်တင်ကမ်း အဝေးကျမှ ပြောသည်။

'ကံကြမ္မာ—'

'သမီးနော်....'

မွန်မွန်က လိုက်လိုက်လှဲလှဲလေး ရယ်၏။

'အလကား ကျီစားတာပါ ဦးဖေဖေရယ်။ ဒီနေ့ ဦးဖေဖေ့ မျက်နှာကြီးက တစ်မျိုးပဲ။ ဒီတော့ သမီး စချင် လာတာပေါ့။ ကဲ.... ဦးဖေဖေ ရေအေးလျှင်ချိုးမလား။ သမီးချိုးရမလား'

'သမီး ချိုးနှင့်'

မွန်မွန်ထွက်သွားသောအခါ ဖန်ခွက်တွင်း၌ ကျန်နေသေးသော လက်ဖက်ရည်အေးကို မော့သောက်ပြီး အိပ်ခန်းသို့ ပြန်လာခဲ့၏။

စာရေးစားပွဲမှာထိုင်ပြီး လေးဖြူ၏စာလေးကိုဖတ်ပြန်၏။

လေးဖြူက စာတွင်း၌ မွန်မွန့်ကို မမြင်ဖူးပဲ အဝေးကနေ လှမ်းခင်နေသည်ဟု ရေးထားသည်။ မွန်မွန်နှင့် သူငယ်ချင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ကြောင်း လေးဖြူပြောသည်ဟု ကိုမျိုးကလည်း မွန်မွန့်အား ပြောပြပြန်သည်။

မွန်မွန့်အကြောင်း လေးဖြူက ဘယ်သို့သိသနည်း။ လေးဖြူကို ဘယ်သူက ပြောပြသနည်း။ သည် ကိုမျိုးဆိုသည့်ကောင်လေးပင် ပြောရသည်။

လေးဖြူက ဝေးသည့်ကို နီးအောင်လုပ်တတ်သော သံသရာစက်ကြီးကိုပြောသည်။ သခင်းက ကံကြမ္မာဟု ဆို၏။

သည်အိန်းကလေးလှလှ နှစ်ယောက်နှင့် သည်ကောင်လေး ဘာလုပ်နေကြသနည်း။ ဘာတွေပြောနေကြသနည်း။

မကြိုက်၊ သူ့စိတ်တွင်း၌ မကြိုက်။

သူ့မျက်လုံးများက ခြံကွင်းတစ်နေရာသို့ရောက်သွား၏။

မေမေက ချောင်စုံပိန်းပန်းပင်အောက်ကို ပိုက်ဝယ် တစ်လုံးနှင့်ရေဖျန်းနေ၏။

သူ ကြားတင်သော ပန်းပင်အောက်ကို သူကိုယ်တိုင်ရေလောင်းရမှ မေမေကြိုက်သည်။

ကိုစောသန့်က အိမ်ပေါ်မှဆင်းလာပြီး မေမေ့အနီး သွားရပ်၏။



'သီတုကျောတူ သမညတာ တေကောစာတဋ္ဌိ တိုပ္ပတ္တာဝ ဥတုသမုဋ္ဌာန ရူပံ.... လို့ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းက ဆိုသကွယ့်သားရဲ့။ အပူဓာတ်အအေးဓာတ် ဒီနှစ်ပါး ပေါင်းလိုက်တာနဲ့ ဋ္ဌိ... ဖြစ်ပြီးတော့... ဟောဒီအပင်လေးတွေလို အဝိညာဏကတွေမှာတောင် ဥတုသဘောရုပ်လေးတွေဟာ ပွားစီးလာတယ်။ ခုလို နွေဆိုတော့ အပူဓာတ်ကဲနေတယ်။ ရေလေးမှန်မှန်လောင်းပေးမှ'

မေမေက...သူ့အပျင်းပြေရုံ၊ အညောင်းပြေရုံ သစ်ပင် ရေလောင်းနေသည် မဟုတ်ကြောင်း ကိုစောသန့်ကို အသိပေးသည်။

သူကသိပါသည်။ မေမေဘာလုပ်နေနေ မမှာနုပသာနာတွဲကွဲ ပါနေတတ်သည်။

'မေမေ့ကို သား...လာနှောင့်ယှက်သလိုတော့ဖြစ်မယ်'

'မဖြစ်ပေါင်ကွယ်။ သား ဘာပြောချင်သလဲ'

သူက ပြောမည့်စကားကို ဈင့်ချိန်သည်။ မေမေစိုးပိုင်သော နယ်နိမိတ်တွင်း ကျူးကျော်ရာရောက်မည်ကို သူစိုးရိမ်၏။

သူ ဆုတ်ဆိုင်းနေသည်ကိုကြည့်ပြီး မေမေကရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ကို...ဟိုသူငယ်လေးတစ်ယောက် လာလည်နေတာကို သားမေးချင်တယ်မဟုတ်လား'

'အား...မေမေ ဘယ်လိုလုပ်သိလဲ'

'မေးထိုက်တာကို သားမေးမှာ မေမေ သိတာပေါ့။ မေးလေ။ သား ဘာသိချင်လဲ'

'အရင်က ဒီကောင်လေး အိမ်လာမလည်ဘူး'

'သူငယ်လေးလို့ခေါ်ပါ သားရယ်'

'ဟုတ်ကဲ့....သူငယ်လေး'

'ဟုတ်တယ်။ အရင်ကလာမလည်ဘူး။ ခု လာလည်တာ နှစ်ခါရှိပြီ'

'အဲဒါ....သား နည်းနည်းအံ့ဩလို့'

'မအံ့ဩနဲ့'

'ခင်ဗျာ'

'လာလည်တယ်ဆိုတာ သံယောဇဉ်ရှိလို့ပေါ့'

'သံယောဇဉ်ရှိလို့....'



'ဟဲ့—သားရဲ့၊ ဆုံဘယ်ဆိုတာ သံယောဇဉ်ရှိလို့ပေါ့။ သံယောဇဉ်မရှိပဲဆုံတာမျိုးက ဘတ်စ်ကားပေါ် မီးရထားပေါ်မှာသာရှိတာ'

အရေးထဲ မေခမ့်စကားကြောင့် သူရယ်မိ၏။

'မေမေက ဗီလိုထင်တယ်ပေါ့'

'မေမေ့ အထင်မပြောဘူး။ အမြင်သာပြောတယ်'

'အမြင်...။ မေမေ ဘာမြင်တာလဲဟင်'

မေမေက ရယ်၏။

'ခေါင်မတွေးနဲ့ သား။ အမြင်မတော်တာ ဘာမှ မေမေ မမြင်ဘူး'

'ဒို့—မေမေတာ—ဟိုဖင်း—သံယောဇဉ်ဆို'

'သံယောဇဉ်ဆိုတာ အမျိုးမျိုးရှိနိုင်တယ် သား'

သူ— မေမေ့မျက်နှာကိုကြည့်သည်။ မေမေ့မျက်နှာက တည်ကြည်သိမ်မွေ့သည်။

'မေမေဘာဆိုလိုတာ ကျွန်တော်နားမလည်ဘူး မေမေ'

www.burmeseclassic.com

www.burmeseclassic.com



မေမေက ရေလုံးပျော့ပျော့နှင့် ပန်းပင်များထက် ညင်ညင်သာသာဖျန်းရင်း ပြော၏။

'အတိပီယာ.... အလွန့်အလွန်ချစ်ခင်ထိုက်သောသူ၊မဇ္ဈတ္တပီယာ....အလယ်အလတ်ချစ်ခင်ထိုက်သောသူ၊ ဒီလောပီယာ...မြင်တွေ့ကာမျှဖြင့် ချစ်ခင်ထိုက်သောသူ၊ဒီလောကမှာ လူလူချင်း ချစ်ခင်ပုံသုံးမျိုးရှိတယ်။ မေတ္တာကမှာ လူလူချင်း ချစ်ခင်ပုံသုံးမျိုးရှိတယ်။ မေတ္တာယောင်ယောင်သန့်သန့်နဲ့ ချစ်ခင်တာလဲရှိတယ်။ မေတ္တာယောင်ယောင်နဲ့ သားတို့ငတ္တုတွေထဲမှာဖွဲ့တဲ့ 'ဂေဟာသီတပေမ' နဲ့ ချစ်ခင်တာလဲရှိတယ်။သားက စာရေးဆရာ။နားလည်တယ်မဟုတ်လား'

သူက ခေါင်းညိတ်ပြ၏။

'စိတ်ဆိုတာဟာ ဆန်းတယ်။ ဂေဟာသီတပေမမှာလဲ မေတ္တာငြင့်လွှမ်းနိုင်တယ်။ တစ်နည်း မေတ္တာ ရှေ့သွား ရှိနိုင်တယ်'

သူကလေးလေး ခေါင်းညိတ်ပြ၏။

'သမီးကို မေမေချစ်တယ်။အလိုလိုက်ဘယ်။ ဒါပေမယ့်

လျှင်လျှူရှုမသားဘူး။ အစိုးရိမ်လဲမလွန်ဘူး'

'ကျွန်တော်သိပါတယ် မေမေ'



'သမီးနဲ့ဗိုလ်သွေးယ်လေးရဲ့ဆက်ဆံရေးမှာ ဂေဟာသီတပေမရိပ်ကို မေမေမတွေ့သေးဘူး။သံယောဇဉ်ရှိကြတာတော့ မေမေသိတယ်။ ဘာသံယောဇဉ်လဲ—။ အဲဒါကို မေမေမသိသေးဘူး။ မေမေမသိတာကို မေမေ အသိမလုပ်ချင်ဘူး။ လုပ်ကောင်းဘူး။ ပြီးတော့— သမီးမှာ သတိအလိမ္မာရှိတာ မေမေယုံကြည်တယ်။ သူတို့နှစ်ဦး ဆက်ဆံနေပုံမှာ မေတ္တာရှေ့သွားလေး၊ရှိတယ်လို့လဲ မေမေမြင်နေရတယ်။ ဒီတော့—မေမေ စောင့်ကြည့်တုန်းပဲ။ မသင့်တာတွေ့ရင် မေမေပြောမယ်။ မကောင်းမြစ်တား၊ကောင်းရာညွှန်လတ်—။ဒီဝတ္တရားကိုတော့ မေမေ ပျက်မှာ မဟုတ်ဘူး'

သူက အတန်ကြာစဉ်းစားပြီးမှပြော၏။

'အမြင်မတော်တာ မေမေ မတွေ့သေးဘူး။ ဒါပေမယ့်

တော့ သံယောဇဉ်ရှိနေကြတယ်။ဟုတ်တယ်နော် မေမေ'

မေမေက ခေါင်းညိတ်ပြ၏။

'အဲဒီသံယောဇဉ်မှာလဲ မေတ္တာရှေ့သွားမှု ရှိတယ်လို့ မေမေယုံတယ်'

မေမေက ခေတ္တ ဘွေတွေဖြစ်သွား၏

www.burmeseclassic.com

www.burmeseclassic.com



'သူငယ်လေးကြည့်ရတာ...သမီးကို တော်တော် လေးလေးစားစားရှိတယ်။ အမူအရာလေးက ကျို့ကျို့ယို့ယို့နိုင်တယ်'

'အမူအရာလေးက ကျို့ကျို့ယို့ယို့နိုင်တယ်'

မေမေ့က ခေါင်းညိတ်ပြ၏။

'သူ့မျက်နှာလေးကြည့်ရတာ သမီးရှေ့မှာ အားငယ်နေပုံပြတယ်၊ ဟုတ်တယ်။ သနားစရာလေးပဲ'

'ခင်ဗျာ...'

'သူ့မျက်နှာလေးက သနားစရာလေးပဲ'

'ခင်ဗျာ...'

'သမီးကြည့်ရတာလဲ သူ့အပေါ်မှာ ကရုဏာ ရှိပုံရတယ်'

'ခင်ဗျာ...ကရုဏာရှိပုံရတယ်'

မေမေက ဖြည်းဖြည်းခေါင်းညိတ်ပြ၏။

တစ်စုံတစ်ရာသည် သူ့ရင်မှာစူးသည်။ ထို့နောက် တစ်ကိုယ်လုံးဆိ ပျံ့သွား၏။ လူက တုန်ယင်ချင်သကဲ့သို့ ဖြစ်လာ၏။



'ဟုတ်ကဲ့...မေမေ။ အဲဒါတွေသိချင်လို့။ သမီးကို မေမေ ဒီခေါက် ဂရုစိုက်နေမှန်းသိလို့ သား...သား... ဝမ်းသာပါတယ်'

'ဒါဟာ...မေမေ့အလုပ်ပါ သား'

'ဟုတ်ကဲ့...မေမေ'

'ပြီးတော့ ငါဟာ ခဲတစ်ခါမှန်ဖူးပါတယ် သား'

သူက မေမေ့ကိုကြည့်သည်။ မေမေကလည်း သူ့ကို ပြန်စိုက်ကြည့်နေ၏။

'ကျွန်တော် နားလည်ပါတယ် မေမေ'

မေမေ့အနီးမှ သူထွက်လာခဲ့၏။

သူ့အခန်းစားပွဲမှာ သူ ပြန်ထိုင်သည်။

သံယောဇဉ်၊ မေမေ့စကား။ သည်စကားကနားမှာ ပဲ့တင်ပြန်လာနေ၏။

မေတ္တာရေှ့သွား။ သည်စကားကလည်း ရင်မှာ ဂယက်ထစေ၏။

မေတ္တာရှေ့သွားရှိသော သံယောဇဉ်။ သိပြီပါသလား။

www.burmeseclassic.com

www.burmeseclassic.com



မိမိကဘော့သိသည်။ ဘဝနှင့် ရင်းနှီးမြှုပ်ပြီးသိသည်။ နှလုံးသားကို ရင်းနှီးမြှုပ်နှံပြီး သိခဲ့ရသည်။

မြို့ဘင်းဆီမှနေ၍ သစ်ကိုင်းတို့ လှုပ်ခါနေသည်ကို တွေ့ရ၏။ သစ်ကိုင်းတို့လှုပ်ခါတော့ သစ်ရွက်ဘွေပါ လှုပ်ခါသည်။

ကျနေကြောင့် မြေမှာ သစ်ပင်ရိပ်ဘွ ရှည်၍နေသည်။

အရိပ်တွေကလည်း လှုပ်နေသည်။

မိုးချုပ်သွားလျှင်တော့ ဟောသည်အရိပ်တွေ ပျောက်ကုန်မည်ထင်သည်။

မိမိဘဝမှာ မိုးချုပ်ပြီးပြီ ထင်သည်။

သို့ဆုတွင် အရိပ်ကလေးတွေမပျောက်သေးပါကလား။

* * *

မိုးဆိုသည်က ဝေးသေးသည်။ နွေပင်လျှင်မကုန်ဘတ်သေး သည်ဘော့ နှဂဝံသစမ်းလေးက ယဉ်ကျေးသည်။ မိုးကာလ၌



ဒေါ်သတကြီး စီးတတ်သော ချောင်းလေးပါဟု ယခုပြောလျှင် မည်သူယုံမည်နည်း။

ရေလေးတွေက ကြည်လင်နေသည်။

ရေအောက်မှကျောက်စရစ်ခဲလေးတွေကလည်းလှပနေသည်။

ရေညှိ ရေမှော်လေးများကလည်း နုနုစိမ်းနေသည်။

စိမ်း၏ လက်မှ အကြောစိမ်းလေးတွေနှင့် ဘယ်သူက ပိုလှပ သနည်း။

စိမ်း၏လက်ခုံနှင့် လက်ချောင်းလေးများကပင် ပယင်းနှု သွေးလို ဝင်းဝင်းလေးဝါသည်။

'ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ ရှိမ်းမျှ' နတ်သျှင်နောင်ကလည်း စပ်ခဲ့သည်။

ဩော်...သူလည်း ချစ်သူ၏ လက်လှလှကို ပိမိသိုပင် ကိုင် ကြည့်ခဲ့မည် ထင်၏။ သို့ဆုတွင် နတ်သျှင်နောင် တစ်ခုတော့ ကျန်သွား၏။

မွေးညင်းစိမ်းစိမ်းလေးတွေအကြောင်းတော့ မပါ။

စိမ်း၏သက်ခုံနှင့် လက်ချောင်းလေးများတွင် မွေးညင်းနုနုလေးတွေက စိုစိုသန်းလန်းနှင့် ရှိမ်းမြမြလွှမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တကလျာဆိုသည်က မင်းသမီး။ ပင်တိုင်စံ မင်းသမီး။ မင်းသမီးဆိုတော့ စိမ်းလိုပင် ခြေမွှေးမီးမလောင်၊ လက်မွှေးမီး မလောင်။ လက်လေးများတွင် မွှေးညှင်းစိမ်း လွှမ်းလေမည်။

'တမြိုက်လျှပ်ဝါ၊ လသော်ဘာလျှင်၊ ချိန်ခါမြန်း၊ ညို့ပြိုင်ထွန်းသို့၊ မှောင်ကျွန်းဘက်ကင်း၊ ပြာနှဲ့ရှင်းသည့်'

'ဝင်းညိုမွှေးမှတ်၊ ပြာလတ်နွဲ့ချော၊ သနဘောစင်ဖြူ၊ မည်သို့ဟူ၍...'

သည်လိုတွေတော့ စပ်ခဲ့သား။

ဝါဝါသည့်ဆိုသော အသားလေးက ဘယ်သို့ ပြာနှဲ့ရှင်းပြီး ပြာလတ်နွဲ့မည်နည်း။

ဝါဝင်းသော အသားဆီက စိမ်းမြမြ အကြောလေးတွေ၊ မွှေးမြမြ မွှေးညှင်းလေးတွေ၊ ဒါတွေပေါင်းလိုက်တော့ ပြာပြာရိတ်သည့် ပြာပြာလတ်သည်။ သည်ဟာကို ဆိုလိုသလား။

'မောင်...'

'ခင်ဗျာ...'

'ဟွန်း...လာပြန်ပြီ ဒီခင်ဗျာကြီး။ ပြန်ခေါ်မယ်၊ မောင်'



'စိမ်းရေ...။ မောင့်မမစိမ်းရေ'

စိမ်းကရယ်သည်။ စမ်းရေပြင်မှာပင် မရှိနိုင်သော ယာယာသော အသံနှင့်ရယ်၏။

'လှချဲ့လေး။ ချဲ့ပြီပေါ့ဆိုရင်တော့ သူပိုပြီ။ မုန်းစရာကောင်းအောင် သူပိုပြီ'

'စိမ်းက မောင်လန့်အောင် ခေါ်လိုက်တာကိုး။ ဒီတော့ ပါးစပ်က နှုတ်ကျိုးနေသလို ထူးမိတာ'

'မောင်က ငိုင်နေတာကိုး'

'မောင် ငိုင်နေတာ မဟုတ်ဘူး'

'နို့...ဘာလုပ်နေတာလဲ'

'နတ်သျှင်နောင်နဲ့ ခေတ္တကလျာကို သွားသတိရလို့'

'ဘယ်လို'

'သူ့ချစ်သူရဲ့ ယင်းရွှေရည်၊ ပွတ်လဲ့ကြည်တဲ့ အသားလေးနဲ့ မြရည်ကြောစိမ်းကို သူဖွဲ့ခဲ့တယ်။ စိမ်းရဲ့ လက်လေးကိုကြည့်ရင်း မောင်က စဉ်းစားမိတယ်။ ကြော်... သူ့ခမျာ အဝေးကမြင်ရတာပဲစပ်သလား။ မောင့်လိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ့ရဲ့ လက်လေးကိုကိုင်ပြီး ကြည့်ပြီးမှ စပ်သလား။ ဒါပေမယ့်မောင့်လောက်သူကံကောင်းမယ်မထင်ပါဘူး'

'ဘာပြုလို့'

'ပင်တိုင်စံထိပ်ထားရဲ့ အနီးကို မျက်နှာငယ် မင်းပျို မင်းလွင်လေးဟာ ဘယ်လို ရောက်နိုင်မှာလဲ'

'ရောက်နိုင်တာပေါ့ မောင်'

'ဘယ်လို ရောက်နိုင်မလဲ'

'ချစ်လာကြပြီဆိုရင် ဆိတ်ကွယ်ရာလေးတွေဟာ ရှိလာတတ်တယ်'

'ဆိတ်ကွယ်ရာလေးတွေ'

'ဟုတ်တယ်လေ။ စိမ်းတောင် မောင့်ကို ဟောဒီ ဆိတ်ကွယ်ရာလေးမှာ တွေ့မိပါပကော မောင်ရယ်'

စိမ်း၏ စကားသံ၌ ညည်းဟန်ပါသည်။ နောင်တသံလေးများ ရောပါနေပါသလော။

'ဆိတ်ကွယ်ရာလေးဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ချစ်သူတို့ရဲ့ ဆိတ်ကွယ်ရာဟာ အကုသိုလ်ရဲ့ ဆိတ် ကွယ် ရာ မဟုတ်ဘူး'



'ဘယ်လို၊ အကုသိုလ်ရဲ့ ဆိတ်ကွယ်ရာ'

'ပုထုဇဉ်ဟာ ဆိတ်ကွယ်ရာမှာ အကုသိုလ် လုပ်တတ်တယ်တဲ့။ ဒါပေမယ့် ဟောဒီလို ဆိတ်ကွယ်ရာလေးမှာ စိမ်းနဲ့တွေ့တုန်း မောင့်စိတ်ထဲမှာ အကုသိုလ်တွေ မထားဘူး။ အဲဒါ ဘာကြောင့်လဲ သိလား'

'သိဘူး'

'ချစ်လို့၊ စိမ်းကို သိပ်ချစ်လို့'

'စိမ်းကို သိပ်ချစ်လို့'

'အို…ချစ်တာတောင် မကဘူး။ မြတ်နိုးတာ။ မြတ်နိုးတယ်ဆိုတာဟာ ချစ်တာထက်ပိုတယ်။ စိမ်း ကို လေ မောင်က မြတ်နိုးတာနဲ့ စ,တာ။ မြတ်နိုးရင်းက ချစ်လာရတာ'

စိမ်းက သူ့လက်ကို လက်ဝါးလေးနှစ်ဖက်နှင့် ပြန်ဆုပ်ကိုင်သည်။

'မောင့်ကိုလေ စိမ်းချစ်တယ်။ သိပ်ကိုချစ်တယ်။ ဘာလို့ ချစ်မိတာလဲ သိလား'

www.burmeseclassic.com

www.burmeseclassic.com



'စိမ်းက ပြောပြမှပေါ့'

'သနားလို့၊ သိရဲ့လား။ မချစ်ပါဘူးလို့ တင်းထားကြည့်လို့ရတယ်။ သနားတာကိုတော့ တားလို့မရဘူး။ သနားမိပြန်တော့ သံယောဇဉ် ဖြစ်လာခဲ့ရတယ်မောင်'

သူက သူပြောခဲ့သလိုပင် စိမ်း၏ မျက်နှာလေးကို မြတ်နိုးစွာနှင့် ကြည့်နေမိ၏။

'မောင်'

'စိမ်း'

'မောင်ပြောတာ မှန်တယ်။ သိပ်မှန်တယ်'

'ဘာကို ပြောတာလဲ ဟင်'

'အကုသိုလ် မရှိဘူးဆိုတာလေ'

'စိမ်း ယုံတယ်ပေါ့'

'ယုံတာပေါ့ မောင်ရယ်။ ဘာပြုလို့လဲ သိလား'

'စိမ်းပြောပြ။ မောင်နားထောင်မယ်'

စိမ်းက သူ့နဖူးကို လက်ညှိုးလှလှလေးနှင့် ထောက်ပြီးမချွင်းချရဲလေး ပြော၏။



'မောင့်ကို စိမ်းချစ်တာဟာလေ မေတ္တာရှေ့သွားပြုတဲ့ သံယောဇဉ်မို့ပါ မောင်။ သိရဲ့လား'

* * *

နှစ်ဆယ့်နှစ်နှစ်။

ကြာခဲ့ပြီ။ သို့ရာတွင် မမုန်းနိုင်သေးပါလား။ မမေ့နိုင်သေးပါတကား။

ရင်တွင်းမှာ ပြည့်လျှမ်းလာ၏။

လွမ်းသည်တစ်ခုတည်း မဟုတ်ပါ။ နာကြည်းမှုကလည်း ကပ်လိုက်ပါလာသည်။

သိသည်။ သည်အလွမ်းလာလျှင် သည်နာကြည်းမှုလိုက်လာမည်။ မတတ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူက အံကြိတ်ပြီး ခံစားမှုတွေကို သတိထား ကြည့်သည်။ ခံစားမှုတိုင်း၏ ပြန်ကြားလိပ်တက်ဆင်လာသည့် တိမ်ဆလွှာတွင်းမှာ နိမိတ္တသဏ္ဌာန် ဝင်းဝင်းတစ်ခု ရှိမြဲ။

ခြေဘ်—ယခုက—နှစ်ခု။

စိမ်း၏သဏ္ဌာန်လေးက မှုန်မွှေး ပျောက် ကွယ် သွား သည်။ ညှိုးငယ်သော အခြား သဏ္ဌာန်တစ်ခုက ပေါ်လာသည်။

လက်သီးကို တင်းအောင် ဆုပ်လိုက်ပြီး အံ ကြိတ် လျက် ပြော၏။

'ညီမလေး ဝါဝါ၊ ကိုကို ခံနိုင်ကြိမ်အမှန်မှုခံ့ဘူး'

ဒုတိယပိုင်း [ ဇာတ်သိမ်း ] ကို ဆက်လက်ဖတ်ရှုပါရန်—

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com